
www.burmeseclassic.com

စာပေတိုက်

# လမင်းမိုမို

## ပုလဲတစ်ကုံး

ဝတ္ထုတိုများ



နှစ်(၃၀)မြောက် အထူးထုတ်

www.burmeseclassic.com

www.burmeseclassic.com

**လမင်းမိုမို**
**ပုလဲတစ်ကုံးဝတ္ထုတိုများ**
ပထမအကြိမ်၊ ၂၀၁၃ ဇန်နဝါရီလ
**ဖြန့်ချိရေး**
မိဖုရားစာအုပ်တိုက်
ဖုန်း - ၀၉၅၀၀၁၉၈၃
**မျက်နှာဖုံး**
ဇော်မောင်
**အတွင်းပုံ**
L လင်း
**အုပ်ရေ**
၅၀၀
**တန်ဖိုး**
၁၀၀ ကျပ်
ဦးနေမျိုးသူရ၊ တကောင်းစာအုပ်တိုက်(ယာယီ–၁၅၀၄)အမှတ်(၅/ခ)၊ ဇေယျာသီရိလမ်း၊ ကမာရွတ်မြို့နယ်မှ ထုတ်ဝေပြီး မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက် (မြ–၀၇၉၅၈) အမှတ်(၁၄၀)၊ ၄၅–လမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ပုံနှိပ်သည်။

| | |
|---|---|
| လမင်းမိုမို | ၈၉၅.၈၃ |
| ပုလဲတစ်ကုံး ဝတ္ထုတိုများ၊ လမင်းမိုမို၊ ရန်ကုန်။ | |
| တကောင်းစာအုပ်တိုက်၊ ၂၀၁၃ | |
| ၂၈၀–စာ၊ ၁၂ x ၁၈ စင်တီ။ | |
| (၁) ပုလဲတစ်ကုံးဝတ္ထုတိုများ | |

www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

"ပုလဲတစ်ကုံး"

ဝတ္ထုတိုများ

မိဖုရားစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

## "ပုလဲတစ်ကုံး"အတွက်ရည်ရွယ်၍...

မင်္ဂလာရှိသော ၂၀၁၃ နှစ်သစ်မှာ ကျွန်မရဲ့စာဖတ်သူများအားလုံး ကျက်သရေအပေါင်း ပြည့်စုံခညောင်းပါစေလို့ ဆုတောင်းလိုက်ပါတယ်ရှင်။ ကျွန်မရဲ့စာဖတ်သူများနဲ့ ခုလို တိုက်ရိုက်နှုတ်ဆက်အမှာစကားမျိုး မပြောဖြစ်ခဲ့တာ ကြာခဲ့ပါပြီ။

၂၀၁၂ အကုန် ၂၀၁၃ အကူး နှစ်ဆန်းအခါသမယဟာ ကျွန်မရဲ့စာရေးသက် နှစ်ပေါင်း ၃၀ ပြည့်မြောက်တဲ့ ပုလဲရတုအမှတ်တရ နှစ်ပတ်လည်ဖြစ်ပါတယ်။ ကျွန်မရဲ့ပထမဆုံး လုံးချင်းဝတ္ထု "နေလိုအချစ် လလိုအချစ်"ဟာ ကျွန်မရဲ့အမေ (နေနွယ်ဇင်မြင့်)နဲ့ အတွဲဝတ္ထုဖြစ်ပြီး ၁၉၈၂ ဒီဇင်ဘာလကုန်ရက်မှာ ထုတ်ဝေခဲ့တာဖြစ်ပါတယ်။

"နေလိုအချစ် လလိုအချစ်"ကနေ စတင်ခဲ့တဲ့ ကျွန်မရဲ့စာပေခရီးလမ်းလေးမှာ ခုလို နှစ် ၃၀ ကြာထိတိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



သာယာဖြောင့်ဖြူးစွာ လျှောက်လှမ်းနေနိုင်သေးတာဟာ ကျွန်မ ချစ်လှစွာသော စာဖတ်သူများရဲ့ ကျေးဇူးကြောင့်လို့ ဆိုနိုင်ပါတယ်။ ကျွန်မရေးတဲ့စာတွေကို နှစ်ပေါင်းများစွာတိုင်အောင် မပျက်မကွက် မငြီးမငွေ့ လိုလိုချင်ချင် စောင့်ပြီးအားပေးဖတ်ရှုခဲ့ကြတဲ့ ဖတ်ရှုနေကြဆဲ စာဖတ်သူများရဲ့ ကျေးဇူးနဲ့ မေတ္တာတရားဟာ ဖော်မပြနိုင်အောင် ကြီးမားခိုင်မာပါတယ်။

၂၀၁၃ နှစ်စက စတင်ပြီး ကျွန်မရဲ့လုံးချင်းဝတ္ထုစာအုပ်များကို ကျွန်မကိုယ်ပိုင် "မိဖုရားစာပေတိုက်" ကနေ ဆက်လက်ထုတ်ဝေသွားဖို့ စီစဉ်ထားပါတယ်။ ကျွန်မငယ်စဉ်က ရေးသားခဲ့ပြီး မဂ္ဂဇင်းများစွာမှာ ပါဝင်ခဲ့တဲ့ ဝတ္ထုတို ဝတ္ထုရှည်တချို့စုစည်းပြီး "ပုလဲတစ်ကုံးဝတ္ထုတိုများ"ဆိုတဲ့ ဝတ္ထုတိုပေါင်းချုပ်စာအုပ်လေးကို မိဖုရားစာပေတိုက်ရဲ့ ပထမဦးဆုံး စာအုပ်အဖြစ် စတင်ထုတ်ဝေလိုက်ပြီ ဖြစ်ပါတယ်။

ကျွန်မရဲ့ ငယ်စဉ်ဘဝ လက်ရာလေးတွေဖြစ်တဲ့ ဝတ္ထုတို ဝတ္ထုရှည် လုံးချင်းဝတ္ထုလေးတွေကို ပြန်ဖတ်ချင်ပါတယ်လို့ အမြဲတမ်း တောင်းဆိုခဲ့ကြတဲ့ စာဖတ်သူတွေ ရှိနေခဲ့ပေမယ့် လုံးချင်းဝတ္ထုများကိုလည်း ခေတ်လမ်းအသစ်များသာ ဖတ်စေချင်ဇော စေတနာနဲ့ ဒုတိယအကြိမ် မထုတ်ဝေဖူးသေးသလို ဝတ္ထုတိုပေါင်းချုပ်ဆိုရင်လည်း ၁၉၉၃ ခုနှစ် ဇူလိုင်လတုန်းက "လူရာမဝင်မနှင့်အခြားဝတ္ထုတိုများ"ဆိုတဲ့ တစ်အုပ်သာ ထုတ်ဝေဖြစ်ခဲ့ပါတယ်။





အခုတော့ ကျွန်မရဲ့ "မိဖုရားစာပေတိုက်"မိတ်ဆက်လည်းဖြစ်၊ စာရေးသက်တမ်း နှစ် ၃၀ ပြည့် ပုလဲရတုအမှတ်တရလည်းဖြစ်တဲ့ "ပုလဲတစ်ကုံးဝတ္ထုတိုများ"စာအုပ်ကို ငယ်မူငယ်သွေး လက်ရာလေးအတိုင်း မပြင်ဆင် မတည်းဖြတ်ဘဲ ထုတ်ဝေလိုက်ပါပြီ။ ပုလဲရတုမှာ ပုလဲတစ်လုံးချင်းစီနဲ့တူတဲ့ ဝတ္ထုတိုလေးများကို ကုံးသီအလှဆင်ပြီး စာဖတ်သူများအတွက် မေတ္တာများစွာဖြင့် ပေးအပ်လိုက်ပါတယ်ရှင်။

ချစ်ခြင်းမေတ္တာနိုင်မြဲစွာဖြင့်

လမင်းမိုမို




www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## ပွင့်လင်းပါတော့ကွယ်



www.burmeseclassic.com

## ပွင့်လင်းပါတော့ကွယ်

ဒီဝတ္ထုလေးက ... ရင်ထဲမှာ တိတ်တခိုး ချစ်စိတ်ကိုယ်စီရှိကြသော်လည်း အချစ်ကို ဖွင့်ဟတောင်းခံခြင်း မပြုလိုက်ရဘဲ နှစ်ပေါက်မိတ်ဆွေများ သဘောတူညီမှုနဲ့ ထိမ်းမြား မင်္ဂလာဆောင်နှင်းခဲ့ကြတဲ့ စနီးနဲ့ခင်ပွန်း နှစ်ဦးရဲ့ ရင်ထဲက မာနနဲ့အတ္တ အားပြိုင်တဲ့ ခံစားချက်လေးကို ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။

၁၉၈၈ ခုနှစ် ဇူလိုင်လ အနုပညာကြေးမုံမဂ္ဂဇင်းမှာ ဖော်ပြခဲ့တဲ့ဝတ္ထုလေး ဖြစ်ပါတယ်။

♥ ✧ ♥

www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့မှာ ထိုးရပ်လိုက်သော သူ့ကားသံကိုကြားသည်ဆိုလျှင် စီစီရင်ထဲ သက်ပြင်းတစ်ရှိုက်နှင့်အတူ မွန်းကျပ်လှောင်ပိတ်ကာ စိတ်ညစ်ညူးသွားရတတ်တော့သည်။

ဘယ်လိုမှ နားမလည်နိုင်တော့ ...။

နှစ်ရှည်လများ တိတ်တခိုး ချစ်လာခဲ့ပြီးမှ လက်ထပ်အပြီး တစ်လ နှစ်လလောက်အတွင်း သူနှင့် ရင်ဆိုင်ရမှာကို ဘာဖြစ်လို့ ဒီလောက်ထိ ခါးသီးစက်ဆုပ်နေမိတာပါလိမ့်။

သူ အလုပ်သွားနေချိန်တွေမှာ နေရထိုင်ရတာ လွတ်လပ်သည်။ သူပြန်လာပြီဆိုတာနှင့် စီစီမျက်နှာက တင်းမာခြင်းတစ်ဝက် ခါးသက်ခြင်းတစ်ပိုင်းနှင့် မှုန်ရီသွားရစမြဲ။

သူ မရိုပ်မိဘဲ နေပါ့မလား။

သူက အ,တီးအ,တ ယောကျ်ားတစ်ယောက်မှမဟုတ်တာ။ မျက်နှာသွင်ပြင် ကြည့်လိုက်ရုံနှင့်ကို သူဟာ လူတော်လူသွက်တစ်ဦးဆိုတာ သိသာသည်။ သူ့အကြောင်း အတွင်းကျကျစဉ်းစားကြည့်လိုက်ဦးလေ။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ကတည်းက ကျောင်းမှာလည်း ထူးချွန်ခဲ့တဲ့သူ။ အားကစားလည်း ဝါသနာထုံစွာ၊ သူ့ကိုယ်သူ အမြဲကျန်းမာဖျတ်လတ်နေအောင် ပုံသွင်းထားတဲ့သူ။ ဖြောင့်မတ်ပုံရပေမယ့် စကားနည်းတတ်မည့်သူဆိုတာ စီစီ မှန်းဆမျှော်လင့်ခဲ့ဖူးသား။

ဒါကြောင့်လည်း နှစ်သက်ခဲ့တာပေါ့။

စီစီကိုယ်တိုင်က စကားများများ မပြောတတ်။ အဓိပ္ပာယ်မရှိ အရည်မရ အဖတ်မရ စကားတွေ ပါးစပ်ကဗလွတ်ရွတ်တ နှုတ်ထွက်လွယ်ကူသူ မဟုတ်။ ကိုယ်တိုင်နှင့် ပုံစံဆင်သော သူ့ကို တမြတ်တနိုးနှင့် အထင်ကြီးခဲ့ဖူးလေသည်။

ပြီးတော့ သူ့အသွင်အပြင်။

ယောကျ်ားဆို ဘယ်လိုမှ ဘယ်ဝါမှ ကြိုတင်သတ်မှတ် ရည်စူးခြင်း မရှိခဲ့ဖူးသော စီစီ့အဖို့ သူ့ကိုစတင်မြင်ဖူးသောနေ့ကတော့ စီစီ့အိမ်ဦးနတ် ဖြစ်လာရမည့် သူသည် ဒီလိုပုံသဏ္ဌာန်မျိုး ဖြစ်ကိုဖြစ်ရမည်ဟု စံထားသတ်မှတ်မိတော့သည်။

သူ့အသားရောင်က လတ်ဆတ်စိုဝင်းကာ ကျန်းမာရေးကောင်းသူတစ်ယောက်ဆိုတာ ပေါ်လွင်သည်။ အရပ်မြင့်သည်။ စီစီ မော့လို့ကိုကြည့်ရတာ။ သူ့ကိုမော့ကြည့်ရတာကို ရင်ထဲဘယ်လိုနှစ်ခြိုက်မှန်းမသိ။ အားကိုး တွယ်တာခြင်း သရုပ်ပေါ်မည်ဟု စီစီ ထင်သည်။ မကြာခဏလည်း မော့မော့လေး ငေးကြည့်ကာ သူ့စကား တိုတိုတောင်းတောင်းတွေကို နာခံဖူးပါရဲ့။





ဆံပင်ခပ်တိုတိုက နက်မှောင်မှောင်နှင့် သေသပ်သည်။ ပခုံးကျယ်ကျယ်နှင့် မတ်နေသည့်ဟန်က သူ့ရဲ့ငေးကြည့်လောက်စရာ အလှပဲ။ ပုဆိုးဝတ်ဝတ်၊ ဘောင်းဘီရှည်ဝတ်ဝတ် အချိုးကျ လိုက်ဖက်သော ခန္ဓာကိုယ်အချိုးအစားရှိသည်။ နေပုံထိုင်ပုံ သန့်ပြန့်သည်။ သူ့မျက်ဝန်းတွေမှာ ကောက်ကျစ်စဉ်းလဲခြင်းနှင့် ယိမ်းယိုင်အားငယ်တတ်ခြင်း ကင်းစင်သည်။

အို ... စီစီ အလွန်အမင်း နှစ်ခြိုက်တဲ့ပုံစံပါ။

ဒါကြောင့်လည်း စ,မြင်ဖူးကတည်းက ရင်ထဲလှုပ်ခတ်ကာ နှစ်ခါ သုံးခါမျှနှင့် စွဲမက်တွယ်တာခဲ့ရတာပေါ့။

အဝေးကနေ သူ တစ်စက်မှ မသိသာအောင် ငေးကာ ခိုးကြည့်ဖူးခဲ့တာတွေ ပြန်စဉ်းစားမိလျှင် ချက်ချင်းပင် ရင်ထဲ ဖိုလှိုက်လာတတ်ဆဲ။

ဒါပေမဲ့ စီစီပဲ။ လူသိတော့ ဘယ်ခံလိမ့်မလဲ။ အရင်းနှီးဆုံး သူငယ်ချင်းမ,ပင် သိခွင့်ရခဲ့လို့လား။ ရင်ထဲက ချစ်နေတာကို ရင်ထဲကထုတ်ပြီး ပြလိုက်ရမှာ ဝန်လေးစွာပြုံးရယ် နှုတ်ဆက်သည့် အဆင့်ထိ ခင်မင်လာခဲ့သည့်တိုင် ဟက်ပက်လှိုက်လှဲပုံကို ထုတ်ပြီးမပြမိခဲ့။

အဲဒီတုန်းက သူ့ဘက်က နည်းနည်းပါးပါး စိတ်ဝင်စားပုံတော့ ပြပါရဲ့လေ။ ဒါပေမဲ့ လှပချောမောသည့် မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားပုံလောက် စီစီ့ကို ပြလာရုံနဲ့ စီစီ ရောင့်ရဲကျေနပ်စွာ မြူးတူးဖိတ်ခေါ်နေရမှာလား။



www.burmeseclassic.com

www.burmeseclassic.com



အပရိက စိတ်ဝင်စားသူမျိုး ဆိုတာကတော့ စီစီ ပတ်ဝန်းကျင်မှာ ရှာမတွေ့ပါ မတွေ့ပေ။ ရေထွက်လို့ပင်မနိုင်။

စီစီ့ကို ဒီလောက်ကလေးသာ ခံစားတတ်တဲ့ပြန်သူ ယောက်ျားတစ်ဦးကို လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့တာ ဘာကြောင့်လဲ သိသလား။

ရှင့်ကို စီစီ သိပ်ချစ်ခဲ့လို့ပဲပေါ့ ကိုထွန်းလူ။

♥ ✧ ♥

အိမ်ပေါ်ကို လှမ်းတက်လိုက်သည် ဆိုလျှင်ပင် အေးစက်သောမျက်ဝန်း သံပတ်ပေးထားသလို ခြေလှမ်းတွေနှင့် အနားကပ်လာသော သူမကို ဦးစွာရင်ဆိုင်ရမြဲ။

မိန်းမတစ်ယောက်မှာ ဒီလောက်အေးစက်တဲ့ မျက်ဝန်းမျိုး ရှိသင့်သလားကွာ။

ခံပြင်းအောင့်သက်သည့် ခံစားမှုတွေ ရင်ခွင်ထဲ အလုအယက်ဝင်ကာ အလုပ်ခွင်မှာထက် အဆများစွာ ပိုမိုပင်ပန်း မောလျှဖွယ်ကောင်းလှတာမို့ ထွန်းလူ မျက်နှာက မှိုင်းမှုန်သွား တတ်မြဲ။

တန်ဖိုးကြီးစွာထားပြီး တစိမ့်စိမ့် ချစ်ခဲ့ရသူ၊ ကိုယ် တိုင်၏ လိုလားမှုကြောင့် လူကြီးမိဘကို အပူကပ်ပြီး တောင်းရမ်း စေခဲ့ရသူကလေးကို အတူနေရသောကာလ ရောက်ကာမှ စိတ် ပျက်လက်ပျက် ဖြစ်နေရတော့တာ အံ့သြစရာပါပဲ။





ဘယ်သူမှ မတိုက်တွန်းဘဲ ကိုယ်တိုင် ချစ်မြတ်နိုး ခဲ့ရတာ။ ဖော်ရွေဖိတ်ခေါ်ခြင်း ကင်းသူကလေးကို ချစ်ခွင့်ဖွင့်ဟ တောင်းခံဖို့ ဝန်လေးခဲ့ခြင်းသည် မာနတရားတစ်ခုတည်းကြောင့် တော့ မဟုတ်ပေ။

သူမကို ထွန်းလူ လန့်ခဲ့တာလည်းပါသည်။

ထာဝစဉ်တင်းမာသော ဣန္ဒြေသိက္ခာ တစ်ခွဲသားနှင့် ဘယ်ယောက်ျားကလေး တစ်ယောက်ကိုမှ ပတ်သက်ကျွမ်းဝင်လို ဟန် မပြသူကလေးမို့ ကိုယ့်ကို ငြင်းပယ်ရှောင်တိမ်းလိုက်မှာကို စိုးရိမ်စိတ်က အဓိကပါပဲ။

မိဘချင်းက အသိုက်အဝန်း တစ်ခုအတွင်း နေရာ ပေး လေးစားသမှုနှင့် ရင်းနှီးနေပြီးသားမို့ မိဘများကို အကူအညီ တောင်းခဲ့ရတာပါ။

ထွန်းလူ ကြိုက်နှစ်သက်ခဲ့တာ သူမရဲ့ဣန္ဒြေသိက္ခာ ကိုပါပဲ။ သည်လိုအေးတိအေးစက် ပုံစံလေးကိုပဲ စွဲမက်ခဲ့ဖူးတာ ပါ။ သို့သော် ဒီလောက်ထိ မတုန်မလှုပ် ရှိလှမည်လို့တော့ မထင်ခဲ့မိတာ အမှန်ပင်။

မျက်နှာမှာ အခြယ်အသကင်းတာကို သဘောကျခဲ့ သည်။ ခေတ်မီသော အဆင့်အတန်းမြင့်သော ဝတ်စားဆင်ယင် နေထိုင်ပြောဆိုတတ်မှုကို မြတ်နိုးခဲ့ရသည်။ ဣန္ဒြေသိက္ခာကို လေးစားခဲ့သည်။ ဆံပင်ရှည်ကလေးနှင့် လိုက်ဖက်သော အရပ် မြင့်မြင့်ကိုလည်း နှစ်ခြိုက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးပေါင်းစုဝေးနေသည့် သူကလေးကို နင့်နင့် သည်းသည်း လှိုက်လှိုက်လှဲလှဲ ချစ်ခဲ့မိလေသည်။

မသိကျိုးကျွန်ပုံစံနှင့် ဂရုမစိုက်သလိုရှိခဲ့သည့် သူမကြောင့် ရင်ထဲက မာနတွေ အကြိမ်ကြိမ် ရှန်းထခဲ့ဖူးတာတော့ အမှန်ပါပဲ။ ဒါကြောင့်လည်း လွှန်လွှန်ကဲကဲ ရှုးရှုးမူးမူး အမူအရာတွေ မပြဖြစ်ခဲ့တာပေါ့။

လက်ထပ်ခွင့်တောင်းခြင်းကို အသာတကြည် နှစ်သက်လက်ခံလိုက်သည်ဆိုတော့ အံ့သြခြင်းတွေနှင့်အတူ ထွန်းလူ ရင်ထဲ ပီတိများစွာ လှုပ်ခတ်ခဲ့ရတာ မင်း မသိဘူးလား စီစီရယ်။

ကိုထွန်းလူဟု သုံးနှုန်းသော သူမကို လက်မထပ်ခင်ကရော လက်ထပ်ပြီးမှရော "ကိုကိုလို့ ခေါ်ပါလား၊ မောင်လို့ ခေါ်ပါလား စီစီရယ်" ဆိုတာမျိုး တစ်ခွန်းမှ မဆိုဖြစ်ခဲ့။ ရှက်တက်တက်လိုလို။ သူမကိုတော့ "စီစီ"ဟုခေါ်ဖြစ်ခဲ့သည်။ သူမလို "မစီစီခိုင်"ဟုတော့ ထွန်းလူ မခေါ်ပါ။

ခန်းဝင်ပစ္စည်းတွေ ဝယ်ခြမ်းဖို့ နှစ်ဖက်မိခင်များနှင့်အတူ အပြင်သွားတော့ သူ့အမေလက်ကို ချိတ်ဆွဲကာ ခပ်ခွာခွာလုပ်နေသည့် သူမကို ရှက်တတ်သူ ထင်ပါရဲ့ဟု အတွေးရောက်ခဲ့ဖူးပေမယ့် ဖိတ်စာဝေဖို့ နှစ်ယောက်တည်း ထွက်ဖြစ်သည့် အခေါက်မှာ ထွန်းလူ၏ တစ်ခွန်းစ နှစ်ခွန်းစ စကားတွေကို အလိုက်သင့်နင်းပြီး ရောပါမလာဘဲ ခေါင်းညိတ် ခေါင်းခါ လုပ်ခဲ့လေသည့် သူမကို အံ့သြခဲ့ရလေသည်။





စိတ်ပေါက်ပေါက်နှင့် စကားသံတိတ်ပြီး နေလိုက်တော့ သူမကလည်း ခပ်တည်တည်။ လှည့်လို့တောင် မကြည့်တော့ဘဲ ဘေးမှာ လူသားတစ်ဦး ရှိတာကိုပင် မေ့နေလေသည့်အလား ငြိမ်သက်သွားခဲ့တာ။

ဒါတွေကို စိတ်ပျက်အံ့သြနေရင်းကကို လက်ထပ်ဖို့ ကိစ္စကိုကျတော့ ပြင်ဆင်ဖို့ ထပ်ပြီးဆွေးနွေးဖို့ စိတ်ကူးမရှိခဲ့။ ဒီလိုမိန်းမတစ်ယောက်ကို ကိုယ့်ကို ချစ်ရဲ့လားဟု မေးမြန်းညှိနှိုင်းသင့်ပါလျက် မတော်တဆ ငြင်းစကားရလိုက်ရမှာကို ကြောက်ရွံ့စိတ်ကြောင့် မမေးဖြစ်ခဲ့တာ ချို့ယွင်းအားနည်းချက် တစ်ခုပါပဲ။

လက်ထပ်ပြီးသွားရင်တော့ ပိုင်ဆိုင်ပြီဟု အထင်ရောက်ခဲ့မိတာကလည်း မင်းကိုချစ်တဲ့ ကိုယ့်အချစ်ကိုကိုယ် ယုံကြည်စိတ်ချမိလွန်းခဲ့လို့ပဲ စီစီ။

♥ ✧ ♥

ကိုထွန်းလူရယ်၊ ရှင် သိထားဖို့က စီစီဟာ ကိုယ့်ကို ချစ်ပါတယ်လို့ နှုတ်ကဖွင့်ဟ ပြောရုံလေးကိုတောင် ပျက်ကွက်တဲ့ လင်ယောကျ်ားတစ်ယောက်ကြောင့် ညအိပ်ရာဝင်တိုင်း ခေါင်းအုံးမှာ ပါးစပ်ကိုအပ်ပြီး အသံပွင့်ထွက်မလာအောင် နာကြည်းစွာ မျက်ရည်ကျနေရတဲ့သူ ဆိုတာကိုပါပဲ။

မိဘတွေက သူတို့ဘက်က နားဖောက်တောင်းရမ်းကြလေရဲ့လို့ အသိပေးကတည်းက သူ့ဆန္ဒမှုပါရဲ့လားလို့ စီစီ



www.burmeseclassic.com

www.burmeseclassic.com



ထင်မိသား။ ဒီခေတ်ကြီးထဲမှာ ကိုယ်တကယ်ချစ်မြတ်နိုးတယ် ဆိုရင်တော့ ဖွင့်ပြောဖို့ လက်တွန့်သွေးဆုတ်သူ ယောကျ်ားတွေ တော်တော် ရှားပါးနေပြီဟု စီစီ ထင်သည်။ မိဘကနေတစ်ဆင့် တော့ ပြောနိုင်းမည် မထင်ခဲ့။

သူလည်းပဲ သူကချစ်ရင်တော့ စီစီ့ကို အလျင်ပြောမှာ ဟု ယုံကြည်မိကာ ဖိတ်စာဝေသည့်နေ့အထိ သူ့ထံက မေတ္တာ စကားကို မျှော်လင့်နေမိခဲ့သေးသည်။ ဘာစကားမှ ဖွင့်ဟခြင်းမရှိ ဘဲ လက်ထပ်ဖြစ်ခဲ့တော့ ဒါကို နာကျင်ခြင်းတစ်ဝက်၊ ချစ်မိသူ ကို ပိုင်ဆိုင်ရပြီဟု ကြည်နူးခြင်းကတစ်ဝက်၊ ဧည့်ခံပွဲတစ်လျှောက် လုံး စီစီ မျက်နှာတွေနီကာ အတွင်းကျိတ်ပေါက်ကွဲ ခံခက်နေခဲ့ ရသည်။

နှစ်ယောက်တည်းနေဖို့ နှစ်ဖက်မိဘတွေက လက်ဖွဲ့ သည့် တိုက်ကလေးကို အပြန်လမ်းတစ်လျှောက်မှာ ကားမောင်း လာသော သူ့ပခုံးပေါ် နှဖူးစိုက်မှီချလျက် စီစီကို ချစ်ရဲ့လားရှင် ရယ်ဟု ကြေကွဲစွာ မေးပစ်လိုက်ချင်စိတ်ကို အနိုင်နိုင် ထိန်းခဲ့ရတာ။

သူ့ကို သိပ်ချစ်မိပေမယ့် စီစီက စမေးဖို့တော့ စီစီ က မိန်းကလေးပါ ကိုထွန်းလူ။ အိမ်တံခါးသော့ကို သူဖွင့်နေစဉ် မသိမသာ ခိုးကြည့်ကာ ချစ်စိတ်တွေလည်း တလိပ်လိပ်နှင့် စီစီ မူးဝေနေအောင် ခံစားခဲ့ရသည်။

သံတံခါးကို ဆွဲဖွင့်ကာ "ဝင်လေ"ဟု ဆိုလိုက်သံ မှာ ဒီထက်နည်းနည်းလောက်များ ဖိတ်ခေါ်မှု ပိုမယ်ဆိုရင် စီစီ





လျှော့လိုက်မိမှာ အမှန်ပင်ဖြစ်သည်။ ခုတော့ မိန်းမတွေထဲက မိန်းမတစ်ယောက်ကို ယောကျ်ားတစ်ယောက်က တာဝန်ကျေရုံ ဦးစားပေးလိုက်ဟန်ကြောင့် စီစီ အသည်းနာလိုက်ရတာ။ ကျွန်မ ဟာ ရှင့်မိန်းမဆိုတာ မေ့နေသလားဟု ခပ်ဆတ်ဆတ် မေးလိုက် ချင်စိတ်ကို အောင့်အည်းရပြန်တာမို့ မျက်နှာက ပျက်ရသည်။

အိမ်ထဲရောက်တော့ ယောင်ချာချာ။ အိပ်ခန်းထဲတန်း ဝင်လိုက်ရမှာကို စီစီ ရှက်ရွံ့မယ်ဆိုတာ သူ သိဖို့ကောင်းပါသည်။ အဝတ်အစား လဲရအောင်လေ ဆိုတာမျိုး ဦးဆောင်စကားပြော သင့်တာပေါ့။

ခုတော့ ဧည့်ခန်းထဲ ထိုင်နေရမှာလည်း ကြောင် တက်တက်။ စီစီ ထုံတုံတုံ ခံစားချက်ကြီးနှင့် ဘာလုပ်ရမလဲ စဉ်းစားမရသည့်အဆုံး ဖုန်းကောက်ကိုင်ကာ သူငယ်ချင်းတစ် ယောက်နှင့် စကားပြောလိုက်သည်မှာ မရည်ရွယ်ပေမယ့် လေများ သော သူငယ်ချင်းကြောင့် နာရီဝက်နီးပါး ကြာလင့်သွားခဲ့ရသည်။

ဒါကို သူ မနှစ်သက်နိုင်ဘဲ ဖြစ်သွားတာ သူ့မျက် ဝန်းထဲမှာ စီစီ တွေ့ရှိ ရိပ်မိလိုက်ပါရဲ့။ ဟိုလိုလို ဒီလိုလိုနှင့် သူ မဖိတ်ခေါ်သော အခန်းထဲ ခြေမချရဲတာကြောင့် ဧည့်ခန်းထဲ အချိန်ဆွဲနေရင်းက အိပ်ချင်လာသည့်စိတ်ကြောင့် မတတ်နိုင်တော့ ဘဲ အခန်းတံခါး တွန်းဖွင့်ဝင်လိုက်တော့ ရှင်က ခုတင်ပေါ်အိပ် လို့တောင် ပျော်နေပြီလေ။

♥ ✧ ♥



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဦးရဲ့ နောက်တစ်ရက်မနက်ကတည်းက သူမ၏အချိုးက စိမ်းကားနိုင်လွန်းလှသည်။ ကော်ဖီအဆင်သင့်၊ ပေါင်မုန့်နှင့် ကြက်ဥကြော်အဆင်သင့်ကို စားပွဲပေါ်ပြင်ထားကာ လက်ဖွဲ့အထုပ်တွေကို ဖြေနေသည့် စီစီကို ထွန်းလူ ကော်ဖီသောက်ရင်း ငေးမောရင်နာသည်။

တကယ်ဆို လက်ဖွဲ့တွေကို နှစ်ယောက်အတူ ဖြေချင်သည်။ ခုတော့ သူ့ဘာသာလုပ်နေကာ ကော်ဖီစားပွဲနား ထွန်းလူ ရောက်လာတာမြင်လျက်နှင့် ကော်ဖီသောက်နော်၊ ဖျော်ထားတယ် ဆိုတာမျိုး လောကဝတ်ကလေးမျှ မကျေ။

တာဝန်ရှိလို့သာ လုပ်ထားရတာ သိပ်သထာတာတော့ မဟုတ်ဘူးဆိုသည့် ပုံစံမျိုး၊ ဒါဖြင့် ဘာလို့များ လက်ထပ်ဖို့ သဘောတူခဲ့ရတာလဲ။ သူမကို ကြည့်ရတာ အတိတ်ကချစ်သူတစ်ယောက်ယောက်ကိုပဲ ရင်ထဲ တမ်းတနေဆဲလိုလို။

လက်ထပ်မင်္ဂလာကိစ္စကို သူမသဘောဆန္ဒနှင့် လုပ်ခဲ့တာမှ ဟုတ်ရဲ့လား။ မိဘတွေကများ ဇွတ်တိုက်တွန်းသလား။ ဒီလိုမင်္ဂလာဆောင်လိုက်ရတာကို ခါးသက်နေသည့် မျက်ဝန်းခံစားချက်ကို ထွန်းလူ အကဲခတ်နိုင်တာပေါ့။

သူ အပြင်သွားဖို့ ပြင်ဆင်တာကို မနှစ်သက်သလိုမျက်လွှာတစ်ချက် လှန်ကြည့်ခြင်းမှလွဲပြီး ဥပေက္ခာဆန်လွန်းမှာမဆိုင်သလိုနေသည်။ အဲဒီနေ့ကစပြီး ခုထိ အပြင်သွားဦးမယ်ဟုထွန်းလူ အသိပေးစကား မဆိုဖြစ်တော့ဘဲ သွားစရာရှိတာကိုကိုယ့်ဘာသာ ထွက်သွားလိုက် ဖြစ်တော့တာပါပဲ။





မှားများနေပြီလားလို့ မကြာခဏ တွေးဖြစ်သော်လည်း တစ်နေ့တခြား တင်းမာခက်ထန်လာသော စိမ်းကားသည့်မျက်နှာကြောင့် ထွန်းလူ ဒေါသဖြစ်ခဲ့မိသည်။ အလိုလိုနေရင်းကရန်လိုနေပုံရသည့်မိန်းမကို အပြစ်မရှိသူတစ်ယောက်ပီပီ ခယချော့မော့ခြင်း မလုပ်လိုတာကတော့ ရင်ထဲကဗီဇဖြစ်သည့် မာနတရားကြောင့်သာ ဖြစ်လေသည်။

ဒီကြားထဲက တစ်ရက်မှာတော့ မှန်တင်ခုံရှေ့ခေါင်းဖြီးနေသည့် သူမကိုကြည့်ရင်း ချစ်စိတ်တွေ လှျံတက်လာရကာ အနားထသွားလျက် ပခုံးနှစ်ဖက်ကိုဆုပ်ပြီး ထူမ,လိုက်မိသည်။

တောင့်တင်းပြီး ပါလာသော ခန္ဓာကိုယ်က တဆတ်ဆတ် တုန်နေကာ သူ့မျက်နှာနှင့် ဝေးကွာအောင် သူမရဲ့ခေါင်းကိုယိမ်းယိုင်တိမ်းရှောင်ကာ မူပျက်နေပုံကြောင့် ရင်ခုန်နေတာတွေချက်ချင်းပျောက်သွားရ၏။

ပွင့်ထွက်သွားရသော ကိုယ့်စိတ်ကိုလည်း ကိုယ်ရှက်မိကာ သူမကို မျက်မှောင်ကုတ်ပြီး စူးစူးရဲရဲ စိုက်ကြည့်မိဆဲ၊ အတင်းရုန်းကာ အိမ်ရှေ့ခန်းထိ ထွက်ပြေးသွားလိုက်တာကထွန်းလူရဲ့သိက္ခာကို ထိပါးစော်ကားလိုက်သည့် အမူအရာပါပဲ။

ရင်ထဲမှာ ဘာဖြစ်သွားရမှန်း မသိဘဲ တောက်တစ်ချက် ခတ်လိုက်မိသည့် ကိုယ့်ကို ချာခနဲတစ်ချက် လှည့်ကြည့်သွားသော မျက်ဝန်းကိုတော့ ထွန်းလူ နားမလည်နိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မပျော်သော ညပေါင်းများကို ပိုင်ဆိုင်ရင်း ကိုယ့်နံဘေးမှာ တိတ်တဆိတ် ငိုကြွေးနေသော မိန်းမကို အံ့သြစွာ၊ နာကျင်စွာ အခံခက်ခဲ့ရသည်။ ကိုယ့်ကိုယူခဲ့ရတာ သူမမှာ ဒီလောက်ထိ ကြေကွဲစရာ ဖြစ်လိမ့်မည်လို့ အစက ထင်မှမထင်မိခဲ့ပဲလေ။

♥ ◇ ♥

စီစီ့ကို ချစ်တယ်လို့ တစ်ခွန်းမှမပြောဘဲ ချစ်သူတွေလို ဆက်ဆံဖို့ စီစီက ခွင့်ပြုနိုင်ပါ့မလား။ ဒါကို သူ အခံရခက်ပုံပြတော့ စီစီက ပခုံးတွန့်ပြီး လှောင်ရယ် ရယ်လိုက်ချင်သည်။

ကျောင်းတုန်းကတည်းက သူဟာ မိန်းကလေးကိစ္စနှင့် ပတ်သက်လာလျှင် မာနကြီးခဲ့သူ တစ်ယောက်ဆိုတာ စီစီကြားဖူး၊ သိဖူးခဲ့ပါသည်။ ဒါပေမဲ့ ကိုယ်ယူထားတဲ့ မိန်းမတစ်ယောက် အပေါ်မှာတော့ (ချစ်တာ မချစ်တာ အပထား) မာနတရားကြီးနဲ့ အပေါ်စီးက အနိုင်အကျော ယူချင်လို့တော့ ရရိုးလား။ စီစီလည်း ကိုယ့်မာနနဲ့ကိုယ်ပဲ။ တော်ရုံလူကို မတူမတန်ထင်တတ်ခဲ့တဲ့အထိ မာနခေါင်ခိုက်ခဲ့သည့် မိန်းကလေးပါ။ သူ့ကိုရင်ထဲက ဘယ်လောက် မွတ်သိပ် စွဲလမ်း သံယောဇဉ် ရှိနေသည်ဖြစ်စေ မခံနိုင်ခြင်းတွေကြောင့် လျှော့ပေးဖို့တော့ စီစီ စိတ်မကူး။





လက်ထပ်ပြီးစ တစ်ပတ်လောက်က စီစီ တစ်ကြိမ်ကြိုးစားခဲ့ဖူးပါရဲ့။ သူ့ဆေးသေတ္တာကို သူ ဆေးခန်းသွားကာနီး ကူညီထည့်သိုပေးဖို့ အနိုင်နိုင် အားတင်းကြိုးစားကာ သူ့နံဘေးရပ်လျက် ဆေးပုလင်းတချို့ ကိုင်ကြည့်မိတော့ "ရတယ် … မင်းမလုပ်တတ်ဘူး"ဆိုတဲ့ လေသံပြတ်နဲ့ ငြင်းပယ်ဖူးတယ်လေ။

လုပ်တတ်အောင် သူ ညွှန်ပြပေးဖို့ ကောင်းတာပေါ့။ အဖက်လုပ် သင်ပေးနေစရာ မလိုဘူးလို့ ထင်တာလား၊ ကိုယ့်ဘာသာတတ်အောင် ကြိုးစားယူသင့်တယ်လို့ သူ ယူဆတာလား။

သူ့ဆေးပညာကို စီစီ တစ်လုံးတစ်ပါဒမှ နားမလည်တာတော့ အမှန်ပင်။ စီစီ နားလည်အောင် ကြိုးစားယူလို့ ရတာတွေတိုင်းကို စီစီ ကြိုးစားဆောင်ရွက်ပေးခဲ့ပါသည်။

သူ ဘာတစ်ခွန်းမှ မပြောဘဲနှင့် သူ ဘာကြိုက်သည်ဆိုတာကို စီစီ သိနှင့်နေကာ သူ့အကြိုက် အစားအစာတွေကိုပဲ စီမံချက်ပြုတ်ပေးခဲ့သည် မဟုတ်လား။

အစားအသောက်ဘက်မှာ သူနှင့် စီစီ တစ်စက်မှ အကြိုက်ချင်း မညီပေမယ့် စီစီ့အကြိုက်တွေဖျောက်ကာ သူ့အကြိုက်ကို ကြိုးစားလိုက်လျောခဲ့တာ ကိုယ်တိုင်ပင် အသိဆုံးဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် သူ့ဝေယျာဝစ္စတွေမှာ ဘာတစ်ခုမှများ လစ်ဟင်းပျက်ကွက်မှု ရှိခဲ့သလဲ။ စီစီ အားလုံး ဖြည့်ဆည်းနိုင်ခဲ့သည် မဟုတ်လား။ ဒါကို အသိအမှတ်ပြု အမှတ်ပေးကာ ပျော့ပျောင်းမှုကလေး တစ်ခုတလေတော့ ပြသင့်တာပေါ့ ကိုထွန်းလူရယ်။

ဒေါက်တာထွန်းလူ ဆိုသည့် အမည်ဆိုင်းဘုတ်ပြားကလေး ချိတ်ထားသော အိမ်ကလေး၏ အမိုးအောက်မှာ ခိုနေရသည့် ဇနီးသည်တစ်ဦးအဖြစ် ဒီထက်တော့ နွေးထွေးမှုပြသင့်တာပေါ့။

သူ့မာနကို နားလည်သလိုလို ရှိပေမယ့် ကိုယ့်ကိုလည်း ဒီလို မာနတံတိုင်းခြားကာ ဆက်ဆံခြင်းကို တစ်စတစ်စ နာကြည်းရခြင်းတွေ ထုထည်သိပ်သည်းကာ တစ်နေ့တခြား ပိုမိုဝေးကွာလာသလို အေးစက်နေသော အိမ်ထောင်ရေးကို ငယ်ရွယ်သေးသော မိန်းကလေးတစ်ဦး အနေနှင့် စီစီ ဘယ်လိုသည်းညည်းကြာရှည်ခံနိုင်ပါ့မလဲ။ သည်းညည်းမခံနိုင်တော့ဘဲ တင်းမာပြတ်တောက်သွားမှာကိုလည်း စိုးရိမ်ဝမ်းနည်းမိပြန်သည်။

ငါးနှစ်တာလောက် မျိုသိပ် ခိုးသိမ်းခဲ့ရသည့် မိန်းကလေး အချစ်က နှလုံးသားထဲ နက်ရှိုင်းစွာ ထိုးခွဲဝင်နေပြီ။ ရုတ်တရက် ဆွဲနုတ်ပစ်လိုက်ရမည့် ဝေဒနာကို စီစီ တွေးတောင်မတွေးရဲပေ။





သူ အိမ်ပြန်နောက်ကျနေလျှင်တောင် ဒီအိမ်ထောင်ရေးကို စိတ်ပျက်ရောင်ထွက်သွားပြီလားဟု ပူလောင်စွာတွေးရင်း တံခါးဝမှာ ခြေစုံရပ်ကာ မျှော်တတ်ခဲ့ရလေသည်။

ကားသံကြားမှ အခန်းထဲပြေးဝင်၊ ပုန်းရှောင်ဟန်ဆောင်တတ်ခဲ့သူဆိုတာ သူ မသိဘဲနှင့် မာနထားရက်လွန်းပါရဲ့။

စိတ်အနာဆုံး တစ်ရက်ကတော့ သူ အပြန်နောက်ကျသည့်နေ့က ဖြစ်လေသည်။

ခုနစ်နာရီထိုးတော့ စီစီ ဘယ်လိုမှ မအောင့်အည်းနိုင်တော့ဘဲ မိဘတွေဆီလည်း ဖုန်းမဆက်ရဲတာမို့ ဆေးရုံကိုဖုန်းဆက်ဖြစ်သည်။

ပြန်သွားပါပြီ ... ဆိုတော့ လမ်းမှာပဲ တစ်ခုခုဖြစ်လေသလားဟု ပူပန်စိတ်က ငယ်ထိပ်မွှန်ကာ လမ်းထိပ်က သူ့သူငယ်ချင်း ဆရာဝန်တစ်ယောက်အိမ်သို့ လမ်းလျှောက်သွားမိသည်။

အဲဒီအိမ်မရောက်ခင် စာအုပ်ဆိုင်ကလေးရှေ့မှာ စီစီတို့အိမ်ကိုလာသော အစ်ကိုတစ်ဝမ်းကွဲနှင့် တွေ့တာမို့ စကားရပ်မော့ပြောနေဆဲ ပွမ်ခနဲ ဟွန်းသံနှင့် သူ့ကားက ရပ်ကပ်မောင်းသွားတာမို့ စီစီ လန့်တောင်သွားရသည်။

နှစ်ဦးသား မျက်နှာထားတွေကို မြင်လိုက်သော အစ်ကိုက ပေးစရာပစ္စည်းကို ပေးကာ လမ်းတစ်ဝက်မှာတင် လှည့်ပြန်သွားတာမို့ စီစီ အိမ်ကိုလမ်းလျှောက်ပြန်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဝမ်းကွဲ ဆိုတာ သူ သိမှာပဲဟု တွက်ကာ ရပ်မစောင့်တာကို နှာကျင်အံ့သြပြီး အိမ်ပြန်အရောက် ခုတင်ပေါ် မှီလျော့ထိုင်ကာ ခရီးရောက်မဆိုက် "မင်း ဆင်ခြင်ဖို့ ကောင်းတယ်နော် စီစီ၊ အစစအရာရာပေါ့"ဟု သူ ဆီးပြောလိုက်တော့ တဆတ်ဆတ် တုန်သွားရသည်အထိပါပဲ။

သူ မုန်းသွားမှာပဲဆိုတာ သိလျက်နှင့် ခပ်မဲ့မဲ့ရယ်မိကာ "အစ်ကိုဝမ်းကွဲနဲ့တောင် သမုတ်တတ်တာကတော့ အံ့သြစရာပဲ"ဟု ခပ်တိုးတိုး ပြောဖြစ်သည်။

"အဲဒါ အစ်ကိုဝမ်းကွဲပါ ကိုထွန်းလူ"လို့ ပြောလျှင် ဒီထက်အများကြီး အဆင်ပြေမှာ ဖြစ်ပေမယ့် ရိုတိုတို ရွဲ့တဲ့တဲ့ ပြန်ပြောဖြစ်လိုက်တာ စီစီ မှားတော့ မှားပါတယ် ကိုထွန်းလူ။

ဒါပေမဲ့ တောက်ခတ်ပြီး မွေ့ရာကို လက်သီးနှင့် ထိုးပစ်လိုက်သည့် အထိတော့ မတုံ့ပြန်သင့်ဘူး ထင်တယ်လေ။

"မင်း ငါ့ကို စကားကောင်းကောင်း မပြောချင်ဘူးလား စီစီ"ဟု သူ မေးလိုက်တော့လည်း "သဏ္ဍာန်တူ တုံ့ပြန်မှုပဲရမယ်"ဟု စီစီ မျက်ရည်ရစ်ဝဲရင်း ဖြေခဲ့မိလေသည်။ အဲဒီအခိုက်အတန့်တုန်းကတော့ သူနှင့်ကွဲသွားမှာကိုပင် ရင်ဆိုင်ဝံ့နေခဲ့သည်။

စီစီက သိပ်ချစ်ခဲ့သူမို့ စတင်ပြတ်စဲဖို့ လုံးဝစိတ်ကူးမရှိပေမယ့် သူကသာ စတင်ကြေညာလို့ကတော့ စီစီ ဆိုသည့် မိန်းကလေးက မျက်ရည်ကျပြမည့်သူ မဟုတ်ပေ။





စီစီ သူ့အတွက် ထမင်းဝိုင်း ချူးခပ်ပြင်ဆင်ပေမယ့် လာစားဖို့မခေါ်မိ။ သူကလည်း လာမစား။ ဘာကြောင့်များမိန်းမလှ တစ်ယောက်အပေါ် တင်းမာနိုင်ရတာတဲ့လဲ။ သူ စိတ်ဝင်တစား ရှိအောင် အိမ်နေရင်းပင် စီစီ လှပစွာခြယ်သပြင်ဆင်မိတာတွေ ကိုယ့်လိပ်ပြာ ကိုယ်ရှက်ဖို့ ကောင်းပါရဲ့။

ဓာတ်သိမ်းကောင်းပါ့မလား ကိုထွန်းလူရယ်။

♥ ✧ ♥

အစ်ကိုဝမ်းကွဲနှင့်ပင် ရုတ်တရက် အထင်မှားမိတာကို သဝန်တိုခြင်းလို့ စီစီ မယုံကြည်ဘူးလား။

ကိုယ့်ကိုချစ်မက်ပုံမပြသည့် ဇနီးသည်၏နှလုံးသားကို ထာဝစဉ် မယုံမရဲရှိနေမိတာ ထွန်းလူ ဝန်ခံရပေမည်။

ညက မှောင်မှောင်ဆိုတော့ အစ်ကိုလား ဘာလားမမှတ်မိ။ ကိုယ့်ရင်ထဲ ဖြစ်သွားရတာ အံ့သြစရာတောင် ကောင်းသည်။ မီးလောင်သွားရသည် ဆိုလျှင်ပင် ရင်ထဲက ပူပြင်းမှုကပိုလောက်သေးသည်။

ထာဝစဉ် စိမ်းကားနေတတ်တာကို အခုအခံ ဖြစ်နေသောစိတ်က ထောင်းခနဲ ဝေသွားရကာ "မင်း ဆင်ခြင်ဖို့ ကောင်းတယ်"ဟု ရောပြောချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မထီတရီမျက်နှာလေးက အသည်းကို စားနင့်ခွဲမွှေလိုက်သလိုပါပဲ။

တစ်သက်နှင့်တစ်ကိုယ် ကိုယ့်ကို ဒီလောက်မထီလေးစား အချိုးမျိုးနှင့် ဆက်ဆံဖူးသူ မရှိခဲ့။ အခံရခက်လွန်းတာကြောင့် တောက်ခတ်လိုက်မိပေမယ့် ရင်ထဲမှာ ဒေါသထက် ယောကျာ်းတန်မဲ့ ဝမ်းနည်းရခြင်းက ပိုပါသည်။

ကိုယ့်တို့အိမ်ထောင်ရေးက ဒီလိုပဲ တအိအိနှင့် ပြိုယိုင်ရတော့မှာလား။

ခွဲကြရမည်ဆိုလျှင် ဘဝရပ်တည်နိုင်ဖို့ ထွန်းလူ အတော်ကြီး ကြိုးစားယူရမှာပါ။ မင်း ဒါကိုမသိဘူးလား စီစီရယ်။

ချစ်ပါတယ်ဆိုတာကို ဖွင့်ပြောဖို့ မကြာခဏ ကြံရွယ်စိတ်ကူးခဲ့ဖူးပေမယ့် ခက်ထန်သော သူ့မျက်နှာထားကြောင့်တစ်ကြောင်း၊ လက်ထပ်ပြီးကြခါမှ ရည်းစားစကား ဆိုရသလို အူလည်လည် ကြောင်တက်တက်နိုင်မှာ စိုးတာကတစ်ကြောင်း ကြံရွယ်မိတိုင်း ပျက်ခဲ့ရတာချည်းပင် ဖြစ်လေသည်။ သူနှင့်လုံးဝ မသက်ဆိုင်သည့် လူတစ်ယောက်လို ထွန်းလူကိစ္စတွေမှာ စိတ်ဝင်စားပုံ မပြတတ်တာကို ငြိုငြင်စိတ်ပျက်ခဲ့ရပေါင်းများပြီ။

တစ်ခါတုန်း သူငယ်ချင်းသုံး,လေးယောက်စုကာ အရက်သောက်ဖို့ စီစဉ်ပြီး မိသားစုပါ ခေါ်လာကြဖို့ သေချာကတိထားခဲ့ကြပြီးမှ သူမကို ပြန်ပြောပြဖြစ်တော့ "မလိုက်ချင်





ဘူး"ဟု စိမ်းစိမ်းကြီး ငြင်းစကားဆိုလိုက်တော့ "ဟား ... ဘယ်လိုမိန်းမလဲ"ဟု စိတ်ထဲ မျက်သွားခဲ့ဖူးသည်။

ဆုံမည့်အိမ်က သူငယ်ချင်း ဆရာဝန်ကလည်း အိမ်ထောင်သည်။ သူ့မိန်းမက အမြည်းအားလုံးကို မငြူမစူ ပြင်ဆင်ဖြည့်ဆည်းပေးတာ၊ ကျန်သူငယ်ချင်းတွေကလည်း သူတို့ဇနီးတွေ အပါခေါ်လာတာ။ ဇနီးသည်တွေချင်း စကားတစ်ဝိုင်းဖွဲ့ကာ ရင်းနှီးသွားကြသည့်အထဲ စီစီ မပါဝင်ခဲ့တာ။ မိန်းမကို ခေါ်မလာနိုင်သူအဖြစ် အရှိန်ရလာသော ယမကာဝိုင်းမှာ ရယ်မောလှောင်ပြောင်စရာ ဖြစ်ခဲ့ရတာတွေ ကြုံရတော့ ဘေးမှာ အဖော်တစ်ယောက်အဖြစ် လက်တွဲမပါသော စီစီကို နားမလည်ခြင်း နာကြည်းခြင်းတွေနှင့် ထွန်းလူရင်ထဲ ဒေါသကျိတ်ပြီး ဖြစ်ရသည်။

ယယ်သူငယ်ချင်းတွေစုပြီး သောက်ကြမလို့ ချိန်းခဲ့တယ်၊ စီစီပါ လိုက်ခဲ့ပေါ့ဟု ထွက်ဖြစ်ခဲ့သည့် နှုတ်ကိုပင် ကိုယ့်ဘာသာ ပြန်ဒဏ်ခတ်ချင်လောက်အောင် အရှက်ရသည်။

ကိုယ်ကလည်း ကိုယ်ပဲ။ လိုက်လိမ့်မည်လို့များ အထင်တွေ မှားမိရသေးသည်။ အရက်ဝိုင်းမို့ဟု ဆိုရအောင်ကလည်း ရမ်းကားမူးရူးမည့်သူ တစ်ယောက်မှ မပါဘဲ ပျော်ရရုံ ဆုံရရုံလုပ်သည့်ပွဲပဲ။

လူကြီးလူကောင်းတွေချည်းသာပါမှာ။ သူမက ဘာကြောင့်ရှောင်ဖယ် သီးသန့်ဆန်ချင်ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီညက စိတ်ပေါက်ပေါက်နှင့် သူငယ်ချင်းအိမ်မှာ စွန့်စားခန်းရုပ်ရှင်ကားတစ်ကား ထိုင်ကြည့်နေပစ်လိုက်ပေမယ့် စိတ်က တစ်ချိန်လုံး အိမ်ကိုသာ ရောက်နေခဲ့သည်။

စီစီ တစ်ယောက်တည်းမို့ မျှော်စောင့်လို့များ နေတော့မလားဟု အတွေးဝင်မိသည့်အခိုက် ကိုယ့်မေးစေ့ကိုယ် လက်သီးနှင့် ထိုးပစ်ချင်လောက်အောင်ပင် ဒေါသဖြစ်သွားရ၏။

သူမကလား မျှော်မှာ စောင့်မှာ။ ပြန်ရောက်လာသော လင်ယောကျ်ားကို ဆီးကြိုတံခါးဖွင့်သော မျက်နှာလေးကို နေ့စဉ်မြင်ဖူးနေပြီပဲ။ စိတ်ကျဉ်းကျပ်သွားသလို ညိုသွားတတ်သည့် မျက်နှာရိပ်ကို ထွန်းလူ ရင်နာစွာ မြင်တွေ့နေခဲ့ရတာပဲ။ ပြန်မရောက်လျှင် လွတ်လပ်သည် ထင်မှာပေါ့ဟု အမြင်ကတ်တွေးမိတာကတစ်ဝက်။ အားငယ်ကြောက်လန့်နေမှာလားဟု မထင်ရဲထင်ရဲ မျှော်လင့်နေမိတာကတစ်ဝက်၊ ရုပ်ရှင်ကားထဲ တစ်စက်မှ စိတ်မရောက်နိုင်တာကို ကိုယ်သာအသိဆုံး။ ရုပ်ရှင်မပြီးခင်ပင် အိပ်ချင်ပြီဟု အကြောင်းပြကာ ထပြန်ခဲ့ပေမယ့် အိပ်ချင်စိတ်ထက် အိမ်ကဇနီးကို လွမ်းစိတ်က ပိုသည်ဆိုတာကို စီစီလို မိန်းမတစ်ယောက်ကို ဖွင့်ပြောဖို့ လိုသလား။

မတတ်သာလို့သာ ပေါင်းသင်းနေရလျက် သံယောဇဉ်သက်ဝင်ခြင်းဆိုတာ လုံးဝရှိပုံမရသည့် စီစီကို အံ့ဩမိပါရဲ့။





လက်မထပ်ဖြစ်ခင် သူမကို ရင်ထဲစွဲမက် တွယ်တာနေရစဉ်ကတည်းက ဟိတ်ဟန်ကြီးကြီး၊ မာနထည်ထည် အစားထဲက ဆိုတာ သိတော့လည်း ကြိုသိထားပါသည်။

ဘယ်ယောကျ်ား တစ်ယောက်ကိုမှ အဖက်မလုပ် အရောမဝင်ဘဲ ပြစ်မျိုးမှဲ့မတင် သန့်စင်လွန်းသူမို့လည်း ရင်ထဲမှာ တရားလွန်တန်ဖိုးထားပြီး အမှတ်များစွာ ပေးမိခဲ့တာ ဖြစ်လေသည်။ သူမကသာ ကိုယ့်ကို ပြန်ချစ်မည်ဆိုလျှင် မြူမတင်ဖူးသော အသစ်စက်စက် နှလုံးသားကို ပိုင်ဆိုင်ခွင့်ရသူ ဖြစ်တော့မှာဟု ဂုဏ်ပင်တက်ရတော့မလိုလို ကျေနပ်ခဲ့မိတာ။

ခုတော့ စိတ်ကူးယဉ်ခဲ့မိသောဘဝနှင့် လက်တွေ့အဖြစ်က တခြားစီပါလား။

ညဆယ့်တစ်နာရီခွဲမှာ ပြန်ရောက်သော ထွန်းလူကို တံခါးထဖွင့်ပေးသည့် သူမပုံစံက အိပ်ရာကနိုးလာတာမှန်း သိသာနေသောအခါ မမျှော်လင့်ရဲဘဲ မျှော်လင့်စိတ်ကူးထားသမျှ ကိုယ့်လိပ်ပြာကိုယ် ရှက်စရာ ဖြစ်ရလေသည်။

အပူအပင်ကင်းမဲ့စွာ ယောကျ်ားဖြစ်သူ အိမ်ပြန်မရောက်သေးပါလားဆိုတာ ခေါင်းထဲ ဝင်ပုံတောင်မပေါ်သည့် မျက်နှာ။ ထွန်းလူ အဝတ်လဲနေခိုက်မှာပင် မွေ့ရာပေါ်က သူ့ဘက်ခြမ်းနေရာ၌ ကျောပေးပြီး ပြန်လည်အိပ်မောကျသွားတာကို စူးစူးရှရှကြည့်ရင်း ဆုံးရှုံးမှုဆိုတာကို နားလည်ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မာနခဲကလေး ဆိုတာ ကိုယ်လည်း မာနနှင့်လူသားမို့ သဘောပေါက် နားလည်မိသားပါပဲ။ ဒါပေမဲ့ မိန်းမရယ် ... ကိုယ့်ဘ၀တစ်ခုလုံးကိုတောင် ဒီလူ့လက်ထဲ ပေါင်းစပ်အပ်နှင်းပြီးမှပဲ။ မျက်နှာကြောကလေးကို ဒီထက် တစ်၀က်လောက် လျှော့လိုက်လျှင် ဘယ်လောက်များ နစ်နာသွားရမှာမို့လဲ။

အပေါင်းအသင်းတွေ၏ ဇနီးတွေက သူတို့ခင်ပွန်းသည်ကို နောက်ကာပြောင်ကာ စိတ်ကောက်ဟန်ပြကာ ကလူကျီစယ် အမူအရာတွေမြင်ရတိုင်း ထွန်းလူရင်ထဲ တနုံ့နုံ့နှင့်ကြေကွဲတတ်ခဲ့ရသည်။

အဲဒီနောက်ပိုင်း ဘယ်ခရီး ဘယ်လမ်းကိုမှ မင်းလိုက်ဦးမလားဟု ဆန္ဒတောင်းခံ မေးမြန်းမနေတော့တဲ့ တစ်ယောက်တည်း ကြိုခဲ့မိတာတော့ ကိုယ်လွန်သလား။

လင်ယောကျာ်းနှင့် ဇနီးမယားဆိုတာ မနိုင်ရင်ကာပါ ရမိဖြည့်ပေးနေစရာ မလိုပါဘူး။ တစ်ယောက်ကိုတစ်ယောက် ဖေးမနားလည်ကြရင်းက အလိုလို အဖော်ကောင်း ဖြစ်ရတာပဲ မဟုတ်လား။

ငယ်ငယ်ကတည်းက အစာအိမ်ရောဂါရှိခဲ့သော စီစီ မကြာခဏ ရောဂါပြကာ ဗိုက်အောင့်တတ်တာ ဆရာ၀န်မို့ ထွန်းလူ သိရှိရိပ်မိနေပေမယ့် တစ်ခွန်းမှ တိုင်ပင်ပြောကြားခြင်း မရှိတာမို့ ဖြစ်နေချိန်နှင့် အံကိုက်သိဖို့တော့ ခက်လေသည်။ သူမ





ဘာသာ ဆေးဗီရိုဖွင့်ကာ ဂျဲလ်မက်ယူသောက်နေတာကို ရယ်လည်း ရယ်ချင် အခံရလည်း ခက်နေ၏။

တစ်ခါကတော့ ဂျဲလ်မက်ပုလင်း ဖွင့်နေသည့် သူမကို "ဗိုက်အောင့်ပြန်ပြီလား"ဟု တစ်ခါ မေးဖူးခဲ့သည်။ ခေါင်းညိတ်ဖြေကာ သူ့ဘာသာ နှစ်ပြားထုတ်ယူ၀ါးစားနေတော့ ဘေးက ဆေးဆရာငုတ်တုတ်က ဘာများလုပ်နိုင်ဦးမှာလဲ။ ခုတင်နံဘေးစားပွဲပုကလေးပေါ် ပုလင်းသီးသန့် ထုတ်ယူတင်ပေးထားလိုက်တာလောက်ပဲ စိတ်၀င်စားမှု ပြဖြစ်တော့သည်။

အားမကိုးချင်သူကို အပြစ်လည်းမြင်မနေချင်တော့။ တစ်ခါတလေတော့ သူမကွယ်ရာ အလုပ်ခွင်မှာ ရှိနေခိုက် ကားလိုင်စင်ထည့်သည့် ပလတ်စတစ်အိတ်ထဲ အမြဲပါသော သူမဓာတ်ပုံကို ထုတ်ယူငေးကြည့်ကာ ရင်ထဲလှုပ်ရှားတုန်ခတ်ပြီး ဆွတ်ကျင်ကျင်နှင့် ၀မ်းနည်းသလိုကြီး ခံစားမိသည်။

မေးစေ့လေးကို လက်ဖျားနှင့် မ,ပင့်ကာ လူ့စင်စစ်ကိုသာ ငေးမောကြည့်ချင်တာဖြစ်ပေမယ့် အသားချင်း မတော်တဆ ထိမိတာကိုပင် တုန့်လှုပ်သွားတတ်လေသော စီစီ့ကြောင့် ဓာတ်ပုံကလေးကိုသာ ကိုယ်နှင့်မကွာ သွားလေရာ အပါသယ်တတ်ကျင့်စွဲရလေသည်။

♥ ◇ ♥



www.burmeseclassic.com

www.burmeseclassic.com



သူ့ကား ခြံတံခါးဝကနေ ကွေ့ပြီးပျောက်သွားမှ စီစီက အိမ်ရှေ့တံခါးကို ပိတ်လိုက်သည်။ စိတ်ထဲမှာ သူနှင့် မျက်နှာချင်းဆိုင် တင်းမာနေကြရခြင်းက လွတ်ဝေးသွားတာမို့ ပေါ့ပါးသွားရတာနှင့်အတူ သိသိသာသာ ဟာတာတာ ဖြစ်သွားရသေးသည်။

သူ့အလုပ်ခွင်ကို သူသွားပြီမို့ အိမ်မှာ လုပ်စရာရှိတာတွေ လုပ်ဖို့ ကိုင်ဖို့ စီစီ ကျန်ရစ်ရမှာပေါ့။ အိမ်ထောင်ရေးဆိုတာ ဒါပဲလား။ အောင့်သက် ခံပြင်းစွာ တွေးရင်း အိပ်ခန်းထဲ ပြန်ဝင်လာခဲ့၏။

မှန်ရှေ့မှာ ခဏရပ်ကာ ဖြောက်ကွဲမိသေးသည်။ စီစီ့ရုပ်က ချစ်ခင်စွဲမက်စရာ လုံးဝမရှိဘူးလား ကိုထွန်းလူ။ နှစ်လတိတိ ရှင် ခပ်တင်းတင်း နေနိုင်တာများ အံ့သြပါရဲ့။ မနက်ကျ အိမ်ကိစ္စတွေ စီစီ ထလုပ်၊ အချိန်တန် သူကဆေးရုံသွား၊ စီစီက ရှင်းလင်းလျှော်ဖွပ်ကျန်ခဲ့၊ ပြန်ရောက်လျှင် ထမင်းစူးကျွေး၊ ကိုယ်စိတ်ဝင်စားရာ တစ်ခုခု ရှာဖွေလုပ်ရင်း ခပ်ရှောင်ရှောင်နေကြရင်း မျက်တောင်စင်းလာတော့ အိပ်ရာဝင်။

သည်ဘဝကြီးထဲ နှစ်နေရတော့မှာလား။

သည်လိုနေပြီး ရင်နာနေရမှာထက်စာလျှင် လုံးဝမမြင်ရတဲ့ နေရာကို အပြီးတိုင် ထွက်သွားလိုက်တာကမှ ခံစားရသက်သာဦးမည်။





အတွေးနှင့် မျက်နှာက မှိုင်းမှုန်ကာ နှုတ်ခမ်းကိုက်ပစ်လိုက်မိ၏။ ဘာပဲဖြစ်ဖြစ် သူ့ကို တွယ်တာချစ်မြတ်နိုးခြင်းက ခုထိ မပျက်စီးသေးတာတော့ ကိုယ့်ကိုယ်ကိုယ်ပင် ချီးမွမ်းလောက်စရာ ကောင်းနေပြီ။

ခပ်မဲ့မဲ့မျက်နှာနှင့် အင်္ကျီချိတ်က သူ့အင်္ကျီတချို့ကို ဖြုတ်သည်။ လျှော်သင့် မလျှော်သင့် သူ့အဝတ်ကို နမ်းရှိုက်မိတိုင်း ရင်ထဲကျင်ခနဲနေအောင် ဝေဒနာတစ်ရပ် ဖြတ်သန်းမူးယစ်သွားရတတ်လေသည်။

ရုပ်အင်္ကျီအစိမ်းကလေးကိုဖြုတ်ရင်း နှာခေါင်းဖျားမှာကပ်လျက် လေကို ရှပ်ခနဲရှိုက်ရှူအသွင်း လက်၏ဆုပ်ကိုင်မှုကြားမှာ စက္ကူခေါက်လိုလို မာကျောကျောတစ်ခု စမ်းမိတာမို့ အိတ်ထဲ ဆွဲနှိုက်ကြည့်လိုက်မိ၏။

ကားလိုင်စင် ...။ မေ့လျော့ကျန်ရစ်ရအောင် စိတ်က ဘယ်ရောက်နေသလဲဟု အပြစ်တင်တွေးရင်းက ပလတ်စတစ်အိတ်ကြယ်သီးကို ဖြုတ်ခွာကာ လိုင်စင်ကတ်ကို ထုတ်လိုက်မိ၏။ လိုင်စင်လုပ်ကာစက သူ့ရုပ်သွင်က ခုထက် နုပျိုငယ်ရွယ်အပြစ်ကင်းနေမှာပဲ။

တစ်ခါမှ သူ့လိုင်စင်ကို ဖွင့်မကြည့်ဘူးခဲ့။ သည်လောက်ထိ တသီးတသန့်စီ ဖြစ်နေခဲ့ကြတာပါလား။



www.burmeseclassic.com

www.burmeseclassic.com



စီစီ လိုင်စင်ကတ်ကလေး ဆွဲအထုတ် ကပ်ပါလာသော ကတ်ပြားကလေးတစ်ခုပါ အမှတ်မထင် မြင်လိုက်ကာ ခေါင်းနားပန်းကြီးသွားရသည်။ ကျောဘက်ကိုသာ မြင်ရရုံနှင့် ဓာတ်ပုံဆိုတာ သိသာသည်။ ဓာတ်ပုံအသေးကလေးနောက်ကျောက သူ့လက်ရေးကိုတော့ စီစီ မှတ်မိနိုင်ပါသေးသည်။

"အချစ်ဆုံး"ဆိုပါလား။

တစ်ခါမှ မခံစားဖူးသော ဝေဒနာတစ်ခုက ပြင်းပြတုန်လှုပ်သွားသောရင်ထဲ ကြမ်းတမ်းစွာ ဝင်လာလေသည်။ ဓာတ်ပုံကို လှန်မကြည့်ရဲသေးဘဲ အနီးဆုံးက ခုတင်ပေါ် ထိုင်ချလိုက်ရ၏။

သည်လောက်ထိတော့ မျှော်လင့်မထားမိတာ အမှန်ပဲ။ ပူပြင်းလောင်မြိုက်သော အတွေးနှင့် အားယူကာ ပုံကလေးကို ဖျတ်ခနဲ လှန်ကြည့်လိုက်မိလေသည်။

အသက်ရှူသံပြင်းပြင်းနှင့် မခိုင်မတ်နိုင်တော့သော ခန္ဓာကိုယ်ကို မွေ့ရာပေါ် လှဲချလိုက်ရ၏။ တဒိတ်ဒိတ်ခုန်နေသော ရင်ဘတ်ပေါ် ရုပ်အင်္ကျီအစိမ်းကလေးကိုတင်ကာ အဲသည်အပေါ်မှာ ဓာတ်ပုံကိုလက်တစ်ဖက်၊ လိုင်စင်ကိုလက်တစ်ဖက် ကိုင်ဆုပ်ရင်း ဖိထားလျက် မျက်ဝန်းကို မှိတ်ပစ်လိုက်တော့ ဘယ်တုန်းက ရစ်ဝဲနေမှန်း မသိနိုင်သည့် မျက်ရည်စတချို့ ပါးအထက်နားမှ နားထင်သို့ စီးကျသွားရလေသည်။





ရှင် ... ခိုးကြောင်ခိုးဝှက် နိုင်လှချည်လား ကိုထွန်းလူရယ်။ သည်လောက်ထိတော့ မာန်မာနကြီး တစ်ခွဲသား မထားသင့်ဘူးပေါ့။

♥ ✧ ♥

လမ်းကုန်းဆင်းက ဆိုင်ကလေးရှေ့ရပ်ရင်း လေထိုးမယ်ကွာဟုပြောလျက် အိတ်ထဲ လက်ရှယ်နှိုက်လိုက်မိသည်ဆိုလျှင်ပင် လိုင်စင်မေ့ကျန်ရစ်ပြီဆိုတာ ချက်ချင်း သတိရလိုက်သည်။

လေပိုက်ဆွဲကာ ရောက်လာသော ကောင်ကလေးကို လက်ကာပြရင်း ခဏနေမှ ပြန်လာမယ်ဆိုတာကို ကားတံခါးပိတ်သံကြားက အော်ပြောလိုက်ရ၏။

အမြန်ဆုံး အိမ်ပြန်ဖို့ပဲ စိတ်စောသည်။

လိုင်စင်နှင့်အတူ စီစီ့ဓာတ်ပုံကို ထည့်ထားခဲ့တာမဟုတ်လား။ အယ်လ်ဘမ်ထဲကဖြုတ်ပြီး အနေတော် ဖြတ်ညှပ်ပစ်လျက် လိုင်စင်အိတ်ထဲ ထည့်သယ်တတ်မြဲမို့ ဘယ်တော့မှ အမေ့အလျော့ မရှိအောင် ဂရုစိုက်နေကျ။

သည်နေ့မနက် သူမကို စိတ်ဆိုးနေရတာကြောင့် အိမ်က အမြန်ဆုံးထွက်ခဲ့တာ။ မနေ့ကဝတ်သော ရုပ်အင်္ကျီအိတ်ထဲက ပစ္စည်းတွေ အိတ်ပြောင်းမထည့်မိခဲ့။ အမှန်ဆို မေ့မှာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



သည်နေ့ ဝတ်ထားဖြစ်သော စပို့ရှပ်က အိတ်မပါ။ သည်တော့ လိုင်စင်ကတ်ကို ပိုက်ဆံအိတ်ပြားထဲ ထည့်သယ်ရမှာ။ ဒါကြောင့် မို့လည်း မေ့လျော့သွားဖြစ်တာပါ။

စပို့ရှပ်က အိတ်မပါတော့ အိတ်ကိုမစစ်မိ။

ယောက်ျားသွားချိန်ထိတောင် မစောင့်ဘဲ စောစော စီးစီး သူငယ်ချင်းဆီ ဖုန်းဆက်နေသည့် စီစီ့ကို ကော်ဖီသောက်ရင်း ဒေါမနဿနှင့် ကြည့်မိကာ ဝုန်းဒိုင်းဆို ထွက်လာခဲ့ဖြစ်တာများပြီ။

စီစီတွေ့သွားလျှင် ပိုပြီးဘဝင်မြင့် မာကျောစရာ ဖြစ်သွားမှာ။ သည်အမျိုးသမီးက လှောင်ပြောင် သရော်ရိပ်စွန်း သော မျက်ဝန်းကြည့်ကို ပိုင်နိုင်စွာ ဖန်တီးတတ်လွန်းပါဘိသနဲ့။

ဒါတွေကြောင့်လည်း ကိုယ့်အချစ်ကိုပါ သရော် ကမော် မထေမဲ့မြင်ပြုခံရမှာ စိုးကြောက်တတ်ခဲ့တာ။ ဒီတော့မပြ ဖြစ်တော့ဘူးပေါ့။

အိမ်က ထွက်လာဖြစ်သည်နှင့် သက်ပြင်းတစ်ချက် ချကာ လွတ်လပ်ပေါ့ပါးသွားသလို အမြဲခံစားရပေမယ့် ဆေးရုံ ရောက်ပြီး တစ်နာရီမပြည့်ခင်မှာပင် သူမကို မြင်ယောင်လွမ်းတ, နေမိတော့တာပါပဲ။

အဆင်ပြေပြေ အိမ်ထောင်ရေးမျိုး ဆိုလျှင်တော့ ဒီလောက် ချစ်မိပုံနှင့် တစ်နေ့ကို သုံးခါလောက် အိမ်ကိုဖုန်းဆက် နေမိမှာပဲ။ ခုတော့လေ ...





ဆက်လည်းတွေးမနေချင်ပါ။ ကိုယ်မပြတ်စဲနိုင်သေး သရွေ့ ဝဋ်ခံပေတော့။ မခံနိုင်လွန်းသည့်အဆုံး လမ်းခွဲစကားများ စိတ်ပေါက်ပေါက်နှင့် ဆိုမိလျှင် စီစီ ဘဝင်ကျမြူးရွှင်သွားမှာပဲ ဟု တွေးရင်း အံကြိတ်လာမိသည်။

ခုလောက်ဆို တွေ့များပြီးနေပြီလား။ တစ်နေရာပြီး တစ်နေရာ ဖုန်းဆက်နေတာနှင့်ပဲ မအားမလပ် ဖြစ်နေမလား။ ရေချိုးခန်းထဲဝင်ကာ လျှော်ဖွပ်နေလျှင်တော့ အသံပေးမနေတော့ ဘဲ နောက်ဖေးပေါက်က လှည့်တက်ကာ တိတ်တဆိတ်ယူသွားဖို့ တွေးရင်း ကားကို ခြံပြင်မှာပဲ စက်သတ်ရပ်ကာ ခပ်သွက်သွက် ဝင်လာခဲ့မိ၏။

ဒီအင်္ကျီကိုတော့ လျှော်ဦးမှာမဟုတ်။ မနေ့ကညနေ ဘက် ဆေးခန်းကို ခဏပဲ ဝတ်ထားတာ။ -

အမြဲဖွင့်ထားတတ်သော နောက်ဖေးတံခါးမှ ခပ်ဖွဖွ လှမ်းအဝင် တိတ်ဆိတ်ငြိမ်သက်နေခြင်းကို ထိတွေ့ခံစားလိုက် ရသည်။

ဒါတွေ ခြောက်သွေ့စရာ ကောင်းတာပေါ့။ ဇရပ် တစ်ခုလို လူမရှိသည့်အလား ထာဝစဉ် တိတ်ဆိတ်ငြိမ်သက်နေတဲ့ ဒီ အဆောက်အအုံဟာ ညားခါစလင်မယားနှစ်ဦး နေထိုင်သည့်အိမ် တဲ့လား။

ခြေလှမ်းတွေက အိပ်ခန်းဝအထိ ညင်သာစွာ ရောက် ရှိလာရသည်။ အခန်းထဲက လှုပ်ရှားမှုမရှိ။ တံခါးက ဟ,ထားတာ



www.burmeseclassic.com

www.burmeseclassic.com



မို့ ခေါင်းကလေးကို ဖြည်းညင်းစွာ ငုံ့ဝင်က စီစီ ဘာလုပ်နေသလဲ ဟု စူးစမ်းလိုက်မိလေသည်။

ရင်ထဲ ချွေးခနဲ ဖိုလှိုက်သွားရကာ ခြေစုံတောင့် တောင့်ရပ်သွားရသလို မျက်ဝန်းတွေက ခုတင်ပေါ်က သူမဆီ ငြိမ်သက်စိုက်ဆင်းသွားရ၏။

စီစီ့မျက်နှာက နူးညံ့ကာ နှုတ်ခမ်းဖျားကလေးက ပြုံးသည်ဆိုရုံပြုံးလျက်။ နားထင်တစ်ဖက်တစ်ချက်မှာတော့ မျက်ရည်စီးကြောင်းကလေးနဲ့ပါလား။ သူမရင်ခွင်ထဲ ဖက်ပွေ့ထားတာက ထွန်းလူရဲ့ရုပ်အင်္ကျီအစိမ်းကလေး။ လက်တစ်ဖက်စီကတော့ သူ့ဓာတ်ပုံနှင့် ကားလိုင်စင်ကိုကိုင်လျက်။

တွေ့တော့ တွေ့သွားပြီးပြီပေါ့။

သို့ပေမဲ့ ဒါကိုတွေ့ပြီးသည့်နောက် ဒီလိုပုံစံလေးနှင့် အိပ်ရာထက် ကပိုကရို ရှိနေတာဟာ ဘာကြောင့်များ ဖြစ်နိုင်ဦးမှာလဲ။ သူ့နှုတ်ခမ်းအကော့ကလေးက မထိတရိဟန် တစ်စက်မှ မပါဘဲ‹အပြစ်မဲ့လွန်းစွာ နူးညံ့နေတာကလေးက ချစ်စရာကောင်းလိုက်တာ။

စီစီ ... မင်း ဟန်ဆောင်ကောင်းလှချည်လားကွာ၊ ငါ့အတွက် နူးညံ့ပျော့ပျောင်းခြင်းတွေ မင်းရင်ထဲ ရှိနေရက်နဲ့ အတင်းဖုံးကွယ်ထားတာကတော့ မာနကြီးလွန်းရာ ကျတာပေါ့ ချစ်ဇနီးရယ် ...။

♥ ✧ ♥





ကွေ့ပတ်ဆင်းကာ အိမ်ရှေ့တံခါးမှာရပ်လျက် သော့ကိုဆွဲလှုပ်လိုက်သည်။ တခြိမ်းခြိမ်း အသံကြားမှာ ထွန်းလူ ရင်ထဲက ကြည်နူးရင်ခုန်သံကပါ အားဖြည့်ထားသလိုပင်။ စီစီ ရုတ်တရက် လန့်ဖျပ်ပြီး ထထိုင်လိုက်မိသည်။ ဓာတ်ပုံနှင့်လိုင်စင် ကို ပလတ်စတစ်အိတ်ထဲထည့်၊ ပလတ်စတစ်အိတ်ကို အင်္ကျီအိတ် ထဲပြန်ထည့်၊ အင်္ကျီကို ချိတ်မှာပြန်ချိတ်ကာ ကမန်းကတန်းထွက် လာလိုက်ရသည်။ ထင်သည့်အတိုင်း သူ လိုင်စင်ပြန်ယူတာပါပဲ လား။

ဟန်မပျက် တံခါးသော့ကို လာဖွင့်ရင်း စီစီ့ရင်တွေ တဆတ်ဆတ် တုန်ယင်လှိုက်ဖိုနေရသလို သံတံခါးကြားမှ စီစီ့ မျက်နှာကို လှမ်းကြည့်လိုက်မိသည့် ထွန်းလူရင်ထဲမှာလည်း နှလုံး ခုန်သံက မြန်နေရလေသည်။

စီစီဖွင့်သောတံခါးမှ လှမ်းဝင်ကာ ထွန်းလူက ငုံ့ အကြည့် စီစီက မော့အကြည့် မလုံမလဲ မူပျက်သော မျက်ဝန်း နှစ်ခုက လမ်းခုလတ်မှာ ခလုတ်တိုက်သွားရသည်။ ကပျာကယာ မျက်နှာလွှဲကြရင်း နှုတ်ခမ်းလေးတွေ တင်းတင်းစေ့လိုက်မိကြလေ သည်။

♥ ✧ ♥



www.burmeseclassic.com

www.burmeseclassic.com

## ကိုကိုဆိုးလို့ ချစ်တာပေါ့...

နုပျိုတဲ့ အိမ်ထောင်သည်စုံတွဲလေး တစ်တွဲကြားမှာ တွေ့ရတတ်တဲ့ ချစ်မြတ်နိုးခြင်း၊ သဝန်တိုခြင်း၊ နားလည်ခွင့်လွှတ်ခြင်း၊ နှဲ့ဆိုးခြင်းလေးတွေကို ချစ်စဖွယ် ကြည်နူးစဖွယ် ရေးဖွဲ့ကြည့်တာ ဖြစ်ပါတယ်။ အဲဒီအချိန်က ကိုယ်တိုင် အိမ်ထောင်သည်ဘဝ မရောက်သေးတဲ့အချိန်မို့ အိမ်ထောင်ရေးတစ်ခုရဲ့ နှစ်သက်ပျော်ရွှင်ဖွယ် အစိတ်အပိုင်းကလေးကိုပဲကွက်ပြီး စိတ်ကူးယဉ် ရေးဖွဲ့ခဲ့တာ ဖြစ်ပါတယ်။

၁၉၈၉ ခုနှစ် ဇန်နဝါရီလ ကလျာမဂ္ဂဇင်းမှာ ဖော်ပြခဲ့ပါတယ်။

♥ ✧ ♥

www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့မှာ ကိုကို့သူငယ်ချင်းကား ရပ်လိုက်တာမြင်တော့ အေးမာ မျက်နှာ ဝင်းလက်သွားသည်။ "အံမယ် ... ဘယ်ဆိုးလို့လဲ၊ တို့ယောက်ျား ဒီနေ့တော့ ညဥ့်နက်သန်းခေါင်မတိုင်ဘူးဟေ့"ဟု ရင်ထဲက ကြွေးကြော်ရင်း ...

"ဒီတစ်ခါတော့ သေချာပါတယ်နော်"

ကက်ဆက်ခွေဆိုင်က ကောင်လေးကို ရယ်ပြုံးပြီး လှည့်ပြောလိုက်သည်။ ကောင်လေးက အနူးအညွတ်ပြုံးကာ ...

"သေချာပါတယ် အစ်မ"

အေးမာက ဆိုင်ရှေ့က လှည့်ထွက်ကာ ကားလမ်းမကို ဖြတ်ကူးဖို့ပြင်သည်။ ကက်ဆက်ခွေဆိုင်က အေးမာတို့အိမ်နှင့် မျက်စောင်းထိုးကလေးရယ်။ ဒီဘက်ပလက်ဖောင်းမှာရပ်ရင်း ကားအရှင်းစောင့်ဆဲ ဟိုဘက်ပလက်ဖောင်းမှာ ခါးထောက်ကာ မျက်နှာတင်းတင်းနှင့် စောင့်နေသော ကိုကို့ကိုမြင်သည်။

ကားတစ်ခဏအရှင်းမှာ အပြေးဖြတ်ကူးပြီး ဟိုဘက်ပလက်ဖောင်းသို့ ခရီးရောက်မဆိုက်ပင် ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို စောလှချည်လား၊ ကိုအောင်မိုးတို့ အိမ်ပေါ်မတက်တော့ဘူးလား"

ကားပေါ်က ကိုကို့သူငယ်ချင်းတွေကိုပါ တစ်ဆက်တည်း လောကဝတ်စကား ဆိုသည်။

"မတက်တော့ဘူး၊ သွားမယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

သူငယ်ချင်းတွေ ကားထွက်သွားသည်နှင့် ...

"ဒါက ဘယ်လိုဖြစ်တာလဲ"

"ဘယ်ဟာလဲ ကိုကို"

"ဒီကက်ဆက်ခွေဆိုင်ကို တစ်ညနေတည်းနဲ့ ဘယ်နှခေါက်သွားနေတာလဲ၊ ခုနကလည်း လှစ်ခနဲ ထွက်သွားတယ်၊ အခွေသွားငှားတာတဲ့၊ သူငယ်ချင်းတွေနဲ့ ခဏပါသွားပါတယ်၊ ပြန်ရောက်တော့ သူက ဟိုဆိုင်ပြန်ရောက်နေတယ်"

"ဪ ... ကိုကိုကလည်း၊ ခုနက သီချင်းခွေ သွားငှားတာ၊ အိမ်ရောက်ရောက်ချင်း မဖွင့်ဖြစ်သေးဘူးလေ၊ ကိုကို့ကို ထမင်းခူးကျွေးနေလို့၊ ခုလေးတင်မှ ဖွင့်လိုက်တော့ တူးတူးသီချင်း မဟုတ်ဘဲ တရားခွေကြီး ဖြစ်နေတယ်၊ ဟိုကောင်လေးက လူသစ်လေး မဟုတ်လား၊ ကပေါက်တိကပေါက်ချာနဲ့"

ပြောရင်း ကိုကို့လက်ကိုဆွဲကာ အိမ်ပေါ်တက်ခဲ့သည်။





"အဲဒီ လူသစ်လေးကိုပဲ ပြောနေတာ"

"ကိုကိုကလည်း ဘာတွေပြောနေတာလဲ"

"ဆံပင်ကတွန့်တွန့် နှာခေါင်းကောက်ကောက်ကလေးနဲ့ လူဟောင်းနဲ့တူနေလွန်းလို့ ကျုပ်က ပြောနေရတာ"

"ရှုပ်ကုန်ပြီ၊ ဆိုင်မှာထိုင်တဲ့ လူဟောင်းက ဦးဝကြီးပဲဥစ္စာ"

"ဆိုင်ကလူဟောင်း ပြောတာမဟုတ်ဘူး၊ ခင်ဗျားလူဟောင်းကို ပြောနေတာ"

"အေးမာ လူဟောင်းက ဘယ်သူလဲ"

"အံမယ်ကွာ ... အေးမာ လူဟောင်းက ဘယ်သူလဲတဲ့၊ ခင်ဗျားလူရုပ် ခင်ဗျားအမှတ်မိဆုံးပေါ့၊ ဆိုင်က လူသစ်ကောင်လေးကို စ,မြင်လိုက်ကတည်းက ထင်တော့ ထင်တယ်၊ အေးမာတို့ အဝင်အထွက် များတော့မယ်လို့"

အေးမာက ခုမှ အတွေးပေါက်ရင်း ...

"ခစ် ... ခစ် ... ဟုတ်ပါရဲ့၊ နော် ကိုကို နော် ... ဒီကောင်လေးက မိုးကျော်နဲ့ တူတယ်နော်၊ ခုမှ သတိထားမိတယ်၊ ကိုကိုတို့များ သူ့ရန်သူကြီးရုပ်ကို မှတ်မိလိုက်တာ"

"တော်စမ်း ..."

ခြေသံပြင်းပြင်းနင်းကာ အခန်းထဲ တန်းဝင်သွားသည်။ အေးမာက အိမ်ရှေ့စားပွဲပေါ် ကက်ဆက်ခွေ လှမ်းတင်ရင်း ကိုကို့ညီမ အေးမာရဲ့ယောက်မ ချောစုကို ရယ်ပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာ ကောက်ရပြန်ပြီ တကတဲ အဲဒီကောင်လေးကလည်း ကျုပ်ကိုမြင်တာနဲ့ အပဟီး အပဟဲနဲ့ အမှားမှား အယွင်းယွင်းကို ဖြစ်နေတာပဲ၊ အစ်မ ... အစ်မနဲ့ ... စကားပြောပုံကလည်း အပိုးကိုကျိုးလို့"

ချောစုက ကက်ဆက်ခွေ လာကောက်ယူရင်း ရယ်သည်။

"ကိုကို့ကို လိုက်ချောမနေနဲ့၊ ဖင်ခေါင်းကျယ်တယ်"

"ချော့ရမယ်တော့၊ မချော့ရင် တစ်ပတ်နဲ့မပြီး နှစ်ပတ်နဲ့မပြီး ဖြစ်နေမှာ"

ပြောရင်းက အခန်းထဲ လိုက်ဝင်ခဲ့ရသည်။ ထင်သည့်အတိုင်း ခုတင်ပေါ် ပက်လက်အိပ်ကာ မျက်နှာပေါ် ခေါင်းအုံးဖိထား၏။ အေးမာက ခုတင်ဘေး ကြမ်းပြင်ပေါ် ဒူးထောက်ကာ ...

"ကိုကို ... မေးစရာရှိလို့"

ဘာမှမတုံ့ပြန် ...။

"ကိုကို ... အေးမာ မေးစရာရှိတယ်"

"မေးကွာ ... မေးကွာ"

"မနေ့မနက်က ဘာဟင်းနဲ့စားလဲ"

ကိုကိုက ခေါင်းအုံးကို ဆွဲဖယ်ကာ ဆတ်ခနဲ ထ, ထိုင်ရင်း ဒေါပွပွ မျက်နှာနှင့် ...





"ဟင် ... ဘာတွေ လာမေးနေတာလဲ၊ ကိုယ်ချက်တာ ကိုယ်သိပေါ့၊ မနေ့က ဘာဟင်းချက်ချက် ဘာအရေးကြီးလို့လဲ၊ ဘယ်သိတော့မှာလဲ၊ ပေါက်ကရတွေ လာမမေးနဲ့"

"မနေ့ကမနက်က ချက်တဲ့ဟင်းတောင် ဘာဟင်းလဲ ကိုကိုမသိတော့တဲ့ဟာ ကိုကိုနဲ့မချစ်ခင် တစ်နှစ်လောက်က ရည်းစားဟောင်းကြီးကို အေးမာ ခုထိ သတိတရ ရှိပါ့မလား၊ မေ့ရောပေါ့"

"အောင်မာ ... တတ်တယ်"

ပြောရင်းက ရယ်ချင်ဟန်နှင့် တစ်ဖက်ကို လှည့်ပစ်လိုက်သည်။ ဒါပေမဲ့ သူလှည့်လိုက်တဲ့ဘက်မှာ မှန်တင်ခုံရှိတဲ့ဥစ္စာ။ မှန်ထဲမှာ သူ ပြုံးစေ့စေ့ ဖြစ်နေတာ အထင်းသား။ ရယ်ရတယ်နော် တို့ယောက်ျားက။

♥ ✧ ♥

သူ့များ ပြုစုယုယနေရင် သူ သိပ်ကြိုက်။ ခြေသည်းလက်သည်း ညှပ်ပေးရတာတော့ ရိုးနေပြီ။ ငါးရိုးထွင်ပေးရတာတော့ အပျော့။ သိပ်ဇိမ်လုပ်ချင်တာ။ ဇိမ်လုပ်ချင်တာထက် အေးမာဆီက အယုအယကို လိုချင်တာ။ တစ်ခုခုတော့ ညှဉ်းဆဲလိုက်ရမှ။ သူ့အတွက် တစ်ခုခု ဂရုတစိုက် လုပ်ပေးလျှင် သူ သိပ်ဂုဏ်မောက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဝိုင်းမှာ ဘာဈေးများသလဲ မပြောနဲ့၊ သူ့အမေ တောင် ရှုံ့မဲ့ လက်ဖျားခါသည်။ လူပျိုဘဝက သူ့အမေဝင့်တွေ အေးမာထံ ပန်းပြောင်းလာသည်။ ကြာတော့လည်း ဟုတ်တာ လည်း မဟုတ်ဘဲနှင့် ဂျီကျနေတာကိုပဲ ဝါသနာပါသော ကိုယ့် ယောကျ်ားအထာ ကိုယ်သိလာရသည်။

"အေးမာ ... မြင်းခွာရွက်သုပ်က ပေါ့နေတယ်၊ ပြင်ပေး"

သူ ပြောရင် အေးမာက ပန်းကန်ကိုကိုင်ကာ မီးဖိုထဲ ဝင်သွားလိုက်သည်။ မီးဖိုထဲ တအောင့်ရပ်နေပြီး ဒီတိုင်းပြန် ထွက်လာခဲ့၏။

"ကိုကို ဘယ့်နှယ်လဲ မြည်းကြည့်ဦး"

ခပ်ယူ မြည်းကြည့်ကာ ...

"တော်ပြီ ... အတော်ပဲ"

အဲ့လိုမျိုး။ အလွန်သိသာသည်။ သူ့ဟာက အရသာ ကို ခံတတ်လို့၊ နားလည်လို့ ပြုပြင်ခိုင်းတာမှ မဟုတ်ဘဲ၊ သူ့ကို ဂရုစိုက်စေချင်တာသာဖြစ်သည်။ မနေ့ကဆို ကြည့် ...

"မျက်ရိုးကိုက်တယ်ကွာ"

စနေနေ့ဆို သူ့အမေ ဆိုင်ထိုင်တာမို့ သူအားသည်။ အေးမာနှင့် သူ့ညီမချောစု မိုနိုပိုလီ ကစားနေတာကို မရှုစိမ့်ဘူး ထင်သည်။ အခေါက်ပေါင်း မရေတွက်နိုင်အောင် ဘေးမှ ဖြတ် လျှောက်ပြီးသကာလ နောက်ဆုံးအခေါက်မှာ မျက်ရိုးကိုက်သည် ဟု ဆိုသည်။





"ကိုကိုနော် ... သူများကစားနေတုန်း ကောက်ကာငင်ကာ ကြီး"

"ဘာလဲကွာ၊ မျက်ရိုးက ခင်ဗျားအားမှ ကိုက်ပါမယ်လို့ စာချုပ်ထားလို့လား၊ သူကိုက်ချင်တဲ့အချိန် ကိုက်မှာပဲ"

အေးမာ ကစားပွဲမှာ ချောစုဘက်က ရန်ကုန်ဟိုတယ် တက်နင်းမိနေခိုက် ထလည်းလစ်ချင်နေတာနှင့် အတော်ပဲမို့ အလွယ်တကူ ပွဲသိမ်းလိုက်သည်။ ကိုကိုက ပက်လက်ကုလားထိုင် ပေါ် သွားထိုင်ပြီး မျက်နှာကို သတင်းစာနှင့် အုပ်ထား၏။ သူ စိတ်ကောက်လျှင် ရယ်စရာ။ မျက်နှာကို တစ်ခုခုနှင့် အုပ်ထား လေ့ရှိသည်။

"ကိုကို ... အေးမာ နှိပ်ပေးမယ် ... ထ"

"မနှိပ်နဲ့ကွာ"

"နှိပ်ချင်လွန်းလို့ပါ ဆိုမှပဲ၊ ထ,ပါကွ"

သူကပဲ လျှော့ပေးရပုံနှင့် ခပ်တည်တည် ထ,သည်။

"ကြမ်းပေါ်ထိုင်၊ အေးမာက ခုံပေါ်ထိုင်မယ်"

ကြမ်းပေါ်ဆင်းထိုင်ချကာ မျက်နှာကို မော့ပေး၏။ သူ့ပခုံး၊ ဇက်ပိုး၊ လည်ပင်းတို့ကို ကိုင်လျှင် သူ သိပ်ယားတတ်တာ အေးမာ သိတာပေါ့။ ခေါင်းကိုပြန်တွန်းပြီး ငုံ့စေကာ ...

"မမော့နဲ့ ငုံ့ ...၊ မျက်ရိုးကိုက်တာ ဇက်ကြောက ဆက် သွားတာ၊ ဇက်ကြောဆွဲမှုဖြစ်မယ်"

"ဟာ ... မျက်ရိုးပဲ သပ်သပ်ကိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ဖက်ကြောက ဆက်တာပါဆို၊ ဟော ... ကြည့်"

ပြောရင်း ဆိုရင်း ဖက်ကြောကို လက်ချောင်းတွေနှင့် ဖိဆုပ်ကာ နိပ်တော့ ... ကိုကို တစ်ယောက် ကြက်သီးဖုတွေ ထ,လာသည်ထိ ယားတာကို အောင့်အည်းခံနေလေသည်။ သူ့အပြစ်နှင့်သူ။

ခဏကြာလာမှ ...

"တော်ပြီ ... တော်ပြီ"

ကမန်းကတန်း ထ,ကာ ပက်လက်ကုလားထိုင်ပေါ် သွားပြန်ထိုင်နေ၏။ သူ့ကိုပစ်ထားပြီး ကစားနေတာကို သက်သက်ဂျီတိုက်တာများ ... ပေါင်းလာတာပဲ တစ်နှစ်ပြည့်တော့မည်၊ အေးမာက မသိဘဲ နေမလား။ ချောစုက သူ့အစ်ကိုအကြောင်း သိနေပြီမို့ ကွယ်ရာကနေ မဲ့ပြနေသည်။

ခဏနေတော့ တစ်အိမ်ကျော်က အေးမာရဲ့ ငယ်သူငယ်ချင်း ထွန်းနိုင် ဆေးရုံက ဆင်းခါစ,ကို သတင်းသွားမေးဖို့ အေးမာနှင့် ချောစု နှစ်ယောက်သား ထွက်လာသည်။ ထွန်းနိုင်က ခုထိလူပျို၊ ရုံးတစ်ရုံးမှာလုပ်သည်။ အသည်းရောင် အသားဝါနှင့် ဆေးရုံတက်သွားတာ ဆယ့်လေးရက်တောင်။ ဆေးရုံကိုတစ်ခေါက်ပဲ သတင်းမေးရောက်သည်။ ဆင်းလာတာ တစ်ရက်ပဲရှိသေးသည်။ သတင်းသွားမေးသင့်တာပေါ့။ ကိုကို့မေမေ ကိုယ်တိုင်လည်း မှာသွားတာ။





သတင်းမေးတာ နာရီဝက်ကျော် ကြာသွားသည်။ အိမ်ပြန်ရောက်တော့ ကိုကို စူပုပ်နေသည်။ သူ မျက်ရိုးကိုက်တာကို ထားခဲ့ပြီး ဟိုကို သတင်းသွားမေးလို့ ကောက်နေပြန်တာလေ။

အေးမာကလည်း အေးမာ။ သူ့မျက်နှာ မြင်လျှင်ဘာကို စိတ်ကောက်နေပြီလဲ တင်းခနဲ နားလည်နေတတ်သည်။ ဘာဖြစ်နေတာမှန်း သိနေတော့ မြန်မြန်ပြီးသွားအောင် ချော့လိုက်၊ ချော့လိုက်တာနှင့် သူက အကျင့်ပါပြီး ထစ်ခနဲရှိ နှုတ်ခမ်းကြီးကိုစူလို့ ..."

"ကိုကို ခေါင်းကိုက်နေတာ မပျောက်သေးဘူး ထင်တယ်၊ သနားပါတယ် ချောစုရယ်၊ ဘာလုပ်ပေးရင် ကောင်းမလဲ"

ချောစုကို မျက်စိမှိတ်ပြပြီးပြောလျှင် ...

"မျက်စဉ်းခတ်ပေးလိုက်၊ ဒါမှမဟုတ် အနယ်လ်ဂျက်ဆင်တစ်ခြမ်းလောက် တိုက်လိုက်ပေါ့ မအေးမာရဲ့"

"ဟာ ... ဟုတ်တယ် ကိုကိုရေ၊ အနယ်လ်ဂျက်ဆင် ရှိသေးလား ချောစု"

"မရှိလည်း ဘာအရေးလဲ၊ မျက်စောင်းထိုးမှာ ဆေးဆိုင်ရှိတာပဲ"

ဆေးဆိုင်က ကာက်ဆက်ခွေဆိုင်နှင့် ကပ်လျက် ...

"ကိုကို ... အေးမာ ဆေးသွားဝယ်လိုက်ဦးမယ်၊ သိလား"

"မဝယ်နဲ့ မသောက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



“သောက်လိုက်ပါ ကိုကိုရယ်၊ တော်ကြာ သိပ်ကိုက်လာမယ်၊ ကော်ဖီပူပူလေးနဲ့ သောက်လိုက်နော်”

“သိပ်မကိုက်တော့ပါဘူး၊ တော်ကြာ ပျောက်တော့မှာ၊ ကော်ဖီပူပူလေးချည်းပဲ သောက်လိုက်မယ်”

ပြောရင်းက သူ့စကား သူရယ်ချင်ကာ ပြုံးစေ့စေ့ဖြစ်လာ၏။ ဟင်း ... ဆေးကျတော့ မသောက်ဘူး၊ ကော်ဖီပူပူလေးကျတော့ သောက်မတဲ့။ သူကိုယ်တိုင် ပြုံးစေ့စေ့ ဖြစ်လာပေမယ့် အေးမာ မရယ်ရဲ။ ရယ်လိုက်ရင် ကိုကိုက ရှက်သွားပြီး ဒီထက်ဆိုးမှာ။

ကော်ဖီကို သူ့အကြိုက် ကျကျနနပ်ကာ ဖျော်တိုက်လိုက်တော့ ကောက်ကာင်ကာကိုက်သည့် မျက်ရိုးက ကောက်ကာငင်ကာပျောက်ကာ ပြုံးပြုံးရယ်ရယ် ဖြစ်လာသည်။

ကိုကိုတစ်ယောက်ကတော့လေ ...။

♥ ✧ ♥

သဝန်တိုသည့်နေရာများ သူ့အပြင် နှစ်ယောက်မရှိပါလားဟု တွေးရင်း ပြုံးချင်သည်။

“ကဲပါ ... ထားလိုက်ပါတော့နော်၊ သိပ်ဆစ်တာလည်း မဟုတ်ဘဲနဲ့၊ ငါးလုံးနှစ်ကျပ်ပဲ ထားလိုက်ပေါ့ကွာ နော်”

ပြောလည်းပြော ပိုက်ဆံနှစ်ကျပ်လည်း ထုတ်ပေးရင်း သံပရာသီးငါးလုံးကို ကိုကို ကိုင်ထားသော ဆွဲခြင်းထဲပစ်ထည့်လိုက်သည်။





ဘာရမလဲ၊ တနင်္ဂနွေမနက်တိုင်း ကိုကို ဈေးလိုက်ရသည်။ လိုက်ကိုလိုက်ရမည်။ အေးမာ အမိန့်။ မယူခင်ကတည်းက ပြောထားတာ။

ဒီမှာ ... ကိုယ့်လူ။ မိန်းမ ဈေးသွားရင် ခြင်းဆွဲပြီး နောက်ကလိုက်ရမယ်၊ မအားလပ်ရင် တစ်ကဏ္ဍ။ ထမင်းချက် ဟင်းချက်ရင် ကူစရာမလိုဘူး လက်ရှုပ်တယ်။ ကျန်တဲ့အိမ်ကိစ္စ လုပ်ပေးစရာ မလိုဘူး။ ညအိပ်ရာဝင်ခါနီး အိပ်ရာကို ဖုန်ခါပြီး သန့်ရှင်းရမှာ ကိုယ့်လူတာဝန်ပဲ။ အပြင်သွားရင် ပါသမျှပစ္စည်းပစ္စယတွေလည်း ရှင်ပဲ ကိုင်ရမယ်၊ ထီးအမြဲမိုးပေးရမယ်၊ ကားလမ်းကူးရင် လက်တွဲပြီး ဖေးမကူညီရမယ်၊ သူများနဲ့ အေးမာနဲ့ တစ်ခုခုဖြစ်ရင် အေးမာမှန်မှန် အေးမာမှားမှား အေးမာဘက်က တစ်ဖက်သတ်ပါရမယ်၊ အပြင်သွားခါနီးတိုင်း ခွင့်တောင်းရမယ်၊ အိမ်မှာမအိပ်တဲ့ညဆိုတာ လုံးဝမရှိစေရ၊ အေးမာ မသိဘဲ ဘာတစ်ခုမှ မဆုံးဖြတ်ရ၊ ကြိုက်ရင်ယူ မကြိုက်မယူနဲ့ ဒါပဲ။

သူကြိုက်လို့ ယူခဲ့ပြီပဲ။ ဈေးဆွဲခြင်း ဆွဲရပြီပေါ့။ ဘယ်လောက်ပဲ စိတ်ကောက်တတ်သည့် ကိုကို ဖြစ်ပါစေ၊ အေးမာ ဈေးသွားရင် သူလည်းအားရင် လိုက်ပြီးဆွဲခြင်းကိုင်ပေးနေတာတော့ ထုံးစံဖြစ်နေပြီ။ သူလည်း ငြင်းမရတော့။

ထုံးစံဝတ္တရား ပျက်မှာစိုးလို့သာ သူ့ကိုဈေးခေါ်ရတာ၊ ကိုကိုနဲ့ ဈေးသွားရတာ ဘယ်လောက် ညစ်ရတယ်မှတ်သလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဈေးသည်ယောက်ျားကို မျက်နှာချိုသွေး ဈေးဆစ်မိလျှင် ...

"ဟင်း ..."

နောက်ကနေကျိတ်ပြီး မာန်တတ်သည် ခပ်ဆောင့်ဆောင့်အောင့်အောင့်။ ခုလည်း တစ်လုံးငါးမူး သံပရာသီးကို ဆယ်ပြားမလျှော့သည့် ဈေးသည်အမျိုးသားထံမှာ ကပ်ဆစ်နေဆဲ နောက်ဘက်က တဟင်းဟင်းနှင့် ဖြစ်နေသည်။ မျက်နှာက ပုပ်သိုးသိုး ...။

"ကိုကိုကလည်း ဘာဖြစ်နေတာလဲ ... သူများ ဈေးဆစ်နေတာကို"

"ဘာလို့ ဒီလောက် ဆစ်နေမလဲ ...၊ ငါးမူးပါဆို ငါးမူးပေးလိုက် အေးရော၊ ငါးလုံး နှစ်ကျပ်ခွဲပေါ့"

"အခု နှစ်ကျပ်ပဲ ပေးခဲ့ရတော့ ငါးမူးသက်သာတာပေါ့"

"မသက်သာ ဘာအရေးလဲ၊ ဟိုက ကျုပ်ပါ အဆစ်ယူသွားလို့ ပြောလိမ့်မယ်"

အေးမာ ဈေးထဲမှာပင် အသံကျယ်နှင့် ရယ်ပစ်လိုက်မိသည်။ ဟိုဆစ်သည်ဆစ် ဟိုဝယ်သည်ဝယ် နည်းနည်းကြာလာလျှင် ကိုကိုတို့ မျက်နှာကြီး ပုပ်လာတတ်၏။

"ဟော့ ... ဘယ်လိုလဲကွ တော်ရောပေါ့၊ ဒါတွေ ဘယ်ထဲထည့်လှောင်ထားမှာလဲ"

"အနည်းဆုံး သုံးရက်စာတော့ ဝယ်ရမယ် ကိုကို"





"ဩော် ... ခင်ဗျားပြောတော့ တယ်လွယ်၊ ဒီမှာ သုံးရက်စာ ဆွဲရတဲ့လူက သေတော့မယ်"

"ယောက်ျားပဲကွ"

"ယောက်ျားလည်း လေးတယ်ကွ"

"စကားမများနဲ့ကွာ စိတ်ကူးထဲ ဟင်းစပ်နေတာ အာရုံပျက်တယ် တိုးတိုး"

"ဘုရား ဘုရား ... ခုထိ နောက်ထပ်ဟင်းစပ်တွေ စပ်နေတုန်းလား၊ တော်ပါတော့ မိန်းမရယ်၊ မနိုင်တော့ဘူးကွ"

"ကားထဲ တစ်ခေါက်ပြန်ထားမယ်ကွာ ဒါဆိုရင်"

"ဟာ ... အခေါက်ခေါက် အခါခါနဲ့ ပိုဆိုးတယ်"

"နေဦး ကြက်သားဝယ်ဖို့ မေမေ မှာလိုက်တယ်"

ကြက်သားဆိုင်ရှေ့ရပ်ကာ ခပ်လတ်လတ်အရွယ်ကြက်တစ်ကောင်ကို အေးမာ ချိန်ခိုင်းသည်။ ပိုက်ဆံရှင်းပေးပြီး ကြက်ကို ခြေထောက်နှစ်ချောင်းမှကိုင်ကာ ကိုကို့ခြင်းထဲ ဇောက်ထိုးထည့်လိုက်၏။ ဘေးက လူတစ်ယောက်ကို တံတောင်နှင့် တွက်မိသလို ဖြစ်သွားတာမို့ ...

"ဩော် ... မတော်လို့နော် စိတ်မရှိပါနဲ့"

အေးမာက လှည့်တောင်းပန်သည်။

"ကိစ္စမရှိပါဘူးခင်ဗျာ၊ ကျွန်တော်က အတင်းတိုးဝင်လို့ပါ၊ ဝယ်ပါ ဝယ်ပါ၊ ကျွန်တော် နောက်မှ ဝယ်ပါ့မယ်"

"အေးမာက ပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ပြော် ..."

တစ်ဖက်က အေးမာတို့နှင့် ရွယ်တူလောက်လူက ဖော်ရွေယဉ်ကျေးသောအပြုံးနှင့် ကျန်ရစ်ပေမယ့် ကိုကိုကတော့ မဖော်ရွေ၊ မာတင်းသော မျက်နှာနှင့် ဘေးကပါလာသည်။

"ခင်ဗျားက မျက်နှာချိုလွန်းအားကိုကြီးတယ်"

"ကိုကိုပဲ မျက်နှာလေးချိုလို့ ချစ်မိဆို ..."

"ငယ်ဘဝတွေ တမ်းတမနေနဲ့၊ ကျုပ်ကိုချိုရင်သာ ကျုပ်က ချစ်မှာ၊ သူတကာကို လိုက်ချိုပြီး အဖွဲ့ကျနေတာကိုတော့ သည်းမခံနိုင်ဘူး၊ ပြီးတော့ စကားပြောရင် နာမည်ထည့် ထည့်မပြောနဲ့"

"အကျင့်ပါနေလို့ပါ ကိုကိုရဲ့"

"ဟိုလူ့မလဲဗျာ၊ ဈေးထဲ ခုမှတွေ့တဲ့မိန်းမကို ဖော်ဖော် ရွေရွေ ရှိလိုက်တာ အံ့ရော"

"ခစ် ... ခစ် ... ကိုကိုကတော့လေ၊ သူက သဘောရိုးနဲ့ပါ ကိုကိုရဲ့၊ ဈေးသွား ဈေးလာချင်း ဒီလိုပဲပေါ့၊ ဘေးမှာ လည်း ကိုကိုတစ်ယောက်လုံးကြီး မတ်တတ်ပါနေတာ မျက်နှာခပ်ပုပ်ပုပ်နဲ့၊ ဘယ်သူကကော မရိုးမသား စကား ပြောရဲမှာလဲ၊ ကိုကို့ဘာသာ တစ်ယောက်တည်း သဝန်တွေ တိုနေတာ"

သူ့ကို သဝန်တိုသည်ဟု စွပ်စွဲလျှင် သူကရှက်တတ် သည်။ ခုလည်း ရှက်ရမ်းကာ မဆီမဆိုင် ...





"ကြက်ကို ခြင်းထဲထည့်ထားတာကလည်းကွာ၊ ခြေထောက် နှစ်ချောင်းက ခြင်းပြင်ထွက်ပြီး မိုးပေါ်ထောင်လို့"

"ဘာဖြစ်တုံး ကိုကိုရဲ့"

"ကာတွန်းတွေ ဘာတွေထဲမှာလို ကြွားချင်လို့ လုပ်ထား တာမျိုး ကျနေတာပဲ"

ကိုကို့လက်မောင်းကို ထုရိုက်ပြီး အေးမာရယ်တော့ သူက ခပ်တည်တည်ကြီး လုပ်နေသည်။ သူ့ဟာသူ တစ်ယောက် တည်း စိတ်တွေတို အပြစ်တွေရှာ၊ သဝန်တိုတာလည်း သူ့ပြင် မရှိ။ အဲဒီလိုပြောရင်လည်း ရှက်ကိုးရှက်ကန်း ဖြစ်တတ်ပြန်သည်။ အဲဒါကိုထပ်ပြီး ရယ်မောလျှင်တော့ စကားမပြောဘဲ စိတ်ကောက်နေ တတ်တဲ့ ကိုကို။

♥ ✧ ♥

ကိုကို့တူတွေက တကယ့်ကို မျောက်ရှုံးအောင်လည်း ဆော့နိုင်သည့်တူတွေ။ လက်ဖျားကိုခါရော၊ ပြည်သို့ ခင်ပွန်းနှင့် လိုက်သွားပြီးနေသော ကိုကို့အစ်မအကြီးဆုံး ရန်ကုန်လာလည် တော့ သားတော်မောင် မျောက်နှစ်ကောင်လည်း ပါလာတာပေါ့။

တစ်အိမ်လုံး ကျိုးပဲ့ကွဲရှမှုတွေ မနည်းမနော၊ အေးမာ ကလည်း ရောတတ်တာနှင့် ကလေးတွေက အရမ်းအဖွဲ့ကျသည်။

"အန်တီအေးမာ ခွဲ့ကျွေးမှ"



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ဦးလေးတူတဲ့ ကောင်တွေချည်းပဲ။ ဂျီကျသည့်နေရာမှာ ဦးရီးတော် ကိုကိုပင် မျက်မှန်းကျိုးလာရသည်။ ထမင်းစားလည်း အေးမာခွံ့မှ၊ ရေလည်း အေးမာ ချိုးပေးမှ။ ညနေ ကိုကို ဆိုင်ကပြန်လာလျှင် ကိုကို့နား အေးမာကပ်ခွင့်မရ။ အေးမာလက်ကို ဆွဲကာ သူတို့နှင့် ကစားနေစေသည်။

သုံးရက်လောက်ရှိလာတော့ ကိုကို ကောက်ချိတ်လိမ်တွန့်လာသည်။ ဆိုင်မှပြန်လာပြီး အေးမာတို့တူဝရီးသုံးယောက် တောက်ခုံနှင့် ဖယ်တောက်နေတာကို မျက်ထောင့်ကြီးချိုးပြီး ထိုင်ကြည့်နေသည်။

"ဟား ... ဟား၊ ဖိုးနီ လျော့လျော့ တစ်ပြားလျော့"

အပေါက်ထဲ ဝင်ကျသွားသော အဖြူဝိုင်းကြီးကို အေးမာ ကောက်ယူထုတ်ရင်း ရယ်သံနှင့်အော်သည်။

"ဟင်း ... ကလေးဗိုလ်ကြီး၊ သူ့အသံကြီးပဲ"

"ဟောတော် ... ဆော့တာပဲ၊ ဒီလောက်တော့ အသံထွက်မပေါ့"

"နားကိုငြီးနေတာပဲ၊ ကဲ ... ကဲ ... မင်းတို့နှစ်ကောင် မပြီးသေးဘူးလား၊ ဒီလောက် ငါ့မိန်းမကို ချော့ဆွဲရရင် တော်ပါတော့"

"အာ ... လေးလေးကလည်း၊ လေးလေးလည်း ပါပါလား"

"တော်ပြီ ... လာ ထ၊ အေးမာ၊ ခဏလာဦး"

"နေပါဦး ကိုကိုရဲ့"





"လေးလေးကလည်း ပွဲမှမပြီးသေးတာ"

"မကျေနပ်သေးဘူးလားဗျာ ဒီလောက် တစ်နေကုန် ဆော့နေရတဲ့ဥစ္စာ၊ ကျုပ်မိန်းမ ကျုပ်နား နေပါစေဦးလား"

"အန်တီအေးမာက နေချင်လား၊ နေချင်လားဟင်"

အေးမာရယ်ရင်း ...

"မနေချင်ပေါင်"

"ဟား ဟား ... တွေ့လား၊ သားတို့နဲ့ပဲ ဆော့ချင်တာ"

"အေးမာ ..."

အသံကျယ်ကြီးနှင့်အော်ကာ အေးမာကို ပခုံးမှဆွဲထူရင်း အတင်းလက်ဆွဲခေါ်သည်။ ညှိခန်းထဲက ကိုကို့အစ်မက သူ့သားတွေနှင့် ကစားပွဲကို ဖျက်သွားသော မောင်လုပ်သူကို မကြည်ပေးပေးရင်း ...

"သည်းလွန်းအားကို ကြီးတယ်"

"ဘာသည်းလို့လဲ၊ ကျုပ်မိန်းမ ကျုပ်ပိုင်တယ်"

"ဘယ်သူက လုယူနေလို့လဲ၊ ဥစ္စာကလည်းချောက်ပါ့"

"တကတဲဗျာ ... ကိုယ့်မိန်းမကိုယ် နိုင်းမလား ကြပါတယ် သူ့သားတွေ ချော့ဆွဲထားတာနဲ့ပဲ မအားဘူး၊ ရေချိုးလည်း အန်တီအေးမာ၊ ထမင်းစားလည်း အန်တီအေးမာ၊ အိမ်သာတက်လည်း အန်တီအေးမာ"

"အဲဒီ ကိုကိုကလေ ကလေးတွေနဲ့များ ပြိုင်လုနေတယ်၊ မရှက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



“မရှက်ဘူးကွာ”

အတင်းပင် အခန်းထဲခေါ်သွားကာ ဘာမှလဲ လုပ်စရာ ခိုင်းစရာမရှိဘဲနှင့် သူ့နံဘေး ထိုင်နေစေတဲ့ ကိုကို။ အေးမာက ဟားရယ် ရယ်တော့ မျက်နှာကို မှုန်ထားသည်။

စနေနေ့ကျတော့ မမကြီးနှင့် သူ့သားနှစ်ယောက်က တိရစ္ဆာန်ရုံ သွားချင်သည်ဟုဆိုကာ အေးမာကို ပို့ခိုင်းသည်။ ချောစုက အစ်မလုပ်သူ ရောက်လာကတည်းက အိမ်စောင့်ရသလိုသဘောထားကာ သူငယ်ချင်းတွေနှင့် လမ်းများနေတာမို့ မလိုက်ဖြစ်။ မမကြီးက ကိုကို့ကိုပါ ခေါ်တာ။ ကိုကိုက ယတိပြတ်ငြင်းသည်။

“ဒါဖြင့် အေးမာပဲ ကားမောင်းပို့”

အေးမာက ခေါင်းညိတ်လိုက်ရသည်။ ကိုကို တစ်ယောက် စိတ်တွေကောက်နေပြန်ပါရော။ လူလစ်ချိန်မှာ အေးမာကို ဆူသည်။

“ဘာလို့ လိုက်ပို့ရမှာလဲ၊ ကတိပေးလွယ်လိုက်တာ၊ မလိုက်နဲ့”

“ကိုကိုလည်း သူတို့က နယ်ကလာတဲ့ဟာ၊ အေးမာတို့က ပို့ရမှာပေါ့၊ ကိုကိုလည်း လိုက်လာပေါ့”

“စနေ တနင်္ဂနွေလေး အိမ်မှာနေရတာ မလိုက်ချင်ပါဘူး”

“အေးမာမှ မပို့ရင် သွားရ လာရ နေကပူနဲ့၊ ဘယ်ကောင်းမလဲ ကိုကိုရဲ့”





“ကားငှားသွားပစေ”

“ကိုကိုကလည်း သိပ်ခက်တာပဲ၊ မကောင်းတဲ့ကိစ္စကြီး ဥစ္စာ”

“ခင်ဗျားကလည်း လမ်းခပ်များများနဲ့၊ ယောက်ျားနားနေရင် တစ်ခုခုခိုင်းမှာစိုးလို့လား ဟုတ်လား၊ စနေနေ့ဆိုကျုပ်ကို ခေါင်းလျှော်ရမှာ မေ့နေပလား”

“ဆန်းဒေးမှပဲ လျှော်ပါတော့ ကိုကိုရယ်”

“လုံးဝမလျှော်တော့ဘူး၊ စိတ်ချ ...”

ကောက်စရာ မရှိတာကို ကောက်တဲ့ ကိုကို။ ရုပ်ပုပ်ကာ မျက်နှာပေါ် မျက်နှာသုတ်ပုဝါကြီးအုပ်ပြီး အိပ်နေသည်။ ညနေ ထမင်းထွက်မစား။

စိတ်ကောက်နေမှန်းသိတော့ သူ့အမေက “ပစ်ထားလိုက်စမ်း၊ ဟင်းကုန်သက်သာတယ်”ဟု ကြားအောင် အော်ပြောကာ တစ်အိမ်လုံး ရယ်ပွဲဖွဲ့စရာ ဖြစ်နေရသည်။

ကိုကိုရယ် ... အသက်ပဲ အစိတ်ပြည့်တော့မယ်။ ဆိုးလို့ ကောင်းတုန်းလား။ ညနေခင်းတစ်ခုလုံး တရရလိုက်ချော့ကာ တနင်္ဂနွေနေ့ ကိုကို့ကို ရုပ်ရှင်လိုက်ပြပါမည်ဟု ဆိုမှ ရုပ်ရှင်ကြိုက်သော ကိုကို နည်းနည်းပါးပါး ကြည်လင်လာသည်။ ဒါတောင် စနေနေ့မနက် အေးမာတို့အုပ်စု အိမ်ကမထွက်ခင် သူ့သူငယ်ချင်းတွေနှင့် ဦးအောင်ထွက်သွားနှင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်မိုးရေ ... ကိုကိုက စိတ်ကောက်နေတယ်၊ ဝိုင်း ချော့ပေးပါဦး"

သူ့ကားနားထိ ဆင်းလိုက်ကာပြောတော့ မျက်စောင်း လှည့်ထိုးသည်။

♥ ✧ ♥

"ကိုကို ... ဟိုမှာ ဘယ်သူလဲ"

ရုံရှေ့မှာ ကိုကို့လက်ကို ချိတ်တွဲထားရာက ဖြုတ် ထွက်ပြီးပြောတော့ အနီးအနားကို လှည့်ပတ်ပြီးရှာသည်။

"ဘယ်မှာလဲ ... ဘယ်သူလဲ"

"မုန့်ဆိုင်ရှေ့နားမှာ"

မုန့်ဆိုင်ရှေ့ဘက်ကို မျက်နှာလှည့်ကြည့်ရင်း ကိုကို့ နားရွက်တွေ ရဲတွတ်သွားသည်။ မုန့်ဆိုင်ရှေ့မှာ ကိုကို့ရည်းစား ဟောင်း သင်း ...။ အေးမာတို့စုံတွဲကို ခဏကြည့်နေပြီးမှ ဟို ဘက်လှည့်သွားသည်။

"ဂုဏ်ရုံက အင်္ဂလိပ်ကား ကြည့်ရအောင်ပါ ဆိုတာကို နေပြည်တော်က မြန်မာကားပဲ ကြည့်မယ်ဆိုပြီး ကိုကို ဖွတ်လာတာ လက်စသတ်တော့ ဒီလိုကိုး၊ ချိန်းထားတယ် ပေါ့လေ"

"ဟိတ် ... ဘာတွေ လျှောက်ပြောနေတာလဲ၊ ချိန်းထားရင် ခင်ဗျားကို ခေါ်လာမလား"





မျက်စိပျက် မျက်နှာပျက် ဖြစ်နေသော ကိုကို့ကို အေးမာ စ,ချင်လာသည်။ ကိုကိုတို့များလေ အေးမာကို သူ့လို မှတ်လို့။ အေးမာဖြင့် သဝန်မတိုတတ်ပေါင်။ ကိုကိုနှင့်ကြိုက်ပြီး ယူခဲ့ကြတာပဲ။ ရိုက်ပေးစားထားတာမှ မဟုတ်တာ။ ကိုကို အေးမာကို ပိုလိုချင်လို့ အေးမာကို ယူခဲ့တာပေါ့။ သူ့လိုချင်မှဖြင့် သူ့ကိုယူမှာပေါ့ နော် ...။

အေးမာက ဒီလိုအမြင်ရှင်းတာ။ သင်းနှင့် ကိုကို တွဲနေကတည်းက ကျောင်းထဲမှာ မြင်ဖူးနေသားပဲ။ မျက်နှာခပ် ပုပ်ပုပ် ကိုကို့ကို တစ်နေ့ အေးမာနှင့် ချစ်ကြိုက်လက်ထပ်ဖြစ်လိမ့် မယ်လို့များ လုံးဝမတွေးမိခဲ့ပေါင်။

ကိုကိုတို့ မကြာခင် မတွဲကြတော့တာကိုလည်း မြင်တွေ့နေရသားပဲ၊ ကိုကို အေးမာကို လာကြိုက်တော့ အေးမာတို့ သူငယ်ချင်းအုပ်က "မျက်နှာပုပ်ကြီး"ဟု ဘွဲ့ပေးကာ ရယ်ကြ သောကြ။ ဘာမှမဟုတ်ခင်ကတည်းက သူကလည်း လာကြိုက်သေး သူကပဲ စိတ်ကောက်နေတတ်ပြန်သော ကိုကို့ကို စ,ရင်း နောက် ရင်းက သိပ်ချစ်လာလို့ လက်ခံခဲ့တာ။

ဒီနောက်ပိုင်းလည်း သင်းသင်းနှင့် တွေ့သားပဲ၊ အေးမာ ဘယ်လိုမှ မနေပေါင်။ ကိုကိုသာ အေးမာ စိတ်ထဲ တစ်မျိုးဖြစ်မှာ စိုးရိမ်ပြီး မူပျက်နေတတ်တာ။ သင်းနှင့်တွေ့လျှင် အဲဒီနေ့ ကိုကိုတို့ အပိုးကျိုးပြီမှတ်။

"အေးမာလေး ... ရေခဲချောင်း စားဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



အလဲ့ ...။ အေးမာလေးတဲ့၊ တွေ့လား၊ တွေ့လား။ ပိုင်တယ်နော်၊ သူ့ရည်းစားဟောင်းနှင့် နေ့တိုင်း ပက်ပင်းကြီး တိုးနေရရင် ကောင်းမှာ။

"ဟင် ... ကိုကို ရေခဲချောင်း ဝယ်လိုက်မယ်"

အေးမာ ခေါင်းခါလိုက်သည်။ ကျုပ်နဲ့ ခင်ဗျား ... ဟု အမြဲလိုသုံးနေကျ ဖြစ်နေတဲ့ဟာ ခုမှ သူ့ကိုယ်သူ ကိုကိုတဲ့။ ခိ ... ခိ။ ကျိတ်ရယ်ရင်းက မျက်နှာမှာ မပေါ်အောင် နှုတ်ခမ်း ကိုက်ထားရသည်။

"ဟာကွာ ... နှုတ်ခမ်းကြီး ကိုက်ထားပြန်ပြီ၊ အေးမာလေး ကလည်း စိတ်ကောက်စရာ မရှိတာကို ကောက်ပြီ"

စကားမပြန်ဘဲ ငြိမ်နေရင်း ပျော်လာရ၏။ ဟီ ဟီ။ ဒီကဖြင့် ကောက်ဖို့ချိတ်ဖို့ သတိတောင်မရ။ သူက အစဖော်ပေး မှ စကားကို နင်းလိုက်ကာ အေးမာ စိတ်ကောက်ယောင် ဆောင် နေလိုက်သည်။

"မဟုတ်တာတွေ အေးမာရယ်၊ ကိုကိုက သူ့ကို ဘာကိစ္စ ကော ချိန်းရမှာလဲ၊ ချိန်းထားရင်ကော ဟောဒီ ချစ်ဇနီး လေးကို ခေါ်လာမလား"

အလဲ့ ... အလဲ့ မိတယ်ဟော့၊ ချစ်ဇနီးလေးတဲ့။

"မတော်တဆ တွေ့တာပဲဥစ္စာ၊ မေ့ထားလိုက်စမ်းပါ၊ မကျေနပ်ရင် အဲဒီလိုတော့ နှုတ်ခမ်းကိုက်မထားနဲ့ကွာ၊ မကြည့်ချင်ရင် မကြည့်နဲ့တော့လေ၊ အေးမာ ကြည့်ချင်တဲ့ ကား ဂုဏ်ရုံကို ပြောင်းကြည့်ရအောင်"





သူ့လက်ထဲက လက်မှတ်နှစ်စောင်ကို အေးမာ မျက်စောင်းထိုး ကြည့်လိုက်သည်။ အရေးထဲ မျက်စောင်းက သိပ်မထိုးတတ်တော့ မျက်စိဖိုပိတ်ချလိုက်တာ နှားတောင်အူသွား ရသည်။

"ဒီလက်မှတ်တွေ လွှင့်ပစ်လိုက်မယ်နော်၊ ဟိုမှာ လက်မှတ် ပြန်ဝယ်မယ်"

အေးမာ ခေါင်းခါလိုက်သည်။

"ဟာကွာ ... စိတ်မကောက်နဲ့ မိန်းမရာ"

အေးမာ စကားမပြောတော့။ ထိုင်ခုံမှာ ထိုင်မိတော့ လည်း ငြိမ်နေလိုက်သည်။ ရုပ်ရှင်စ,ပြတော့ ဇာတ်ဆောင်သစ် တွေကို ဘယ်သူက ဘယ်ဟာမှန်းလဲ မသိ။ အရေးထဲ နှစ်ကိုယ် ခွဲထားတာ ပါသေးတော့ မျက်စိတွေလည်ကာ ခေါင်းမူးမူးနှင့် အေးမာ အိပ်ပျော်သွားရသည်။

"အေးမာ ... အေးမာလေး၊ ထတော့"

ကိုကိုနှိုးမှ မျက်လုံးပွတ်ကာ ထိုင်ရာက ထ,ရသည်။ ရုပ်ရှင်က ပြီးနေပြီ။ ရုံထဲမှာတောင် လူကုန်တော့မည်။ လက်ဖျား လေး ဆုပ်ကိုင်ကာ အရေးတယူ ယုယနေသော ကိုကို့ကိုကျိတ် ရယ်ရင်း စိတ်ကောက်မပြေသေးပုံ လုပ်ထားလိုက်သည်။ ညအထိ ကိုကို ချွေးပြန်အောင် ချော့နေ၏။

♥ ✧ ♥



www.burmeseclassic.com

www.burmeseclassic.com



လမ်းဖြတ်ကူးလိုက်တာ ကိုကို့ကားရဲ့ရှေ့က ဖြတ်မိလျက်သား ဖြစ်နေသည်။ ရပ်လို့မဖြစ်တော့တာမို့ ဟိုဘက်ထိ ဆက်ကူးရင်း လမ်းပလက်ဖောင်းပေါ်ရောက်မှ ကိုကို့ကို လှည့်ရယ်ပြရသည်။

အိမ်ရှေ့ ကားရပ်ကာဆင်းပြီး တံခါးကို ဒိုင်းခနဲ ဆောင့်ပိတ်သော ကိုကို့မျက်နှာက ပုပ်နေသည်။ အေးမာက ကက်ဆက်ခွေဆိုင်ဘက် လက်မလေးနှင့် ညွှန်ပြကာ ဆိုင်ကိုအပြေး သွားလိုက်၏။

"မောင်လေး ... ရော့ နှစ်ကျပ်၊ ဘာအသစ်ထွက်လဲ"

"အသစ်မထွက်ဘူးခင်ဗျ၊ ဟို ... ဟို ... မချောစုက တစ်ခွေ မှာထားတယ်"

"ပေးလိုက်လေ"

"ဟုတ်"

စာရင်းစာအုပ်ထဲ ရေးမှတ်ကာ အခွေကမ်းပေးသော ကောင်လေးကို ပြုံးပြနှုတ်ဆက်ပြီး မြန်မြန်ပြန်ထွက်လာရ၏။ ကိုကိုလေ ရပ်ပျက်ဆင်းပျက် မှုန်တေကာ မျက်ထောင့်ကြီး နီနေသည်။

အိမ်ရှေ့ရောက်တော့ ...

"ကိုကိုနော် လမ်းမကြီးမှာ လုံးဝသရုပ်မပျက်နဲ့၊ လာ ... အိမ်ထဲဝင်"





လက်ကိုဆွဲပြီး ဝင်ခိုင်းတော့ ဆောင့်ရုန်းကာ သူ့ဟာသူ ရှေ့ကဝင်သွားသည်။ အိမ်ထဲရောက်ရောက်ချင်း ...

"အေးမာနော် ... ခင်ဗျားကို ဘယ်လောက်ပြောထားသလဲ၊ ပြောလို့ကို မရတော့ဘူးလား"

"ကိုကိုကလည်းလေ သိပ်ပြဿနာရှာတာပဲ"

"ဒီဆိုင်ပဲ သိပ်သွားချင်နေသလား၊ ဟုတ်လား ..."

"ကဲပါ ကိုကိုရယ်၊ အင်္ကျီလေး ဘာလေး လဲပါဦး"

"စကားမလွှဲစမ်းပါနဲ့၊ ဒီဆံပင်ကောက်ကလေးကို တစ်နေ့ မမြင်ရရင် မနေနိုင်ဘူးလား၊ ဒီဆိုင်လည်း ပြုတ်ရင်ပြုတ်မှ၊ ခင်ဗျားရင်လည်းသေမှ၊ ကျုပ်ရင်လည်း နောက်မိန်းမရမှ အေးမှာ"

"ခစ် ... ခစ် ..."

"ဘာရယ်တာလဲ၊ ဟိုတလောက ပြောထားတာကို ခဏ ငြိမ်သွားပြီးမှ မနေ့က ရုပ်ရှင်ရုံမှာ ဟိုတစ်ယောက်ကို တွေ့တာနဲ့ ကျုပ်ကို ကလဲ့စားချေတာ မဟုတ်လား"

"စိတ်ကူးထဲတောင် မရှိဘူး"

"မနေ့ကတော့ စိတ်ကောက်နေလိုက်ရတာ မျက်နှာခပ်တည်တည်နဲ့၊ ခုတော့ သူ့အပြစ်နဲ့သူ မျက်နှာက စပ်ဖြဲဖြဲနဲ့၊ အပိုးမကျိုးဘူး"

အင်္ကျီကြယ်သီးကို ချွတ်ပေးနေရင်းက အေးမာ နောက်ဆုတ်ကာ ချာခနဲ ကျောခိုင်းပြီး ခြေဆောင့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်ယောက်ျားကတော့လေ သိပ်ခက်တာပဲ။ စိတ်ကောက်တတ်တာကို ချစ်ပြီးယူခဲ့တာ ဖြစ်ပေမယ့် လွန်လွန်းအားကြီးပြီနော်၊ ကိုယ့်လူ။

"ဘာကြီးမှန်းလဲ မသိဘူး၊ သိပ်သဝန်တိုတာပဲ"

"ဘယ်မှာတိုလို့လဲ"

"ဒါ တိုတာပေါ့၊ လိုက်လိုက်သမုတ်နေတာ"

"သဝန်တိုတယ်ဆိုတာ သိပ်ချစ်မှ တိုတာ၊ ခင်ဗျားကိုလားကျူပ်က သဝန်တိုရမှာ"

"ဒါဖြင့် ဘာလို့ယူထားလဲ၊ မချစ် မယူနဲ့ပေါ့"

"ခိုင်းဖို့ယူထားတာ"

အောက်သိုးသိုးအသံကို ကျောပေးရင်းက ပြုံးမိသည်။ တို့ယောက်ျားကြီး မျက်နှာတွေ ဘာတွေ ရဲလို့၊ ဟဲ ... ဟဲ ... ပြုံးနေမိဆဲ၊ လက်ထဲက ကက်ဆက်ခွေကို ဆတ်ခနဲ ဆွဲယူလိုက်တာ ခံရတာမို့ လှည့်ကြည့်လိုက်၏။

"ဒါတွေ နားမထောင်ရရင် သေမလား"

"မသေဘူး"

"ချောစုကို သွားငှားခိုင်းလည်း ရတာပဲ"

"မလွှတ်ချင်လို့ပေါ့"

"ဩော် ..."

"ချောစုကလည်း မသွားချင်လို့ပါ၊ ဒါဘာဖြစ်လဲ' ကိုကိုရယ်၊ ကောင်လေးကလည်း ရိုးရိုးပဲ၊ အေးမာကို အစ်မလို့





ခေါ်တာ၊ မွန်မွန်ရည်ရည်ပဲ၊ ပြီးတော့ အဲဒီက ဦးဝကြီးရဲ့သားအထွေးဆုံး၊ ဆေးတက္ကသိုလ် ကျောင်းသားလေးပါ၊ သူက အစက ဦးလေးတွေနဲ့ နေတာတဲ့၊ ခုကျောင်းပိတ်ရက်မှာ ဒီအိမ် ခဏပြန်လာနေတာ"

"ဘာတွေပြောနေတာလဲ၊ ဒီလောက်ကောင်းနေတဲ့ သကောင့်သား ဆိုရင်လည်း ခင်ဗျား အိမ်ဦးခန်းမှာ ကျွေးထားပါလား"

"ကိုကို သဘောတူလား၊ အဲလိုဆို အိမ်မှာခေါ်ထားလိုက်မယ်"

"ဘာ"

"ခစ် ... ခစ်"

ချောစုက ခန်းဆီးစဟ,ကာ ဝင်လာရင်း ရယ်သည်။

"နင်က ဘာလာရယ်တာလဲ"

"ကက်ဆက်ခွေ လာယူတာပါ ... ပေး"

"ရော့ ... ရော့"

ကိုကိုက ခုတင်ပေါ် ကက်ဆက်ခွေကို ပေါက်ချသည်။ ကက်ဆက်ခွေက ကာဗာပွင့်ကာ အထဲက အခွေတောင် လျှောထွက်လာရ၏။ ကက်ဆက်ခွေနှင့်အတူ စာခေါက်ကလေးပါ လျှောကျလာသည်။ ကိုကို့မျက်လုံးတွေ ပြူးကျယ်သွားကာ စာခေါက်ကို ကောက်ကိုင်ပြီး အေးမာကို စိုက်ကြည့်သည်။

"ချောစုရေ ... ပြဿနာပဲဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ချောစု ပြောတယ် မဟုတ်လား၊ အဲဒါကြောင့် ဆိုင်ကို ချောစု မသွားချင်တာ မအေးမာရဲ့"

"ဘာမှပြောမနေနဲ့တော့ အေးမာ၊ ခင်ဗျားကိုတော့လေ"

"ကိုကိုကလည်းကွာ အေးမာကိုများ တစ်မျိုးထင်ရလား"

"ခင်ဗျား ဘာမှမဟုတ်ရင်တောင် လူလုံးပြလွှန်းလို့ ဟိုက စ,ပြီး လုပ်ငန်းစလိုက်ပြီ မဟုတ်လား၊ ဒီမျောက်ရှူးကကော အိမ်ထောင်သည်မှန်းတောင် မသိတော့ဘူးလား၊ လာခဲ့ ... သွားပြောမယ်"

"ဒုက္ခပါပဲ ကိုကိုရာ၊ ကဲပါ ... စာကိုပေးစမ်းပါ"

ကိုကိုက အေးမာ လှမ်းယူတာကို ရှန်းဖယ်ရင်း စာခေါက်ကို ဖြန့်လိုက်၏။ ဒေါသသည်းစွာ အသံထွက်ပြီး ဖတ်လိုက်သည်။

"သို့ ... ချောစု ...၊ ဟာ ..."

ကိုကို့မျက်နှာ ရှုံ့သွားရကာ စာကိုလုံးပြီး ခုတင်ပေါ် ပေါက်ချလိုက်၏။ အေးမာတို့ သမီးယောက်မ ပြိုင်တူရယ်သည်။

"ခစ် ... ခစ်"

"ဘာရယ်တာလဲ၊ မရယ်နဲ့"

"ချောစုကို နည်းနည်းလိုက်စကားပြောဖူးတယ် ကိုကိုရဲ့၊ အဲဒါကြောင့် ချောစုက ဆိုင်ကို မသွားချင်တာနဲ့ မအေးမာကိုလွှတ်ရတာ၊ ကောင်လေးက မအေးမာကိုမြင်ရင် ချောစု အစ်မဆိုပြီး ပျာယာခတ်နေတာ"





"ရှုပ်ကိုရှုပ်တယ်၊ သွား ... နင့်အခွေ ယူသွား ..."

ချောစုက စာအလုံးလေးကိုရော ကက်ဆက်ခွေပါ ကောက်ပြီး ထွက်သွားတော့ အေးမာ ပါးစပ်လေးအုပ်ကာ ဟက် ဟက်ပက်ပက် ရယ်သည်။ ကိုကိုက ရက်စိတ်ကောက်ကြီးနှင့် ခုတင်ပေါ် ဝုန်းခနဲ ထိုင်ချသည်။

"ကဲ ... ဘယ့်နှယ်ရှိစ၊ ခုတော့ ဖင်ကျိန်းပြီ မဟုတ်လား"

"ဘာကိုကျိန်းရမှာလဲ"

"သူ့ သဝန်တိုနေတဲ့ ကောင်လေးက သူ့ညီမကို ပိုးနေတာ ဟော့"

"ဟင်း"

ဝုန်းခနဲပစ်လှဲကာ ခေါင်းအုံးကြီးယူပြီး မျက်နှာဖိ လိုက်ပြန်သည်။ အေးမာက ကိုကို့ကို အရမ်းရယ်လို့မဆုံး။ သူ့ ဟာသူ ခေါင်းအုံးမ,ဖယ်ကာ ထလာလျက် ပြုံးစေ့စေ့နှင့် ...

"သွားကွာ ... ထမင်းသွားခူးပေး၊ ဆာပြီ"

"အောင်မာ ... ကိုကို အေးမာကို ရူးကျွေးရမှာ"

"ဘာဆိုင်လို့လဲ"

"မဟုတ်မတရား စွပ်စွဲထားတာ၊ ဘာလဲ၊ ကဲ ... ထ, မလို ချင်ဘူး၊ သွားရူး၊ ဆာပြီ ... ဆာပြီ"

"မညစ်နဲ့ကွာ၊ ထမင်းခူးတာ မိန်းမအလုပ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ လောလောလတ်လတ် ကိုကို အပြစ်ရှိနေတဲ့အတွက် တောင်းပန်တဲ့အနေနဲ့ ကိုကို ခူးပေး၊ မခူးဘူးလား၊ ခူးမလား၊ ဒါပဲပြော၊ မခူးဘူးဆိုရင်တော့ အေးမာကို စွပ်စွဲထားတာကို တစ်သက်မမေ့ဘူး၊ ဒါပဲ"

"သိပ်ခက်တဲ့ မိန်းမပဲကွာ"

သူ့ဟာသူလည်း အေးမာကို အော်ဟောက်ထားမိတာ တစ်မျိုးဖြစ်နေတာမို့ ကြာကြာတင်းမနေတော့ဘဲ အောက်သိုးသိုးမျက်နှာနှင့် အပြင်ကို ထွက်သွား၏။ ထမင်းစားပွဲကို စားပွဲခင်း ခင်းကာ ပန်းကန်တွေချ၊ ဟင်းတွေခပ် လုပ်နေတာကို အေးမာ သိပ်ရယ်ချင်လာတာမို့ အော်ရယ်လိုက်တော့ ကိုကို့အမေပါ ထွက်လာသည်။

ကိုကို လုပ်ကိုင်နေတာတွေတော့ ဘာရယ် ညာရယ်ပင် မေးမနေ စမ်းမနေတော့ဘဲ ...

"ကောင်းတယ်၊ တစ်ခါတလေလည်း ဝိုင်းကူဦးမှပေါ့"

မှတ်ချက်ချပြီး ပြန်ဝင်သွားတော့ ကိုကို ပိုရှုံ့မဲ့သွားသည်။ အေးမာ ခပ်တင်းတင်း ခါးထောက်ရင်း ဆက်လုပ်ဖို့ ညွှန်ပြလိုက်တော့ မျက်နှာလေးပြုံးကာ မျက်နှာချိုသွေးရင်း ...

"တော်ရောပေါ့ကွာ၊ ကိုကို သိပ်မလုပ်တတ်လို့ပါနော်၊ ယောက်မနဲ့ ထမင်းခပ်ရင် ဘယ်တော့မှ မပါဘူး အေးမာလေးရဲ့၊ ဖိတ်လည်း သိပ်ဖိတ်လို့ပါကွာ"





သနားဖို့တောင် ကောင်းသေးတော့။ အေးမာက သူ့လက်ထဲက ထမင်းအုပ်ကိုယူကာ ထမင်းအိုးထဲမှ ခူးထည့်ဖို့ မီးဖိုထဲဝင်သွားတော့ ကပ်ပါလာကာ မျက်နှာက ပြုံးနေသည်။

"အဲလိုလေးများ ပြုံးပြုံးရွှင်ရွှင် နေစမ်းပါ ကိုကိုရယ်၊ ပုပ်သိုးသိုးနဲ့ လုံးဝကြည့်မရဘူး၊ သူ့မိန်းမကိုလည်း ဘယ်သူက လိုက်ကြိုက်မှာမှတ်လို့၊ တိုရ ထွာရတာ နှစ်ယောက်မရှိဘူး"

"ကျုပ်မိန်းမမို့ တိုတာပေါ့"

"ခုနတုန်းကများ စိတ်ကောက်နေလိုက်တာ မျက်နှာပုပ်ကြီးနဲ့"

"ကျုပ်မိန်းမကို ကျုပ်စိတ်ကောက်တာပဲဟာ၊ ဘယ်သူ့မျက်နှာ ထောက်နေရဦးမှာလဲ၊ ခင်ဗျား မှတ်ထားစမ်းပါ၊ ကျုပ် စိတ်မကောက်တော့တဲ့နေ့ဟာ မေတ္တာကုန်တဲ့နေ့ပဲ"

"ဟော်တော်၊ ဒီအတိုင်း အမှန်ပဲလား"

"အမှန်ပဲ"

အေးမာက မျက်နှာလေး ရှုံ့သွားတာမို့ ကိုကို သဘောတကျ ရယ်မောသည်။ အခြိမ်းအခြောက်ကလည်းတတ်ပါ့။ အစက စိတ်ကောက်တတ်၊ သဝန်တိုတတ်တာကို ဝန်မခံဘဲနှင့်တောင်ဒီလောက် ... ဒီနေ့တော့ သဝန်လည်း တိုတတ်ကြောင်း၊ စိတ်လည်း ကောက်တတ်ကြောင်း ဝန်ခံလိုက်ပြီဆိုတော့ ရှေးက ထက်ကို ပိုဆိုးဦးမှာ ...။



www.burmeseclassic.com

www.burmeseclassic.com



“မလွယ်ပါဘူးနော်၊ လုံးဝမလွယ်ဘူး”

နှုတ်က ထုတ်ညည်းလိုက်ပေမယ့် ရင်ထဲမှာတော့ လုံးဝငြိုငြင်မိတာ မဟုတ်။ တို့က ဒါလေးတွေကိုပဲ ချစ်လို့ယူခဲ့တာယောကျ်ားရဲ့။ ကိုကို ဒီလိုလူလေးမို့လည်း အေးမာ ချစ်ရလွန်းတာပါ။

♥ ✧ ♥



# လမင်းမိုမို

ခင်မျှားကြီး



www.burmeseclassic.com

www.burmeseclassic.com

# ခင်ပျားကြီး

အစ်ကိုတွေအောက်က ယောက်ျားဆန်ဆန် ဝတ်စား နေထိုင်တတ်တဲ့ ညီမအငယ်ဆုံးကလေး တစ်ယောက်ရဲ့ ရင်ခုန်သံခံစားချက်ပါ။ ဝတ်စားဆင်ယင်မှုသာ ယောက်ျား ဆန်ဆန် ဖြစ်နေပေမယ့် မိန်းကလေးပီပီသသ နှလုံးသားမျိုး ကိုသာ ပိုင်ဆိုင်ထားတဲ့ မိန်းမငယ်လေး တစ်ယောက်ရဲ့ မာယာမကင်းသော အားမရှိအားမရ အဲ့ပုန်းခံစားချက်လေး အကြောင်းပါ။ နငယ်တဲ့ အတွေးလေးတွေကို ကိုယ်တိုင် ပြန်လည်ခံစားဖတ်ရှုရင်း အားလုံးကိုပါ ပြန်လည် ဝေမျှ လိုက်တာဖြစ်ပါတယ်။

၁၉၈၉ ခုနှစ် ဇူလိုင်လ ရွှေသမင်မဂ္ဂဇင်းမှာ ဖော်ပြခဲ့တဲ့ ဝတ္ထုလေးပါ။

♥ ✧ ♥

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ခင်ဗျား မသိနိုင်ပါဘူး ဦးမင်းသော်ရယ်။ ဘိုကေဆံပင် ညှပ်ထားပြီး ရှပ်အင်္ကျီဝတ်တတ်တဲ့ ညိုညို ဆိုတဲ့ မိန်းကလေးတစ်ယောက် ရင်ထဲမှာ သာမန်မိန်းကလေးတွေလိုပဲ ကြင်နာသဘောကောင်းတတ်တဲ့ အသက်ကြီးကြီး အမျိုးသားတစ်ယောက်အပေါ် တွယ်တာ သံယောဇဉ်ဖြစ်တတ်မယ့်စိတ် ရှိလိမ့်မယ်လို့ ခင်ဗျား မသိခဲ့နိုင်ပါဘူး။ ညိုက လိုအပ်ခဲ့တာတွေလည်း ရှိပါတယ်။

ဒါပေမဲ့ ခင်ဗျားကိုကလည်း ညံ့လွန်းအားကြီးပါတယ်။

♥ ✧ ♥

ညို့အထက်မှာ အစ်ကိုသုံးယောက် ဆက်တိုက်မွေးပြီးမှ ညိုက လူဖြစ်လာခဲ့ရတာဆိုတော့ ငယ်ကတည်းက အစ်ကိုတွေအင်္ကျီ ယူဝတ်ပြီး လူလုပ်ခဲ့ရတာ။ မေမေတို့ကလည်း ဆံပင်



www.burmeseclassic.com

www.burmeseclassic.com



ညုပ်ရင်တောင် အစ်ကိုတွေနဲ့အတူ ခေါ်သွားခိုင်းပြီး တစ်ပုံတည်း ညုပ်ခိုင်းတာဆိုတော့ ညို ဘိုကေထားခဲ့တာ၊ ရှပ်အင်္ကျီဝတ်ခဲ့တာ ညို အမှားလားဗျာ။

ကြီးလာတဲ့အခါကျတော့လည်း ငယ်ကတည်းက အကျင့်ပါလာခဲ့တာမို့ ဆံပင်ကုပ်ကိုထောက်ရင် ယားကျိကျိဖြစ်သလိုလိုနဲ့ အရှည်ကိုထားလို့ မရခဲ့တာ။ ရှပ်အင်္ကျီခပ်ကြီးကြီး မဟုတ်ရင် အသက်ရှူပဲကျပ်သလိုလိုနဲ့ တခြားဘလောက်စ်တွေ ဝတ်လို့ကို မရဲခဲ့တာ။

အရွယ်ရောက်ကာစတုန်းကတော့ အိမ်နားက သိပ်လှတဲ့ အစ်မကြီးတွေကို အားကျပြီး ပုံကျကျအင်္ကျီတချို့ ဝတ်ကြည့်ဖူးပါရဲ့။ ဒါပေမဲ့ ညို့မျက်စိထဲကတော့ ရယ်စရာကောင်းနေသလိုပဲ။

ညို စိတ်တင်းပြီး ဝတ်ထားကြည့်မိတဲ့အခါတွေကျတော့လည်း တစ်အိမ်လုံး ဘွားဘွားကအစ ခိုင်းတဲ့ကောင်မလေးအဆုံး ပြုံးစေ့စေ့ကြည့်တာ၊ အစ်ကိုတွေကဆို လက်ညှိုးထိုးပြီးတော့တောင် ရယ်ခဲ့တာမို့ စိတ်ထဲ လုံးဝမလုံဘူး။

ပြီးတော့ကျတော့လည်း အိမ်မှာ အငယ်ဆုံးပီပီ ညိုက အားလုံးကို ခေါင်းမာဗိုလ်ကျနေတာ။ ဘွားဘွားကိုတောင်မှ ညို သိပ်မှုခဲ့တာ မဟုတ်ဘူး။ ရှိသေရတာကတော့ ညိုတို့မိသားစုရဲ့ ယဉ်ကျေးမှုပါပဲ။ ဒါပေမဲ့ အားလုံးကို ညို ဆိုးလို့ရတယ်ဗျ။





ဘယ်လောက်ထိလဲဆို ညို့ အစ်ကိုတွေ ညို မကြိုက်တဲ့ မိန်းကလေးတွေနဲ့ မတွဲရဘူး။ ရည်းစားမပြောနဲ့ ရိုးရိုးခင်တာတောင် ညိုမကြိုက်ရင် မခင်ရဘူး။ ဖုန်းတွေ ဘာတွေ ဆက်ရင်လည်း ညို့နဲ့ စကားပြောမပြေပြစ်တဲ့ မိန်းကလေးမျိုးကို အစ်ကိုတွေက ဖုန်းလက်ခံမပြောဘဲ အလိုလိုက်ပေးတဲ့ အထိပဲ။

ညို့အစ်ကိုတွေကလည်း ချောကြတော့ စိတ်ဝင်စားကြတဲ့ မိန်းကလေးတွေများတယ်။ ညို့အစ်ကိုတွေဆီ ဖုန်းမဆက်ဘဲ မခင်ဘဲ မနေနိုင်တဲ့ တချို့ကတော့ ညို့ကို ညီမလေး ညီမလေးနဲ့ ဝိုင်းဝန်းအရေးပေးတတ်တယ်။

အဲဒါကြောင့် ညို့ပုံစံက ဘယ်သူ့ကိုမှ သိပ်လူမထင်တဲ့ပုံမျိုး ဂျစ်ကတ်ကတ် မော့တော့တော့ ဖြစ်နေတတ်တာပါ။

ညို အခုတွဲနေတဲ့ သူငယ်ချင်းတွေ အားလုံးဟာ ရည်းစားကိုယ်စီ ရှိကြတယ်။ သူတို့တွေတောင်မှ ညို့ပါးစပ်ကို ကြောက်ကြတယ်။ သူတို့ရဲ့ကောင်ကလေးတွေကို ညို ပြဿနာရှာမှာ စိုးရိမ်ကြရတယ်။ ညိုက ရည်းစားထားတာ မကြိုက်ဘူးလို့ ကြွေးကြော်ထားဖူးတယ်လေ ဦးမင်းသော်။

ညို တစ်ယောက်တည်း ရည်းစားမရှိ ဖြစ်နေတာက ညို့ကို စကားပြောတဲ့ ကောင်ကလေးတွေ မရှိလို့ မဟုတ်ပါဘူး။ ညိုကိုယ်တိုင်က ရည်းစားနဲ့ တတွဲတွဲ တကပ်ကပ်လုပ်ပြီး ချွဲနွဲ့သွယ်နေကြတဲ့ စုံတွဲတွေကို ကြည့်မရလို့ပါ။ ရည်းစားထားတာ အပိုအလုပ်လို့ ညို ထင်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ညို့သူငယ်ချင်းတွေက သူတို့ရည်းစားတွေကို ပလီပလာလုပ်ရင်လည်း ညိုက သိပ်အမြင်ကတ်တာ။ ညိုက သူငယ်ချင်းတွေနဲ့ ပျော်ပျော်ဗရုတ်ကျပြီး နေချင်တယ်။ သူတို့က သူတို့လူတွေနား ကပ်နေတော့ ညို တစ်ခါတလေ အဖော်မဲ့တယ်။ အဲဒါကြောင့် အမြင်ကတ်တယ်ဗျာ။

ညို့သူငယ်ချင်း သုံးယောက်ရှိတယ်။ နီလာ၊ အေးမင်း၊ ပူစူးတဲ့။ သူတို့သုံးယောက်လုံး ကိုယ့်ရည်းစားကိုကိုယ် "ကိုကို"တဲ့။ တစ်ခါတည်း နားထဲမှာ ခါးနေတာပဲ။ "ကိုကိုကလေ" "ကိုကို့ကိုလေ" "ကိုကိုရေ"ဆိုတာတွေနဲ့ပဲ ညို့နားတွေ အမြဲပူထူနေရတာ။

ကိုကိုလို့ ခေါ်ပုံချင်းတင် တူတာမဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ် စကားပြောတော့လည်း နီလာနဲ့ ပူစူးက "မီး"တဲ့။ အေးမင်းက "သမီး"တဲ့။ "ကိုကိုရေ" "သမီးရေ"၊ "မီးရေ" "ကိုကိုရေ"နဲ့ပေါ့။ ညိုဖြင့် နားပိတ်ထားလို့လည်းမရတော့ ရှက်လည်းရှက် အမြင်လည်းကတ်တဲ့ကြားက အမြဲကြားနေရတာပဲ။

သူတို့ပြောတော့ ခုခေတ်က "ကိုကိုနဲ့မီးမီးခေတ်"တဲ့။ ညိုကတော့ ရွတ်ချလို့မဆုံးဘူး။ ညို မကြိုက်လေ သူတို့ကလည်း ညို့ကို စ,စ,ပြီး ကိုကိုနဲ့ မီးချင်း ထပ်အောင်ပြောကြ ဆိုကြတယ်။ အဲဒါကြောင့်မို့လဲ ညိုက တမင်ရွဲ့ပြီး ပြောထားခဲ့တာပေါ့။

"ငါ ရည်းစားထားရင် ရည်းစားကို ကိုကိုနဲ့ဆန့်ကျင်ဘက်ဖြစ်အောင် ညီလေးလို့ ခေါ်မယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း သမီးနဲ့ဆန့်ကျင်ဘက်ဖြစ်အောင် သားလို့ ပြောမယ်"လို့။





သဘောပေါက်ပြီလား ဦးမင်းသော်ကြီးရယ်။ အဲဒါကြောင့် ခင်ဗျားကို ညို ပထမဆုံး စကားလာပြောဖြစ်တုန်းက "ညီလေး"လို့ ခေါ်လိုက်တာပါပဲဗျာ။

♥ ✧ ♥

(၂)

ခင်ဗျားနဲ့ စ,တွေ့တဲ့ရက်ကို ညို ဘယ်လိုမေ့လျော့နိုင်မှာလဲ။ သင်္ကြန်တွင်း ရေပက်ရင် ညိုတို့လေးယောက်ဆင်တူဝတ်ဖို့ ဦးထုပ်နဲ့ မျက်မှန် မြို့ထဲလာဝယ်တဲ့နေ့ပေါ့။ သင်္ကြန်ကျဖို့ တစ်ပတ်အလို။

အနော်ရထာလမ်းမကြီးပေါ်မှာ ညိုတို့ ကားဘီးပေါက်တယ်လေ။ အဲဒါနဲ့ ပူစူးတို့ကားဒရိုင်ဘာကြီးရယ်၊ ညိုတို့လေးယောက်ရယ် ကားကို ဝိုင်းတွန်းပြီး ရပ်လို့ရတဲ့ တစ်နေရာကို ရွှေ့ရတယ်။

အဲဒီနားမှာ ဖိနပ်ဆိုင်တစ်ဆိုင် တွေ့တယ်။ အဲဒီမှာ ဖုန်းရှိနေတော့ ညိုတို့ ဖုန်းဆက်ကြတယ်လေ။ ပူစူးက သူ့ကိုကိုကို သူပိုင်ကြောင်း ကြွားချင်ချင်နဲ့ အတော်ပဲပေါ့။ လမ်းသုံးဆယ်မှာနေတဲ့ သူ့ကိုကိုဆီ ဖုန်းဆက်ပြီး ကားဘီးလာပေးခိုင်းတယ်။

ပူစူးကားကလည်း ပတ်ဘလစ်ကာကားလေး။ သူ့ကိုကိုကလည်း ပတ်ဘလစ်ကာနဲ့ဆိုတော့ သူ့ကိုကိုက မိမိမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတဲ့ ဘီးပိုကို လာပေးရမတဲ့။ ခဏချေးတာပေါ့။ ပွစူးအိမ်က ရစ်မိုင်မှာဆိုတော့ ဘီးလာပေးဖို့ရာ မလွယ်ဘူးလေ။ အိမ်ပြန်နိုင်ရုံပဲ။ နောက်ရက်မှ ပွစူးဆီ ဘီးလာပြန်ယူပေါ့။

ပြောနေလိုက်တာ ချွဲပျစ်ထစ်နေတာပဲ။ ညို သောက နေ ရှုံ့မဲ့နေသလောက် သူက ပြုံးချိုအီနေတာပဲ။ ကားပေါ်ပြန်တက်တော့ ညိုက ...

"ငါ့သာဆို ပင်ပန်းခံလို့ တကူးတကများ လာမပေးပါဘူး"

"သူ့ဟာသူချစ်လို့ အပင်ပန်းခံတော့ ဘာဖြစ်သေးလဲ၊ နင့်အပူလား၊ ကြည့်နေ ဘာမှမကြာဘဲ ဇွစ်ခနဲ ရောက်လာလိမ့်မယ်"

ညိုက မျက်နှာမဲ့ထားတော့ ပိုအမြင်မကတ် ကတ်အောင် သူတို့ ကိုကိုတွေက သိပ်ချစ်တတ်ကြကြောင်း ပတီ ပတိနဲ့ ပြောနေကြတာများ အရမ်းကို မုန်းစရာကောင်းတာပဲ။

ညို စူပုပ်နေတော့ ညိုက ရည်းစားမရလို့ မနာလိုဖြစ်နေတာလို့ ဝိုင်း၈,ကြတယ် ဦးမင်းသော်ကြီးရယ်။ အဲဒီတော့လည်း ညို လုံးဝမခံချင်ဘူးပေါ့။ ညိုက ဖြစ်ချင်ရင် ချက်ချင်းဖြစ်နိုင်သားပဲလို့ ပြောပေမယ့် ...

"အလကားပါ၊ နင်က ယောကျ်ားလျှာလိုလို ဘာလိုလိုဆိုတော့ ယောကျ်ားမြင်ရင် အလိုလို ဖြုံနေတာ၊ စကားပြောရဲတဲ့သတ္တိကို မရှိတာ"





ဘာညာနဲ့ ဝိုင်းနောက်ပြောင်ရင်း အလောင်းအစားတစ်ခု ဖြစ်သွားရတယ်လို့ပဲ ဆိုပါတော့ ဦးမင်းသော်ရယ်။

ဒီနားက လူတစ်ယောက်ကိုရွေးပြီး ညို စကားမရှိစကားရှာ တစ်ခုခု သွားမေးရမယ်။ အဲဒီလို သွားပြောတဲ့အခါညို ပြောဖူးနေကျ စကားထဲကလို "ညီလေးနဲ့ သား"လို့ သုံးနှုန်းရမယ်တဲ့။

ညို ပြောရဲရင် ညိုဟာ တကယ် စိတ်မဝင်စားလို့ ရည်းစားမထားတတ်တဲ့သူ ဖြစ်မယ်။ ညို မပြောရဲခဲ့ရင် ညိုဟာ ရည်းစားထားချင်ရက်နဲ့ သတ္တိမရှိတဲ့ ချာတူးလန် ဖြစ်သွားမယ်ဗျ။

ညိုတို့ လူရွေးကြရင်းနဲ့ ညိုတို့မျက်စိရှေ့နားက တစ်စီးကျော်လောက်မှာ ရပ်ထားတဲ့ ဆလွန်းကားတစ်စီးကို နောက်ခုံးဖွင့်ပြီး ဖရဲသီးတစ်လုံး ထည့်လိုက်တဲ့ ခင်ဗျားကို လှမ်းတွေ့လိုက်တော့တာပဲ ဆိုပါတော့။

ညို စကားသွားပြောရမှာ ဆိုတော့ ညို စကားသွားပြောနိုင်လောက်တဲ့ထိ စိတ်ထဲက အနည်းအကျဉ်း နှစ်လိုမှုတော့ ရှိရမှာပေါ့။ မဟုတ်ဘူးလား။

ဥဒဟို ဖြတ်သန်းသွားနေတဲ့ လူတွေအများကြီးထဲက ခင်ဗျားကို ညို ရွေးလိုက်မိတယ်။ ညို့ထက် ခြောက်နှစ် ခုနစ်နှစ်လောက် ကြီးပုံရတဲ့ အသားဖြူဖြူ အရပ်မနိမ့်မမြင့် သန့်ပြန့်တဲ့ ခင်ဗျားကို ညို ရွေးချယ်ပြောဖို့ ဆုံးဖြတ်လိုက်တယ် ဦးမင်းသော်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



ညိုတို့တွေဟာ ဗရုတ်ခပ်ကျကျတွေ ဖြစ်ပေမယ့် အရမ်းမကဲကြပါဘူး။ ဒါမျိုးလည်း တစ်ခါမှ မလုပ်ဖူးခဲ့ပါဘူး။ ညို ခင်ဗျားနားကို ကပ်သာ ကပ်လာရတယ် ရင်တွေတော့ တုန်နေတယ်။ လက်ဖဝါးမှာ ချွေးတွေထွက်နေတယ်။ ခင်ဗျားကတော့ ခေါင်းငုံ့ပြီး နောက်ဘက်ဖုံးထဲက ပစ္စည်းတွေကို နေရာချနေတော့ ညို မှုပျက်စွာ ကပ်လာတာကို ဘယ်သိမလဲ။

သကြ်န်တွင်းစာ အခြောက်အခြမ်း ဝယ်လာတာ ထင်ပါရဲ့။ နောက်ဘက်ခန်းလေးထဲမှာ အာလူးတို့ ကြက်သွန်တို့ ကြာဆံတို့ ငါးခြောက်တို့ တွေ့တယ်၊ ပြီးတော့ ခင်ဗျား ခုမှ ဟိုဘက်နားက ဝယ်လာတဲ့ ဖရဲသီးတစ်လုံး။

တကယ်တမ်းကျတော့ ယောကျ်ားလေးတွေနဲ့အပတ် အသက်ကင်းတဲ့ ညို လန့်တာပါပဲ။

"ဒီမှာ ဒီမှာ ညီလေး"လို့ ခေါ်လိုက်တဲ့ ညို့ရဲ့အသံဟာ တိမ်တိမ်ကလေး ထွက်လာတယ်။ ဒီလို အသံပီညပ်လေးနဲ့ "ညီလေး"လို့ ခေါ်ခံရသူဟာ ငါ မဟုတ်နိုင်ဘူးလို့ ခင်ဗျားထင်ပုံရတယ်။ လှည့်မကြည့်ဘူးလေ။

ညို စိတ်တင်းပြီးတော့ ခင်ဗျားကား နောက်ဘက်ဘေားကို လက်ဆစ်နဲ့ ခေါက်လိုက်ရင်း ...

"ဒီမှာ ညီလေး"လို့ တစ်ခွန်းထပ်ခေါ်တယ်။

အံ့သြဇဝေဇဝါ မျက်နှာနဲ့ ခင်ဗျား မော့ကြည့်လိုက်တော့ ညို ရင်တွေအရမ်းတုန်ရတာပဲ ဦးမင်းသော်ရယ်။ ညို့မျက်နှာ





ဟာလည်း အရမ်းပျက်နေလိမ့်မယ်။ ပထမတော့ ခင်ဗျားက မျက်ခုံးကြီးပင့်ပြီး ကြည့်နေတယ်။ ခဏနေတော့ ပြုံးစိစိနဲ့ ...

"ဘာလဲ ... ကျွန်တော့်ကို ခေါ်တာလား"တဲ့။

"ဟုတ်တယ်၊ ညီလေးကို ခေါ်တာ"လို့ ညို တစ်ခွန်းထပ်ပြောလိုက်ရင်း နှုတ်ခမ်းလေး ကိုက်ထားမိတယ်။ နှုတ်ခမ်းနီ မိတ်ကပ်မရှိတဲ့ ညို့ရဲ့ဆီပြောင်မျက်နှာကလေးရယ်၊ ရှပ်အင်္ကျီ မီးခိုးပွပွနဲ့ ယောလုံချည်အနက်ရယ်ကို သေချာကြည့်ရင်းက ခင်ဗျား ပိုပြုံးလာပြီး ...

"ဘာကိစ္စလဲ အမိန့်ရှိပါ ပုဂ္ဂိုလ်လေးရယ်"တဲ့။

"မေးစရာရှိလို့"

"မေးပါ ခင်ဗျာ"

"ဟို ... ဟို ... ဟို ... ဖရဲသီး ဘယ်လောက်ပေးရလဲ"

"ဗျာ ... ဖရဲသီး"

"ဟုတ် ... အဲဒီ ဖရဲသီး ဘယ်လောက်ပေးရလဲ၊ သား သိချင်လို့ပါ"

ခင်ဗျား အရမ်းစိတ်ရှုပ်ပုံကြီး ဖြစ်သွားပြီး ညို့ကို ဘရိန်းကောင်းရဲ့လားဆိုတဲ့ မေးခွန်းမျက်ဝန်းကြီးတွေနဲ့ကြည့်တယ်။ ခဏနေမှ အရမ်းပြုံးပြီး ...

"ဆယ့်ခုနစ်ကျပ်ပေးရပါတယ် သားရယ်"တဲ့။ ညို "ကျေးဇူးပဲ"လို့ လုစ်ခနဲပြောရင်း ပြေးထွက်လာခဲ့တယ်။ ညို ရပ်လိုက်တဲ့နေရာက ကားကိုလည်း ခင်ဗျား လှမ်းကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရယ်နေကြတဲ့ ပူစူးတို့ကိုလည်း ကြည့်တယ်။ ပြီးတော့ နောက်နည်းနည်းဆုတ်ပြီး ပူစူးရဲ့ကားနံပါတ်ကို မှတ်လိုက်တယ်။ ပြီးမှပဲ ကားပေါ်ခပ်ပြုံးပြုံးတက်ပြီး မောင်းထွက်သွားတော့တယ်။

အဲဒီနေ့က ညဘက် ညို ခင်ဗျားကို မြင်ယောင်နေမိတယ် ဦးမင်းသော်။ ညို့ဘဝမှာ ဖေဖေနဲ့ အစ်ကိုသုံးယောက်က လွဲရင် ခေါင်းထဲ ထည့်မိတဲ့ ယောက်ျားဆိုလို့ ခင်ဗျားတစ်ယောက်ပဲ ရှိဖူးပါတယ် ဦးမင်းသော်ရယ်။

♥ ✧ ♥

## (၃)

ခင်ဗျားနဲ့တွေ့ပြီး သုံးရက်မြောက်တဲ့နေ့ ညနေခင်းတစ်ခုမှာ ညို့ဆီ ဖုန်းလာတော့တာပဲ။ ဖုန်းကို ညိုကိုင်ခဲ့တယ်။ ဟဲလိုလို့ ထူးလိုက်တဲ့ ချက်ချင်းပဲ "သားလား"ဆိုတဲ့ ယောက်ျားသံချိုရှရှတစ်ခုကြောင့် ညို လက်ဖျားတွေ အေးစက်သွားခဲ့ရတယ်ဗျာ။

"ဘယ်သူလဲ"လို့ ခပ်မာမာပဲ ပြန်မေးလိုက်တော့...

"ညီလေးပါ သားရယ်၊ မမှတ်မိဘူးလား"လို့ ရယ်သံသဲ့သဲ့အသံနဲ့ ခင်ဗျား ပြောခဲ့တယ်။ မမှတ်မိဘူးလို့ ပြောလိုက်ချင်ပေမယ့် ဂွပ်ခနဲ ဖုန်းချလိုက်ချင်ပေမယ့် ညို ဘာမှမလုပ်ဖြစ်ဘဲ ဖုန်းကိုင်ထားတဲ့ပုံစံ ပန်းပုရုပ်ကလေး တစ်ခုလို ငြိမ်သက်နေမိတယ်။





"ဒီအိမ်မှာ မိန်းကလေးငယ်ဆိုလို့ သားတစ်ယောက်ပဲရှိတာ တို့ သိတယ်၊ သားတို့ ဟိုတစ်နေ့ကစီးလာတဲ့ ကားပိုင်ရှင် မိန်းကလေးက ပူစူး မဟုတ်လား၊ သူ့ဦးလေးအငယ်ဆုံးက တို့သူငယ်ချင်း၊ သားရဲ့ဖုန်းနံပါတ်ကို ကံကောင်းလွန်းစွာ လွယ်လွယ်နဲ့ ရလိုက်တယ်၊ တို့ နောက်လည်း ဖုန်းဆက်မယ်နော်"တဲ့။

"မဆက်နဲ့"

ညို့အသံက မာပြတ်ပြီး ထွက်သွားတယ်။ ရင်တွေလည်း အရမ်းခုန်လိုက်တာ။ "မှတ်တော့ မှတ်မိတယ် မဟုတ်လား"လို့ ခင်ဗျားက မေးတော့လည်း ဘာကြောင့်မှန်းမသိ။ မခိုးခန့်နဲ့ "ဟဲ ဟဲ"လို့ ရယ်လိုက်ပြီးမှ ...

"မှတ်မိသားပဲ"

"မှတ်မိရင် ဆက်မှာပဲကွာ"

"ဘယ်လိုလဲကွ ... ဘယ်လိုဖြစ်တာလဲ၊ စိတ်မာတက်ကျရလောက်အောင် ကြောင်တာပဲဗျာ"

"တို့ကစပြီး ကြောင်ချင်လို့ ကြောင်တာမှ မဟုတ်တာ၊ သားက တို့ကို ကြောင်အောင် လုပ်ခဲ့တာကိုး၊ ကိုယ့်ညီလေးပဲကွာ၊ ပြေပြေလည်လည်ပေါ့၊ သားက လိမ္မာပါတယ်၊ ဟုတ်တယ် မဟုတ်လား"

ပြောပြီး ရယ်နေတော့ ညို ကတုန်ကယင် ဖြစ်လာတယ်။ နာမည်လည်း မသိတော့ ဘယ်လိုခေါ်ရမလဲ စဉ်းစားလို့



www.burmeseclassic.com

www.burmeseclassic.com



မရဘူး။ အဲဒါကြောင့် ညီလေးလို့ပဲ ဆက်ခေါ်ဖို့ ဆုံးဖြတ်လိုက်တယ်။

"ဒီမှာ ညီလေး၊ ယောက်ျားတွေ ဖုန်းဆက်တာ သားလုံးဝမကြိုက်ဘူး၊ နောက်မဆက်နဲ့ဗျာ၊ ခင်ဗျားကို ဟိုတစ်နေ့က ကိစ္စတစ်ခုကြောင့် စကားလာပြောရတာ၊ အခု ကိစ္စလည်း မရှိတော့ဘူး၊ ခင်ဗျား ဖုန်းမဆက်နဲ့တော့ ဒါပဲ"

ဖုန်းကို နားကခွာပြီး ပုခက်ပေါ်အချမှာ "ဟိတ် ... သား ... ဟောကောင်"လို့ ခေါ်လိုက်တဲ့အသံကို မသဲမကွဲကြားလိုက်ရတယ်။ ဖုန်းချပြီးတော့ ညို့စကားအတိုင်း ခင်ဗျားဖုန်းမဆက်တော့ဘဲ နေလိုက်ရင်လို့ ... တွေးမိပြီး ညို့ရင်ထဲ မွန်းကျပ်ခဲ့ရတယ် ဦးမင်းသော်။

ညို့ဆီ ကောင်ကလေးတွေ ဖုန်းမဆက်ဖူးဘူး။ ညိုလည်း လက်ခံစကား မပြောဖူးဘူး။ အဲဒီတော့ ညို မပြောတတ်ဘူးဗျာ။ ဖုန်းချပြီးတော့မှပဲ ခင်ဗျားနဲ့ ညို ဖုန်းပြောချင်တဲ့စိတ်ဖြစ်နေမှန်း ကိုယ့်ဘာသာ ညို သိတော့တယ်။

အဲဒီ တစ်ညနေလုံး ညို စိတ်ကို ညစ်နေတာပဲ ဦးမင်းသော်ရာ။

♥ ✧ ♥





(၄)

ဒါပေမဲ့ ခင်ဗျားက ဇွဲရှိတယ်။ နောက်တစ်နေ့လည်း ညို့ဆီ ဆက်ပြန်ရော။ ညိုက နောက်မဆက်ဖို့ အာညာကောတော တာ ဟောက်တောက်တောက် စကားတွေပဲ ပြန်ပြီးပြောတယ်ဆိုပေမယ့် အပြန်အလှန်တော့ ပြောဖြစ်နေတော့တာပေါ့။

ခင်ဗျားက စကားပြောတာ တော်တော်ကောင်းတယ်။ ကိုယ်လိုရာကို ဆွဲဆောင်ပြီး ပြောတတ်တယ်။ မေးလို့ မေးမှန်းမသိ။ ညိုက ဖြေနေမိအောင် ခင်ဗျားမို့ မေးတတ်တယ်။ ခင်ဗျားစကားတွေအရ ညို့ကို ယောက်ျားလျှာလေး တစ်ယောက်လို့ သဘောပေါက်ထားတာ ထင်ရှားနေတယ်။

ညို လုံးဝယောက်ျားစိတ်မပေါက်ပါဘူး ဦးမင်းသော်။ ဒါပေမဲ့ လူတော်တော်များများကတော့ ဒီလိုပဲ ထင်ကြတယ်ဆိုတာ သိနေတယ်။ ထင်နေတဲ့ သူတွေကိုလည်း ညို ဘာမှရှင်းပြမနေတတ်ခဲ့ဘူး။ ထင်ချင်သလို ထင်လေ။

ညို့မှာ ယောက်ျားနဲ့တူတာ ဘိုကေကလေးရယ်၊ ရှပ်အင်္ကျီဝတ်တာရယ်၊ ညိုရေ ဆိုရင် "ဗျာ"လို့ ထူးတတ်တာရယ်၊ ခြေလှမ်းပုံ နေပုံ ထိုင်ပုံ မသိမ်မမွေ့တာကလေးရယ်၊ ဒါလောက်ပါပဲ။

မိန်းမစိတ် ပီပီပြင်ပြင်ရှိတဲ့ မိန်းကလေးတစ်ယောက်ပါဗျာ။ ညို အလှလည်း ပြင်ပါတယ်။ ဒါပေမဲ့ နီနီရဲရဲတော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးပေါ့။ ဒါမျိုးကိုတော့ ရှက်တာကိုး။ မျက်နှာကို အမြဲတမ်း ပွန်းဒ်စ်(PONDS)လူးတယ်။ လက်သည်းကို မဆိုစလောက် နည်းနည်းရှည်အောင်ညှပ်ပြီး ပြောင်လက်နေတဲ့ ရေကြည်ရောင် လက်သည်းဆိုးဆေးလည်း သုံးပါတယ်။ ဘော်ဒီစပရေးလည်း သုံးတယ်။ အင်္ကျီလုံချည်ကိုလည်း လိုက်ဖက်အောင် ဝတ်တတ်ပါတယ်။

ရည်းစားမထားချင်သေးပေမယ့် ကောင်ကလေးတွေ ရှေ့ကျ လှတ ပတ ဂိုက်တော့ အနည်းအကျဉ်း ထုတ်ရတာပေါ့ဗျာ။ ဘာပဲဖြစ်ဖြစ် ညိုဟာ မိန်းမစစ်စစ်တစ်ယောက်ပါ။ ခင်ဗျား နဲ့ပတ်သက်ပြီးတော့လည်း တစ်နေ့ တခြား ပိုပိုပြီးတော့ ညို ရင်ခုန်လာရပြီ ဦးမင်းသော်ရာ။ ခင်ဗျား ဖုန်းကိုမျှော်တယ်။ ဒါပေမဲ့ ခင်ဗျားအသံ ကြားတာနဲ့ အသံကို မာထန်ပစ်ပြီး ဇွတ်ပေါက်မိတာချည်းပါပဲ။ အဲဒါ ညို ဘာဖြစ်တာတုံးဗျာ။

ညိုမှ ယောကျ်ားကလေးတွေနဲ့ မပတ်သက်ဖူးဘဲ ဦးမင်းသော်ရာ။ ထောင့်တောင့်တောင့် ဖြစ်နေမှာကို ဦးမင်းသော်ကြီးက နားလည်ဖို့ ကောင်းတာပေါ့။ ပုစူးဆီ ဖုန်းဆက်ပြီး ခင်ဗျားအကြောင်းပြောတော့ ပုစူးကတောင် ညို့ကို ဟားတယ်။

"အသံတွေကလည်း တုန်လှချည်လားဟယ်"တဲ့။ ပုစူးက သိပြီးသား ဖြစ်နေတယ်လေ။ တစ်အိမ်တည်းနေတဲ့ "လေးလေးဇော်"လို့ခေါ်တဲ့ သူ့ဦးလေးငယ်က ပုစူးဆီမှာ ညို့ ဖုန်းနံပါတ် မေးရတာကိုး။ ညို့လိပ်စာလည်း ပေးလိုက်တယ်တဲ့။





ညို့လိပ်စာကို ခင်ဗျားသိနေပြီဆိုတာ ညို သိလိုက်တော့ ခုထိ လမ်းထဲလေး ဘာလေး ရောက်မလာသေးတာကို ရှုတ်ချမိတယ်။

တကယ်ဆို လာပေါ့ဗျာ။ ခြံရှေ့က ဖြတ်ပေါ့ဗျာ။ ဟွန်းသံပေးသွားလိုက်ဗျာ။ ညိုက ခင်ဗျား မမြင်နိုင်တဲ့ နေရာက ချောင်းကြည့် ရင်ခုန်နေမှာပေါ့။

နောက်တစ်နေ့ ဖုန်းဆက်တော့ "ဘာလို့ မနေ့က အိမ်ရှေ့လာရတာတုံးဗျ။ ခင်ဗျား လွန်လွန်းအားကြီးလှချည်လား" ဆိုပြီး ပြဿနာလုပ်မှာပေါ့ဗျာ။

ခင်ဗျား ဒီလောက် စကားပြောကောင်းပုံထောက်တော့ အတွေ့အကြုံရှိမှာပါ။ ဒီလောက်ထိတော့ မအ,သင့်ဘူးပေါ့ဗျာ။ ညိုပြောချင်တာက ညို့ကို ခင်ဗျား ကြွေချင်ရင် အလွယ်လေး။ အခု အိမ်ကမထ ဖုန်းဆက်ရုံကလေး ဆက်တယ်ဆိုတော့ အားချိန်ကလေး ညို့ကို ကလိပြီး အပျင်းဖြေလောက် သဘောထားနေရာ မကျဘူးလား။ ဘာလဲ မာတ်ဆီကုန်မှာ စိုးလို့လား။

ညို ဒေါသလည်းဖြစ်တယ်။ ညိုက ခင်ဗျားအပေါ် စိတ်ဝင်တစား ရှိလာမိလေ ခင်ဗျား ဘာမှ မကြိုးစားတာကို ဒေါပွလေပဲ ဦးမင်းသော်။ နေ့တိုင်းလည်း ဇွတ်ဖုန်းဆက်နေသားနဲ့ တစ်နေ့ တစ်နေ့ ပြောလိုက်ရင် နောက်လည်း ဖုန်းဆက်ခွင့်ပေးကွာ ဆိုတာကနေ သိပ်ထူးခြားတက်မလာဘူး၊ ညိုက မဆက်နဲ့ပြောလည်း ဆက်နေတာပဲဥစ္စာ၊ ဒီစကားက ပြောနေဖို့ လိုသေးလား။



www.burmeseclassic.com

www.burmeseclassic.com



ညို့ကျောင်းကအကြောင်းတွေ မေးလိုက်၊ ညို့ကို ဒေါပွအောင် စ,လိုက်နဲ့ ခင်ဗျား အချိန်ဖြုန်းနေသလို ညိုကလည်း ဟောက်လိုက် ဟိန်းလိုက်၊ ဖုန်းချသွားရင် ခင်ဗျားဆီကို လိုချင်တဲ့စကား မကြားရလို့ ဒေါပွလိုက်နဲ့ပဲ အချိန်ဖြုန်းနေရတယ်။

ညို ရှင်းရှင်းပဲ ပြောမယ်ဗျာ။ ညို ဘယ်ယောကျ်ားကိုမှ မချစ်ခဲ့ဖူးဘူး။ မတုန်လှုပ်ခဲ့ဘူး။ ခင်ဗျားနဲ့ကျတော့ အရမ်းတုန်လှုပ်တယ်။ ရင်လည်း သိပ်တုန်တယ်။ ရှက်ပေမယ့်လည်း ချစ်နေမိတာကို စိတ်ထဲက ဝန်ခံရမှာပဲ။ ဘယ်နရက်ရှိသေးလို့လဲလို့ ပြောကြမယ်။ မပြောနဲ့။ သံယောဇဉ် အရမ်းကိုဖြစ်တယ် ဦးမင်းသော်ကြီးရာ။

ခင်ဗျားက စကားမစ,ဘဲ ဘာဖြစ်နေတာတုံး။ သေလိုက်ပါလားဗျာ။

♥ ✧ ♥

(၅)

သင်္ကြန်လေးရက်မှာ ပထမနှစ်ရက်က ပုစွန်တို့ခြံရှေ့ မဏ္ဍပ်မှာ ပက်တယ်။ နောက်နှစ်ရက်ကျတော့ အင်းလျားမြိုင်ထဲက အေးမင်းတို့ရဲ့ အဘွားခြံမှာ သွားကစားကြတယ်။ အေးမင်းတို့ အဘွားက ပထမတော့ သိပ်သဘောမတူဘူးပေါ့လေ။ မျက်စိနောက်တဲ့ အကြောင်းပြချက်နဲ့ ငြင်းထားတာ။ ညိုတို့ပါ အတင်းကပ်ရပ်ချွဲကြတော့ တအိအိ ပျော့ပါလာရတော့တယ်။





ပုစွန်တို့ခြံမှာပက်တဲ့ နေ့ကတည်းက ခင်ဗျားရောက်လာတာ။ ညို့ထက်တောင် အရင်ရောက်သေး။ ခင်ဗျားတုံးပုံကတော့ ပြောမနေပါနဲ့တော့။ ကိုယ်အိုနေတဲ့သူကို မမှတ်မိရဘူးရယ်လို့ပဲ။

ညို့အစ်ကိုသုံးယောက် လည်တဲ့ကားနဲ့ ညိုကပါလာတယ်။ သင်္ကြန်တွင်းဆိုတော့ နည်းနည်းတော့ ရှုံးလုပ်ရတာပေါ့ဗျာ။ ဂျင်းဘောင်းဘီ အပြာဖျော့နဲ့ ရှပ်အင်္ကျီအနက် ပွပွကြီး ညိုဝတ်လာတယ်။ သက္ကလတ်ဦးထုပ် မီးခိုးရောင်ဆောင်းပြီး မျက်မှန်အနက်လည်း တပ်ထားသေးတယ်။

ပုစွန်တို့မဏ္ဍပ်ရှေ့ ကားရပ်ပြီး ညို ခုန်ဆင်းလိုက်တော့ ရောက်နှင့်နေတဲ့ နီလာတို့ အေးမင်းတို့ရော ပုစွန်ပါ ပြေးလာပြီး ရေဝိုင်းလောင်းလိုက်တာပေါ့။ ခင်ဗျားမပြောနဲ့ လေးဖော်တောင် ညို့ကို မမှတ်မိပါဘူး။

သူ့တူမ ပုစွန်လက်ကို တွဲလျှောက်လာတာ ဘယ်ကဂျပိုးလဲဆိုတဲ့ ပုံစံနဲ့ ခပ်တည်တည်ကြီး လိုက်ကြည့်နေတယ်။ ဆားမှာထိုင်နေတဲ့ ခင်ဗျားကြီးကလည်း လုံးဝမမှတ်မိဘဲ လာရပ်တဲ့ ရေပက်ခံကားပေါ်က မိန်းကလေးတွေကို ငေးကြည့်နေလိုက်သေး။ ညို သိပ်ကိုမုန်းသွားတာပဲ။ ရင်ထဲမှာလည်း တစ်မျိုးပဲဗျာ၊ လုံးဝမကြိုက်ဘူး။

ဒန်လက်ဆွဲပုံးတစ်ပုံးနဲ့ ရေသယ်ပြီး ခင်ဗျားအနောက်ဘက်ကနေ တိတ်တိတ် ပြေးလောင်းလိုက်မိတယ်။ "ဟ" ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် လန့်ဖျပ် ထ,ရပ်လိုက်တဲ့ ခင်ဗျားမျက်နှာကြောင့် ညို နှုတ်ခမ်းကိုက်ပြီး ရယ်မိတယ်။ ခင်ဗျားက ရှုတည်တည်နဲ့ ...

"မင်းနယ်ကွာ လောင်းစရာရှားလို့"လို့ ပြောပြီး ဆောင့်ခနဲ ပြန်ထိုင်ချ ကျောခိုင်းလိုက်တယ်။ ညို ရုတ်တရက် အံ့အားလည်းသင့် ရှက်လည်းရှက်ပြီး ခင်ဗျားအနားက လှည့်ထွက်ခဲ့မိတာပေါ့ ဦးမင်းသော်ရယ်။ လုံးဝလည်း ဒေါသဖြစ်တယ်။ ဖုန်းထဲကဆို တစ်ချိန်လုံး ညိုကချည်းဟောက်တာ ခံနေရတဲ့ သူကများ သဟောက်သဟ လာလုပ်နေရသေး။

ညို ရေလည်းမပက်ချင်တော့ဘဲ ကုလားထိုင်တစ်လုံး ဆွဲထိုင်နေလိုက်တယ်။ ခင်ဗျား မမှတ်မိတာမှန်း ညိုမှ မသိတာဗျ။ လောင်းပစ်လိုက်လို့ စိတ်ဆိုးပြတယ်လို့ပဲ ထင်နေတာ။ ညိုလို မိန်းကလေးက ရေလောင်းတာကို စိတ်ဆိုးတဲ့သူက ညို တွယ်တာမိတဲ့ခင်ဗျား ဖြစ်နေတော့ ညို့ရင်ထဲ ပိုဆိုးတာပေါ့။

အသက်ပြင်းပြင်းရှုပြီး ထိန်းထားပေမယ့် ညို မျက်ရည်ကျလာတယ် ဦးမင်းသော်ရာ။ ဘာကြောင့်မှန်း ခင်ဗျား အဖြေထုတ်ပေးနိုင်မလား။ ညို ဂနာလည်း မငြိမ်နိုင်ဘူး။ ခင်ဗျားကို ဘေးတိုက်နိုးနိုးကြည့်နေမိသေးတယ်။

ခဏကြာတော့ ခင်ဗျား ထလာတယ်။ ရေပက်တဲ့နား ရောက်လာတယ်။ ညို့ရှေ့ နှစ်ပေလောက်ပဲကွာတဲ့ နေရာမှာ ရပ်ရင်း ...

"ပုစူးရေ ... ညိုညို မလာတော့ဘူးလား"





မေးသံလည်းကြားရော ညို့ရင်ထဲက အလုံးကြီးတွေ ပြုတ်ခနဲ ပြုတ်ကျပြီး ရင်ထဲ ငြိမ်းချမ်းသွားလိုက်တာ ဆိုတာ။ ဒါပေမဲ့ ခင်ဗျား ညံ့တာကိုတော့ လက်လန်ရောဗျာ။ ကိုယ်တိုင်က ဒီလောက်ဖြစ်နေရက်နဲ့ ညို့ကို မမှတ်မိဘူးတဲ့ ... ဟာဟ။

ပုစူးက မဖြေတော့ ပုစူး ရေပိုက်ကို ဆွဲခါပြီး မျက်ခုံးကြီးရှုံ့မေးနေတဲ့ ခင်ဗျားကြီးကို ညို သိပ်ကိုချစ်မိပြီဗျာ။ အနားက ကလေးတစ်ယောက်ဆီက ဆံပင်အပ်ဘူးခွံကလေး တောင်းယူပြီး ရေထည့်ပြီးတော့ ခင်ဗျားကျောကို စိုသွားအောင် ခတ်ပစ်လိုက်တယ်။

ခင်ဗျားကျောကြီး ကော့သွားပြီးတော့ ညို့ဘက် တစ်ခါလှည့်ကြည့်တယ်။ ဒီတစ်ခါ ထပ်မြင်တော့ ပိုဒေါသဖြစ်သွားတဲ့ပုံနဲ့ ...

"လုပ်ပြန်ပြီ ... မင်းပဲ၊ မင်းက ဘယ်လိုဖြစ်ပြီး ကောင်မလေးတွေကို မပက်ဘဲ ငါ့ချည်း မဲပက်နေရတာလဲ"

ဆံပင်အချောင်းလိုက်စိုနေတဲ့ပုံနဲ့ ခင်ဗျားမျက်နှာ ရှုံ့ထားတာ လုံးဝမလိုက်ဘူးဗျာ။ သိပ်ရယ်စရာကောင်းတယ်။ ညို ကိုယ်လေး လှုပ်သွားအောင် ရယ်မိရင်း ပိုလို့ ပိုလို့ သေချာသွားရတယ် ဆိုပါတော့ ဦးမင်းသော်ကြီးရာ။ ခင်ဗျားကို ညို တွယ်တာမိပြီ။ ခင်ဗျား ဘာမှမထူးခြားပါဘူး။ ဒီလောက်လည်း ချောပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ညိုမျက်စိထဲ ညိုအိပ်မက်ထဲ ညိုအတွေးထဲမှာတော့ ခင်ဗျား မင်းသားပါပဲဗျာ။ ဒါပေမဲ့ ညို သိပါတယ်။ ညိုဟာ မြန်မာမိန်းကလေးတစ်ယောက် မဟုတ်လား။ ညို ခင်ဗျားကို လမ်းဖွင့်တဲ့ အမူအရာ မပြချင်ဘူးလေ။

မျက်မှန်ဆွဲချွတ်ပြီး ခုံမှာပြန်ထိုင်လိုက်တဲ့ ညို့ကို ခင်ဗျား မျက်လုံးပြူးပြီး စိုက်ကြည့်နေတယ်။ ဘာမှ သိပ်မကြာဘဲ ဝင်းလက်တဲ့မျက်နှာ၊ ချိုမြတဲ့အပြုံးတွေနဲ့ ညို့ခုံနား ရောက်လာတယ်။

"လုံးဝ မမှတ်မိဘူး သားရာ"တဲ့။

ညို ဘာကြောင့်မှန်းမသိ။ နှုတ်ခမ်းမဲ့ပြီး "ဟက်ဟက်"လို့ ရယ်မိတယ်။ ပုံစံက နားရင်းတီးချင်စရာ မထိမဲ့မြင်ပုံမျိုးပေါ့။

"မှတ်ပြီလား ခင်ဗျား၊ နောက်တစ်ခါ ဖုန်းဆက်ဦး၊
ဒီထက် ပိုပြီး ကျောကော့စေရမယ်"

ခင်ဗျား ရယ်နေတယ်။ ရယ်နေရုံအပြင် ဘာကြောင့်တစ်ခုမှ မပိုရတာလဲဗျာ။ အနည်းဆုံး ညို့ကို ရေကလေးတစ်ဖလားလောက် လောင်းလိုက်စမ်းပါတော့။ "ဘယ်လိုဖြစ်နေတာလဲဗျ"လို့ အော်ရုံအပြင် ညိုက ဘာများ ဆန့်ကျင်မှာမို့လဲ။ ခုတော့ ခင်ဗျားဟာက ဘာလဲဗျ။ မနီးမဝေးမှာ သွားထိုင်ပြီး လှမ်းငေးကြည့်နေတော့တာပဲ။





ပြန်ချိန်မှာ အစ်ကိုတွေ လာကြိုတဲ့အထိ ခင်ဗျား ဘာမှမထူးဘူး။ နေ့လယ် ထမင်းစားပွဲမှာ ညို့ပန်းကန်ထဲ ဘဲဥတစ်ခြမ်း ထည့်ပေးတာက လွဲလို့ပေါ့ဗျာ။ ခင်ဗျားဘဲဥက ဘာလုပ်ရမှာလဲ။ ညိုမှမကြိုက်တာ ဦးမင်းသော်ရာ။ လွှင့်ပစ်လိုက်မိတာပေါ့။

♥ ✧ ♥

(၆)

အေးမင်းတို့အဘွားခြံရှေ့မှာ ဝါးလုံးထောင်ပြီး အုန်းလက်မိုးထားတဲ့ မဏ္ဍပ်သေးသေးလေးပဲ လုပ်ထားတာ ဆိုပေမယ့် သိပ်ကိုစည်တယ်။ ခြံနားနီးချင်း ကောင်မလေးတချို့လည်း လာဝိုင်းလိုက်တော့ ရေပက်ခံကားတွေ တော်တော်ရပ်တဲ့နေရာကလေး ဖြစ်သွားတယ်။

ညို ခင်ဗျားကို မျှော်နေမိတယ်။ ရေပက်ရတာလည်း မပျော်ဘူးဗျာ။ ဒုတိယအကြိတ်မှာ အဲဒီကို ခင်ဗျား ရောက်မလာဘူး။ မရင်းနှီးတဲ့အိမ်မို့လို့လား။ မသိလို့လားလို့ ဇဝေဇဝါတွေးပြီး ညို အရမ်းမျှော်မိပါတယ်။

ဒီသင်္ကြန်ရက်ထဲ ခင်ဗျားကြီးက ဖုန်းလည်းမဆက်တော့ ညို ဘယ်မှာပက်မလဲသိအောင် အရိပ်အမြွက်လည်း ပြောလို့မရဘူးပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အတက်နေ့ကျတော့ ခင်ဗျား ရောက်လာတယ်။ ရေပက်ခံဂျစ်ကားတစ်စီးပေါ်မှာ ပါလာတာ။ ပူစူးရဲ့လေးလေးဖော်လည်းပါတော့ ခဏဆင်းပြီး အေးမင်းအဘွားအိမ်ကကျွေးတဲ့ မုန့်လုံးရေပေါ် စားကြတယ်။

ပူစူးတို့က ခင်ဗျားကို ရိပ်မိတယ်။ လေးလေးဖော်နဲ့ ဒီလောက်ကြီးလည်း မတွဲဘဲနဲ့ ဒီနောက်ပိုင်းမှ လာရောနေတဲ့ခင်ဗျားကို လေးလေးဖော်ကလည်း သိနေတယ်။ ညိုလည်း သိနေတဲ့ကိစ္စကြီးမှာ ခင်ဗျားက အေးစက်နေတာ ဘာသဘောလဲ။

မုန့်လုံးရေပေါ်စားပြီး ကားပေါ်ပြန်တက်ခါနီးဆဲဆဲ...

"သား ... သားကို ညီလေး ရေပက်ချင်တယ်"လို့ ခင်ဗျား တီးတိုးကပ်ပြောလိုက်တော့ ညို ကြက်သီးတွေထပြီး ရှက်သွားတယ်။ ထုံးစံအတိုင်းပဲ ...

"ဘာဖြစ်လို့ ပက်ရမှာလဲ"လို့ ဟောက်ထည့်ပစ်လိုက်တယ်။ ညိုကပဲ "ပက်ပါ"လို့ ခွင့်ပြုနေရဦးမှာလား ဦးမင်းသော်ကြီးရာ။ ညို ရှက်သေးတာပေါ့၊ ခွင့်တောင်းမနေဘဲ ဖြန်းခနဲပက်ထည့်လိုက်ရင် ခင်ဗျား ကြီးတော်ကြီး အနိစ္စရောက်သွားမှာစိုးလို့လား။ ဒုက္ခပါပဲဗျာ။

"တို့ကို လုံးဝမခင်ဘူးလား ... သား"လို့ မျက်လုံးတွေ မှုန်မှိုင်းပြီး မေးတော့ ရင်ထဲက အဖြစ်အပျက်နဲ့ ဆန့်ကျင်စွာ "ဝေးလိုက်သေးတာဗျာ"လို့ ညို ပြန်ပြောလိုက်မိတယ်။

"တို့က ညို့ကို သိပ်ခင်လို့ပါ"





"မယုံပါဘူး၊ စိတ်လည်း မဝင်စားဘူး"

"တို့ကတော့ မြို့ထဲမှာ တွေ့ကတည်းက အရမ်းစိတ်ဝင်စားသွားမိတယ် သားရယ် သိပ်မစိမ်းကားပါနဲ့၊ တို့ကို နည်းနည်းပဲဖြစ်ဖြစ် ခင်စမ်းပါ၊ တို့မှာ အချိန်မရှိလို့ပါ"

ခင်ဗျားစကားကို သိပ်နားမလည်ဘူး၊ အချိန်လုပြီး ညိုက ခင်ပေးရမလို ဖြစ်မနေဘူးလား။ အချိန်မရှိလို့ဆိုတဲ့စကားကို သိပ်မကျေနပ်လို့ ညို စိတ်တိုသွားတယ်။ ကိုင်ထားတဲ့ဖလားကို ရေစည်ထဲဆောင့်ချပြီး ခြံထဲဝင်ခဲ့မိတယ်ဗျာ။

ခင်ဗျားတို့ကား ထွက်သွားပြီးမှ ညို ပြန်ထွက်လာတယ်။ ညို လုပ်လိုက်ပုံကြောင့် ခင်ဗျား အနည်းအကျဉ်းတော့ ရှက်သွားနိုင်တယ် ထင်ပါရဲ့။ ညို နောင်တရသလိုလိုပါပဲ။

ဒါပေမဲ့ ယောကျ်ားတစ်ယောက်ကို လိုက်လျောအခွင့်အရေးပေးရမှာ ညို အလေ့အကျင့် မရှိဘူး။ ကြိုးစားရဦးမှာ။ လောလောဆယ်ကတော့ နီလာတို့ကို ကောင်းကောင်းရှုတ်ချထားဖူးတဲ့အတွက် ခင်ဗျားကို ချစ်ပုံပြမိဖို့ ညို အားမွေးရဦးမယ် ဦးမင်းသော်ရာ။

ဒီသင်္ကြန်လေးရက်ကို ညို မမေ့နိုင်တော့ဘူး။ ခင်ဗျားနဲ့တွေ့ရလို့ ဆိုပါတော့ဗျာ။ နှစ်ဆန်းတစ်ရက်နေ့က ညို ဖုန်းစောင့်တယ်။ မလာဘူး။ ဆက်လိုက်ဖို့ ကောင်းပါတယ်ဗျာ။ နောက်တစ်ရက်လည်း ဖုန်းမလာဘူး။ ညို ငိုတောင် ငိုချင်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား သိပါ့မလား။

ညို့ဘဝမှာ ငိုစရာအကြောင်းအရာ သိပ်မရှိခဲ့ဘူး။ အစစအရာရာ ပြည့်စုံနေတာကိုး။ မှတ်မိသလောက် စိတ်မထိခိုက်ဖူးဘူး။ ဝမ်းမနည်းဖူးဘူး။ ဒါပေမဲ့ ခုတော့ ညို စိတ်ထိခိုက်လာသလိုပဲ။ ပူစူးဆီလည်း ဖုန်းဆက်မမေးရဲဘူး။ ညို့ဒုက္ခ ဘယ်လောက်ကြီးသလဲဗျာ။

ဆယ့်ကိုးရက်နေ့ကျတော့ ညို နေထိုင်မရတော့ဘူး ဦးမင်းသော်ရယ်။ ပူစူးဆီ ဖုန်းဆက်တယ်။ ခင်ဗျားအကြောင်း မရောက်,ရောက်အောင် လှည့်ပတ်ဆွဲယူပြောရတယ်။

"အဲဒီ ဦးမင်းသော်ကြီးက သနားပါတယ်ဟာ၊ နင့်လိုယောက်ျားမ,ကိုမှ ကြိုက်မိရှာတာကိုး"ဟု ပြောပြီး ပူစူးက ရယ်မောနေလေရဲ့။ ညို မရယ်နိုင်ဘူး။

"ငါ့ကိုကြိုက်တယ်လို့ ဘယ်သူပြောလဲ၊ ရောတာပါ" လို့ ခပ်ပေါ့ပေါ့ ပြောလိုက်ရင်း ရင်ထဲကတော့ ဝမ်းသာနေမိတယ်ဗျာ။

"လေးလေးဇော်ကို သူ့ပါးစပ်က ပြောတာပဲဟာ၊ လေးလေးဇော်ကလည်း ငါ့ကို တီးခေါက်တာပဲဟာ၊ ငါက လုံးဝငြင်းပစ်လိုက်တာပေါ့၊ ညိုက ရည်းစားလုံးဝထားမှာမဟုတ်ဘူးလို့၊ သူငယ်ချင်းတွေ ရည်းစားထားရင်တောင် ရှုတ်ချတာလို့"

"အဲဒီတော့ ဘာတဲ့လဲ"





"နင်က ဘာကိစ္စ မေးတာလဲ"

"အောင်မာ ... မဖြေလဲနေပေါ့၊ စကားရှိလို့ မေးတာ"

"အေးပါ ... ဖြေပါ့မယ်၊ ငါ ပြောရင် နင်က အောင်သွယ်တယ်ထင်ပြီး ဟောက်မှာစိုးလို့ ငါက ဘာမှဝင်မပြောတာ၊ ဦးမင်းသော်က လုံးဝရည်းစားမထားဖူးသေးတာတဲ့ အသက်နှစ်ဆယ့်ခုနစ်နှစ်ရှိပြီ၊ နင့်ထက်ဆို ရှစ်နှစ်လောက်ကြီးမယ် ...

"နင့်ကို မြင်မြင်ချင်းကတည်းက အရမ်းချစ်သွားတယ်တဲ့၊ ငါတို့ အလောင်းအစားလုပ်ပြီး ညီလေးတွေသားတွေ နင် သွားလုပ်တာမှန်း သိတော့ နင့်ပုံစံလေးကို ချစ်လွန်းလို့ဆိုပြီး တအားလည်း ရယ်တယ်"

ညို ခင်ဗျားကို သိပ်လွမ်းသွားတယ်။ ရယ်နေမယ့်ခင်ဗျားရဲ့ပုံလေးကိုလည်း မြင်ယောင်မိပါရဲ့ဗျာ။ ပူစူးကို ပြောသင့်မပြောသင့် ချိန်ဆရင်း ညို လက်ဖျားတွေတောင် ချွေးထွက်လာတယ် ဦးမင်းသော်ရာ။ အဲဒီ လူကြီးကို ငါ ချစ်နေပြီလို့ ပြောလိုက်ချင်တာလည်း ညို့လျှာတွေ ယားနေပြီ။

"နင် သိပ်စိတ်ညစ်မနေပါနဲ့၊ အနှောင့်အယှက် မရှိတော့ပါဘူး၊ သူလည်း ရှိမှမရှိတော့တာ၊ နင်က လုံးဝယောက်ျားယူမယ့်သူ မဟုတ်ဘူးလို့လည်း ငါပြောလိုက်ပြီ"

ပူစူး ပြောလိုက်တဲ့ စကားကြောင့် ညို ထူပူသွားတယ်။ "ဘာလို့ မရှိတာလဲ"လို့ ကမန်းကတန်း ပြန်မေးလိုက်တဲ့အသံက ကျယ်တောင်ကျယ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သွားပြီလေ ... ဒီညနေပဲ၊ သူက သင်္ဘောတစ်ခေါက် ပြန်လာထားတာ၊ အခု ဒုတိယအခေါက် ပြန်ထွက်သွားပြီ၊ ခုလောက်ဆို ဗန်ကောက်မှာ ရှိနေမှာ၊ နင်ပူမနေနဲ့တော့၊ စိတ်အေးအေးထား"

ညို ဘယ်လိုဖြစ်သွားမှန်း မပြောတတ်တော့ပါဘူး ဦးမင်းသော်ရာ။

နှလုံးသားတစ်ခုလုံး ပြုတ်ကျသွားသလို ခံစားရတယ်။ လှကဲခတ် ညှို့လှချည်လားဗျာ။

ပူစူးပြောသလို စိတ်အေးအေးထားဖို့ဆိုတာ ဘယ်ဖြစ်နိုင်တော့မှာလဲ။ ညို မျက်ရည်ကျတယ်ဗျာ။ ငိုမိတယ်။ ဘယ်သူသိသိမသိသိ ခုမှတော့ ဟန်ဆောင်မနေနိုင်တော့ဘူး။

ခင်ဗျားအပေါ် သံယောဇဉ်တစ်မွေ့တစ်ပိုက်နဲ့ ညို တွယ်တာမိတာ ခင်ဗျား သိမသွားတော့ဘူးပေါ့ ဦးမင်းသော်ရာ။ ညို သိပ်ချစ်မိတာကို ခင်ဗျားကို မပြောနိုင်တော့ဘူးပေါ့ဗျာ။

ခုချိန်မှာတော့ ခင်ဗျားသိအောင် ညို ဘယ်လိုပြောရတော့မှာလဲ။ ဘိုကေဆံပင်ညှပ်ထားပြီး ရုပ်အကျိုးဝတ်တတ်တဲ့ ညိုညိုဆိုတဲ့ ကောင်မလေးတစ်ယောက် ရင်ထဲမှာ သာမန်မိန်းကလေးတွေလိုပဲ ကြင်နာသဘောကောင်းတတ်တဲ့ အသက်ကြီးကြီးယောကျာ်းတစ်ယောက်အပေါ် တွယ်တာ သံယောဇဉ်ဖြစ်တတ်မယ့်စိတ် ရှိလိမ့်မယ်လို့ ခင်ဗျား မသိနိုင်တော့ဘူး။





မသိအောင်ဘဲ ညိုက နေခဲ့မိတာကိုဗျာ။ ခုတော့ ညို ငိုရပြီဗျာ။ ညို ခင်ဗျားအသံကို ကြားချင်သေးတယ်။ ခင်ဗျားကို မြင်ချင်သေးတယ်။

ခုမှကျတော့ အချိန်နှောင်းသွားပြီ။ ညိုက လိုအပ်ခဲ့တာတွေလည်း ရှိတော့ရှိပါတယ် ဦးမင်းသော်ကြီးရယ်။ ဒါပေမဲ့ ခင်ဗျားကိုကလည်း ညှဲလွှန်းအားကြီးပါတယ်ဗျာ။

♥ ✧ ♥

www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

မေတ္တာလိုချင်



www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာလိုချင်

မိခင်မေတ္တာ ငတ်မွတ်ခဲ့ရတဲ့ မိန်းကလေးတစ်ယောက် မိခင်အပေါ်ထားရှိတဲ့ မသိစိတ်ရဲ့ချစ်ခြင်းနဲ့ သိစိတ်ရဲ့နာကြည်းမှုတို့ အားပြိုင်ခြင်း အကြောင်းလေးပါ။ မျှော်လင့်ချက်လေး တစ်ကြိမ်ရိုက်ချိုးခံခဲ့ရလို့ မိခင်ဖြစ်သူကို ခပ်စိမ်းစိမ်းပဲနေတော့ဖို့ မာန်တင်းထားတဲ့ သမီးတစ်ယောက်ရဲ့ ရင်တွင်းပဋိပက္ခကို ရေးဖွဲ့ခဲ့ပါတယ်။

၁၉၈၉ ခုနှစ် ဩဂုတ်လ ပေယ်ဖြူမဂ္ဂဇင်းမှာ ဖော်ပြခဲ့ပါတယ်။

♥ ✧ ♥

www.burmeseclassic.com

www.burmeseclassic.com

(၁)

"ဒီမှာ ကျော် ... သူ့ကို သွားတွေ့ဖို့ နောက်တစ်ခွန်းထပ်ပြီးတိုက်တွန်းရင် ကျော်နဲ့နန္ဒာ အပြတ်ပဲလို့သာ ယုံကြည်ထားလိုက်တော့၊ နန္ဒာ့ကို မှားတယ် မှန်တယ် ကျော် မဝေဖန်ပါနဲ့၊ ကျော့်လို ဘေးလူတစ်ယောက်ဘက်ကမြင်တဲ့ အမှန်အမှား ဆိုတာဟာ နန္ဒာ့လို ကာယကံရှင်ကမြင်တဲ့ အမှန်အမှားဆိုတာနဲ့ ခြားနားရင် ခြားနားနေမှာပေါ့။ ဒီလောက်ကိုမှ ကျော်က နားလည်မပေးနိုင်ရင် တစ်ဘဝလုံး လက်တွဲသွားရမယ့် အဖော်တစ်ယောက်အဖြစ် ကျော့်ကို ရွေးချယ်ယုံစားထားမိတာ မှန်မှ မှန်ရဲ့လားလို့ နန္ဒာ ပြန်စဉ်းစားမိလိမ့်မယ်"

စကားဆုံးသည်နှင့် ပါးလွှာသော နှုတ်ခမ်းချပ်နှစ်ခုကို တင်းတင်းစေ့ကာ ပိတ်ပစ်လိုက်ပြီး ကျော့်ရှေ့မှ နန္ဒာ လှည့်ထွက်ခဲ့သည်။ ခြေစုံရပ်ပြီး ကျန်ရစ်ခဲ့သော ကျော့်ကို လုံးဝလှည့်မကြည့်တော့။ အဆောင်ထဲ ပြန်ရောက်တော့မှ အိမ်ရှေ့ ဘားချာ



www.burmeseclassic.com

www.burmeseclassic.com



သံတံခါးကို ဂျိမ်းခနဲမြည်အောင် ဆွဲပိတ်ရင်း စိတ်ပျက်မှုနှင်း နေသော ကျော့်မျက်နှာကို တစ်ချက်တော့ လှမ်းကြည့်လိုက်သည်။

ခေါင်းကို မသိမသာ ယမ်းခါရင်း အဆောင်အိမ်ရှေ့ ရာ ခြံဝင်းထဲမှ ကျော် ထွက်ခွာသွားတာကို ကွယ်ပျောက်သည်ထိ စောင့်ကြည့်မနေတော့ဘဲ ကိုယ့်အခန်းရှိရာကို ပြန်အလာ ဧည့်ခန်း ကိုအဖြတ် အခန်းဖော် နုနုနှင့် သူ့အမေ စကားထိုင်ပြောနေတာ ကို မကြည့်ဘဲ မြင်သည်။

သူတို့စားပွဲပေါ်က ကြွပ်ကြွပ်အိတ်ထဲမှာ နုနုအမေ ထာဝစဉ် ယူလာနေကျ သရက်သီးသနပ်ပုလင်း၊ ငါးခြောက်ကြော် ပုလင်း၊ ဝက်အူချောင်းထုပ်တို့နှင့်အတူ ရာသီစာ အသီးအနှံတစ် မျိုးမျိုး ပါပေလိမ့်မည်။ နုနု ထံမှ ခွဲဝေစားနေကျမို့ ဖွင့်မကြည့် လည်း နန္ဒာ သိနေပါပြီ။

"နန္ဒာရေ ... မနက်စောစော မေမေနဲ့ ဘုရားတက်မလို့ လိုက်နော်"

စကားမပြောချင်တာမို့ ခေါင်းငုံ့ကျော်ဖြတ်ကာ နုနုက လှမ်းအော်ပြောလိုက်တာမို့ ခေါင်းပြန်လှည့်ကြည့်ကာ ပြီးစလွယ် ခေါင်းညိတ်ပြလိုက်ရသည်။

"မေမေက သန်ဘက်ခါ ပြန်မှာ၊ ဒီတစ်ခါ ကြာကြာမနေ ဘူးတဲ့"

နုနုစကားကို ခေါင်းဆတ်ကာ နုနုမိခင်ကို ခင်မင် ရင်းစွဲမို့ ပြုံးပြီးနှုတ်ဆက်လိုက်ရသည်။ အသားညိုညိုမှာ သနပ်ခါး





စင်းထင်အောင် လူးထားသော နုနုမိခင်၏မျက်နှာက ကြည်လင် သောအပြုံးနှင့် နူးညံ့နေသည်။ အိရှန်ရင်ဖုံးအင်္ကျီနှင့် ပါတိတ်လုံချည် ကို ရိုးရိုးဝတ်ထားကာ ဘီးဆံပတ်နှင့် ဖြစ်ပေမယ့် ကြည့်လို့ကောင်း နေသည်။ နုနု မျက်စိထဲမှာတော့ သူ့မေမေကို သိပ်လှသည်ထင် မှာပဲဟု စိတ်က ယုံကြည်နေသည်။ ရုပ်မချောပေမယ့် နန္ဒာ့မျက်စိ ထဲမှာလည်း နုနုအမေကို လှသည်ဟု လက်ခံချင်သည်။ ဘာကြောင့် လဲဆိုတော့ သူမ မျက်ဝန်းတွေထဲမှာ နူးညံ့သိမ်မွေ့သော မေတ္တာ တရားကို တွေ့သာမြင်သာ နေလို့ပါပဲ။

"ဒေါ်ဒေါ်က အလုပ်လည်း တစ်ဖက်ရှိသေးတာကိုး သမီး ရယ်၊ ဟိုမှာလည်း ကလေးအငယ်တွေချည်း ကျန်ရစ်တာ၊ အငယ်တွေက ဒေါ်ဒေါ့်စကားမှ နားထောင်တာ၊ အဘွားကို တော့ မကြောက်ကြဘူး သမီးရဲ့၊ ဒီ နုနု တစ်ယောက်ကို တောင် ရန်ကုန်မှာ တစ်ယောက်တည်း ထားရတာ စိတ်က မဖြောင့်ဘူး၊ နန္ဒာတို့လို အဖော်ကောင်းကောင်းနဲ့ အတူ နေနေရတာမို့သာ စိတ်မချချင် ချချင်နဲ့ ချထားရတာ၊ ဟို တလောက နုနု အစာအိမ်ပြန်ဖြစ်တုန်း နန္ဒာက ညီအစ်မ လို ပြုစုတယ်လို့ နုနုက ပြောပါတယ်၊ ဒေါ်ဒေါ် ကျေးဇူး တကယ်တင်ပါတယ်ကွယ်"

"ရပါတယ် ဒေါ်ဒေါ်၊ တစ်ခန်းတည်း နေနေကြတာ၊ တစ်ယောက်ဖြစ်ရင် တစ်ယောက်က ကူရမှာပါ၊ နုနုကို စိတ်ချပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူက အချိန်မှန် မစားမသောက်နဲ့ တေတယ်ကွယ်၊ နန္ဒာရှိတော့ ဒေါ်ဒေါ် စိတ်ချပါတယ်ကွယ်၊ ငါးခြောက်ကြော် နန္ဒာလေးလည်း ကြိုက်တယ်ဆိုတာနဲ့ ဒီတစ်ခါ ဒေါ်ဒေါ် များများကြော်ခဲ့တယ်၊ ယူစားနော် သမီး"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

မျက်ရည်ရစ်ဝဲချင်နေပြီဖြစ်သည့် မျက်လုံးကို ကြမ်းပေါ်စိုက်ချကြည့်ရင်း ခေါင်းကိုသာ ညိတ်လိုက်ရသည်။ ကျော်ပြောသွားသည့် စကားတွေကို တစ်လုံးချင်း တစိမ့်စိမ့် ပြန်တွေးကာ အိပ်ရာထဲ ခွေခေါက်နေချင်ပြီမို့ ...

"ဒေါ်ဒေါ် ... နန္ဒာ မီးပူတိုက်စရာလေးတွေ ရှိသေးလို့ နန္ဒာ့ကို ခွင့်ပြုပါဦး"ဟု ဖွတ်စကားစဖြတ်လိုက်ရသည်။ နုနုတို့သားအမိ ကျောဘက်မှာ စကားကောင်းရင်း ကျန်ရစ်ကြသည်။ တစ်ခါတစ်ရံမှ တွေ့ရတော့လည်း ပြောစရာမကုန်နိုင်သေးဘူးပေါ့။ ဒါလောက်နှင့်ပင် နုနုက မကျေနပ်နိုင်သေးဘဲ အခန်းထဲပြန်ရောက်လျှင် သူ့အမေနှင့် ပြောစကားတွေအကြောင်း ပြန်စားမြုံ့ပြန်ပြီး နန္ဒာ့ကိုပါ ရယ်ကာမောကာ ထပ်ပြောပြနေတတ်သေးသည်။

တစ်ခါတစ်ရံတော့ သူပြောချင်နေတာ ပြောပါစေလေဟု နားထောင်ပေးမိတတ်ပေမယ့် တစ်ခါတစ်ရံတော့လည်း နားငြီးလာရကာ "ကဲ ... မမောသေးဘူးလား နုနုရယ်"ဟု ဖွတ်ပင် စကားပိတ်ပစ်ရသည်။ ဒီညလည်း ကြားရဦးမှာမလွဲ။





စိတ်ပျက်ခေါင်းနောက်စွာနှင့် ခုတင်ပေါ် နန္ဒာလှဲချလိုက်ရင်း ခေါင်းထဲကို အတွေးတွေ အစီအရီ တိုးဝင်လာသည်။ ကျော့်မျက်နှာ မှုန်မှုန်ကိုလည်း မြင်ယောင်သည်။ နန္ဒာ့အကြောင်းကို အစမှအဆုံးထိ အားလုံးသိထားသူမို့လည်း နန္ဒာ့ကို နားလည်အစာနာဆုံးသူတစ်ယောက် ဖြစ်လိမ့်မည်ဟု နန္ဒာထင်စားခဲ့သည်။ နန္ဒာ့အလိုဆန္ဒတွေကို လိုက်လျောတတ်သူ တစ်ယောက်မို့လည်း နန္ဒာ စိတ်အနှောင့်အယှက်ဖြစ်ရမည့် ကိစ္စမျိုး သူ ဘယ်တော့မှ တိုက်တွန်းစကား အတင်းအကျပ်ဆိုမည် မဟုတ်ဟု ယုံကြည်ခဲ့သည်။

နန္ဒာ့သဘောဆန္ဒကို ဘယ်တုန်းကမှ ဆန့်ကျင်ငြင်းဆိုခြင်း မရှိခဲ့သော ကျော်က ခုတစ်ခါမှ ဘာကြောင့် နန္ဒာ့ဆန္ဒဘာင်းမဲ့သော ကိစ္စတစ်ရပ်ကို ဖွတ်စေခိုင်းချင်ရတာလဲ၊ နန္ဒာမှားသည်ဟု ဘာကြောင့် ဝေဖန်ချင်ရတာလဲ ကျော်ရယ်။ မိရယ်ဘရယ်လို့ တစ်ယောက်မှ မရှိတော့တဲ့အချိန်မှာ ကျော့်ကိုသာ မိတ်ဆွေသူငယ်ချင်းလိုရော၊ ဆွေမျိုးသားချင်းလိုရော၊ ချစ်သူလိုပါ အားကိုးချစ်ခင်စိတ် ပုံထားခဲ့ရတာ။ နန္ဒာ့ကို ကျော် ဘယ်လောက် သည်းညည်းခံ ချစ်နိုင်သလဲဆိုတာကိုလည်း နန္ဒာအသိဆုံးမို့ နန္ဒာ မကြိုက်နှစ်သက်သော စကားတစ်ခွန်းလောက် ပြောရုံနှင့်တော့ ကျော့်အပေါ် သံယောဇဉ်ပြယ်သွားနိုင်မှာမဟုတ်။

သို့ပေမဲ့ ကျော့်စကားကြောင့် နန္ဒာ ရင်နာသည်။ အနာတရ ရှိနှင့်ပြီးတဲ့ နှလုံးသားပါ ကျော်ရယ်။ ဒီဒဏ်ရာဟာ အသက်လည်း ရင့်လှပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခုတစ်ခဏမှ ကောက်ငင်ခံစားထားလိုက်ရတာမျိုး ဆိုလျှင်တောင် နန္ဒာ ဒီလောက်အထိ ရင်နာရမှာ မဟုတ်ပါ။ ကျော် ဘာမှမသိလို့ ပြောမိတာဆိုလျှင်လည်း နန္ဒာ ဒီလောက် အထိ ရင်နာရမှာ မဟုတ်ပါ။ အခုတော့ အရာရာ သိခဲ့ပြီးသား ဖြစ်သော နန္ဒာနှင့်ထပ်တူ ခံစားကာ နန္ဒာ့ကို သနားကြင်နာလှပါ သည်ဟု ဆိုခဲ့ဖူးသော ကျော့်လို လူတစ်ယောက်က အံကြိတ် စူးစူးရဲရဲကြည့်ကာ "မင်း လုံးဝမှားနေပြီ နန္ဒာ"ဟု လေသံမာနှင့် ပြောရက်ပြီ။

ငယ်ကတည်းက ဝမ်းနည်းအားငယ်တတ်သူမို့ နန္ဒာ တုန်လှုပ်စွာ ဝမ်းနည်းသည်။ သို့ပေမဲ့ တစ်သက်လုံး ရင့်မာခဲ့ပြီး သော နန္ဒာ့ရင်ထဲက ဒဏ်ရာကို ဘယ်လိုမှ ကုသဖြေဖျောက်ဖို့ မလွယ်တော့တာမို့ ကျော်က မှားယွင်းမိုက်မဲသူအဖြစ် နန္ဒာ့ကို စွန့်ပစ်ခဲ့လျှင်တောင် ငိုယိုကျန်ရစ်ရုံအပြင် နန္ဒာ ဘာတတ်နိုင်မှာလဲ။

နန္ဒာ သူ့ကိုမတွေ့လို့ မရဘူးလား ကျော်ရယ်။ နန္ဒာ့အပေါ် ရက်စက်ခဲ့ဖူးသူတစ်ယောက်။ ဆေးရုံပေါ်မှာ နောက် ဆုံးရက်ကို စောင့်နေရပြီဆိုတဲ့ အဖြစ်ကို ရင်ကွဲအောင် ငိုကြွေး ပူဆွေးနေရသည်ဆိုလျှင် မလုံလောက်ဘူးလား။

သူ့ကို နန္ဒာ သွားတွေ့ရဦးမည်၊ တောင်းပန်ရဦး မည်ဆိုလျှင်မှ သူက ကျေနပ်မတဲ့လား။ သူ့ကို နန္ဒာ ဘယ်လောက် ထိ မျှော်လင့်ခဲ့ဖူးသလဲ။ ကျော်လည်း အသိပင် မဟုတ်လား။





သူကသာ နန္ဒာ့ကို ရက်စက်လွန်းစွာ စွန့်ပစ်ခဲ့သူ။ နန္ဒာ့ကို အသိ အမှတ်မပြုသူ။ နန္ဒာတို့မိသားစုဘဝလေးကို ဖျက်ပစ်ရက်ခဲ့သူပါ။

♥ ✧ ♥

(၂)

"ဟယ် ... ဦးမြအောင် သားကဟာ ကိုကျော်ကျော် မဟုတ်လား"

နုနုက လွှတ်ခနဲပြောတာမို့ နန္ဒာ လှမ်းကြည့်လိုက် မိသည်။ ဝေလီဝေလင်းမို့ မြူတွေ ခပ်ပါးပါး ပိတ်ဆီးနေကာ သိပ်မသဲကွဲပေမယ့် ကျော်မှန်းတော့ သေချာသည်။ နုနုအမေက လည်း လှမ်းပြီးအကဲခတ်သည်။ နုနုအမေ တည်းခိုသည့်အိမ်က ဒီလမ်းထဲမှာပဲ။ လေးငါးအိမ်သာ ကျော်တာမို့ ဒီနေ့မနက်စော စော သူ့ဘာသာသူထကာ အဆောင်ကိုလာသည်။ ဒေါ်ဒေါ် လာ တော့ နန္ဒာနှင့် နုနုက မျက်နှာသစ်ဆဲ။ ဒေါ်ဒေါ်က စောင့်နေရ ပြီးမှ ခုမှပင် ထွက်လာဖြစ်ကြသည်။

"စောစောစီးစီးကြီး ရောက်နေပါလား၊ ညကလည်း ဖုန်း ဆက်တာ နန္ဒာက အိပ်နေပြီလို့ ပြောခိုင်းလိုက်တော့ သူ စိတ်ညစ်သွားတာသိလား၊ ဘာလဲ ... စိတ်ကောက်နေကြ တာလား"



www.burmeseclassic.com

www.burmeseclassic.com



"မကောက်ပါဘူး နုနုရယ်"

မျက်နှာမကြည်လင်တာကိုတွေ့တော့ နုနုက ဘာမှ ဆက်မပြောတော့။ နန္ဒာတို့က ခြံတံခါးဝကိုလာနေတာမို့ ဒရဝမ်ကြီး ဦးမြအောင်နှင့်ရော ကျော်နှင့်ပါ တစ်စ တစ်စ နီးကပ်လာသည်။ မကြာခင်ဘဲ နန္ဒာ့ကို ကျော် မြင်သွားကာ ဦးမြအောင်ကို တစ်စုံတစ်ရာ လှမ်းပြောပြီး နန္ဒာရှိရာ အပြေးရောက်လာ၏။

"တော်ပါသေးရဲ့၊ ဦးမြအောင်က အဆောင်ဖွင့်ချိန် မဟုတ်လို့တဲ့၊ အမျိုးသမီးဧည့်သည် ဆိုရင်တော့ ဖွင့်ပေးလို့ရပါတယ်တဲ့၊ အမျိုးသားဧည့်သည်ဆိုတော့ ဖွင့်ပေးလို့မဖြစ်ဘူးဆိုတာနဲ့ လှည့်ပြန်ရတော့မလို့"

နန္ဒာတို့က ခြေလှမ်းမရပ်ဘဲ ဆက်လျှောက်လာကြတာမို့ ကျော်လည်း ဘေးကပါလာသည်။ ပြောသင့် မပြောသင့် ဘေးလူနှစ်ယောက်ကို ချိန်ဆနေပုံနှင့် ကျော် ပါးစပ်ပြင်နေတာကို သိတာမို့ ...

"ကျော် ... ဘာပြောမလို့လဲ"ဟု နန္ဒာက စကားစ ဖွင့်ပေးလိုက်သည်။

"နန္ဒာ စိတ်ဆိုးရင်လည်း ဆိုးတော့ကွာ၊ ဒီနေ့တော့ ဆေးရုံကို လိုက်ခဲ့ပါ နန္ဒာရယ်၊ ညကလည်း အခြေအနေဆိုးလို့ ဆေးရုံက ဖုန်းလာတာနဲ့ သူတို့အိမ်က လိုက်သွားတယ်၊ နောက်ဆုံးအချိန်မှာတော့ ဘာပဲဖြစ်ဖြစ်"





"နန္ဒာ နားမထောင်ချင်တော့ဘူး ကျော်၊ ကျော် ဆက်လည်း မပြောနဲ့တော့၊ ဆက်လည်း လိုက်မလာနဲ့တော့"

နန္ဒာ့စကားသံက ကျယ်သွားတာမို့ နုနုတို့သားအမိငဲ့ကြည့်သည်။ ကျော်က ဖွတ်ပင်ဆက်လိုက်လာကာ ထပ်မံသိမ်းသွင်းစကားဆိုဖို့ ကြိုးစားသည်။ ရှန်းရင်းဆန်ခတ်လာမှု အခြေအနေတင်းမာလာတာမို့ နုနုအမေက စိတ်မသက်မသာနှင့် ကျော့်ကို ကြည့်ပြီး ...

"သားရယ် ... ဘယ်ကိုပဲဖြစ်ဖြစ် မိန်းကလေးက သဘောမတူရင် မလိုက်ပါစေနဲ့လား၊ နောင်မှ အေးအေးဆေးဆေး ဆွေးနွေးခေါ်ယူပေါ့၊ ခုဟာက မနက်စောစောစီးစီးကွယ်၊ ဒေါ်ဒေါ်တို့ကလည်း ဘုရားသွားကြမလို့ပါ"

လူကြီးတစ်ယောက်က ဝင်ပြောပြီမို့ ကျော် အားနာဟန်ရှိသည်။ နန္ဒာ့ကို ရူးရူးစိုက်စိုက် တစ်ချက်ကြည့်ပြီး ...

"သေဖို့ပဲရှိတော့တဲ့ အခြေအနေမို့ ဒီလောက်ထိ ကိုယ်ဝင်ပြောနေရတာ နန္ဒာ၊ အားလုံးပြီးသွားတဲ့အခါကျမှ နန္ဒာနောင်တရနေမှာစိုးလို့၊ ဒါပါပဲ နန္ဒာ၊ ကိုယ် ဖွတ်မခေါ်တော့ပါဘူး၊ သူကိုယ်တိုင်က နန္ဒာ့ကို တွေ့ချင်တယ်လို့ တဖွဖွတောင်းဆိုနေပြီဆိုတော့ နန္ဒာ့မှာ သံယောဇဉ်ကလေး နည်းနည်းရှိရင်တောင် သွားသင့်တယ် ထင်လို့ပါ၊ နန္ဒာ့ ရင်ထဲမှာ ဒါနဲ့ပတ်သက်ပြီး ဘယ်လိုမှ မနေဘူးဆိုလဲ



www.burmeseclassic.com

www.burmeseclassic.com



ပြီးတာပါပဲ၊ နောက်မှ ဆုံးဖြတ်ချက် ပြင်ချင်ရင်တော့ ဘယ်သူမှ မတတ်နိုင်တော့ဘူး နန္ဒာ၊ ကိုယ်သွားမယ်”

မျက်နှာမသာမယာနှင့် ကျော် လှည့်ထွက်သွားချိန်မှာ နန္ဒာ စတင်မျက်ရည်ဝိုင်းသည်။ ကျော်ကိုယ်တိုင်လည်း ပူပန်သောက ရှိနေမှာ။ သူတို့နှင့်က ခြချင်းကပ်လျက် ခင်ခင်မင်မင်နေကြတာပဲ။ ခုလည်း ဆေးရုံကိစ္စ ဝေယျာဝစ္စတချို့မှာ ကျော်တို့မိသားစုပါ ပါဝင်ကူညီနေရတာ။

ကျော့်မေမေက နန္ဒာနှင့်တွေ့လျှင် ဆုံးမစကားတစ်ပုံတစ်ပင်နှင့်အတူ နန္ဒာ့ရင်ထဲမှ အစိုင်အခဲတွေကို ကျိတ်ချေဖျက်ပြီဖို့ ကြိုးစားတတ်မြဲ။ ယောက္ခမလောင်းကို မိခင်လို သဘောထားချစ်ရသော နန္ဒာက ခွန်းတုံ့မလှန်ချင်တာနှင့်ပဲ ခေါင်းငုံ့ငြိမ်သက်နားထောင်နေရတတ်မြဲ။

သို့ပေမဲ့ နန္ဒာ့ဘဝ နုနုစင်စင်ကလေးကိုပါ အမည်းစက် စွန်းထင်းကျန်ရစ်စေခဲ့ရက်သူကို ကြောက်ရွံ့မနှစ်မြို့စိတ်ကရင်ထဲအမြစ်တွယ်ခဲ့တာကြာပြီ။ မှားကောင်း မှားယွင်းနေမည်ဖြစ်ပေမယ့် နောင်ခါမှသာ အမှား၏ဆိုးကျိုးဒဏ်ကို ခံရရင် ခံရပါစေ။ လောလောဆယ်မှာတော့ ဦးနှောက်က လက်သင့်ခံနိုင်သလောက် နှလုံးသားက လက်သင့်မခံနိုင်သေး။ ပတ်ဝန်းကျင်မှရိုက်ခတ်ချိုးနှိမ်မှုဒဏ်ကို အလူးအလဲ ခံစားခဲ့ဖူးသော နှလုံးသားမို့ဝန်လေးနေရဆဲ။





“ဒေါ်ဒေါ် နန္ဒာ ဘုရားထိ မလိုက်တော့ဘူး၊ သိပ်နေမကောင်းလို့ အခေါင်ပြန်တော့မယ်”ဟု နှုတ်ဆက်စကားရှုတ်တရက် ဆိုလိုက်မိသည်။

“ဘာဖြစ်လို့လဲ သမီး”

“နန္ဒာ ဒူးတွေလည်း ချောင်လာသလိုပဲ ဒေါ်ဒေါ်၊ လမ်းဆက်မလျှောက်နိုင်တော့ဘူး၊ ခွေလှဲနေလိုက်ချင်တယ်”

ပြောရင်းက မျက်ရည်ပေါက်တွေ ပါးပြင်ပေါ် ဒလဟော စီးကျသည်။ မျက်စိထဲမှာ ဆေးရုံခုတင်ပေါ်မှာ သူ ဘယ်လိုဖြစ်နေမှာပါလိမ့်ဟု တွေးတောပုံဖော်နေမိလျက် မမြင်ယောင်ရက်သော စိတ်ဒုက္ခတစ်မျိုးနှင့် ပူလောင်လာသည်။ လမ်းမပေါ်မှာမို့ လက်ကိုင်ပဝါကို နှာခေါင်းနားအုပ်ကာ ဟန်ဆောင်တင်းထိန်းထားရပေမယ့် မြေပေါ်လူးလိမ့် ငိုကြွေးလိုက်ချင်စိတ်က တစ်စတစ်စ အုံကြွလာသည်။ ဘာကိုမှန်းမသိ။ နာကြည်းယူကျုံးမရစိတ်က ပင်ပန်းဆင်းရဲလွန်းလှပါလား။

“လမ်းမလျှောက်ချင်ရင် ကားငှားပြီး သွားလိုက်တာပေါ့ကွယ်၊ ဘုရားဝတ်ပြုပြီးရင် သမီးမှာရှိနေတဲ့ ပြဿနာကို ဒေါ်ဒေါ့်ကို ပြောပြပါလား၊ နန္ဒာ့ကိုလည်း ဒေါ်ဒေါ်က သမီးလေးလို သဘောထားတော့ ဒီလောက် စိတ်ဒုက္ခရောက်နေတာကို အကြံဉာဏ်လေးပဲ ပေးရ ပေးရ ကူညီချင်တယ်၊ ဒေါ်ဒေါ့်ကို ကိုယ့်အမေလိုပဲ သဘောထားပြီး ဖွင့်ပြောပါလား သမီးရယ်”



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးစကားတစ်ခွန်းကြောင့် နန္ဒာ ခေါင်းယမ်းခေါင်းညိတ်လိုက်မိသည်။ ကိုယ့်အမေလို သဘောထား အားကိုးချင်လို့မှ အားကိုးစရာ နှိုင်းယှဉ်ကြည့်ဖို့ အမေဆိုတာ နန္ဒာ့မှာ မရှိခဲ့ဘဲ။ အမေဆိုတာ ဘယ်လိုလဲဆိုတာကို နန္ဒာ မသိတတ်တော့တာ ကြာပြီပဲ။

သူငယ်ချင်းတွေ၏ အမေတိုင်းကို မသိစိတ်က ခင်တွယ်နေမိတတ်ကာ နန္ဒာ့အမေဟာ ဘယ်သူ့အမေနဲ့ ဆင်မှာပါလိမ့်ဟု အတွေးနယ်ကျယ် အိပ်ရေးပျက်ခဲ့ရသည့်ညတွေ လက်ချိုးရေလို့ မရနိုင်တော့။

လမ်းလျှောက်သွားဖို့ စိတ်ကူးပြီးကာမှ ဘုရားကိုအငှားကားနှင့် ခရီးဆက်ရသည်။ နုနုမိခင်က နန္ဒာ့နံဘေးထိုင်ပြီး ပခုံးကို ဖက်ထားတာမို့ ပခုံးထိပ်စွန်း လက်မောင်းသားက ပူနွေးနေသည်။ ထိုအပူငွေ့သည် နန္ဒာ့အမေထံမှ ထိဆက်ခံစားနေရတာ ဖြစ်လိုက်စမ်းပါတော့။

အမေ့လက်ဖဝါးငွေ့သည်လည်း သည်လိုပင် နွေးမှာပါ။ နန္ဒာ့ကို ဘာကြောင့်များ ခံစားဖူးခွင့် မပေးခဲ့တာလဲ အမေရယ်။

♥ ✧ ♥





(၃)

"ဖေဖေနဲ့ သူနဲ့ကွဲတော့ နန္ဒာက အခါလည်ကျော်ပြီတဲ့၊ ဖေဖေလို့လည်း ခေါ်တတ်နေပြီ၊ နန္ဒာ ငယ်ငယ်က မေမေဆိုတာ မခေါ်တတ်ခဲ့ဘူး၊ သင်ပေးမယ့်သူလည်း မရှိဘူး၊ သူက နန္ဒာ့နားမှာ တစ်နေ့ကုန်လို့မှ တစ်နာရီပြည့်အောင် မနေဘူးတဲ့"

"နန္ဒာ ငယ်ငယ်က သူ့အပေါ်မှာ ရှူးတောင်ပေါက်မချလိုက်ရဘူးတဲ့၊ တစ်ခါမှ နန္ဒာ့ကို သူ မချီဘူးတဲ့၊ ဖေဖေက နို့ဘူးဖျော်တိုက်ရတယ်၊ နန္ဒာ့မှာ သူနဲ့ပတ်သက်တာဆိုလို့ သူတို့လက်ထပ်သွားတဲ့ သတင်းစာကြော်ငြာ ဖြတ်ပိုင်းလေး ဖေဖေ သိမ်းထားတာ အခု နန္ဒာ့ဆီမှာ ကျန်ရစ်ခဲ့တယ်၊ ဒါပဲ ရှိတယ်၊ ဓာတ်ပုံတောင် မရှိဘူး၊ ရှိတဲ့ လက်ထပ်ပြီးစီးခြင်း ဖြတ်ပိုင်းကျတော့လည်း သတို့သားနေရာက ကိုယ့်အဖေ မဟုတ်ဘူး၊ နန္ဒာ သဘောပေါက် နားလည်တတ်တဲ့ အရွယ်ကတည်းက အဲဒီအတွက် ရှက်လွန်းအားကြီးလို့ ငိုခဲ့ရတယ်"

တတွတ်တွတ် ပြောနေရင်းက မျက်ရည်ခြောက်ခန်းလာရသည်။ ငိုဖို့ မေ့လျော့လောက်အောင် ရင်ထဲမှာ တင်းကျပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပညာတွေ သင်ကြားတတ်မြောက်လာခဲ့လေလေ သူ့အမူအကျင့် စရိုက်တို့ကို မကြိုက်လေ။ ရည်းစားကို အရွဲ့တိုက် ချင်စိတ်နှင့် တခြားတစ်ယောက်ကို တွဲပြရာမှ ထိုလူနှင့်မျှော်လင့်ဘဲ အိမ်ထောင်ကျရတာသည် မိန်းမကောင်းတို့၏ အမူအကျင့်လား။ ထိုအိမ်ထောင်ကို စိတ်ပျက် မပျော်ပိုက်နိုင်ဘဲ အိမ်မကပ်ထင်သလို နေတတ်ခဲ့တာ၊ ဆန္ဒမရှိပါဘဲ မွေးဖွားလာခဲ့သော ရင်သွေးကို သံယောဇဉ်မတွယ်ခဲ့တာတွေကို ပတ်ဝန်းကျင်မှ ပြန်ပြီး ကြားရတော့ နန္ဒာ သိတတ်သည့်အရွယ် ဆယ့်သုံးလေးနှစ် ရှိခဲ့ပြီ။

သူတစ်ပါးက အမေ့အကြောင်း ပြောမှာကို အလွန်တရာ ရှက်ကြောက်ခဲ့ရတာတွေထဲမှာ အဆိုးဆုံးကတော့ ဖေဖေ့လက်ထဲမှပင် အရင်ချစ်သူနောက် ကောက်ကောက်ပါအောင် ပြန်လိုက်သွားခဲ့ခြင်း အဖြစ်ပါပဲ။

သူစိမ်းမိန်းမတစ်ဦးဆိုလျှင် အဆက်အဆံပင် မလုပ်ချင်အောင် နန္ဒာ လက်မခံနိုင်သည့် အဖြစ်တွေ ဖြစ်ပေမယ့် သူကတော့ အမေမို့ သိမ်ငယ်ရှက်ရွံ့စိတ် တစ်ဝက်နှင့်ပင် နန္ဒာ အပြစ်မမြင်မိအောင် စိတ်ကိုဆုံးမရင်း သူ့ကို တွေ့ဖူးလိုစိတ် ထက်သန်မိခဲ့သေးသည်။ စိတ်ဆင်းရဲခြင်းကို အရက်နှင့်စိမ်ကာ မေ့ပစ်ဖို့ ကြိုးစားနေတတ်သော ဖေဖေ့ကိုတော့ နန္ဒာ အပြစ်မဖို့ရက်ပါ။





သူ့ကို ဖေဖေ ဘယ်လောက် စွဲလမ်းချစ်ခင်နေခဲ့သည်ဆိုတာ နန္ဒာသာ အသိဆုံးမို့ ဖေဖေ့ကို ကရုဏာသက်ရသည်နှင့်အမျှ သူ့ကို အပြစ်မြင်စိတ်ကတော့ အသည်းမှာ တစ်နေ့ထက်တစ်နေ့ ပိုလာခဲ့ရလေသည်။ ကိုယ့်လို ကလေးငယ်တိုင်းမှာ အမေရယ်လို့ လူပိုတစ်ယောက် ရှိနေတတ်တာကိုပင် ဖေဖေ့ထံမှာ နားမလည်စွာ မေးခဲ့ဖူးတာ။ ဖေဖေ ရှင်းမပြခင်က နန္ဒာကို ဖေဖေကပဲ မွေးထုတ်လိုက်တာဟုပင် ထင်ခဲ့ဖူးသည့်ကလေးမို့ ကြီးပြင်းလာတော့လည်း “ကျေးဇူးရှင်မေမေ” ဆိုသည့် စာစီစာကုံးကိုတောင် မရေးတတ်ဘဲ စာမေးပွဲခန်းထဲ ခေါင်းခြောက်စွာ ငိုကြွေးခဲ့ဖူးတာ။

“အဲဒါ ကိုသောင်းထွန်း သမီးလေးလေ၊ ရုပ်ကလေး သနားကမားနဲ့ သနားစရာလေးကွယ်၊ သူ့မအေက သိပ်ဆိုးတာ၊ ကိုသောင်းထွန်း လက်ထဲမှာတင် နောက်တစ်ယောက်နောက် လိုက်သွားတာလေ”

“မအေကတော့ အဲသလို၊ သမီးက ဘယ်လိုလာမယ်တော့ မသိဘူး၊ ကိုသောင်းထွန်းကလည်း ဘယ်ကြပ်ကြပ်မတ်မတ် ထိန်းနိုင်မလဲ၊ တစ်ချိန်လုံး မူးနေတာ”

ထိုကဲ့သို့သော စကားတွေကို ငယ်စဉ်က နားမလည်။ နားလည်တတ်လာသည့် အရွယ်ကတည်းက ခင်မင်ပေါင်းသင်း



www.burmeseclassic.com

www.burmeseclassic.com



နေသူတွေကိုပင် ခပ်တန်းတန်းချာလျက် မပေါင်းရဲ မသင်းရဲတော့သလောက်ပင်။ နန္ဒာ့ကို စိုက်ကြည့်တတ်သူတိုင်းကို ကိုယ့်အတင်းပြောမည့်သူဟုသာ ထင်လာမိသည်အထိ ကြောက်လန့်အားငယ်တတ်ခဲ့ရသည်။ အမေ့ကို မြင်ဖူးအောင် လိုက်ရှာပြီး သူတို့အတင်းပြောလို့မရအောင် လိမ်လိမ်မာမာ နေလိုက်ပါလား အမေဟု ချော့မော့ပြောလိုက်ချင်သည်။

အဖေက အချိန်ပြည့်မူးကာ အမေက နောက်အိမ်ထောင်ထူသွားတာနှင့်ပဲ မွေးခဲ့သော သမီးက လူမိုက်ဖြစ်ရတော့မလား။ အပြောခံရလွန်းတော့ မခံချင်စိတ်နှင့် နန္ဒာ အပိရိဆုံးအလိမ္မာဆုံးနေခဲ့သည်။

BURMESE CLASSIC

တော်ရုံလူ ထိကပါးမလုပ်ရဲအောင် ထာဝစဉ် မျက်နှာတင်းထားတတ်ပြန်တော့လည်း ...

"သူက မာနခဲလေ၊ မာနကလည်း ကြီးလောက်တာကိုး၊ အဖေနဲ့ အမေက ဂုဏ်နဲ့ ဒြပ်နဲ့ မသိတဲ့လူ မရှိဘူး"ဟု ပြောစရာ ဖြစ်ပြန်သည်။ ဘာပဲဖြစ်ဖြစ် နန္ဒာ့ကို ယုယပြုစုခဲ့သော ဖေဖေ့ကို နန္ဒာ အပြစ်မြင်စရာမရှိ။ ပတ်ဝန်းကျင်ကြောင့် အထူးသဖြင့် အမေ့ဂယက်ကြောင့် အသည်းနှလုံးမှာ နာရကျင်ရတာများတော့လည်း သူ့ကြောင့် အပြောအဆို ဒီလောက်ခံနေရတာဟု တွေးမိလျက် ဒဏ်ရာဝေဒနာက ကြီးသထက်ကြီးရသည်။





နန္ဒာ့ကို ရည်းစားစကား ဖွင့်လိုက်ပြောကာ မရမကကပ်နေသော ရွယ်တူကောင်ကလေးတစ်ယောက် ရှိဖူးသည်။ နန္ဒာ လုံးဝစိတ်မဝင်စားပေမယ့် သူငယ်ချင်းမို့ စကားလောက်တော့ ပြန်ပြောဖြစ်ခဲ့တာပေါ့။ ထိုကောင်ကလေးအမေက နန္ဒာ့ရှေ့မှာပင် သူ့သားလက်ကိုဆွဲခေါ်ကာ "ကြိုက်စရာရှားလို့၊ မျိုးရိုးဗီဇကလေးတော့ ကြည့်ဦးမှပေါ့ ငမောင်ရယ်၊ သူ့အမေ ဘယ်သူလဲနင်မသိဘူးလား၊ ဒီမှာ နန္ဒာ၊ ညည်းလည်း ငါ့သားကို စကားပြန်မပြောပါနဲ့၊ ကြပ်ကြပ်ရှောင်ပါ"ဟု ရင့်ရင့်သီးသီး ပြောချသွားတုန်းက ရင်ဘတ်ထဲကို မီးကင်ထားသော သံချွန်ချွန်တစ်ချောင်းထိုးစိုက်ချလိုက်သလို နာကျင်စွာ မူးမေ့လဲကျတော့မတတ် ဖြစ်ခဲ့ရတာ နန္ဒာ မမေ့နိုင်ပါမလား။

နွမ်းပါးသောဘဝမို့လည်း လူတွေက ပိုပြောချင်တာဖြစ်နိုင်သည်။ သို့ပေမဲ့ ပြဿနာအရင်းခံသည့် အမေ့ကြောင့်ဆိုတာကိုတော့ နန္ဒာ လက်သင့်မခံချင်လို့ မရအောင် ရင်ထဲစွဲနေပြီ။ အမေ့မေတ္တာဆိုတာကိုတော့ ငတ်ပြတ်သူပီပီ ခံယူဖူးချင်စိတ်က ရင်ထဲမှာ ဆာလှသည်။ သူငယ်ချင်း ကျော့်က "ငါတို့အိမ်ဘေးမှာ နင့်အမေနေတယ် နန္ဒာ"ဟု ပြောလိုက်သောနေ့က နန္ဒာအိပ်လို့ ခင်မပျော်နိုင်အောင် တုန်ယင်ဝမ်းသာလုံးဆို့ခဲ့ရတာကို မမေ့သေး။ တစ်ဖက်ခြံမှာ အမေနေသည်ဆိုတာကြောင့် ကျော့်ကို အမေ့အိမ်နီးနားချင်းအဖြစ် သိပ်ခင်မိခဲ့တာပါ။ ကျော့်အိမ် ဝင်ထွက်ရင်း ကျော့်အမေနဲ့ ရင်းနှီးလာတော့ နန္ဒာ့ဝေဒနာ အစွန်းအစတွေကို



www.burmeseclassic.com

www.burmeseclassic.com



နားလည် စာနာစွာ ဖေးမအားပေးစကား ဆိုတတ်သည့် ကျော့အမေကို ခင်တွယ်စိတ်နှင့်အတူ အမေလည်း အဲသလိုပင်နေမှာဟု ယုံကြည်ခဲ့မိသေးသည်။

ပထမဦးဆုံးနှင့် နောက်ဆုံးအကြိမ် အမေ့အိမ်မှာ အမေ့ရှေ့မှောက် ရောက်ရစဉ်က ခံစားမှုကို တစ်သက်တာ လုံးဝ ပြန်မခံစားချင်တော့။ ကျော် ခေါ်သွားတာမို့ ပန်းပင်တွေလာကြည့်သလိုလိုနှင့် တစ်ဖက်ခြံထဲရောက်သည်။ ထိုမှတစ်ဆင့် ရေသောက်ချင်သလိုလိုနှင့် အိမ်ပေါ်ရောက်သည်။ မတိမ်းမယိမ်း ကလေးတချို့ကိုမြင်တော့ အားငယ်တတ်သူပီပီ လက်ဖျားအေးစက်မျက်ရည်ဝဲနှင့်ပြီ။ ထမင်းစားခန်းက ဟီးထနေသော ဖဲဝိုင်းကြီးထဲမှာ အမေလည်း ပါနေမှာကို ကြိုသိနေလျက်။ ဘယ်တစ်ယောက် ပါလိမ့်ဟု ရန်ခုန်ထိတ်လန့်စွာ အကဲခတ်နေဆဲ အသားဖြူဖြူ နှုတ်ခမ်းပါးပါး မိန်းမတစ်ယောက်နှင့် ဖြုန်းခနဲ အကြည့်ချင်းဆုံလိုက်သည်။

တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေမိရင်းက ပင် သူဟာ အမေပဲဟု နန္ဒာသိလိုက်သလို နန္ဒာကိုလည်း အမေ ဇဝေဇဝါနှင့် အကဲခတ်နေခဲ့သည်။ ကကြီးပုံနဖူးနှင့် ပါးလျလွှန်းသော နှုတ်ခမ်းတွေချင်း ဆင်တူနေတာကို အမေလည်း သတိထားမိသွားတာပါဘဲ။ ကျော့ကို တစ်ယောက်တည်းခေါ်ပြီး နန္ဒာ ဘယ်သူလဲဟု မေးသည်။ ကျော့ထံမှ ဘယ်သူ့သမီးပါဆိုသည့် အဖြေစကားကြားလိုက်တော့ အမေ ဘယ်လိုဖြစ်သွားမလဲ နန္ဒာ





မတွေးတတ်။ နန္ဒာ့ရှေ့ရောက်လာကာ ဆတ်ခနဲ လက်ဆွဲပြီးခြံထဲခေါ်သွားခိုက်မှာတော့ သူ့ မျက်စိမျက်နှာပျက်ကာ တုန်ယင်နေသည်။

"မင်း ဒီကို နောက်မလာနဲ့ ဟုတ်လား၊ မင်းလာရင် ကောင်းဖို့တော့ မရှိဘူး၊ ပြဿနာဖြစ်ဖို့ပဲ ရှိတယ်၊ လုံးဝ မလာတာ အကောင်းဆုံးပဲ၊ မုန့်ဖိုးလိုချင်လို့လား၊ ရော့ ... ရော့"

နွမ်းဖတ်သော ဝတ်စားဆင်ယင်မှုကြောင့် အမေ အထင်သေးခဲ့တာလား။ လက်ထဲထိုးထည့်သော ပိုက်ဆံချပ် အထပ်ထူထူကို ငုံ့ကြည့်ကာ နှုတ်ခမ်းဖျားမှ လွှတ်လုလွှတ်ခင် သိမ်းထားရသည့် "အမေ"ဟု မရဲတရဲ ခေါ်လိုက်ချင်စိတ်နှင့် စကားလုံးတလေးပါ ရင်ထဲပြန်မြုံကျသွားခဲ့ရသည်။ နာကျင်စွာ မော့ကြည့်နေမိသော နန္ဒာ့မျက်ဝန်းများမှ မျက်ရည်ပေါက်ကြီးတွေ လိမ့်ဆင်းသာခြင်းဟာ ဘာကြောင့်မှန်း ခုထိတိုင် နန္ဒာ မသိ။

သို့ပေမဲ့ အမေရှိရာ အရပ်ကို နောင်ဘယ်တော့မှ ခြေဦးမလှည့်ဖို့ကိုတော့ ဆုံးဖြတ်ချက် ခိုင်မာသွားခဲ့ရသည်။ သူ့ရှေ့မှ ငိုယိုကာ ပြေးထွက်လာခဲ့ပြီးသည့်နောက် ယနေ့ထိ ထပ်တွေ့ဆုံဖြစ်တော့။ သားသမီးအသစ်တွေကို ကားကိုယ်တိုင်မောင်းကာ ကျောင်းပို့ရသည့်ဘဝကို အမေမက်မောစွာ ဒီဘဝပျက်စီးသွားမှာ စိုးရိမ်ခြင်းဟာ သဘာဝကျပါသည်။ ဘဝ၏ပျော်ရွှင်ဖွယ်ရာတွေ ဆိတ်သုဉ်းခြောက်သွေ့ဖူးနေရသော နန္ဒာက ကိုယ်ချင်းစာ

www.burmeseclassic.com



ပေးနိုင်ပါသည်။ သို့ပေမဲ့ မသိစိတ်မှ အမေ့ကို တွယ်တာတမ်းတ စိတ်ကို လွယ်လွယ်ချိုးဖဲ့ ဖျက်ခြေနိုင်ဖို့ ခဲယဉ်းလွန်းလှတာမို့ အမေ့ရှေ့ ထပ်မံရောက်လာရဲဖို့ နန္ဒာ ကြောက်ရွံ့မိပါတယ်။ အမေ သံယောဇဉ်ကင်းမဲ့ထားသူ နန္ဒာက အမေ့ကို မခွဲနိုင် မခွာ ရက် ချစ်သွားမိမှာ ကြောက်ပါတယ် အမေ။

♥ ✧ ♥

(၄)

နုနုအမေခါးကိုဖက်ကာ ရင်ခွင်ထဲ မျက်နှာအပ်လျက် နန္ဒာ ရှိုက်ကြီးတငင် ငိုမိသည်။ နန္ဒာ့မျက်နှာကို အပ်ထားရသည့် ရင်ခွင်သည် အမေ့ရင်ခွင်သာ ဖြစ်နေခဲ့လျှင် သည့်ထက် ပိုမိုနွေး ထွေးမှာ နန္ဒာ သိနေသည်။ နန္ဒာ့ဘဝမှာ အမေ့ရင်ခွင်ဆိုတာ ဘယ်လိုနေမလဲ။ ဘယ်တုန်းကမှ စိတ်ကူးမယဉ်တတ်ခဲ့ပါ။ တကယ့် အစိမ်းသက်သက်ပဲ။

"တိတ်ပါ သမီးရယ်၊ သမီးခံစားချက်ကို ဒေါ်ဒေါ် နားလည် ပါတယ်၊ ဒါပေမဲ့ သမီး မှားသွားလိမ့်မယ်၊ တစ်သက်လုံး ယူကျုံးမရ ဖြစ်နေရမယ့်အမှားမျိုး၊ သမီး မာနကြီးနဲ့ ဇွတ်မတိုးပါနဲ့၊ ဒေါ်ဒေါ် ပြောမယ် ... မျက်ရည်လေးတွေ သုတ်လိုက်စမ်းပါဦး"





နန္ဒာ ခေါင်းကလေးထောင်ကာ မျက်ရည်သုတ်သည်။ အဆောင်အိပ်ခန်းထဲ ပြန်ရောက်နေပြီမို့ ခုတင်ဘောင်ကို သက် သောင့်သက်သာမှီကာ လှဲချသည်။ ခေါင်းတစ်ခုလုံးက ထူမတ်ဖို့ ခဲယဉ်းလောက်အောင် မူးဝေနောက်ကျိနေသည်။

"သမီးရယ် ... လောကမှာ ကိုယ့်ရင်နဲ့လွယ်ပြီး ဖြစ်လာရတဲ့ ရင်သွေးကို မုန်းတီးတဲ့အမေဆိုတာ မရှိပါဘူး၊ မိန်းမတစ် ယောက်ဟာ ဘယ်လောက်ပဲ အမှားမျိုးစုံ ကျူးလွန်တတ် တဲ့ မိန်းမရိုင်းကြီး ဖြစ်ပါစေ ကိုယ့်သားသမီးကိုတော့ သံယောဇဉ်ရှိတာပါပဲ။ အကြောင်းအမျိုးမျိုးကြောင့် အနီး ကပ်မေတ္တာပေးချင်မှ ပေးနိုင်မယ်၊ သမီးရဲ့အမေဟာလည်း မှားခဲ့သည်ဖြစ်စေ မှန်ခဲ့သည်ဖြစ်စေ နောက်ဆုံးအချိန် ရောက်လာတဲ့အခါမှာ သမီးကို တွေ့ချင်ကြောင်း တမ်းတ လာတာဟာ သူ့သံယောဇဉ်ကို ပြလိုက်တာပဲ မဟုတ်လား၊ ဘယ်လို မိဘမျိုးကိုဖြစ်စေ အာဃာတ မထားကောင်းဘူး"

"နန္ဒာ ... နန္ဒာ အာဃာတ မထားချင်ပါဘူး ဒေါ်ဒေါ်၊ နန္ဒာက အမေ့ကို ချစ်ချင်တာ အမေ့အချစ်ကို လိုချင်တာ ပါ၊ မရနိုင်ဘူးလို့ ယုံကြည်လိုက်မိကတည်းက မလိုချင် တော့သလို ကိုယ့်ဘာသာ ဟန်ဆောင်လိမ်ညာပြီး အသည်း တွေ ကြေခဲ့ရတာ ကြာပါပြီ၊ အခုလည်း ... အခုလည်း နန္ဒာ့အသည်းနှလုံးတွေ ရစရာမရှိအောင် ပွန်းပဲ့နေပါပြီ ဒေါ်ဒေါ်ရယ်၊ အ ... အမေကသာ နန္ဒာ့ကို မချစ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ရှိုက်သံတွေကြားက တွန်းတိုက်ခွဲထွက်လာရသော စကားလုံးတွေက တစ်ဆို့တုန်ယင်နေတော့သည်။ အမေရယ် _ နန္ဒာ့ကို မချစ်ဘူး မတွေ့ချင်ဘူးလို့ ယုံကြည်ထားခဲ့တာမို့ အမေ့ အပေါ် မှန်းမှန်းဆဆ ထားမိခဲ့တဲ့ မေတ္တာတရားတွေကို မျိုသိပ် ကျိတ်မြိုပြီး ဆန့်ကျင်ဘက်နေရာကို နန္ဒာ တွန်းပို့ပိတ်ဆီးထားခဲ့ ရတာပါ အမေ့ကို နန္ဒာ မချစ်ချင်ဘူး။ အမေ့ကို မတွေ့ရဲဘူး။ နန္ဒာ မိုက်သလားအမေ။

"နန္ဒာ့ကို နည်းနည်းကလေးမှ မချစ်ဘူးဆိုရင် ခုချိန်မှာ နန္ဒာ့ကို တမ်းတပါ့မလား သမီးရယ်၊ မတွေ့လိုက်ရလည်း ဘာအရေးလဲဆိုရင် တွေ့ချင်တယ်လို့ ခေါ်ခိုင်းပါ့မလား သူ သမီးကို သိပ်ချစ်တယ်လို့ ဒေါ်ဒေါ် ယုံကြည်တယ် သမီး သွားတွေ့လိုက်ပါ၊ သမီးကို လောကကြီးထဲ လူဖြစ် လာအောင် မွေးထုတ်ပေးခဲ့တဲ့ မွေးကျေးဇူးကို သမီးမဆပ် ချင်ဘူးလား"

"ဆပ်ချင်တယ် ဒေါ်ဒေါ်၊ ဘယ်သူမှသာ မသိတာ၊ နန္ဒာ လေ ပထမဆုံး နန္ဒာရထားတဲ့လခကို အမေ့ကိုပေးချင်လို့ သိမ်းထားတယ်၊ ကျော့်ကိုလည်း မပြောဘူး၊ နန္ဒာတစ် ယောက်ပဲ သိပါတယ်၊ အမေ ပိုက်ဆံမလိုဘူးဆိုတာ သိ နေတော့ နန္ဒာ အမေ့ကို မပေးရဲပါဘူး ဒေါ်ဒေါ်ရယ်"





"အခု သမီးအမေဆီ သွားတွေ့လိုက်ရင် သမီးအမေရဲ့ဆန္ဒ ကို ဖြည့်ဆည်းရာရောက်မယ်၊ အဲဒီနည်းနဲ့ အမေ့ကိုကျေးဇူး ဆပ်လိုက်ပါလား သမီးလေးရယ်"

ပြောရင်းက နုနုမိခင်ပါ အသံတွေတုန်လှိုက်လာ သည်။ တစ်ဖက်ခုတင်ပေါ်မှာ နုနုက မျက်နှာညှိုးငယ် ငြိမ်သက် ားထောင်နေ၏။ နန္ဒာတစ်ယောက်တည်းဆီမှသာ ရှိုက်သံက ကြေကွဲဖွယ် မှန်မှန်ထွက်လာနေလေသည်၊ နန္ဒာ ဘာကြောင့်များ အမေ့မွေးကျေးဇူးကိုဆပ်ဖို့ အခွင့်အလမ်းရအောင် မကြိုးစားခဲ့မိပါ လိမ့်။ ခုတစ်ခါသည် ပထမဆုံးနှင့် နောက်ဆုံးအဖြစ်လည်း ဖြစ် နိုင်သည်။ နန္ဒာ နောင်တမရချင်ပါဘူး အမေရယ်။

အမေ့မိသားစုအသစ်ကို ရင်မဆိုင်ဝံ့တဲ့ သိမ်ငယ်မှု တွေ နန္ဒာ့ရင်ထဲက ဆွဲထုတ်ဖယ်ရှားပေးပါ အမေ။ ရိုင်းစိုင်းတဲ့ မာန်မာနတွေကိုလည်း ပျောက်ပျက်အောင် ဖျက်ဆီးပေးပါ အမေ။ သူရယ်လို့ ဖြစ်ကတည်းက ခေါင်းငုံ့ငုပ်လျှိုးနေအောင် ဖွတ်အတင်း နှိမ်ထားရသမျှ ဆန္ဒတွေကို ဟန်ဆောင်ထိန်းသိမ်း မထားပါရစေ နဲ့တော့။

♥ ✧ ♥



www.burmeseclassic.com

www.burmeseclassic.com



(၅)

"နန္ဒာ ... အမှတ်မရှိလို့ ထပ်ကာထပ်ကာ ပြောနေတာ မဟုတ်ဘူး၊ နေ့လယ်ကပဲ ဆရာဝန်ကြီးက ပြောလိုက်ပြ နှစ်ဆယ့်လေးနာရီထက် ပိုမရတော့ဘူးတဲ့၊ မပြောနဲ့ဆိုမေ မယ့် မပြောရင် ကိုယ် တာဝန်မကျေ ..."

"နန္ဒာ့ကို ... နန္ဒာ့ကို မြန်မြန်လာခေါ်ပေးပါ ကျော်၊ နန္ဒာ တစ်ယောက်တည်း မလာတတ်ဘူး၊ ကျော် လာခေါ်ပေးပါ"

ရှိုက်သံများနှင့် ဗလုံးဗထွေးပြောသံကြောင့် ကျော် ဘက်မှပင် အသံတိတ်ဆိတ်သွားသည်။ ခဏကြာမှ "ကျော် ခုချက်ချင်း ကားစီစဉ်ပြီး လာခေါ်မယ်"ဟု ပြန်ဖြေလိုက်သံ တုန်ယင်ကာ ဝမ်းသာလှိုက်လှဲနေလေသည်။ အဆောင်ပြတင်းမှာ ငြိမ်သက်စွာထိုင်ရင်း ကျော့်ထံမှ ကားအလာကို ငေးမောမျှော်စောင့် ရချိန်သည် နှစ်ဆယ့်လေးနာရီတော့ မပြည့်တန်ကောင်းဘူး ထင် ပါရဲ့။

ကျော့်ကားကလေး ဝင်လာချိန်မှာ နန္ဒာ တည်တည် ငြိမ်ငြိမ် ထ,သည်။ မပြိုလဲအောင် ထိန်းလျှောက်နေရသည်အထ ရင်ထဲမှာ ပရမ်းပတာပေါက်ကွဲနေသော်လည်း အပြင်မှာတော ခြေလှမ်းတောင်မမှား။ ငြိမ်သင့်တာထက် ပိုမိုငြိမ်သက်နေသေး၏။ အခန်းထဲမှအထွက် နနအမေက နန္ဒာ့ကို ကျေနပ်ပီတိနှင့် ပြုံးကြည်





ရင်း သာခုသုံးကြိမ်ခေါ်လေသောအခါ နန္ဒာ့တစ်ကိုယ်လုံး ကြက်သီး အလျက် တဆတ်ဆတ် တုန်လာသည်။ ကျော်က ပခုံးမှဖေးတွဲ ချက် ကားပေါ်တက်စေ၏။

တစ်လမ်းလုံး ပြတင်းအပြင်ကို ငေးမောပါလာကာ မျက်ရည်ထွက်ဖို့ ငိုဖို့ အင်အားကုန်ခန်းနေသလိုလို။ တစ်စုံတစ်ရာ ကို ထိတ်လန့်ကြောက်ရွံ့စိတ်က ရင်ခွင်တစ်ခုလုံးကို လေးလံသော ကြိုးဆွဲထားသလို မောကျုပ်နေစေသည်။ ဆေးရုံလေ့ကားထစ်များ ကို လှမ်းစ,တော့ ကတုန်ကယင် ဖြစ်စ,ပြုသည်။ ကျော်သာလက် တွဲမထားလျှင် နေရာမှာ ပုံလဲသွားမှာပင်။

တစ်ခုသော သီးသန့်ခန်းရှေ့မှာ ချာတိတ်ငယ်နှစ် ယောက်လောက်ကို တွေ့လိုက်သည်ဆိုလျှင်ပင် မျက်နှာပေါက်က လေးတွေကို ရုတ်ခြည်းမှတ်မိလိုက်လျက် နန္ဒာ ခြေလှမ်းတွေ တုံ့နေးသွားရ၏။ သူတို့ကလည်း နန္ဒာ့ကို လှမ်းကြည့်နေကြသည်။ သူတို့မျက်ဝန်းကလေးတွေထဲမှာ နွေးထွေးခြင်း မရှိသလို အေးစက် ခြင်းလည်းမရှိ။ ကြိုဆိုမည့်အရိပ် မမြင်ရသလို မောင်းနှင်ထုတ်မည့် သည်းမရ။ အခန်းဝမှာ နန္ဒာရပ်တော့ သူတို့နှစ်ယောက် ဘေးသို့ ပေးသည်။

ခုတင်ကို လှမ်းကြည့်ဖို့ မျက်လွှာကိုပင့်လို့မရ။ ကျော့်ပခုံးမှာ နဖူးအပ်ကာ ကိုယ်ခန္ဓာက တဆတ်ဆတ် တုန်လာ သည်။ ကျော် ဆွဲခေါ်ရာနောက်သို့ တရွတ်ဆွဲပါသွားလျက်



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ဘေး ရပ်မိသည်ထိ ငိုကြွေးပူဆွေးဖို့ မေ့လျော့နေသည်။ ခုတင်နံဘေးမှာ နန္ဒာ့နီးပါး အရွယ်ရှိသော ကောင်ကလေးက နန္ဒာ့ကို တစ်ချက်မော့ကြည့်ကာ "ဩော်"ဟု အသိအမှတ်ပြုဟန် ပြလျက် နှုတ်ခမ်းပါးပါးကလေးကို ဟ,ရုံဖွင့်ပြုံးပြလိုက်တာမို့ နန္ဒာ စိတ်ကျဉ်းကျပ်မှု အနည်းငယ် လျော့သည်။

ခုတင်ပေါ်က လူနာကို အံတင်းတင်းကြိတ်ပြီးမှ ဖျတ်ခနဲ မျက်ဆန်ရွေ့ကာ ကြည့်လိုက်၏။ ဖြူဖျော့သော မျက်နှာ အသားအရေနှင့် ပိန်ခွက်သောပါးများကြောင့် တစ်ကြိမ်တည်းသော တွေးဖူးစဉ်ကနှင့် မဆင်တူ။ ရုပ်ချင်းကွာခြားနေသည်။ သို့ပေမဲ့ ကကြီးပုံနဖူးကတော့ ပြောင်းလဲမှုမရှိ။ ပါးလှပ်သော နှုတ်ခမ်းများက တင်းစေ့မနေဘဲ အနည်းငယ်ဟနေသည်။ နှာတံက မဆိုသလောက် ပြားချင်လျှက်။ နှာခေါင်းရိုးကြီးသော အမေ့ရုပ်သွင်ကို တအံ့တဩ ကြာမြင့်စွာ ငေးကြည့်နေမိသည်။

ခုလို အနီးကပ် ငေးမောကြည့်ခွင့် ရလိမ့်မည်ဟု ဘယ်တုန်းကမျှ မျှော်လင့်မထားခဲ့ပါ။ နှာခေါင်းထဲ သွင်းထားသော ပိုက်ဆီမှာ အကြည့်က ငြိမ်သက်ကျရောက်သွားစဉ် နန္ဒာ့ပါးပြင် ပေါ် မျက်ရည်ပူပူတွေ တားမရအောင် တစ်ပေါက်ပြီးတစ်ပေါက် စီးကျသည်။

သူ အိပ်ပျော်နေတာလား။ သတိကင်းမဲ့ မေ့မြောနေ တာလား။ မျက်စိစုံမှိတ်ထားလေတာလား။ နန္ဒာ ဝေခွဲမရ ဖြစ်နေ





ဆဲမှာ ကျော်က ခေါင်းငုံ့ကိုင်းပြီး လူနာမျက်နှာနှင့် ထိလုမတတ် ဘပ်ကာ ...

"နန္ဒာ့ကို ခေါ်လာပြီ အန်တီစော"

ပြောလိုက်သံက မကျယ်လောင်လှပေမယ့် တိတ်ဆိတ်သော အခန်းထဲမှာရော နန္ဒာ့နားထဲမှာပါ အတန်အသင့် ကျယ်လောင်မြည်ဟည်းသွားသလိုပင်။ ခြောက်သွေ့ပိန်ကပ်နေသော အသားအရေကို ပိုင်ဆိုင်နေသော အမေသည် နန္ဒာ့အတွက် မျက်စိဖွင့်ကြည့်နိုင်အားကလေးမှ ရှိပါတော့မလား။ ခုတင်ဘေး ဆိုင်ချပြီး ခုတင်ဘောင်ကို နဖူးမှီကာ ငိုချလိုက်ချင်သော်လည်း သူက လှုပ်လို့မရ။ အမေ့မျက်နှာကိုသာ ငေးမောငြိမ်သက် ကြည့်နေမိတော့သည်။

ရုတ်ခြည်းပင် ဖေဖေ့ကိုလည်း သတိရလိုက်မိပြန်၏။ ခုလို အမေ့ရှေ့မှောက် နန္ဒာ ရောက်နေတာကို ဖေဖေသိလျှင် ဘမလွန်ဘဝမှ နှစ်သိမ့်ကြည်နူးနေမှာလား။ နှစ်ခြိုက်မှု ကင်းမဲ့နေလေလား။ ဆယ်တန်းကျောင်းသူ အရွယ်လောက်က အမေ့ရှေ့မှောက် တစ်ကြိမ်ရောက်ဖူးခဲ့ခြင်းကို ဖေဖေ သိမသွားခဲ့။ နန္ဒာ ပြန်မပြောပြခဲ့။ ဖေဖေ့သဘောထား ဘယ်လိုရှိမလဲဆိုတာ မှန်းမကြည့်နိုင်။ အမေ နောက်အိမ်ထောင်ပြုသွားသော သတင်းစာကြော်ငြာကလေး တစ်ခုကို ကတ်ကြေးဖြင့် ဖြတ်သိမ်းကာ မကြာခဏ ထုတ်ကြည့်ကြေကွဲနေတတ်သော ဖေဖေမို့ ကျေနပ်ရှာမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ပေးခဲ့သော နန္ဒာ့နာမည်ကလေး ရှေ့ဆုံးမှ "စော"ဆိုသည့်စာလုံးကို ကြည့်ခြင်းအားဖြင့် အမေ့အပေါ် ဖေဖေက ဘယ်လောက် စွဲလမ်းမှုကြီးမားခဲ့သည်ဆိုတာ အမေ မှျော်မှန်းခံစားကျေနပ်ပါ။ သားအဖနှစ်ယောက် အမေနှင့်ပတ်သက်သော အကြောင်းအရာ ဘာတစ်ခုကိုမှ စကားလက်ဆုံ မကျဖူးခဲ့ပေမယ့် နှလုံးသားထဲက အနက်ရှိုင်းဆုံး ထောင့်တစ်နေရာမှာ အမေ့ကို ပုန်းဝှက်မြတ်နိုးထားမိကြဖို့တော့ စိတ်သဘောတူညီခဲ့ကြပါတယ် အမေရယ်။

သည်လောက်အထိ အမေ့ကို ခိုးဝှက်သံယောဇဉ်တွယ်မိပါလျက် နန္ဒာ ဘာကြောင့် တစိမ်းတကား နေလိုက်ချင်မိခဲ့ပါလိမ့်။ ခုချိန်မှာတော့ ဟိုတစ်ကြိမ်ကလို နန္ဒာ့ကို ပြန်ဖို့နှင်မထုတ်တော့မှာ၊ ဆန္ဒရှိလျှင်တောင် နှင်ထုတ်နိုင်အားမရှိတော့မှာကို စိတ်ချလက်ချရှိပြီမို့ နန္ဒာ လာဝံ့ခြင်းပဲလား။

အမေ ခဏနိုးလာပါ အမေရယ်။

တုန်ခနဲရှိုက်ကာ တစ်ခုတည်းသောဆုကို တောင့်တလွန်းစွာ ရေရွတ်ဆုတောင်းလိုက်မိသည်။ ကျော့်လက်ကို ဆုပ်တွဲထားတာမို့ ကျော်က ဆုပ်ညှစ်သတိပေးနေမှန်း ခံစားသိလိုက်ရခြင်းကြောင့် ကျော့်ကို ငဲ့ကြည့်မိသည်။

"ပြောလိုက်လေ နန္ဒာ"ဟု တီးတိုးဆိုနေတာမို့ "နန္ဒာ ဘာပြောရမှာလဲ"ဟု မသိနားမလည်နိုင်ဘဲ ပြန်မေးဖြစ်သည်။





"နန္ဒာ ရောက်နေပြီဆိုတာ ပြောလေ"

အောက်နှုတ်ခမ်းကလေးကို ဖိကိုက်ပြီးမှ ပြန်လွှတ်ကာ "နန် ... နန္ဒာ ..."ဟု စကားသံ ထစ်ငေါ့နေလျက် စကားဆက်လို့မရ။ အမေ့ကို တစ်ချက်လောက် ရှိုက်နမ်းဖူးချင်သည်။ အမေကကော နန္ဒာ့ကို ပါးကလေး တစ်ခါလောက် နမ်းမွှေးခွင့်ပေးပါ့မလား။

"ပြောလိုက်လေ နန္ဒာ"

ကျော် သတိထပ်အပေးမှာ အခန်းထဲကို ဧည့်သည်အသစ်တချို့ ထပ်ရောက်လာသည်။ ကျော့်မေမေလည်း ပါလာသည်။ နန္ဒာ့ကိုမြင်တော့ မျက်ခုံးပင့် မျက်နှာရွှင်လက်သွားကာ ခပ်သွက်သွက် အနားလျှောက်လာလျက် နန္ဒာ့ပခုံးကိုဖက်လိုက်တာမို့ နန္ဒာ ပိုပြီး ဝမ်းနည်းဆို့နင်သွားရသည်။ ကျော့်မေမေကိုဖက်ကာ ရှိုက်ကြီးတငင် ငိုနေမိ၏။

"လိမ္မာလိုက်တာ သမီးရယ်၊ အန်တီ ဝမ်းသာလိုက်တာ၊ နန္ဒာ ရောက်ပြီဆိုတာ မေမေ သိအောင် ပြောလိုက်စမ်းပါ၊ သူ သိပ်ဝမ်းသာသွားမှာပါပဲကွယ်"

နန္ဒာ့ကို အားလုံးသော မျက်ဝန်းတွေက ဝိုင်းဝန်းကြည့်နေကြတာကိုပင် သတိမပြုနိုင်အားပဲ အမေ့အနား ပိုတိုးကပ်ကာ "အမေ ..."ဟု တစ်ဆို့ဆို့ ခေါ်ငင်လိုက်မိသည်။

"အ ... မေ ... နန္ဒာ ရောက်ပါပြီ"ဆိုသည့်အသံက တိတ်ဆိတ်သော အခန်းတွင်းမှာ မရဲတရဲ လှိုက်လှဲစွာ ထွက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာရလေသည်။ စကားဆုံးသည်နှင့် မထင်မှတ်လောက်အောင် မြန်ဆန်နိုးကပ်သော အချိန်အတွင်း အမေ့မျက်ခွံကလေး ဆတ်ခနဲ လှုပ်ကာ လက်ချောင်းကလေးတွေပါ မသိမသာ လှုပ်ရှားသည်။ နန္ဒာ ကြက်သေ,သေကာ အမေ့မျက်ခွံကို စိုက်ကြည့်နေမိ၏။ ဆက်ပြီး လှုပ်ရှားနေရင်းမှ တဖြည်းဖြည်းချင်းပဲဖြစ်ဖြစ် ပွင့်လာပါစေ။

မျက်ခွံကလေးက လှုပ်ရုံလှုပ်နေပေမယ့် ပွင့်မလာ။ လက်ချောင်းလေးတွေက ခုနအတိုင်း ပြန်လည်ငြိမ်သက်သွားသည်။

"စောရေ ... စောသမီးကြီး ရောက်လာတာလေ၊ ကိုယ်တို့ ပြောတာ ကြားရသလား စော၊ နန္ဒာက အမေ့ကိုတွေ့ချင်လို့တဲ့"

ကျော့်မေမေ ငုံ့ပြောနေတာကို ထဘီပြာဝတ် သူနာပြုဆရာမက ငေးမောကြည့်နေသည်။ စိတ်ထိခိုက်လာပုံနှင့် လူတွေကို မကြည့်ဘဲ အသက်ရှူပိုက်ကို ကိုင်တွယ်စစ်ဆေးကြည့်သည်။

"အန်တီ ... အ ... အမေက သတိမရတာလား၊ နန္ဒာပြောတာ ကြားပါ့မလား အန်တီရယ်"

နန္ဒာ့ကို ကျော့်အမေက တင်းတင်းပြန်ဖက်ထားရင်း "ကြားပါတယ် သမီးရယ်၊ စော ကြားမှာပါ"ဟု ပြန်ပြောသံက ငိုသံစွက်လာလေသည်။

"နန္ဒာ လာတာ အမေ သိပါ့မလား အန်တီ၊ ဟင် ... ကျော် ... အမေ သိပါ့မလား"





"သိပါတယ် နန္ဒာရယ် ... ထပ်ပြောကြည့်လေ"

သည်တစ်ခါတော့ အမေ့မျက်နှာနားအထိ တိုးကပ်လိုက်ကာ "အမေ ..."ဟု ခေါ်လိုက်သံက ပိုမိုကျယ်လောင်လာသည်။ လှုပ်ရှားနေသော မျက်ခွံတို့ကိုကြည့်ရင်း "အမေ ... အမေ့ကို နန္ဒာ နမ်းပါရစေ"ဟု တီးတိုးခွင့်တောင်းမိသည်။ သုတ်မနိုင်အောင် စီးသွယ်လာသော မျက်ရည်တို့နှင့် ရေ့ကိုမော့ကြည့်လိုက်ကာ ... ရေ့က အမေ့သားငယ်ကို တိုးလျှိုးစွာ ...

"အမေ့ကို နမ်းပါရစေ"ဟု ခွင့်တောင်းစကားဆိုသည်။ သူကလည်း နန္ဒာ့ကို စိုက်ငေးကြည့်နေရင်းမှ မျက်ဝန်းတွေနီရဲစိုစွတ်ကာ ခေါင်းကိုသာ ဆတ်ခနဲညိတ်ပြလိုက်လေသည်။

မျက်စိစုံမှိတ်ကာ ပိုက်နှင့်လွတ်ရာ အမေ့ပါးပြင်ကို နန္ဒာ့နှာခေါင်းကလေးနှင့် ဖိကပ်ရှူရှိုက် နမ်းရှုပ်လိုက်မိ၏။ ရင်ထဲမှာ ဖော်မပြတတ်သော ခံစားချက်တို့နှင့် ပူနွေးလာသည်။ အမေ့ပါးမှ အနမ်းကို ခွာမထွက်ချင်။ အသက်ရှူရှိုက်ဖို့ကိုပါ မေ့လျော့ကာ သည်လိုပဲ ငြိမ်သက်ကြည်နူးနေပါရစေတော့။ ဘဝတစ်သက်မှာ ဘယ်တော့မှ ပြန်မရနိုင်တော့မည့် ပထမဦးဆုံး လှိုက်လှဲပီတိကို သနားသဖြင့် အမေ ဥပေက္ခာပြုမသွားပါနှင့်။

♥ ✧ ♥




www.burmeseclassic.com

www.burmeseclassic.com

# လမင်းပိုပို

ခရီးဖော်



www.burmeseclassic.com

www.burmeseclassic.com

# ခရီးဖော်

ရထားစီးရင်း ခရီးတစ်ခုအတူသွားဖြစ်ခဲ့တဲ့ ဆရာဝန်လေး တစ်ယောက်နဲ့ ဆရာမလေးတစ်ယောက်ရဲ့ အတွင်းစိတ်အတွေးတို့ကို ဟာသဖက်နွှယ်အောင် ရေးဖွဲ့ထားပါတယ်။ မိဖချင်းကကြည့်ဖြူနိုင်သူတွေမို့ ခရီးစဉ်မှာ ခုံချင်းမျက်နှာချင်းဆိုင်ကျအောင် စီစဉ်ပေးလိုက်ပေမယ့် မုန်းချက်နှင့် နမ်းထွက်မကိုက်ပုံလေးကို စာဖတ်သူများ ပြုံးနိုင်အောင် ပုံဖော်ကြည့်ခဲ့တာပါ။ ဟာသဆန်သော အရေးအဖွဲ့မျိုး ရေးခဲ့တာမို့ ပြန်လည်ခံစားနိုင်အောင် ရွေးချယ်လိုက်ပါတယ်။

၁၉၈၉ ခုနှစ် အောက်တိုဘာလ ရွှေသမင်မဂ္ဂဇင်းမှာ ဖော်ပြခဲ့ပါတယ်။

♥ ◇ ♥

www.burmeseclassic.com

www.burmeseclassic.com

(၁)

"ဒီပုစွန်ခြောက်ထုတ်က ဒေါ်ခင်သန်းတို့ အိမ်အတွက် ရောက်ရောက်ချင်း မေမေ လက်ဆောင်ပါးလိုက်တာပြော ပြီးပေး၊ ကြားလား ...

"ဒီတစ်ထုပ်က ကြီးကြီးမှုံတို့ကို သွားပေးလိုက်၊ လိပ်စာလည်း ပါပြီနော် ...

"သနားပါတယ် ကြီးကြီးမှုံတို့က အတော်ဆင်းရဲ နေရှာတာတဲ့၊ ညည်းကိုမြင်ရင် မျက်ရည်ကျမှာ မြင်ယောင် သေး ...

"သူ ထိန်းခဲ့ရတာ ကိုအောင်ရယ် ညည်းရယ် နှစ် ယောက်တည်း၊ ကိုအောင်က ဆိုးတော့ သူနဲ့ မျက်နှာကြော တည့်တာ မဟုတ်ဘူး ...

"ညည်းကိုပဲ သဲမဲပြီး ဖိချစ်နေရှာတာ၊ ဒီချိုင့်ကို မစောင်းစေနဲ့၊ လက်ဖက်ဆီစိမ်ပြီး ငရုတ်သီး မန်ကျီးသီးနဲ့ နှပ်ပေးထားတာ၊ ဟိုရောက်ရင် ပျင်းကြောထုပြီး အမေ့



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်သုပ် လွမ်းလို့မှ ထ,မသုပ်တတ်မှာစိုးလို့ ညည်း အကြော်လေးဖြူးပြီး စားရုံပဲ ...

"ဟောဒီမှာ ငါးခြောက်ကြော်က ညည်း မမမြင့် လက်ရာအစစ်၊ လူကြုံလေး ဘာလေးရှိ ထပ်ကြော်ပို့ပေး မယ်၊ ညည်းဘာသာတော့လား ဘယ်ထ,ကြော်စားလိမ့်မလဲ ဟင်း ... ပျင်းပျင်းနဲ့ ဝတ်ပြတ်နေမှာ မြင်ယောင်သေး...

"ဒီလုံချည် အစိမ်းက မမီလို့ မေမေ ချုပ်မပေးလိုက် နိုင်တော့ဘူး၊ အထက်ဆင် အသစ်လည်းပါတယ်၊ ဟိုကျ ချုပ်ပေတော့ ...

"ဆေးပုလင်းတွေကတော့ဒီခြင်းထဲမှာပဲနော်၊ အလင်း ရောင်ဆေးကဒီမှာ၊ အမေ့ကွယ်ရာဆိုပြီး ကျောင်းအားချိန် ဝတ္ထုတွေ ကန်ဖတ်မနေနဲ့ ...

"ညအိပ်ရင် မျက်လုံးကို ကွမ်းရွက်ကပ်အိပ်လို့ မှာ ထားတာ မမေ့နဲ့၊ ခုတောင် ဒီဂရီက များလှပြီ၊ မျက်မှန် ပါဝါတိုးတယ် ကြားလို့ကတော့ ဝတ္ထုဖတ်ခွင့် ပိတ်ပစ် မယ် ... ဟင်း"

မိုးကမလင်းသေး မှောင်ကြီးမည်းမည်းထဲ မေမေ့ ပွစိပွစိသံ တတွတ်တွတ်ကြောင့် ငိုက်မျည်းမျည်းနှင့် အလှပြင်နေ သော ခင့် မျက်လုံးတွေ တဖြည်းဖြည်း ကျယ်လာရတော့သည်။ ဝါးခနဲ သမ်းဝေကာ ခေါင်းဖြီးနေရင်းက ရယ်လည်းရယ်ချင်လာ၏။





"မမမြင့်ရေ ... မပြောတော့ဘူးလား၊ သူများကို ကလေး ပေါက်စ ကျနေတာပဲ၊ တောင်ငူလောက် ခရီးလေးသွားရ မှာ နိုင်ငံခြားသွားတာ ကျနေတာပဲ ...

"အဲဒါတွေ မနေ့ကလည်း ပြောပြီးသား အလွတ်ကို ရလို့၊ ဟောဒါက ဒေါ်ခင်သန်းဖို့၊ ဒါက ကြီးမူဖို့ ...

"ဒါက လက်ဖက်၊ ဒါက ငါးခြောက်ကြော်၊ ဒါက ဆေးတွေ၊ လုံချည်အစိမ်းစ ဟိုကျမှကျုပ်၊ ည ကွမ်းရွက် ကပ်အိပ်၊ အမယ်လေး အလွတ်ရတာမှ ဂုဏ်ထူးထွက်နေ လောက်ပြီ"

မေမေ့မျက်နှာက အလိုမကျသလို ညိုမှုန်မှုန် ဖြစ် သွားရကာ အစ်ကိုကြီးဇနီး ယောက်မ မမမြင့်ကတော့ တဟား ဟား ဘေးကရယ်တော့၏။

"မအေက စိတ်ပူနေတဲ့ဟာ၊ လိုက်ပို့ပါမယ် ဆိုတော့လည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ချင်သလေး ဘာလေး၊ ဟင်း ... အသက်က အစိတ်ရှိပြီ၊ ဘယ်တုန်းက ညည်းကို စိတ်ချလို့ ရဖူးလို့လဲ"

"မေမေ့ကိုက မချနိုင်တာတော့ ဘာတတ်နိုင်မှာလဲ"

ခင်တို့မှာ မောင်နှမငါးယောက်ရှိတာ ခင်က အငယ် ဆုံး။ အစ်မအကြီးဆုံး မဝင်းက အိမ်ထောင်ကျပြီး သူ့ယောက်ျား ဗိုလ်ကြီး၏တပ်ထဲ လိုက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး ကိုကျော်က မမမြင့်နှင့် အိမ်ထောင်ကျ ကာ အိမ်မှာပဲ အတူနေသည်။ ကိုကျော့်အောက်က ကိုအောင်က မိန်းမအိမ် လိုက်နေသည်။

ကိုအောင့်အောက်က ကိုနောင်က သင်္ဘောသားမို့ အခု ပင်လယ်ခရီး သွားနေသည်။ ခင်က အငယ်ဆုံး။ အငယ်ဆုံး ပီပီ အပျင်းထူထူနှင့် အဆိုးဆုံး။

မိခင်နှင့် ယောက်မ ချက်ကျွေးသမျှ စားကောင်းတိုင်း စားပြီး အိပ်လိုက် ဝတ္ထုဖတ်လိုက်။

မြို့ထဲတောင် တစ်ယောက်တည်း မသွားဖူးတဲ့သူ။ မေမေ စိတ်မချတာ ဘာဆန်းမှာလဲ။

အလုပ် စ,လုပ်မည် ကြံကာရှိသေး၊ အလယ်တန်းပြ ဆရာမအဖြစ် တောင်ငူမြို့ အထက(၂)ကျောင်းမှာတဲ့။

ခင်ကတော့ ပျော်နေသည်။ ရန်ကုန်မှာဆိုလျှင်တောင် ဒီလောက်ပျော်ရမှာ မဟုတ်။ တစ်ခါမှ မရောက်ဖူးသောမြို့ကို တစ်ယောက်တည်းသွား တာဝန်ထမ်းဆောင်ရမှာ။

ဒီနေ့ကို မျှော်လင့်စိတ်ကူးယဉ် စောင့်ခဲ့ရတာကြာ ပြီ။ ရောက်မယ့်ရောက်လာတော့ မနက်ငါးနာရီရထား ဘူတာ ဆင်းရမှာမို့ ညကမအိပ်ရသလောက် ဖြစ်သွားရတာကို လူက တော်တော်ရယ် မျက်လုံးက မကျေမချမ်းနိုင် ငိုက်နေလိုက်တာ။

"ဟာ ... အိပ်ချင်လိုက်တာကွာ၊ ရထားက နှစ်နာရီလောက် စောင့်ပေးရင် သိပ်ကောင်းမှာ"





ခေါင်းဖြီးရင်း ပြောစကားကို မေမေကြားကာ မျက်စောင်းထိုးနေသည်။

"လမ်းမှာ တစ်လမ်းလုံး ငိုက်မသွားနဲ့ဦး၊ တောင်ငူလည်း ရောက်ရော လူတစ်ကိုယ်ပဲ ကျန်တော့တယ် ဖြစ်နေမယ် ...

"ပစ္စည်းလေး ဘာလေး စေ့စေ့စပ်စပ် ကြည့်သွား၊ ခါတိုင်းလို ညည်းကို ဘယ်သူမှ လိုက်ကြည့်ပေးနေနိုင်မှာ မဟုတ်ဘူး"

"ဖေဖေ ဟိုတစ်နေ့ကပြောတဲ့ ဖေဖေ့ရုံးကမိတ်ဆွေရဲ့အမျိုး တစ်ယောက် ဆိုတာရော ဒီနေ့ပဲ မဟုတ်လား၊ သူ တောင်ငူ သွားမှာ"

"အောင်မယ်လေး ... တစ်ခါမှ မမြင်ဘူးတဲ့ သူစိမ်းကို ဖမ်းပြီးပစ္စည်းကြည့်ခိုင်း၊ ပြီးတော့ ညည်းက အိပ်မယ်ဆို ပါတော့ ...

"ဟင်း ... မပြောလိုက်ချင်ဘူး၊ ကောင်ကလေးက ဒီနေ့လား မနက်ဖြန်လား မသေချာဘူး၊ မျှော်ကိုးမနေနဲ့"

"ကောင်ကလေး ဟုတ်လား"

မျက်မှန်ကောက်တပ်ကာ မေမေ့ကိုလှည့်မေးတော့ မမမြင့်က မျက်စပစ်ကာ ပြုံးနေသည်။ မမမြင့်နှင့်က သူငယ်ချင်း လို ပေါင်းတာ။ ခင်က ပခုံးလေး ပြန်တွန့်ပြလိုက်၏။

"ညည်းက ကောင်ကလေး ဘာလေး လိုက်ခေါ်မနေပါနဲ့၊ ဆရာဝန်တော့ ... ဆရာဝန်၊ သူ့ပိုစတင်ကလည်း တောင်ငူ ဆေးရုံတဲ့၊ ဖေဖေတို့ရုံးက အမ်ဒီရဲ့သားပဲ ...



www.burmeseclassic.com

www.burmeseclassic.com



"မရင်းနှီးလှပေမယ့် လုပ်ဖော်ကိုင်ဖက် သားသမီးချင်းဆိုတော့ အဖော်ရလိုရငြား စကားစပ်ကြည့်တာ ...

"ဒီနေ့ သွားဖြစ်မဖြစ်က သေချာတာမဟုတ်ဘူး။ မမြင်ဖူးတဲ့လူကို သွားအားကိုးမနေနဲ့"

"အားမကိုးပေါင်၊ ခုတွေ့ ခုအားကိုး ဘယ်ဖြစ်ပါ့မလဲ။ ကျွန်မက မိန်းမသား မေမေရဲ့"

ခင် ပြောင်စပ်စပ် အပြောကြောင့် မေမေ့မျက်စောင်းရောက်လာပြန်သည်။

"မတော်တဆများ သူ ဒီနေ့သွားဖြစ်ရင် ကလေးလို သွားဆက်ဆံမနေနဲ့၊ လူကြီးသူမလို တည်တည်ငြိမ်ငြိမ် လေးလေးစားစား ဆက်ဆံနော် ...

"ဟိုကလည်း မိကောင်းဖခင်သားသမီးပဲ၊ သူကိုယ်တိုင်လည်း ဆရာဝန်၊ အောင်မယ်လေး ... ငါ့အဖေရုံးက အမ်ဒီ ဦးထွန်းသိန်း သမီးက ဘယ်လိုဘယ်ညာနဲ့ ပြောစရာဖြစ်အောင် မလုပ်နဲ့"

ခင်က မျက်နှာကို မဲ့ပစ်လိုက်သည်။ အောင်မယ်လေး ... သတိထား ဆက်ဆံနေရအောင် ကိုယ်က ကျေးဇူးခံကျေးဇူးစားလား။ သူများကတော့ နေတတ်သလို နေမှာပါပဲ။

သို့ပေမဲ့ ဆရာဝန်ဆိုသော စကားက မျက်စိကျယ်စေသည်။ ငယ်ကတည်းက ဆရာဝန်ဆို သိပ်ကြိုက်တာလေ။





ခင် ယောကျ်ားယူလို့ကတော့ ဆရာဝန် ဖြစ်ရမယ်ဆိုသည့် တစ်သက်လုံး ကြွေးကြော်နေကျစကားကို ကိုယ့်ဘာသာ ပြန်စဉ်းစားမိတော့ ရင်တွေတောင် ခုန်ချင်လာသလိုလို။

ခက်တာက ဒီအရွယ်အထိ တစ်ကြိမ်သာရဖူးသော ရည်းစားစာက စိတ်နာချင်စရာ။

ခင့်သူငယ်ချင်းတစ်ယောက်ရဲ့အစ်ကို။ စီးပွားရေးသမား တစ်ယောက်ပေါ့။

ရည်းစားစာမှာတောင် စီးပွားရေးစကားတွေ အရိပ်အငွေ့ယှက်သန်းနေတာ။ လူကိုမြင်လိုက်ရတော့ ပိုဆိုးသေး။

ဟင်း ... တွေးကြည့်ရုံနှင့် ငိုချင်စရာ။ ပလေကပ်လုံချည်အကွက်ကြီးကြီးနှင့် အင်္ကျီကို မသပ်မရပ်ဝတ်ကာ ငွေမှငွေ ... ငွေ ...။

ငွေနောက်လိုက်မှန်း သိသာလွန်းစွာ မျက်စိကစားရကွက်ချောင်းနေကျမို့ ပြူးနေတဲ့ပုံ။

စကားပြောပုံကအသံကျယ်ကျယ်။ ဆီဈေး၊ ဆန်ဈေး၊ ရွှေဈေး၊ ကားဈေး၊ မြေဈေး ဆိုတာ သူ့လက်ဖျစ်တတွတ်အောက်ရှိနေပုံနှင့် ပြောလုံးကကြီးကြီး၊ အကြွားကထူထူ။

စီးကရက် လက်ကမချဘဲ ဆံပင်မသပ်မရပ်တွေကထလို့။ အို ... တစ်စက်မှ အထင်ကြီးချင်စရာ မရှိတဲ့ လူတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ရပညာတတ်တစ်ယောက် ဖြစ်သော်လည်း ရုပ်ရည်က စာကျက်လုံလောက်လို့ ဘွဲ့ရတဲ့ပုံပါ။ ပညာသေချာတတ်ပုံမှမရဘဲ။

သူ့စီးပွားရေးလောကလောက်မှလွဲရင် တခြားဘယ်နေရာမှာမှ ထက်မြက်ပုံမရတာ။

မွေးလာတဲ့ ကလေးတွေ ဉာဏ်တုံးတုံး ဖြစ်မှာကို ခင်က ကြီးကြီးကျယ်ကျယ် တွေးမြော်စိတ်ပူတတ်သူပီပီ သားမင်းဦးနောက်လောက်နှင့် လူကိုတော့ စိတ်ကူးထဲ မထည့်ပေါင်ဘေ အိမ်မှာ ပြန်ပြောတော့ အစ်ကိုတွေက နားကြားပြင်းကတ်တဲ့ပုံ။

မေမေကတော့ ကရိုလာနှစ်စီး ထည်လဲစီးနိုင်တဲ့သူ နှင့်ကိုကြိုက်တာ သူ့ဘက်ကတောင် နာသေးတဲ့။ အဲဒီတုန်းကများ စိတ်ဆိုးလို့ ငိုလိုက်ရတာ။

ဒီက သူများတို့က ဆရာဝန်မှ ဆရာဝန်။

ဆရာဝန်ဆိုတာ မြန်မာပြည်မှာ စာအတော်ဆုံးတွေ ဖြစ်တာ။ ဉာဏ်ရည်က သူတကာထက်သာမှာ မလွဲဘူးပေါ့။

ပြီးတော့ ဆရာဝန်ဆိုလျှင် ဘယ်သူ့ကြည့်ကြည့် ဖြူဖြူမည်းမည်း ရုပ်တွေက သန့်ပြီး ခန့်နေကြတာ။

ဟော ... ကိုယ်မကျန်းမမာ ဖြစ်ဦးမလား။ သူ့အပြု အစုကို စတိုင်နဲ့ခံရုံပဲပေါ့။

"ဟင်း ဟင်း ..."





အတွေးတွေနှင့် အင်္ကျီလုံချည်လဲရင်း အသံထွက်ရယ်လိုက်မိတာမို့ မေမေက မျက်ခုံးပင့်ကြည့်သည်။

သူ မွေးထုတ်ထားတဲ့သမီး ဘာတွေ စိတ်ကူးနေသလဲ သူသိမှာပေါ့။ မျက်နှာက ပြုံးစိစိ ဖြစ်လာရင်း ...

"ခင်နော် ... ခင်၊ ကပြက်ကချော် သွားမဆက်ဆံနဲ့၊

ဟိုမှာနေတုန်းလည်း ရပ်ဝေးမှာ ညီအစ်ကိုမောင်နှမလို တစ်ယောက်ကိုတစ်ယောက် အားကိုးရမှာပဲ ...

"ဒီနေ့ သူ မလိုက်ဖြစ်ရင်တောင် ဆေးရုံသွားပြီ မိတ်ဆက်လိုက်၊ သူ့ကိုလည်း သူ့အဖေက ဒီလိုပဲ မှာလိုက်လိမ့်မှာပဲ၊ သူ လာမိတ်ဆက်ရင်လည်း ကောင်းကောင်းမွန်မွန် ဆက်ဆံ"

"နာမည် ဘာတဲ့လဲ မေမေ"

"စိုးအောင်တဲ့၊ ဒေါက်တာစိုးအောင်ပေါ့"

ဟိုက် ... စိုးအောင် ဆိုတော့ စာရေးဆရာ ဇော်ဇော်အောင် ဇာတ်လိုက်ပေါ့။

ပိုင်တာပဲကွာ။ ဇော်ဇော်အောင့် ဝတ္ထုထဲက စိုးအောင်လို ပခုံးကားကား၊ အရပ်ငါးပေဆယ်လက်မလောက် အနည်းဆုံး ရှိပြီး ကျစ်လျစ်တောင့်တင်း ဖြောင့်စင်းမနေတောင် နာမည်လောက်လူက ခန့်ရင်တော့ ကြည့်ကောင်းကောင်းကလေးဖြစ်မှာ။

ပြီးတော့ ဆရာဝန်နော် ဆရာဝန်။ မိခင်မာသိန်း ရှင်တော့ အပိုင်ပဲ။ ရထားလမ်းတစ်လျှောက် ကောင်းကောင်းပေါင်း ဆက်ဆံသွား။



www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာ တစ်မြို့တည်းနေကြ တွေ့ရနဲ့ နောက်ပိုင်း ရင်းနှီးလာမှာပေါ့။ မပူနဲ့လေ။ အဆင့်လိုက်ပေါ့။

"ဒီနေ့ သူသွားဖြစ်ရင် လမ်းမှာ ခင် ဘာတွေပြောရမှာလဲ မေမေ၊ ခင်က သိပ်စကားပြောဖော်ရွေတာ မဟုတ်ဘူး"

"အောင်မယ်လေး … သူက ပြောမှာပေါ့၊ ယဉ်ယဉ်ကျေး ကျေး ဆက်ဆံရုံပဲပေါ့၊ ရွှန်းရွှန်းဝေစရာ မလိုပါဘူး၊ စား ခါနီး သောက်ခါနီး သူ့ကို ဦးစားလေးပေး …

"နှင့်အစ်ကိုတွေကို ဆက်ဆံသလိုပဲ ဆက်ဆံပေါ့၊ တစ်လမ်းလုံး အားကိုးရမှာ၊ ပူမနေပါနဲ့ ဟိုကလည်း ညည်းကို ဦးထွန်းသိန်းသမီးလို့ သိနေမှာပဲ၊ ကဲ … ကဲ … မြန်မြန်လုပ်၊ ဖေဖေ့ကို သွားနှိုးလိုက်ဦးမယ်"

"တစ်အိမ်လုံး လိုက်ပို့ရမှာနော် မေမေ၊ အားလုံးနှိုး"

မေမေထွက်သွားတော့ အသင့်ဖြစ်နေသော အိတ်တွေ ခြင်းတွေကို မမြင့်နှင့်အတူ အိမ်ရှေ့ခန်းကို သယ်ပို့သည်။ ခင် က ကိုယ့်အတွေးနှင့်ကိုယ် ပြုံးစိစိ။ မမြင့်ကလည်း ရိပ်မိစွာ …

"ခင်ရေ … ကောင်ကလေးက လူပျိုပဲဟဲ့၊ ခင့်ဖေဖေက ချီးကျူးစကား ပြောပြောနေတတ်တာ၊ ခင်ကသာ မကြား မိလို့၊ လိမ်လိမ်မာမာကလေးတဲ့၊ ဒါကြောင့်မို့လည်း သမီး လုပ်တဲ့သူနဲ့ တစ်ခရီးတည်းသွားတာ အပ်ထည့်ချင်တာ ပေါ့ …





"ဆိုးဆိုးသွမ်းသွမ်းဆို တစ်နေ့တည်း သွားမယ်ဆို တာတောင် စကားစပ်ပါ့မလား၊ မေမေကသာ ဒီနေ့သွား ဖြစ်မဖြစ် မသေချာသလိုလိုနဲ့ ဣန္ဒြေဆည်နေတာနော်၊ ဒီနေ့ပဲ ပါလာမှာ၊ ဖေဖေ မနေ့က ပြောနေသားပဲ"

"ပိုင်တယ်နော် မမမြင့်၊ ခင်တို့ကုသိုလ်က ဒီလို"

"ဒီမှာ မုန့်ဘူး၊ အပေါ်ဆုံးက တင်ထားနော်၊ လမ်းမှာဆာ ရင်စားဖို့"

မမြင့် ပြောနေဆဲ မေမေ ရောက်လာပြန်ကာ …

"စားရင် သောက်ရင် တစ်ယောက်တည်း နှုတ်ပိတ်ပြီး ကျိတ်စားမနေနဲ့ဦး၊ ခရီးဖော်ကိုလည်း လောကွတ်ကလေး ဘာလေးလုပ်ပြီး ကျွေးဖို့သတိရ …

"ဟိုကောင်လေးကိုတင် ပြောတာမဟုတ်ဘူး၊ ဆေး နားထိုင်တဲ့သူတွေ ဘယ်သူ့မဆို"

"ဟိုတစ်ယောက်က ခင့်နားနီးနီးမှာ နေရာရဦးမှကိုး"

"မရဘဲ ရှိမလား၊ ဖေဖေ့ရုံးက မောင်အောင်မြင့် လက် မှတ်သွားဝယ်ပေးတဲ့ဥစ္စာ၊ မျက်နှာချင်းဆိုင် ယူထားတာ"

"ဟင် … မေမေ ခုနပြောတော့ သူ ဒီနေ့သွားဖြစ် မသွား ဖြစ်က မသေမချာဆို"

ခင့်အမေးကြောင့် မေမေ တစ်မျိုးကြီး ဖြစ်သွားရ ပြီးမှ …

"အို … လက်မှတ်ယူထားတာက ယူထားတာပဲပေါ့ သိုက်ဖြစ်ရင်လည်း လိုက်ဖြစ်မှာပေါ့၊ အဆင်မပြေရင်လည်း ကျန်ရင်



www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့မှာပေါ့”ဟု ခပ်သွက်သွက် ခပ်မြန်မြန် စောဒကတက်ချိန် မရအောင်ပြောပြီး အနားမှ ကပျာကယာ ထွက်သွားလေသည်။

ခင်နှင့် မမမြင့် တစ်ယောက်ကိုတစ်ယောက် မျက်စပစ်သည်။

ဟင်း … မသိတာမှတ်လို့။ မေမေတို့ အတွင်းသဘောတွေများ မရိပ်မိရင် ခက်ဦးမယ်နော်၊ ရထားတစ်စီးတည်း ဒီနှစ်ယောက် ခုံချင်းကပ်စွာသွားဖြစ်ဖို့ တမင်ကိုလုပ်ပြီးမှ လူကြီးသိက္ခာနှင့် ဣန္ဒြေတွေ ပြန်ဆည်နေလိုက်တာ။

ကဲ … ကိုစိုးအောင်ဆိုတဲ့ ဒေါက်တာရေ့ …။ ကျုပ်တို့အိမ်က သဘောကတော့ ဘွင်းဘွင်းကြီး ပေါ်နေပြီ။ ရှင့်ကိုပဲ ကျုပ် အကဲခတ်ကြည့်ဖို့ လိုတော့တယ် ထင်ပါရဲ့။

ရထားက ခြောက်နာရီထွက်မှာမို့ ဝီရိယပိုပိုကလေးနှင့် ငါးနာရီအတိမှာ ဖေဖေက မာဇဒါဂျစ်စိမ်းစိမ်းကိုမောင်းလျက် တစ်မိသားစုလုံး ဘူတာကို ဆင်းခဲ့ကြတော့သည်။

မျက်မှန်ကို မ,တင်လိုက်၊ ကရင်ပတ်လေးထုတ်ကာ မှန်ကြည့် ပေါင်ဒါ တို့ဖိလိုက်၊ ရှီးရှီး ခလုတ်ကလစ်နှင့် ညှပ်စည်းထားသော ဆံပင်ကို စိတ်တိုင်းမကျနိုင်ဘဲ ပြန်ဖြုတ် ပြန်စည်းလိုက်၊ လုံချည်အောက်နားစက ချည်မျှင်လေးတစ်စကို လက်ညှိုး လက်မနှင့် လုံးသိမ်းလိုက်၊ ဟိုပြု ဒီပြင်နှင့် ခင့်စိတ်တွေ အနည်းအကျဉ်းတော့ လှုပ်ရှားနေတာ ဝန်ခံရမှာပေါ့။

♥ ✧ ♥





(၂)

“ဒီဓာတ်ဘူးထဲမှာ လက်ဖက်ရည်အပြည့် တွေ့လား၊ မင်းအကြိုက်၊ မင်းလည်းသောက်၊ ဟို ဦးထွန်းသိန်း သမီးကလေးကိုလည်းတိုက်ဖို့ မေ့မနေနဲ့ …

“လောကွတ်မရှိ ဘာမရှိ ထုံပေပေ အေးစက်စက်ဂိုက်ကြီး ဖမ်းမနေနဲ့နော်၊ မင်းလိုပဲ ဟိုမှာလည်း မိဝေးဖဝေး အလုပ်သွားလုပ်ရမှာ …

“ပြီးတော့ ဟိုကမိန်းကလေး၊ ဆွေမျိုးလိုပဲ သဘောထား”

စိုးအောင်က နှုတ်ခမ်းကိုမဲ့ရင်း နားထဲ လက်ညှိုးထိုးသွင်း ခါပစ်လိုက်၏။ မေမေက “ဘာဖြစ်တာလဲဒါ”ဟု ခပ်ဆတ်ဆတ်မေးသည်။

“ကြားရလွန်းလို့ နားတွေလည်း ခါးလုပါပြီဗျို့”

“ဘာ နားခါးတာလဲ၊ ကဲ … ဒီလောက် ကြားနေတယ်ဆိုရင် ပြောစမ်း ကလေးမလေးနာမည် ဘယ်သူလဲ မှတ်မိရဲ့လား”

“ခင်မာသိန်းပါ ခင်ဗျာ”

စိုးအောင် လက်ပိုက်ပြီး ဖြေလိုက်ပုံကြောင့် မေမေက ရယ်သည်။ ဘေးမှာ ငိုက်မျဉ်းရင်း ဘီစကစ်စားနေသော မိုးအောင်ကလည်း တဟိဟိရယ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုးမပြောနဲ့ ကျွန်တော်တောင် အလွတ်ရပြီ၊ မခင်မာသိန်း၊ အဖေ ဦးထွန်းသိန်း၊ အိကိုဘွဲ့ရ၊ အထက(၂)တောင်ငူမှာ အလယ်တန်းပြဝင်ရန်၊ အိမ်ထောင်ရေးအခြေအနေ ပျို၊ ထင်ရှားသော အမှတ်အသား ..."

"ပေါက်ကရတွေ ပြောမနေနဲ့ ငမိုး"

"ဟိုဟာလေ မေမေရဲ့၊ ထင်ရှားသောအမှတ်အသား ဒီဂရီ မျက်မှန်တပ်သူဆိုတာ ...

"မေမေပဲ ပြောတာပဲ၊ စာသိပ်ဖတ်တဲ့ ဉာဏ်ထက်ထက် မြက်မြက်ကလေးဆို၊ သူ့မျက်မှန်က ဘယ်လောက်များ ထူမှာပါလိမ့်"

"အဲဒါ မင်း အပူလား"

"မျက်မှန်ချင်း တိုက်နေမှာစိုးလို့ပါ ... ဟိ ဟိ"

"ကြည့်စမ်း ... ဒီလို ကပြက်ကချော် အဆင့်မရှိ အတန်းမရှိ စကားတွေ ဘယ်ကတတ်နေသလဲ မိုးအောင်၊ ဟင်...

"လူကဖြင့် တက္ကသိုလ်ရောက်တာ နှစ်နှစ်ရှိသေးတယ်၊ လေသံကိုက ကလေးနဲ့ မတူတော့ဘူး"

မိုးအောင်က ဘီစကွတ်ဘူးကိုဖွင့်ကာ တစ်ဆုပ်ထပ်နှိုက်ယူရင်း အစ်ကိုဖြစ်သူဘက်လှည့်ကာ နှုတ်ခမ်းရွဲ့ပြလိုက်၏။

"ဆေးတက္ကသိုလ်မှာ ဒုတိယနှစ်တက်နေတဲ့ သူကိုများ ကလေးတဲ့၊ လူကြီးက ဘယ်တော့မှ ဖြစ်မှာလဲ"ဟု တီးတိုးမြည်တမ်းနေရင်း ဘီစကစ်ကို တဝါးဝါး။





စိုးအောင်က မြင်ကွင်းကြောင့် ပြုံးနေမိသည်။

မေမေလေ ... မေမေပေါ့။ နှစ်ဦးတည်းသော သားညီအစ်ကိုကလေးကို ငယ်ကတည်းက သူကြိုက်သလို ပုံသွင်းလာခဲ့တာ။

ရည်းစားသနက်ကိစ္စ စိတ်ဝင်စားမှာစိုးလို့ဆိုပြီး ညီအစ်ကိုနှစ်ယောက်လုံး ဆယ်တန်းအထိ ခေါင်းတုံးဆံတောက်ထားခဲ့ရတာကိုသာကြည့်။

လူကြီးစိတ်မပေါက်အောင် မုန့်ကိုတောင် ဘီစကစ်တို့၊ ငှက်ပျောသီးတို့သာ ကျွေးပါများတော့ ပါးစပ်တွေကတောင် ဒါကလွဲပြီး တခြား ထွေထွေရာရာ သိပ်မကြိုက်တတ်တော့။

ငယ်ကတည်းက ဘုရားတရားကိုလည်း ကိုင်းရှိုင်းတတ်အောင် သွန်သင်ပုံသွင်းခဲ့ပြီး ရှစ်တန်းနှစ်တုန်းကတော့ စီးကရက်၊ ဆေးလိပ်၊ အရက်တို့ကို လုံးဝမတို့မထိ မစမ်းသပ်၊ အပျော်တောင် မလုပ်ပါဘူးဟု ဘုရားစင်ရှေ့ ရွတ်ဆိုလျှုဒါန်း သစ္စာစကား ထားစေခဲ့တာမို့ ဘာဆိုဘာမှ မကျူးလွန်ရဲတော့။

ဆရာဝန်ဖြစ်သည်ထိ မေမေ့အချိန်ဇယားနှင့် ကိုက်ညှိနေသားကျခဲ့ရတာ။ မိန်းကလေးတစ်ယောက်ယောက်အကြောင်း ရိုးရိုးသားသား ပြောမိလျှင်တောင် ဒါတွေ ဘာကိစ္စဆွေးနွေးနေရတာတုံးဟု အဆက်အစပ်မရှိ ထ,ဆူတတ်သော မေမေလေ။

ပဲ့ပြင်ဆုံးမလွန်းသည့် နေရာမှာတော့ စံနမူ၊ စံမူဆို ငယ်ငယ်က ကျောင်းဆရာမကိုး။



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးကြောင့် ဆေးပင်စင် ယူလိုက်ရပြီးသော အခါ ကျောင်းကတပည့်တွေအတွက်ပါ အတိုးချပြီး သားနှစ်ယောက်ကိုသာ ဖိဆုံးမတော့တာ။

"သားတို့နှစ်ယောက်လုံး မိန်းမယူရင် ကျောင်းဆရာမကိုပဲ ယူရမယ်၊ ဒါမှ ငါ့မြေးတွေ လိမ္မာရေးခြားရှိမှာ"ဟု ကျောင်းပြီးသည့်နှစ်က ပြောခဲ့သည်လေ။

အရင်ကများ ဒါမျိုး မေမေ ဘယ်စပြောမလဲ။ စိုးအောင်က ဆရာဝန်ကြီးတစ်ယောက်လုံးများတောင် ဖြစ်ပြီမို့ ပြောရင်းက မိုးအောင်ကိုပါ ရောနှောပြောဖြစ်ခဲ့တာ။

ငယ်ကတည်းကလည်း ကျောင်းဆရာတွေကို လေးစား၊ ချစ်ခင်တတ်အောင် ထိန်းကျောင်းလာတာ။

ကျောင်းပြီးသည့် နောက်ပိုင်းမှာတော့ ဘယ်သူ့သမီးလေးက ဘယ်ကျောင်းမှာ ဆရာမ။

ဘယ်သူ့တူမကတော့ ဘယ်ကျောင်းမှာ စသဖြင့် သူ့သားအတွက် ရွယ်တူတန်းတူ ကျောင်းဆရာမငယ်တွေများတွေ့လျှင် ပြုံးပြုံး ပြုံးပြုံး စပ်စုနေတတ်လေ့ရှိသည်။

သိရသမျှလည်း စိုးအောင်ကို ဟိုပြော သည်ပြော။

ကြာတော့ လမ်းသွားရင်း အဖြူအစိမ်းဝတ် ဆံထုံးခြင်း လေးဆွဲထားသော ဆရာမ ငယ်ငယ်လေးတွေတွေ့လျှင် လိုက်လိုက်ကြည့်တတ်လာပြီပေါ့။ ဆေးရုံက ဒေါက်တာဒေါ်ဝင်းမေ ညီမ သန်းသန်းတုန်းကလည်း ဒီလိုပဲ။





မေမေ့စနက်ကြောင့် ကျောင်းဆရာမ ငယ်ငယ်လေးတွေကို ခင်မင်စိတ်ဝင်စားခဲ့ရသော စိုးအောင်။ သန်းသန်းနှင့်ပတ်သက်ပြီး စိတ်ကူးတွေ ယဉ်လိုက်ရသေးသည်။ တစ်ဖက်သတ်စိတ်ဝင်စားစွာ ဒေါ်ဝင်းမေကို မမ ... မမနှင့် ရင်းနှီးမှုတွေယူလို့၊ လိုသမျှကူညီကာ ဒေါ်ဝင်းမေ တပည့်ကြီး လုံးလုံးဖြစ်လို့လေ။

အိမ်ကိုလည်း ရမည်ရှာလိုက်သွား။ အတွေ့အကြုံမရှိတော့ သူတို့အမေကြီးနှင့် စကားပြောရင်း စကားလုံးတွေ အ,ထစ်နေကာ ကော်ဖီပန်းကန် ဆွဲသောက်တော့ ပန်းကန်လုံးနှင့် ပန်းကန်ပြားတစ်ချပ်ချပ် ရိုက်မြည်နေတာမို့ ဒေါ်ဝင်းမေက အားမနာပါးမနာ ရယ်တာကိုတောင် ခံခဲ့ဖူးသေးတာ။

နှစ်ခါလားပဲ သွားလိုက်ရပါသည်။ သန်းသန်းက ခေ့စပ်ပြီးသား မိန်းကလေးဟု သိလိုက်ရတာမို့ ပထမဆုံးတစ်ချီမှာ နောက်ဆုတ် ဆန်ပြုတ်သောက်လိုက်ရသည်။

လွမ်းဆွေးကြေကွဲလွင့် နေရမှာထက် ကိုယ့်အဖြစ်ကိုယ်ရယ်ချင်တာက ပိုနေတာမို့ အမှတ်မထင် သတိရတိုင်း ပြုံးစိစိဖြစ်ရသည်လေ။

"ကဲ ... ရေချိုးလေ ... ရေချိုး၊ ဘယ့်နှယ်ဟာလဲ၊ ငိုင်တိုင်တိုင်ကြီးနဲ့၊ ရထားပေါ်မှာများ ဒီလိုကြီးတော့ ငိုင်မနေလိုက်ပါနဲ့ ကိုစိုးရေ"

မေမေ့စကားကြောင့် ကမန်းကတန်း ရေဝင်ချိုးလိုက်ရသည်။ ဖေဖေ ဘုရားထရှိခိုးနေသံ ကြားရသည်။ ဘူတာကိုလိုက်ပို့မနေကြပါနှင့်ဆိုမှ ပို့ကိုပို့ကြဦးမလို့တဲ့။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ့်ခြောက်နှစ်နော်၊ ဒီပုံ ဒီပန်းကို ဘယ်သူက မလေးမခန့် ရှိမှာမို့လဲ။

ဆေးရုံပတ်ဝန်းကျင်မှာက လွဲရင်တော့ စိုးအောင်ကို လူကြီးလိုထား ဆက်ဆံသူ နည်းသေးသည်အမှန်။

ဖရဲသီးကို နှစဥ်ကတည်းက လေးထောင့်ပုံးနဲ့ စွပ်ထားလို့ ကြီးထွားလာတော့ လေးထောင့်ပုံစံကြီးပဲ ထွက်လာတယ်ဆိုတဲ့ နေရှင်နယ်ဂျီအိုဂရပ်ဖစ်ထဲက ဆောင်းပါးလိုပေါ့။ မေမေ့ဘောင်အောက်၊ စည်းအောက်မှာ အသားသေနေပြီ။ ကလေးလိုထား ကလေးလိုဆက်ဆံတော့ တစ်ခါတစ်ရံ စိုးအောင် အမူအရာတွေ ကလေးကြီးလို ဖြစ်နေတတ်သည်လေ။ ဘယ်တတ်နိုင်ပါ့မတုံး။

"ဒီပလတ်စတစ်ထုပ်က ကြက်သားကြော်ထုပ်နော်၊ ဟိုမှာ ရောက်ရောက်ချင်းရတဲ့ အခန်းကို ရှင်းလင်းနေရာချနေရမှာ ချက်ပြုတ်စားနိုင်မှာလည်း မဟုတ်ဘူး ...

"စားရေးသောက်ရေး အခြေအနေကိုလည်း စာရေးလိုက်ဦးနော်၊ ဖုန်းဆက်ရင်လည်းဆက် ...

"မေမေ ဒီက စိတ်မချ လက်မချ ဖြစ်နေမယ်၊ နောက်ရက်တွေချက်ဖို့ အဆင်မပြေဘူးဆိုပြီး ကြက်သားကြော်ကို တပုံ့ပုံ့ သိမ်းမထားနဲ့၊ သိုးကုန်ရင် ပစ်ရသွားလိမ့်မယ် ...

"ချွေတာမစားနဲ့၊ နောက်ပိုင်း အဆင်မပြေရင် အပြင်ထွက်စားရင် စားပေါ့"





"သိပါပြီ မေမေရယ် ဒါတွေက အသေးအဖွဲ့ကိစ္စလေးတွေဥစ္စာ၊ ဒီလောက်ထိမှာဖို့လည်း မလိုပါဘူး၊ မေမေ့သား ကလေးမှ မဟုတ်တာ"

"အေးလေ ... အမေကြီးကလည်း၊ ကိုစိုးက နယ်မှာတာဝန်ထမ်းဆောင်ဖို့တောင် သွားတော့မယ့်ဟာ၊ မင်းရဲ့အပူအပန်တွေကို လျှော့စမ်းပါ"

ဘုရားခန်းထဲမှ ဖေဖေ ထွက်လာကာ စိုးအောင်အခန်းထဲ လျှောက်ဝင်လာ၏။

"ဒီမှာ ကိုစိုး၊ ဟိုတစ်နေ့ကလည်း ပြောပြီးပြီနော်၊ ဦးထွန်းသိန်းသမီးအငယ်ဆုံး မင်းနဲ့မျက်နှာချင်းဆိုင်က ပါလာမယ်၊ ဟိုကျရင်လည်း ဆက်သွယ်တန်တာ ဆက်သွယ်၊ သူ့အကူအညီလိုရင်ပေး၊ ကိုယ်လိုလည်းတောင်း ...

"မိန်းကလေးနဲ့ ပတ်သက်လာရင် မင်းအမေကြောင့် မင်းတို့ မဆက်ဆံတတ် မပြောတတ် မဆိုတတ်ကြီးတွေ ဖြစ်ဖြစ်နေတာကိုဖျောက် ...

"ဟို ... သန်းသန်းတုန်းကလို ပန်းကန်လုံးနဲ့ ပန်းကန်ပြား တခွပ်ခွပ်မရိုက်စေနဲ့ကွာ၊ ဒါပဲ"

"ဖေဖေကလည်းဗျာ"

စိုးအောင် မျက်နှာနီနီနှင့် စိတ်တိုသွားရသည်။ လိမ္မာပါးရှိသောပုံစံနှင့် ပုံသေကျနေတာကိုများ အထင်သေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြတာ။ စိုးအောင်တဲ့။ ဖြူးနေအောင် ကြော့ကြော့လေး ဆက်ဆံသွားမယ်။

"ကိုစိုး မေမေက အဲဒီ ခင်ဆိုတာနဲ့ ကြံ့ရွယ်သလားမှ မသိတာ"

မိုးအောင်က ဘေးကနေ ရယ်စပ်စပ် အာပြဲပြဲနှင့် ဝင်ပြောတော့ မေမေ့မျက်စောင်းကြီးက မိုးအောင်ထံ ဒက်ခနဲ ရောက်လာကာ ...

"အောင်မယ် ... ကြံ့ရွယ်တော့ရော ဘာဖြစ်တုံး၊ မျိုးရိုးပြောစရာမရှိဘူး၊ အဖေကလည်း ကိုယ့်အဖေနဲ့ ရာထူးတူတူ ခင့်အမေက(......)ဆေးလိပ်ခုံရဲ့တစ်ဦးတည်းသော သမီး၊ ဟင်း ဘာမှတ်လဲ ...

"စိတ်မဝင်စားလို့ သူက ဘာမှဝင်မလုပ်တာ၊ ပိုက်ဆံတွေ ဘာတွေ မေမေတို့က တွက်နေတာ မဟုတ်ဘူးနော်၊ ခင်က အလယ်တန်းပြ ဆရာမ,ကလေး ...

"မကြာခင် အထက်တန်းပြ ဖြစ်လာမှာပဲ၊ စာကလည်းဖတ်၊ ဉာဏ်ကလည်းထက်၊ စကားပြောတာကိုက နူးနူးညံ့ညံ့လေး၊ တစ်မိသားစုလုံး စိတ်ကောင်းရှိကြတာ"

"ဟင် ... မေမေက ဘယ်တုန်းက စုံစမ်းထားလိုက်ပါလိမ့်"

"ဒီလိုပဲ ကြားနေတာပါတော်၊ ပန်းသတင်း လေညင်းဆောင်တာပေါ့"





"ဘာလဲ ... မေမေက သဘောတူနေတာလား"

မိုးအောင်က ဖျတ်ခနဲ ဝင်မေးသည်။

"သဘောတူလို့ရော ရမလား၊ ဟိုဘက်က သဘောဘယ်လိုရှိမှန်းမှ မသိတာ၊ ရည်ရွယ်ပြီးသားလည်း ရှိရင်ရှိမှာ၊ ဘာပဲဖြစ်ဖြစ် အမျိုးကောင်းသမီးကလေး ...

"ကြိုက်သွားလည်း ကျေနပ်တယ် ရှင်းရှင်းပဲ၊ ဒါပေမဲ့ ခုဟာက သဘောရိုးပါ၊ ဖခင်လုပ်ဖော်ကိုင်ဖက်ချင်းရဲ့သားသမီးနှစ်ယောက် တစ်ခရီးတည်း သွားရပြီး တစ်ယောက်ကိုတစ်ယောက် စောင့်ရှောက်ကူညီသွား ...

"ဟိုက မိန်းကလေးဆိုတော့ သားက ယောကျ်ားလေးပီပီ အစစအရာရာ ကာကွယ်စောင့်ရှောက်ပေးသွားရမယ်၊ ဟိုရောက်ရင်လည်း လိုအပ်တာ မေးမြန်းကူညီ...

"ဘာမှမဟုတ်တောင် ကိုယ့်မောင်နှမသားချင်းလို ကူညီဆက်ဆံရမှာပဲ"

မေမေ့စကားတွေကို နားထောင်ရင်း စိုးအောင် ပြုံးချင်လာသည်။ ရုပ်အကျီပြာပြာကို လက်ကြယ်သီးတပ်ရင်း ကိုယ့်အတွေးနှင့်ကိုယ်။

ခင် ... တဲ့။

အင်း ... နာမည်လေးက မိန်းမဆန်လွန်းစွာ ကြင်နာချင်စရာလေး။ တွေ့တွေ့ချင်းကတည်းက တရင်းတနှီးသဘောထားပြီး "ခင်"လို့ပဲ တစ်လုံးတည်း ခေါ်ပစ်မှ။ ဒါမှ နောင်အရည်အဆင်ပြေမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ်ပေါ့။ အမိအဖ အားကိုးမှုမပါဘဲ ကိုယ့်တစ်ယောက်တည်း ကိုယ့်အားကိုယ်ကိုး ခရီးတစ်ခုစ,က ထွက်လာပြီဆိုမှတော့ ကိုယ်ဟာ မာန်ရှိတဲ့၊ ခွန်အားရှိတဲ့၊ စွမ်းအားရှိတဲ့ ယောက်ျားတစ်ယောက်ပဲ။

ခရီးအဖော်က မိန်းကလေးငယ်။ သူ့ကို အန္တရာယ် အသွယ်သွယ် အခက်အခဲ အမျိုးမျိုးရှိလျှင်တောင် စောင့်စောင့် ရှောက်ရှောက်လုပ်ဖို့ ဝန်မလေးပါဘူးလေ။

ခုဟာက ကိုယ့်မှာ ဘာမှထူးခြားတဲ့ ဝန်ပိုခြင်းရှိ မှာလည်းမဟုတ်။ မုန့်လေးကျွေး။ လက်ဖက်ရည်လေးတိုက် အလာပသလ္လာပလေးပြော။ ရင်းနှီးရောနှောရုံလောက်။

ဟင်း ... ဘာခက်သလဲ ဒီကောင်က ကျေတောင် ကျေနပ်သေး။ ဟုတ်တယ်လေ။ သူ့မိဘတွေခများလည်း သမီး အငယ်ဆုံးလေး တစ်ယောက်တည်း လွှတ်ရတာ ဘယ်စိတ်ချ လက်ချ ရှိနိုင်မလဲ၊ ရထားထွက်ခါနီး ...

“ခင့်အတွက် စိတ်ချပါ ခင်ဗျာ”လို့ ရိုကျိုးစွာပြော ရမှာပေါ့။ ခင် ရေသောက်မလား၊ ခင် မုန့်စားမလား။ ခင် ရေ အိမ်သွားချင်သွား ပစ္စည်းတွေစိတ်ချခဲ့ ကိုယ်ရှိတယ်။

ခင် မ,မနဲ့လေးတယ်၊ ကိုယ်သယ်ပေးမှာပေါ့။ ခင့် လိပ်စာပေးလေ ကိုယ်လာလာတွေ့မယ်။ နို့မို့ ခင် ပျင်းနေမှာပေါ့။

အိမ်ကိုလည်း သိပ်လွမ်းမနေပါနဲ့ ခင်ရယ်။ လူကြီး တွေဖြစ်ပြီပဲ ဒီလိုပဲ၊ ကျရာ ... ကြံရာ ...





“ကဲ ... ကိုစိုး ပြုံးစိစိနဲ့ ဘာတွေသဘောကျနေတာတုံး၊ ရော့ ... မျက်မှန်မေ့ဦးမယ်၊ ဒီမှာ လက်ပတ်နာရီ၊ ဒက္ခ ပါပဲ လိုက်သတိမပေးရင် ဟိုမေ့ ဒီလျော့”

“မမေက တော်တော်ဆူနိုင် ပြောနိုင်တယ်နော်၊ ကျောင်း ဆရာမကို ရွေးရင်တော့ တစ်သက်လုံး ဒီဘဝက ကျွတ်ပါ့ မလား၊ အမေ့လက်ထက်ကလည်း အမေက ဆုံးမ၊ မိန်းမ လက်ထက်ကျတော့လည်း ...”

“အမယ်လေး ... ကိုရွှေစိုး ပါးစပ်ကလည်းရဲပါ့။ အမေ့ မျက်စိအောက်က လွှတ်မယ်ကြံကာရှိသေး၊ လေသံတွေက ပေါ့ရွှတ်လိုက်တာ ...

“ဟို ... ရှေ့မှာတော့ ဗရွတ်ရွတ်တ မလုပ်နဲ့နော် ဒါပဲ ...

“တစ်ခါတည်း ဦးမြအောင်သားတွေ ပါးစပ်ဘယ်လို ဆိုးတာ၊ ရဲတာ ဖြစ်နေဦးမယ်၊ ဂရုစိုက်သင့်တာစိုက်၊ လေတော့မပေါနဲ့၊ ဒါပဲ”

ခေါင်းကို မမေ ကျေနပ်အောင် ညိတ်ပြရင်း ကော်ဖီကို ကျိုက်ချလိုက်ရလေသည်။ ငါးနာရီကျော်နေပြီ။ ရထား က ခြောက်နာရီတဲ့ ...။

တောင်ငူကို ဆယ့်နှစ်နာရီလောက်ဝင်မည်ဆိုတော့ ရထားပေါ်မှာ အချိန်ခြောက်နာရီ။ ခင်ချင်တယ်ဆိုရင် တစ်ယောက် ကိုတစ်ယောက် သိပြီးသား နှစ်ဦးအတွက် ရင်းနှီးသွားစေဖို့



www.burmeseclassic.com

www.burmeseclassic.com



လုံလောက်သည့် အချိန်ပိုင်းပါပဲ။ ကားပေါ် ပစ္စည်းတွေတင်ပြီး မိုးအောင်က ဒရိုင်ဘာလုပ်လာသည်။

ပေါင်ပေါ်တင်ထားသော ဆေးကိရိယာသေတ္တာကို စိုးအောင်က လက်ညှိုးလေးနှင့် တောက်ကစားကာ ဘေးခွဲဆံပင်ကို ကြိမ်ဖန်များစွာသပ်ရင်း ပါလာခဲ့၏။

ကိုယ့်ကိုယ်ကိုယ် ကျေနပ်လောက်ရဲ့လား ငံ့အကဲ ခတ်ရတာအမော။ ဩော် ... အရေးထဲ ကိုယ်လိမ်းပေါင်ဒါကလေး တောင် နည်းနည်းပါးပါး မတို့ခဲ့ရ။ မေ့သွားရတယ်လို့ပဲကွာ။ တောက် ... စိုးအောင် ... မင်း ညံ့တယ်။

♥ ✧ ♥

(၃)

ဟွန်း ... မေမေတို့များ ကိုယ့်သမီးပျိုကို သူစိမ်း ယောကျ်ားတစ်ယောက်နဲ့ အပ်ထည့်ရတယ်လို့။

သူ မပါတာကမှ စိတ်သက်သာဦးမှာ။ ဘယ်လိုတုံး မိခင်မာသိန်း။ အိမ်မှာတုန်းကတော့ ဆရာဝန်ဆိုတာနဲ့ ညည်းစိတ် ထဲ ကျိတ်ပြီးအကြိုက်ကျနေခဲ့တာလေ။

အိုး ... ဒါပေမဲ့ သူ့ဆရာဝန်က ဆရာဝန်ပုံမှ တစ် ချက်မှမပေါက်တာ။ သက်သေခိုင်လုံလို့သာ ဆရာဝန်လို့ယုံရတာ။





အသားက မည်းထားတာ ညမှောင်မှောင် အမှတ် တမဲ့ဆို လူလုံးမှ ကွဲပါ့မလား။ ဆံပင်ဘေးခွဲက ဆီမွှေးလူးကာ ပိပိဖြီးထားလိုက်တာ။ လှပါ့။

မျက်မှန်ပုံစံကိုက ဟိုး ရှေးခေတ်ကပေါ်တဲ့ ကျဲကော် ကိုင်းအနက် လေးထောင့်ပုံနဲ့။ အရေးထဲ အင်္ကျီကအပြာ။ ပလေ ကပ်ပုဆိုးကွက်ကြီးကြီးရန်ကလည်း ဘယ်တော့မှ လွတ်ပါ့မလဲ။ သူ့ဟာက တစ်မူဆိုးဝါးစွာ စားပွဲခင်းဆင်။ ဟား ... ဟား ... ရယ်ရတယ်ဟေ့။ ဒါကိုများ သူ့အမေက ကိုစိုး ကိုစိုးနဲ့ ချစ်နေ လိုက်တာ။

အတွေးနှင့် ခင့်နှုတ်ခမ်းတွေ စူထွက်နေရသည်။ ရှေ့က တစ်ယောက်ကတော့ ခပ်တည်တည်။ ရထားစ,ထွက်ကတည်းက စကားတစ်ခွန်းမှမပြော။ သူကပဲ မျက်နှာမှုန်တည်တည်နှင့် မဂ္ဂဇင်း ဖိဖတ်နေရသည်ရှိသေး။

စိတ်ကူးယဉ်ထားသမျှနှင့် လွဲနေတာမို့ ခင် စိတ်ညစ် စွာ နေထိုင်မရ ဖြစ်နေရ၏။

ဒီလူစောင့်ရှောက်တာ ခံရမည်ဆိုလျှင်တော့ မကြည် နူးပေါင်။ စိတ်ကူးယဉ်ချင်စရာ ရုပ်ရည်မှ မရှိဘဲ။ တောင်ငူကျ ရင်တော့မတော်တဆ သူက လိပ်စာမေးခဲ့ရင်တောင် မပြောဖို့ ဆုံးဖြတ်သည်။

ခင် ဒေါ်တွေပွပွနှင့် ခြင်းထဲက ဝတ္ထုစာအုပ်ထုတ် ပြီး မျက်မှောင်ကြီးကြုတ်ကာ ဖတ်နေလိုက်၏။ ဖတ်သည့်ဝတ္ထုက ခင်ကြိုက်သော စာရေးဆရာ၏ ဝတ္ထုသစ်။



www.burmeseclassic.com

www.burmeseclassic.com



စလုန်ဖတ်လိုက်သည်ဆိုလျှင်ပင် ခရီးသည်တင်ကားကို မားပြတိုက်တာနှင့် ကြုံနေရသည်။ ဘုရား ... ဘုရား ... ရထားကိုများ ဓားပြတိုက်ရင်။ သူ့ပုံက ကူညီပါမလား မသေချာ။ တွေးရင်းက စိတ်အနှောင့်အယှက် ဖြစ်လာရ၏။

တစ်ကိုယ်တည်း လာရသောခရီးမှာ စကားပြောဖော်စိတ်ဝင်စားစရာ တစ်ယောက်ယောက် မျှော်လင့်လိုချင်ကာမှ။ ဟင်း ... လောကကြီးထဲက ဆရာဝန်တွေထဲ ငါနဲ့ဆုံမယ့် တစ်ယောက်ကျမှ ကွက်ပြီး ပုံပျက်နေရတယ်လို့ ...။

ငုံ့ထိုင်နေတော့ သူ့မျက်နှာမှာ ပါးဖောင်းဖောင်းကြီးကို အရင်တွေ့နေရသည်။ လူကဖြင့် ပိန်ပိန်နဲ့ ပါးကျမှ လာဖောင်းနေတယ်။ အံ့ရော ...။

♥ ✧ ♥

(၄)

အင်း ... မေမေ ... မေမေ၊ ရွေးတတ်ပါ့ မေမေရယ်။ ရှာတတ်ပါ့။

လူကသာ ခေါင်းငုံ့ပြီး စာဖတ်နေပေမယ့် စိတ်ကတစ်စက်မှ စာထဲမှာမရှိ။ ရှေ့က မချောဆိုပဲ ရောက်နေသည်။ မှန်းချက်နှင့်နှမ်းထွက် လုံးဝမကိုက်တာကြောင့် စိုးအောင် သက်ပြင်းကြီးတွေနှင့် မကျေမချမ်း ဖြစ်နေရ၏။





ဟား ... ဟား ရယ်တောင် ရယ်ချင်သေး။ စောင့်ရှောက် ဆောင်ယူသွားရမည့် မိန်းကလေးက ဒီပုံတဲ့။ ဒီပုံကို ဘယ်သူက နှောင့်ယှက်မှာမို့လို့ စောင့်ရှောက်သွားရမှာလဲ။

အသားတော်က ညိုပြာနက်မို့ နန်းတော်ထက်ဖွားဟု ကြံဖန်ချီးကျူးရင်တော့ ရတာပေါ့။ နေပါဦး ... မျက်ခုံးမွေးက အမေမွေးကတည်းက မပါတာ ထင်ပါရဲ့။

မျက်မှန်ထူထူထက်မှာ မျက်ခုံးတန်း မြင်မနေရတော့ဘဲ နဖူးပြောင်တလင်းပဲ ရှိတော့တာက ဘဲဥညိုညိုနှင့် တူနေစေသည်။

နှာခေါင်းကတော့ ချွန်ချွန်ပါ။ ဒါပေမဲ့ သွားတွေက ဘယ်လိုဖြစ်နေတာပါလိမ့်။

ပါးစပ်ဟာစမ်း ဆိုပြီး သွားသုံးဆယ့်နှစ်ချောင်းကို ကပ်ချင်တဲ့နေရာကပ် ပစ်ထည့်ထားသလို အစီအစဉ် တစ်စက်မှမကျဘဲ သူပေါက်ချင်တဲ့ပုံ ကပ်ပေါက်နေလိုက်တာဆိုတာ။

ကိုယ်လုံး ... ကိုယ်လုံး ... ကိုယ်လုံးဆိုတဲ့အတိုင်း လုံးနေလိုက်တာ အနည်းဆုံး ပေါင်တစ်ရာ့လေးဆယ်တော့ အသားလေးပဲ။

ဒီပုံပန်းနဲ့ ဝတ်ထားလိုက်တာက အဝါဖျော့ဖျော့ အထက်အောက်ဆင်တူ။

ကွင်းထိုးခုံမြင့်ဖိနပ်က ခြေခုံမှာ ကျပ်စည်းထားသလို ဖြစ်နေတာကျတော့ရော ဘာပြောမလဲ။ ဟာဟ ဒီပုံနဲ့ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ရထားစီးရင်း ဘယ်သူက စိတ်အနှောင့်အယှက် ဖြစ်ခဲ့ပြီး နှောင့်ယှက်ထိကပါး ပြုမှာမို့တုံးကွာ။

သူက မာမာထန်ထန် မျက်နှာနှင့် နှုတ်ခမ်းစူနေရ သေးသည်။ အဖက်မလုပ်ချင်ရင် ပိုတောင်နားအေးအေး။ ဘူတာ ထဲတုန်းက သူ့ယောက်မဆိုသူနှင့် ရှုံ့မဲ့မျက်စပစ်နေကြတာ တွေ့ သွားပဲ။

သူ့အဖေနှင့် စိုးအောင်အဖေက တစ်ယောက်နှင့် တစ်ယောက် မိတ်ဆက်ပေးကြတော့ သူက မျက်နှာရှောင်ဖယ်ဖယ် လုပ်နေတာမို့ စိုးအောင် ဒေါ်တွေပွနေရသည်။

သူက ရှောင်ဖယ်လို့ ဒီကောင်က ဝမ်းနည်းရပါသတဲ့ ဗျာဟု တွေးရင်း စိတ်ထဲ ရယ်ချင်စိတ် ကဲလာရ၏။

♥ ✧ ♥

(၅)

ဝတ္ထုဖတ်နေရင်း ပါးစပ်က တလှုပ်လှုပ်ဝါးနေချင် စိတ်နှင့် မုန့်ဘူးဆီ မျက်စိရောက်သွားရပြီးမှ ခင် တွန့်သွားရ၏။ သူ့ကိုပါ ကျွေးရမှာ။

"ကိုစိုးအောင် စားပါဦး"ဟု ပါးစပ်ကထွက်ရမှာ တစ်မျိုးကြီး။ "မစားဘူး"ဆိုရင် ခင်မာသိန်းတို့အောက်ပြီ။ ဒါပေမဲ့ သူ့ကြည့်ရတာ စားမယ့်ပုံ။





ဗိုက်က သိပ်ဆာလှတာတော့ မဟုတ်။ ဒါပေမဲ့ အချိန်မရွေး ပါးစပ်က တလှုပ်လှုပ်နှင့် တစ်ခုခု စားနေရမှ ခင် ကျေနပ်တာ။

ရင်ခံတာတွေ ဘာတွေမရှိ။ ထမင်းစားချိန်ကျတော့ လည်း ပုံမှန်ပင် စားနိုင်သည်။

အထူးသဖြင့် ဝတ္ထုဖတ်ရင်တော့ လက်ဖက်သုပ်က လေးဖြစ်စေ၊ အကြော်အလှော်လေး တစ်ခုခုဖြစ်စေ၊ ကိတ်မုန့် ခြောက်ကလေးဖြစ်စေ၊ ယုတ်စွအဆုံး အချဉ်ထုပ်ကလေးတစ်ထုပ် မြှုံ့ပြီး ဖိမ်လုပ်ရမှ။

မဆာပေမယ့် စားချင်စိတ်ကို ထိန်းထားရကာမှ ဗိုက်က ဆာလာသလိုလို ဖြစ်ရပြန်သည်။

ဟုတ်သားပဲ။ မနက်က သိပ်မည်မည်ရရ စားခဲ့တာ မဟုတ်။

အို ... တကယ်ကို ဆာလာပါပြီ။ အလိုက်ကမ်းဆိုး မသိတဲ့ ဗိုက်ကလည်းနော်။ ဒီကြားထဲမှာ သူက စကားတစ်ခွန်း တလေ ပြောထားရင်တောင်မှ "စားပါဦး"ဟု လောကွတ်လုပ်ရ မှာ သိပ်ဝန်မလေးပါဘူး။ နေနိုင်လိုက်တဲ့လူ။ စကားတစ်လုံး တလေမှ မပြော။

ခင်က ဝတ္ထုစာမျက်နှာပေါ်က မျက်ဝန်းလေးတွေ ခွေ့ကာ မျက်မှန်မ,တင်သလိုလိုနှင့် သူ့ဆီကို ခိုးကြည့်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား ... ဘုရား လန့်တုန်ကာ ကမန်းကတန်း မျက်လွှာချပစ်လိုက်ရသည်။

အလိုတော် ... မျက်လုံးချင်း ဒက်ထိကြီး ဆုံရတယ် လို့။ သူ ဘယ်တုန်းကတည်းက ကျုပ်ကို ခိုးကြည့်နေပါလိမ့်။ မျက်လုံးချင်းအဆုံမှာ အေးအေးဆေးဆေး ဆိုရင်လည်း တစ်မျိုး ပေါ့။

ခုတော့ သူကိုယ်တိုင်က ပါးစပ်ကြီး ဟသွားပြီး တစ်ခုခုပဲ ပြောတော့မလိုလို မပြောတော့ မလိုလို အိုးတိုးအတ အလန့်တဖျပ်ကြီး ဖြစ်သွားတော့ ခင်ပါ ရောယောင်ရင်ခုန်သွား ရသလိုပဲပေါ့။

ရင်ဘတ်ထဲမှာ ဒိတ်ခနဲ ဖြစ်သွားတာ။မျက်လွှာပြန် ချလိုက်ပြီးသည်ထိ တဒုတ်ဒုတ်နှင့် ရင်ထဲက မြည်နေဆဲ။

ဒါလား ရင်ခုန်တာ။ အတွေးငြိမ်သက်စပြုတော့ ရယ်ချင်သလိုလိုနှင့် ခင် ပြုံးစိစိ ဖြစ်လာရသည်။

ရယ်ချလိုက်ချင်ပေမယ့် အရေးထဲ ဝတ္တုကရယ်စရာ မပါ။ အင်း ... ခုနက မြင်လိုက်ရတဲ့ ရုပ်ကတော့ ရှိုးပုံရှိုးပန်း နှင့်။

မိန်းကလေးထက်များ သူက ရှက်နေသလိုလို။ ဟင်း ဟင်း ဟင်း အတွေ့အကြုံမရှိတာတော့ သေချာပါသည်။

ခင့်ကို စကားမပြောတာကလည်း သူ ရှက်ကြောက် နေတာ ဖြစ်နိုင်သည်။ ဒါပေမဲ့ သူ့ခမျာ ခင့်ကို ခိုးတော့ကြည့်နေ





သား။ ရုတ်တရက်ပင် ရင်မှာ ခင်မင်စိတ် တစ်စွန်းတစ်စ ပြူထွက်လာရသည်။ ဆုံးဖြတ်ချက်နှင့် မုန့်ဘူးကို ခင် လက်လှမ်း လိုက်၏။

♥ ✧ ♥

(၆)

မဂ္ဂဇင်းကို တဖျပ်ဖျပ် လှန်ရင်း စိုးအောင် ငြီးငွေ့ နေသည်။ ခရီးသွားရတာ စကားပြောဖော်မရှိတော့ ခြောက်သွေ့ သွေ့နှင့်။

ပတ်ဝန်းကျင်မှာ လူတွေဒီလောက်များများ ရှိပါလျက် တစ်ယောက်သောသူနှင့်ဆို မိတ်ဆက်သိကျွမ်းခွင့်ရပါလျက် စကား မပြောဖြစ်။

အိုး ... ဒါကတော့ သူက မတူမတန်သလိုလို ဘာ လိုလို လုပ်နေတာကိုး။ ဘူတာရုံမှာ အဖေကိုချွဲနေတဲ့ ရုပ်ကကျ တော့ တကယ့် ကလေးပေါက်စလေးလိုလို။

စိုးအောင်ကိုကျတော့ စကားမပြောတော့။

ဝတ္တုဖတ်နေပေမယ့် ဂနာမငြိမ်လှစွာ တလှုပ်လှုပ် ဖြစ်နေတာကို မြင်နေရတော့လည်း သူ့ခမျာမနေတတ် မထိုင်တတ် လှုပ်ရှားနေခြင်းကိုများ ဖုံးကွယ်နေတာလားဟု ထင်စရာဖြစ်မြဲ သည်။



www.burmeseclassic.com

www.burmeseclassic.com



အေးလေ ... ပြန်စဉ်းစားကြည့်လိုက်တော့ ကိုယ်တောင်မှ ယောကျ်ားဖြစ်လျက် စကားတစ်လုံးပင် မစ,ဖြစ်။

ခုမှ ကိုယ့်အဖြစ်ကို သတိထားမိကာ တရားကျရသည်။ တကယ်တော့ မျှော်မှန်းတွေးမြင်ထားတာက တစ်မျိုး။ တကယ့်အပြင်က တစ်မျိုးမို့ သူကိုယ်တိုင် စိတ်ပျက်လက်ပျက်ဖြစ်သွားတာလည်း ပါသည်။

သူကော ကိုယ့်လိုပဲ ဖြစ်နေမလား။ ဒီလိုဆိုရင်တော့ မကျေနပ်စရာ။ ကိုယ် ဒီလိုဖြစ်သွားတာ သူသိလျှင်လည်း မိန်းမမာနကလေးနှင့် ရှုံးရှုံးရှားရှား ဖြစ်သွားမှာပဲပေါ့။

စိုးအောင် ရယ်ချင်လာရသည်။ တကယ်တော့ ဘာပဲဖြစ်ဖြစ် ဖခင်ချင်း ရင်းနှီးခင်မင် အပ်နှံလိုက်တာပဲ။ ရိုးသားသော စကားတွေ ပြောလို့မရတော့ဘူးလား။ ဘာပဲဖြစ်ဖြစ် ခရီးသွားဖော်ပဲ။

အတွေးနှင့် မိန်းကလေးကို အကဲခတ်ကြည့်ချင်စိတ်နှင့် စိုးအောင်က မဂ္ဂဇင်းကို တဖျပ်ဖျပ်လှန်ကာ မျက်လုံးကို မသိမသာရွှေ့ရင်း ရှေ့ကမိန်းကလေးကို ကြည့်လိုက်မိ၏။ ဟိုက် ... သူက ကြည့်နေပါလား။

ရုတ်တရက် အကြည့်ချင်းအဆုံမှာ ရင်ထဲ ဒိတ်ခနဲမြည်လျက် စိုးအောင် ပါးစပ်ကြီး ဟ,သွားရသည်။

ဘာပြောရမှန်း မသိတာနှင့် မျက်စိကို လွှဲလိုက်ရ၏။ လွှဲလိုက်သည့်တိုင် ရင်ထဲက တဒုတ်ဒုတ်။ ဘယ်ချိန်ကတည်းကငါ့ကို စူးစိုက်ကြည့်နေပါလိမ့်။ သူလည်း မျက်လွှာချသွားသည်။





စိုးအောင် မျက်စိလွှဲပစ်လိုက်တာကရော ယဉ်ကျေးပါ့မလား။ ညံ့တဲ့ကောင်ကွာ။ တစ်ခုခုပြောလိုက်ဖို့ ကောင်းတာ။

သူကလေး ရှက်စနိုးဖြစ်သွားပုံက ခုနမာတင်းစူပုပ်နေခြင်းတွေပျောက်ကာ သိမ်သိမ်မွေ့မွေ့ကလေးပါပဲ။

သူ ရှက်နေတာ ဖြစ်နိုင်တာပေါ့။ ငါက ဘာကြောင့် စကားစ,မပြောနိုင်ရတော့မှာလဲ။

ဘာကြောင့်မှန်းမသိ စိတ်ထဲ ကျေနပ်ရွှင်ပျလာကာ စိုးအောင် စကားစ,ရှာသည်။ ဟုတ်ပြီ ... ဟုတ်ပြီ ...။ မေမေထည့်ပေးလိုက်တဲ့ ကြက်သားကြော်နဲ့ လက်ဖက်ရည်ပါတာပဲ။ လက်ဖက်ရည်တိုက်မည်။ ပြီးတော့ "မုန့်တော့မပါဘူးကွ၊ ကြက်သားကြော်ပဲစား"လို့ ခပ်ရွှန်းရွှန်း ပြောလိုက်ရင် ...။

ဆုံးဖြတ်ချက်နှင့် ဓာတ်ဘူးဆီ စိုးအောင် လက်လှမ်းသည်။

♥ ✧ ♥

(၇)

"စားပါဦး"

"သောက်ပါဦး"

နှစ်ဦးလုံး ကြောင်အမ်းသွားရရင်းက လက်တွေဆန့်တန်းလျက်ပင် တစ်ယောက်မျက်နှာ တစ်ယောက် ခပ်ကြာကြာကြောင်ငင စိုက်ကြည့်မိသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင့်လက်ထဲမှာ ဖွင့်ထားသောမုန့်ဘူး။

စိုးအောင် လက်ထဲမှာ မယ်လမင်း ပန်းကန်လုံးနှင့် ဓာတ်ဘူး။

ခဏအကြာမှာ နှစ်ယောက်လုံး တိုင်ပင်မထားဘဲ အသံတိုးတိုးနှင့် ရယ်လိုက်မိကြသည်။

"အတော်ပဲ ... ကျွန်တော့်လက်ဖက်ရည်ကို သောက်ပြီးရင် ခင်ဗျားမုန့်ကို စားတာပေါ့ ဟုတ်လား"

စိုးအောင်က ဒီတစ်ခါတော့ လက်ဦးအောင် စကား စ,လိုက်သည်။

"ဟုတ်ကဲ့"

ခင်က ပန်းကန်နှစ်လုံးထဲ လက်ဖက်ရည်ငှဲ့ကာ စိုးအောင်ကို တစ်ခွက်ပေးသည်။ လက်ကလေးတွေက အနည်း ငယ်တုန်ချင်သည်။ သူ့ဓာတ်ဘူးကို ခင်ပဲပြန်သိမ်းပေးလိုက်၏။ စိုးအောင်က ခင့်မုန့်ဘူးကို ကိုင်ထားသည်။ ခင် မုန့်စားနေတာ ကိုကြည့်ရင်း ...

"ကျွန်တော်တို့နှစ်ယောက်လုံး စကားနည်းကြတယ်"

"ဟုတ်တယ် နော်"

"နာမည်က မခင်မာသိန်းနော်"

"ခင် ... လို့ ခေါ်လို့ရပါတယ်"

ခင်က မပွင့်တပွင့် ထောက်ပေးသည်။

"ဒါဖြင့် ကျွန်တော့်ကိုလည်း ကိုစိုးလို့"





စိုးအောင် စကားသံကြီးကြောင့် ခင်က ပါးစပ်လေး အုပ်ပြီး တစ်ဖက်လှည့်ကာ ရယ်ချင်စိတ် အောင့်ထားလိုက်ရသည်။ ခင့်ဟန်မူရာကြောင့် စိုးအောင် မျက်နှာက ခပ်နီနီ။

♥ ✧ ♥

(၈)

တောင်ငူဘူတာကစ,ပြီး မြင်းလှည်းတစ်စီးတည်း ငှားသည်။ ခင် တည်းခိုနေထိုင်မည့် ပွဲစားလမ်းကအိမ်ကို အရင် ပို့သည်။ မြင်းလှည်းပေါ်မှာ နှုတ်ဆိတ်လို့တော့ နေကြသည်။

ရထားပေါ်မှာတုန်းကလည်း စကားပြောဖို့ လမ်းပွင့် ပြေပြစ်သွားပေမယ့် သိပ်ကြီး ရွှန်းရွှန်းမဝေခဲ့ကြ။

စိတ်ထဲမှာ နှစ်ယောက်လုံး ခိုးလိုးခုလုတော့ ရှိကြ တာပေါ့လေ။ စိတ်အတွေးနှင့် ကြိုတင်မြော်မြင်ထားသလောက် လက်ခံချင်စရာမရှိတာ။

အသီးသီး မတင်မကျစိတ်နှင့် ရင်းသင့်သလောက် မရင်းနှီးလိုက်။

ဘူတာရုံမှာ မြင်းလှည်းငှားတော့ "ခင့်အိမ်အထိ လိုက်ပို့ပေးမယ်လေ"ဟု စိုးအောင် ပြောတာကို လောကဝတ် ကျေရုံလား၊ စိတ်ပါ လက်ပါရှိရဲ့လား ခင်က သရုပ်ခွဲနေမိကာ ခေါင်းကလေး မသိမသာလောက်သာ ဆတ်ပြဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခင့်ခေါင်းညိတ်ပုံ အားမပါတာကို စိုးအောင်လည်း သတိထားမိသည်။ ကိုယ်တိုင်လည်း ဝတ္တရားကျေ မေးမိတာလား ဘာလားမသေချာ။

မြင်းလှည်းပေါ်မှ လမ်းမပေါ်ကိုငေးကာ မြို့ရှုခင်းကိုသာ ငြိမ်သက်စွာကြည့်ပြီး ပါလာကြပေမယ့် စိတ်တွေက မငြိမ်သက်။ တဖြည်းဖြည်းနှင့် ခင် နေမည့်အိမ်သို့သာ ရောက်လာသည်။ မြင်းလှည်းရပ်သည် ဆိုလျှင်ပင် တစ်ယောက်ကိုတစ်ယောက် ဖျတ်ခနဲ ကြည့်လိုက်မိကြ၏။ စိုးအောင်က ပစ္စည်းတွေ သယ်ချပေးသည်။ ခင်ကတော့ ငြိမ်သက်သက်။

မြင်းလှည်းပေါ် ပြန်တက်ရန်ပြင်သော စိုးအောင်က ခြေလှမ်းကို ပြန်ရပ်ရင်း ...

"ကျွန်တော်ကတော့ ဆေးရုံမှာ အမြဲရှိမှာပါ၊ ခင် ကိစ္စရှိရင်"

"ဟုတ်ကဲ့"

"ဖုန်းနံပါတ်ရပြီနော်"

"ဟုတ်ကဲ့"

စိုးအောင်က ချာခနဲလှည့်ကာ မြင်းလှည်းပေါ်တက်သည်။ ထိုင်မိသည် ဆိုလျှင်ပင် ခင့်ရင်ထဲ တင်းကျပ်သွား၏။ သူ ... သူ ခင့်ကို ဒီလောက်ထိပဲ ခင်မင်ဖော်ရွေနိုင်သည် ဆိုပါတော့။





မျက်နှာကလေး ညိုသွားသော ခင့်ကို စိုးအောင် ငေးကြည့်ရင်းက နှုတ်က အလိုလို ပွင့်ဟကာ ...

"ခင် နက်ဖြန် အားလား"

"ဟုတ်ကဲ့ ... နှစ်ဆယ့်ခုနစ်ရက်နေ့မှ စ,ဝင်ရမှာပါ"

"ဒါဖြင့် စောင့်နေနော်၊ မနက်ကတည်းက လာခဲ့မယ်"

မြင်းလှည်းက စကားသံတွေကို မစောင့်ဘဲ ထွက်နှင့်ပြီ။ တောက်ပသော မျက်ဝန်းလေးများနှင့် ခင် ကျန်ရစ်ရင်း ...

"ဟုတ်ကဲ့ ... ကိုစိုး"ဟု ဖြေလိုက်သံက မကျယ်လှပေမယ့် စိုးအောင် နားထဲ ရင်ထဲ အဖန်ဖန် အထပ်ထပ် ပဲ့တင်ကျန်လေသည်။

♥ ✧ ♥




www.burmeseclassic.com

www.burmeseclassic.com

# လမင်းမှိုမှို

ပြန်ခဲ့ပါသခင်



www.burmeseclassic.com

# ပြန်ခဲ့ပါသခင်

အိမ်ထောင်မှုဘုရားတည်၊ ဆေးခင်ရည် စုတ်ထိုး ဆိုသလို တည်ဆောက်ပြီးမှ ပြိုပျက်ရန်စက်လှတဲ့ အိမ်ထောင်မှုဘဝတစ်ခုမှာ ခင်ပွန်းသည်ရဲ့ အားနည်းချက်အများကို ရင်သွေးများမျက်နှာ ထောက်ရှုပြီး မေ့မယူနိုင်ဘဲ ခွင့်လွှတ်သင်ပုန်းချေခဲ့တဲ့ ဇနီးသည်တစ်ယောက်ရဲ့ ပေးဆပ်မှုကို ရေးဖွဲ့ထားပါတယ်။ အပြစ်ယူဖို့ထက် ခြေလည်သာယာမှုကိုသာ ရှေ့ရှုလိုတဲ့ အိမ်ထောင်ရှင် မြန်မာအမျိုးသမီးတို့ရဲ့ ဘဝပေးအသိနဲ့ အနှံတာခံ သည်းညည်းခံနိုင်မှုကို စိတ်ကူးယဉ်ခံစားကြည့်ရင်း ရေးဖြစ်ခဲ့တာပါ။

၁၉၉၂ ခုနှစ် ဧပြီလ ရွှေသမင်မဂ္ဂဇင်းမှာ ဖော်ပြခဲ့တဲ့ ဝတ္ထုတစ်ပုဒ်ပါ။

♥ ✧ ♥

www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့တည့်တည့်တွင် ရပ်ထားသော ကားပေါ်မှာ သားက နောက်ခန်းတွင် ထိုင်နေသည်။ နေ့လယ် ကျောင်းလွှတ်ချိန်ကတည်းက ခုချိန်ထိ အိမ်ပြန်မရောက်သေးတာမို့ သူ့ကိုယ်ပေါ်က အဖြူနှင့်ခရမ်းရောင်ကြား မူကြိုဝတ်စုံကလေးကို မချွတ်ရသေး။ ကားနောက်ခန်း ကူရှင်ပေါ် မတ်တတ်ရပ်ကာ ရှေ့ခန်းက ကုလားထိုင်နောက်မှီကို လက်နှင့်အားပြုရင်း နောက်ကြည့်မှန်မှာ ချိတ်ထားသည့် အရုပ်ကို လှမ်းဖြုတ်ယူဖို့ ကြိုးစားနေသည်။

လက်တစ်ဖက်က သကြားချောင်းကို ကိုင်ကာ ပါးစပ်ထဲထည့်၍ စုပ်ယူလိုက် အိမ်ပေါ်ကို လှမ်းကြည့်လိုက်၊ အရုပ်ကို လှုပ်ဆော့လိုက် လုပ်နေရာက သည်းညည်းမခံနိုင်တော့သလို မျက်နှာစူပုပ်လာသည်။

ကားတံခါးကို သူ့ဟာသူဖွင့်ကာ ဆင်းလိုက်သည်ဆိုလျှင် နို့ခန္ဓာကိုယ်လေး မတ်သွားရ၏။ သားလေးကို ဤအိမ်ပေါ် မတက်စေလိုပါ။

"ဂျွန်မ ပြန်တော့မယ် ဒေါ်ဒေါ်"



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်စကို တို့သုတ်ရင်းပြောသည့် နိုင့်စကား အဆုံးမှာ ကျောက်ရုပ်လို ငြိမ်သက်နေသည့် အမျိုးသမီးကြီး လှုပ်သည်ဆိုရုံမျှ လှုပ်ရှားလာကာ ...

"ကောင်းပါပြီ"

အမျိုးသမီးကြီးကလည်း သူ့မျက်အိမ်စွန်းမှ မျက်ရည်ဥကို လျှပ်တစ်ပြက် သုတ်ပစ်လိုက်သည်။ နိုင် စိတ်မကောင်း နိုင်ပါဘူးလေ။ သို့ပေမဲ့ အဆုံးစွန် နူးညံ့သိမ်မွေ့စွာ နိုင်ပြောဆို ဆက်ဆံခဲ့သားပဲ။

"မေမေ ... သား ရေဆာတယ်"

"လာပြီ သား၊ အခုပဲ ပြန်ကြတော့မှာလေ"

သုံးထစ်သောလှေကား၏ ဒုတိယမြောက် အထစ်ပေါ်တွင် မတ်တတ်ရပ်မိနေပြီဖြစ်သော သားက အိမ်တွင်းမြင်ကွင်းကို စူးစမ်းသော မျက်ဝန်းနှင့် တစ်ခဏ လိုက်ကြည့်နေသည်။ သူ့အမေ မျက်နှာ ငိုထားမှန်း သိသာနေတာကြောင့် အံ့ဩအားငယ်သွားပုံလည်းရသည်။

"မေမေ ... ပြန်တော့မယ်၊ လာတော့ ..."

ရေကိုထပ်မံ မပူဆာဘဲ ပြန်ဖို့ဘက် မြားဦးလှည့်သွား၏။ နိုင် ကြိမ်ကုလားထိုင်ပေါ်မှ ထ,ရပ်လိုက်သည်။

"အဲဒါ သားအငယ်ဆုံးပါ၊ မူကြို တက်နေပြီ၊ သမီးကြီးက ဒီနှစ် ရှစ်တန်းရောက်ပါပြီ၊ ဆယ့်ငါးနှစ်ထဲမှာ၊ အလယ်က သားကြီးက လေးတန်း"





နိုင့်စကားသည် ရိုးရိုးပြောရိုးပြောစဥ် စကားလည်းဖြစ်နိုင်သည်။ သားသမီးတို့၏ အသက် အတန်းတို့ကို ထည့်ပြောမိခြင်းကြောင့် ရည်ရွယ်ချက် တစ်ခုခုလည်း ပါကောင်းပါနိုင်သည်။ နိုင် ဘယ်သို့ မူတည်ပြောလိုက်မိတာမှန်း ကိုယ်ကိုယ်တိုင် မသေချာပါ။

အမျိုးသမီးကြီးက ခေါင်းညိတ်သည်ဆိုရုံ။ သားကိုသာ-သတိလက်လွတ် ငေးကြည့်နေ၏။ အခန်းထောင့် ပက်လက်ကုလားထိုင်ပေါ်မှ လူရွယ်က အံကြိတ်ထားလျက် ပုံစံအတိုင်း ထရပ်သည်။ အမျိုးသမီးကြီး၏ သားအကြီးဆုံး၊ နိုင့်ထက်တော်တော် ငယ်ဦးမည် ဖြစ်သော်လည်း နိုင် တလေးတစား နှုတ်ဆက်လိုက်သည်။

"ကျွန်မ ပြန်တော့မယ်"

"ဟုတ်ကဲ့ ... ဒီကိစ္စအတွက်ကြောင့်တော့ နောက် ဒီကို ဘယ်တော့မှ ခင်ဗျား လာဖို့အခြေအနေ မရှိစေရဘူးလို့ ကျွန်တော် ကတိပေးတယ်၊ ကျွန်တော်တို့ တာဝန် ကျွန်တော်တို့ ကျေအောင်လုပ်မယ်၊ ခင်ဗျားလည်း နောက်ထပ်မလာပါနဲ့တော့"

မခိုးမခန့်ပုံသဏ္ဍာန် ထွက်နေပေမယ့် ထိုလူရွယ့်စိတ်ထဲ ရိုင်းပျလိုစိတ် ရှိချင်မှ ရှိမှာပါဟု နိုင် ဖော့တွေးလိုက်သည်။ သူ့ခမျာ အစ်ကိုဆိုတော့ ရှက်မှာပေါ့။ ဒေါသလည်းထွက်



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့။ နိုင်က ဘယ်လောက်နူးညံ့စွာ ပြောသည်ပဲဆိုဆို အဓိက အကြောင်းအရာက သူ့အတွက် ရှက်စရာ၊ ဝမ်းနည်းစရာ၊ သိမ်ငယ်စရာပဲ မဟုတ်လား။

"ကျွန်မကလည်း ထပ်မလာရတော့တဲ့ အခြေအနေကိုပဲ လိုလားပါတယ်"

နိုင့်လေသံသည် အေးဆေးသော်လည်း သတိပေးခြိမ်းခြောက်မှု ခပ်ပါးပါး ပါနေသယောင်ရှိသည်။ လူရွယ်လေး မျက်နှာတင်းသွားတာကိုတော့ ကရုဏာနှင့် နောက်ဆုံးတစ်ချက် ကြည့်လိုက်မိ၏။

"ခင်ဗျားရဲ့ အဲဒီမုန့်ဘူးကို ပြန်ယူသွားလိုက်ပါ။ မုန့်ဝယ်လာရအောင် ခင်ဗျားက ဒီကို ဧည့်သည်အဖြစ် လာတာလည်း မဟုတ်ဘူး၊ ရင်းနှီးတဲ့ မိတ်ဆွေတွေလည်း မဟုတ်ဘူး"

နိုင် ခေါင်းကို ညိတ်လိုက်ကာ စားပွဲပေါ်တင်ထားသော ကြွပ်ကြွပ်အိတ်ကို ဆွဲယူလိုက်၏။ အမှန်ကတော့ လက်ချည်းသက်သက် အူကြောင်ကြောင် တက်လာရတာထက် မုန့်လေးယူလာတာက ပိုပြီးချောမွေ့ အဆင်ပြေမလားလို့ ယူလာခဲ့တာပါ။ ဘာအတွက်မှ မဟုတ်ပါ။ သူတို့ဘက်ကကျတော့လည်း ဒီမုန့်ကို ယူထားဖို့ ကသိကအောက် ကိုးလိုးကန့်လန့် ရှိမှာပါလေ။





အဆင်ပြေဖို့က လိုရင်းပဲ။ မုန့်က လိုရင်းမဟုတ်ပါဘူး။ နီရဲသောမျက်နှာနှင့် လူရွယ်ကို ဘာမှစကားခွန်းတို့မနေတော့ပါ။ ဘာပဲဖြစ်ဖြစ် ကိုယ်ကအိမ်ခံမဟုတ်သော်လည်း ကိုယ့်အနေအထားက အလိုလို အထက်ရောက်လျက် သူတို့အနေအထားက အောက်ခြေမှာ ပြားပြားဝပ်နေသော အနေအထား။

နိုင်က ဘာမှနိုင့်ထက်စီးနင်း မပြောခဲ့ပေမယ့် အလိုလိုနေရင်း သူတို့က ခေါင်းငုံ့ရမည့် အခြေအနေပါ။ ဒါကို လူရွယ်လေး ရှက်မည် နာကျင်မည်။ ဘယ်လိုပဲပြောပြော ... ပြောပါစေတော့။ သူတို့ဘက်က လေသံကို ခပ်မာမာ လုပ်ထားနိုင်တာ တစ်ခုကလွဲလျှင် ဘာမှပြန်လှန်ခွင့်၊ ပြန်လှန်ဖို့ အခြေအနေရှိမှ မရှိရှာဘဲ။ စကားလုံးလေးနှင့်တောင် လုံလုံခြုံခြုံ ကာကွယ်နိုင်ကြတော့တာမှ မဟုတ်ဘဲ။

နိုင့်လက်ထဲက သက်သေခံအမြောက်အမြားကြောင့် သူတို့ဘက်က "မယုံနိုင်ဘူး"၊ "မဖြစ်နိုင်ဘူး"ဆိုတာမျိုးနှင့်လည်း ပြန်လည်ချေပနိုင်ခြင်း မရှိကြတော့ဘူး မဟုတ်လား။

တကယ်တမ်းတော့ သူတို့ မျက်စိမှိတ် ခေါင်းမာပြီး နိုင့်ကို မောင်းချတာမျိုး၊ အော်ဟစ်ရန်လိုတာမျိုး လုပ်ခဲ့လျှင်ပင် သူတို့ပိုင်နက်မှာ နိုင် ငုံ့ခံရမှာပါ။ ကိုယ်ကျင့်တရားကို အထိုက်အလျောက် တန်ဖိုးထားသော ရှက်တတ်နာတတ်သော မိသားစုမျိုး ဖြစ်နေတာကိုပင် နိုင် ကျေးဇူးတင်ရလှပြီ။



www.burmeseclassic.com

www.burmeseclassic.com



လှေကားထစ်မှ သားငယ်လက်ကို ဆုပ်တွဲကာ ကားဆီ ပြန်လျှောက်လာခဲ့သည်။ သားကို ရှေ့ခန်းမှာပင် ထိုင်စေလိုက်ပြီး နိုင်က ကားမောင်းသူဘက် ကွေ့ပတ်တက်သည်။ မကျဉ်းမကျယ် ခြံသေးသေးထဲမှ သရက်ပင်ရိပ်နှင့် အေးမြဆိတ်ငြိမ်သော နေရာတစ်ခုပါပဲ။

သို့ပေမဲ့ သည်အရိပ်ကို ခုလိုရောက်လာရတာ နိုင်စက်ဆုပ်ပင်ပန်းလှပါသည်။

"မေမေ အိမ်ပြန်မှာနော်"

"အိမ်ပြန်မှာပါ သားရယ်"

သားက စိတ်ချကျေနပ်သွားသလို နောက်မှီကို မှီချလိုက်၏။ နိုင် ကားကို ညင်သာစွာ မောင်းထွက်ရင်း သက်ပြင်းတစ်ချက် ခက်ခက်ခဲခဲ ရှိုက်လိုက်မိသည်။ ဒီကို နောက်တစ်ခေါက် ထပ်လာရမယ့် အဖြစ်မျိုး နိုင့်ကိုမပေးပါနဲ့တော့ ကိုကိုရယ်။

♥ ✧ ♥

ကိုကို့ကို စတင်မြင်ဖူးသည့်နေ့တွင် ထိုအမျိုးသားနှင့် နိုင်သည် တစ်နေ့သောအခါ ချစ်သူတွေအဖြစ်သို့ ရောက်ကိုရောက်ကြမည်ဆိုတာ နိုင့်နှလုံးသားတို့က ကြိုတင်သေချာနေကြသည်။ ချစ်သူတွေ ဖြစ်လာကြသည့်အခါ နိုင်ကသာ ကိုကို့ကို ပိုချစ်ရလိမ့်မည်ဟုလည်း နိုင် သဘောပေါက်နိုင်ခဲ့ပါသည်။





ကံကောင်းထောက်မ,စွာ ကံကြမ္မာက လက်ထပ်ဖြစ်ကြဖို့အထိ အခြေအနေပေးခဲ့လျှင် ဘဝတစ်သက်လုံး နိုင်ကသည်သာ ကိုကို့ကို အလျှော့ပေး အလိုလိုက်ရတော့မည်ဆိုတာကိုလည်း ...။

ကိုကိုက အေးစက်သည်။ နိုင်က နွေးထွေးသည်။ ကိုကိုက နှုတ်နည်းသည်။ နိုင်က စကားကြွယ်သည်။ ကိုကို့တွင် မထူးဘူးဟု ရေစုန်မျှောတတ်သော အကျင့်ရှိသည်။ နိုင်မှာ လိုချင်တာကို မရအရယူလိုသော ဖွဲ့ရှိသည်။ ကိုကိုသည် မကျေနပ်သော်လည်း မျိုသိပ်ထားနိုင်စွမ်းနှင့် မြဲစိစိနိုင်သည်။ နိုင်ကရန်သူပေါ်ကာမှ ပေါ်စေရော့ ပိသလေးနှင့်လည်း ဘောပစ်တတ်သည်။

အပေါင်းအသင်းများ အလယ်တွင် ကိုကိုက အေးချမ်းသူ။ နိုင်က ထာဝစဉ် ပွဲလောင်သူအဖြစ် နာမည်ထွက်ခဲ့စမြဲတည်း။

စတင်ဆုံတွေ့သော ညစာခံပွဲတွင် နိုင့်မျက်လုံးတို့က ရဲတင်းသည်ဟု သူငယ်ချင်းတစ်စုက ဝေဖန်သောအခါ နိုင်က ရှက်ရက်နှင့် ကြည်နူးစွာ ပြုံးနေမိလေသည်။ နိုင်ကတော့ ခိုးကြည့်ဖို့ကို ဗြောင်ကြည့်ဖို့ထက် ပိုပြီးရှက်တာ အမှန်ပင်။ ထိုအခါ နိုင့်မျက်လုံးမျက်ဆန်တို့သည် ဘောဘယ်ညာသို့ မရွေ့တတ်၊ မရွေ့နိုင်သလို သေနေသော မျက်လုံးတစ်စုံကို ကိုကိုရှိရာစားပွဲဒွိသာ တည့်မတ်စူးစိုက်လျက်သား ကြည့်နေမိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် တစ်ချက်၌ ဟန်ဆောင်ခြင်း ဖုံးကွယ်ခြင်းနှင့်အတူ ကိုကို့မျက်နက်ဆန်က နိုင်ရှိရာသို့ လျှပ်ခနဲ ဓေ့ခနဲ ပွတ်တိုက်ဖြတ်ကျော် ကြည့်သွားတတ်သည်။

မိန်းမငယ် ယောကျ်ားငယ်တို့ အသိုင်းအဝိုင်းတွင် ခေါင်းကလေး တမော့မော့နှင့် ကြော့ကြော့ကလေး ဖိုလ်ကျနေနိုင်သော နိုင်သည် ထိုတစ်ခဏ အချိန်ကလေးအတွင်း၌ပင် ကိုကို့ခြေရင်း၌ ဝပ်စင်းပြီးသား ဖြစ်လျက်ရှိ၏။ နိုင့် နှလုံးသားတို့သည် ကိုကို၏ ခိုးကြောင်ခိုးဝှက် အကြည့်တို့အောက်၌ အသက်ပျောက်လျက်ရှိ၏။

နိုင့်ဘဝတစ်သက်တွင် အချစ်ဆိုသည့်အရာကို ကိုကိုဆိုသည့် ယောကျ်ားတစ်ယောက်ကသာ ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအဖြစ် ထိတွေ့ပေးခဲ့သည်ဆိုတာ အချိန်မရွေး နိုင်သစ္စာဆို ဖြောရဲခဲ့ပါသည်။ "မြင့်မြင့်ချင်းအချစ်"ကို နိုင်က ယုံကြည်ကိုးကွယ်လှသူ မဟုတ်ပါ။ သို့သော် ကိုကို့ကိုတော့ နိုင် မြင့်မြင့်ချင်းပင် ချစ်ခဲ့ရပါသည်။

နိုင့်ရင်တွေ ကတိမ်းကပါး လှုပ်ရှားကာ အခုန်မြန်နေမိလျက် တစ်ချိန်လုံး မျက်ဆန်မရွေ့ စိုက်ကြည့်နေမိသည်ဆိုသော်လည်း ပြန်ခါနီး ကိုကို့လက်ပတ်နာရီကြိုးနှင့် နိုင့်အင်္ကျီလုံချည်တစ်လျှောက် သီခတ်ထားသော ဘော်ကြယ် ပုတီးစေ့တို့ ငြိပြတ်ခဲ့ရသော အဖြစ်ကတော့ တကယ့်ကို မတော်တဆပါ။





ထပြန့်ကြသော လူအုပ်တွေထဲမှာ ကိုကိုရောပါပြီး ရုတ်တရက် ပျောက်သွားတော့ အနည်းဆုံး ကိုကို ဘာကားနှင့် ပြန်သလဲ၊ ကားနံပါတ် ဘယ်လောက်လဲ ဆိုတာလောက်ကလေး သိရ သိရဟု နိုင် အပြေးကလေးထ,ကာ အပြင်ဘက် ကားရပ်ရာ ထွက်ပေါက်ဆီ ဦးတည်တိုးဝှေ့ ထွက်မိသည်။

ကိုကိုဘယ်မှာလဲ ရှာနေဖို့ထက် အပြင်ကကြိုစောင့်ဖို့ စိတ်စောသော နိုင်သည် ဘေးဘီကိုလည်းမကြည့်မိ။ လူတွေကြားထဲ လက်ကလေးထိုးခွဲကာ လျှောက်စရာ လမ်းချဲ့လျက် ခွတ်အတင်း တိုးနေရင်းပင် နိုင့်အင်္ကျီ လုံချည်တွေမှာ သီခတ်ထားသော ဘော်ကြယ်ပွင့်တို့ တင်းခနဲငြိသွားတာကို သိလိုက်ရသည်။

အရေးထဲမှာ ပြဿနာက ရှုပ်ရန်ကောဟု စိတ်တိုတောင်းသွားရလျက် ခါးနေရာလောက်မှာ ငြိချိတ်နေသော ဘော်ကြယ်ပွင့်တွေဆီ ငုံ့ကြည့်လိုက်မိသည်။ ထိုခဏမှာ အလွယ်တကူ ဖြုတ်မရလျှင် ခဲရာခဲဆစ် တပင်တပန်း အပွင့်ဖော်သီထားရသော ဘော်ကြယ်ပြားတွေ ပုတီးစေ့တွေကို ပြတ်ချင်သလောက် ပြတ်ကျသွားပါစေ ဝန်မလေး မနှမြောနိုင်တော့သော နိုင်သည် အင်္ကျီ၏ခါးကို ဆတ်ခနဲ လက်တစ်ဖက်နှင့် ဆောင့်ဆွဲဖြုတ်ပစ်လိုက်မိပြီးသား ဖြစ်သွား၏။

"နေဦးလေ ဖြည်းဖြည်းလုပ်လေ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကငြိနေသော လက်ပတ်နာရီရှင် ယောကျ်ားက လွတ်သောလက်တစ်ဖက်ကို လက်ဖဝါးလေးထောင်ကာ ဆွဲဖြုတ်သော နိုင့်လက်၏ လက်ခုံပေါ် ဆတ်ခနဲ ယောင်ယမ်းထိတို့ ဟန့်တားလိုက်၏။ အဲဒါဟာ ကိုကို့လက်ဖဝါး။ အဲဒီလူဟာ ကိုကို။

မှောအကြည့်မှာ ကိုကိုမှန်း သိသောအချိန်တွင် နိုင့်အင်္ကျီခါးမှ ဘော်ကြယ်ပွင့်တချို့ ပုတီးစေ့တချို့က ကြိုးပြတ်လျက် သံမံတလင်းပေါ် တတောက်တောက် ပြုတ်ကျနှင့်ပြီ။ နိုင်ကတော့ မျက်ဝန်းနှင့် နီးကပ်လွန်းသောနေရာမှာ ရနံ့သစ်တစ်မျိုးနှင့် ရှိနေသည့် ကိုကို့လည်တိုင်နှင့် ပါးပြင်ဝင်းဝင်းလေးကို ငေးမောကာ ငိုင်နေမိခဲ့လေသည်။

မှတ်ဆိတ်နှုတ်ခမ်းမွေးတို့ ရိတ်သင်ထားသော်လည်း ကိုကို့ပါးပြင်က ချောမွတ်နေလွန်းတာတော့ မဟုတ်။ ဝက်ခြံလိုလို၊ ဝက်ခြံပျောက်ကင်းစလိုလို ဒဏ်ရာအစက်ကလေးများ ပါးတစ်ဖက်တစ်ချက်၌ သုံးလေးစက်ခန့်ရှိလျက် အဲဒီကြားက ဝင်းမွတ်သော အရောင်အသွေးနှင့် ကိုကို့ပါးလေးလှနေတာပါ။

နိုင့်အင်္ကျီမှ ပြုတ်ပြုတ်ကျသော ပုတီးစေ့တို့သည် လူအုပ်၏ခြေဖဝါးအောက်မှာ လျှပ်တိုက်ဖိတွန်းခံရကာ လူရှင်းချိန်တွင် ရှာမရအောင် ပျောက်ပျက်ကုန်ကြပြီဖြစ်သော်လည်း ကိုကိုက တွေ့လိုတွေ့ငြားနှင့်ပဲလား၊ ဒါမှမဟုတ် အနေရခက်မနေအောင် အလုပ်ရှာနေတာလား မဝေခွဲနိုင်အောင် ဟိုငုံ့ဒီငုံ့ရှာဖွေယောင် ပြုနေလေသည်။





မလှမ်းမကမ်းတွင် နိုင့်သူငယ်ချင်း အပေါင်းအသင်းများ အုပ်ဖွဲ့ လက်တို့ မေးငေါ့ကာ နိုင်တို့အဖြစ်ကို ပြုံးကျဲကျဲဖြစ်နေချိန်၌ နိုင်က ပုတီးစေ့တွေပဲ ရှာဖွေကောက်ယူရနိုး၊ နှုတ်ဆက်ထွက်သွားလိုက်ရနိုး၊ ပြုံးရနိုး မဲ့ရနိုးနှင့် ကယောင်ချောက်ချားသွေးရူးသွေးတန်း နိုင်နေခဲ့လေသည်။

ပုတီးစေ့ ဘော်ကြယ်တို့ကို နိုင် နှမြောစိတ် အလျဉ်းမရှိပါ။ ဤနေရာမှ ကိုကို ထွက်ခွာသွားမှာကိုသာ နိုင် နှမြောနေခဲ့သည်။ သို့သော် ခဏကလေးအကြာမှာ ငုံ့ငဲ့ရှာဖွေနေခြင်းအလုပ်ကို ကိုကို လက်လျှော့လိုက်ဟန်နှင့် နိုင့်ကို အားနာဟန် ငုံ့ကြည့်သည်။

"ပြန်စရာ ကားပါလား၊ ကျွန်တော် ပို့ပေးရမလား"

သူငယ်ချင်းတစ်စုနှင့် အတူလာသော နိုင်သည် သူတို့နှင့် ကားတစ်စီးတည်းစီးကာ ပြန်ရမည်ဖြစ်ပါလျက် ရင်ထဲကဆန္ဒအောက ယောင်ယောင်မှားမှား ဖြစ်စေကာ ရုတ်တရက် ခေါင်းညိတ်လိုက်မိခဲ့၏။

"အလကား ... အလကား၊ ပြန်စရာ ကားရှိတယ်၊ သူ့ကို မယုံနဲ့"

နိုင့်သူငယ်ချင်းတွေသည် ထာဝစဉ် ပျော်ရွှင်လျော်ပြောင်နေတတ်ကြသူတွေချည်းသာ။ မိန်းကလေးတွေပင် ဖြစ်လင့်ကစား ကိုကို့ကို နည်းနည်းမှ ရှိန်ခြင်း၊ လန့်ခြင်းမရှိဘဲ ကိုကိုကြားအောင် တမင်ပင် ဟစ်အော်ဒေါက်ဖြုတ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြုံးစစဖြစ်လာသော ကိုကို့နှုတ်ခမ်းတို့မှ တစ်နေ့သော အခါ ချစ်စကား တစ်ခွန်းလောက် နိုင့်အတွက် ပေးသနားပါစေဟု ရူးမိုက်စွာ ဆုတောင်းနေမိသော နိုင်သည် ပြောကိုပြောလာလိမ့်မည်ဟုလည်း တစ်ထစ်ချ နိုင်မာယုံကြည်သော နှလုံးသားနှင့် ထူးဆန်းစွာ ကျေနပ်စိတ်ချနေမိ၏။

တွေ့လိုက်သည့် တစ်ခဏအမှာပင် ဒီယောကျ်ားသည် ကိုယ့်အတွက် ဖူးစာရှင်ပဲဟု တစ်ထစ်ချ သေချာသွားတာသည် ဘယ်လိုထူးဆန်းသော ကြိုတင်သိမှုကြောင့်ပါလိမ့်။ နိုင် ရှာနေခဲ့သော ချစ်သူသည် ကိုကိုပဲ။ ဒါဆိုလည်း မပြည့်စုံ မမှန်ကန်သေး။ နိုင့်နှလုံးသားတို့က နိုင့်ကို အသိမပေးဘဲ တိတ်တဆိတ်ရှာဖွေနေခဲ့တဲ့သူဟာ ကိုကိုပဲ။ သည်လိုဆိုမှ သေချာမည်။

"ဒါဖြင့် ကျွန်တော် သွားရတော့မလား"

ခွင့်တောင်းစကားလေးကို နိုင် ခြေဖျားလက်ဖျားအေးအောင် နစ်သက်သွားခဲ့မိ၏။ ခေါင်းမညိတ် ခေါင်းမခါ နိုင်က ငိုင်နေသောအခါ ကိုကိုက မပြုံးသလို ပြုံးသလိုနှင့် နိုင့်အပါးက ထွက်ခွာသွားတော့သည်။ ခေါင်းညိတ်လိုက်ခြင်းအားဖြင့်လည်း ကိုကို့ကို အပါးမှထွက်မသွားစေလို။ ခေါင်းခါလိုက်ခြင်းအားဖြင့်လည်း နိုင့်ရဲ့ရူးရူးနှမ်းနှမ်း တစ်ထိုင်တည်း စွဲလမ်းသွားမှုကို ကိုကို အထင်မသေးစေလို။

ကိုကို မောင်းထွက်သွားသော ကားရဲ့နံပါတ်ကိုသာ အမှတ်တရ ယူထားလိုက်နိုင်သည်။ အစားရှင်လည်း စားနေရ





စကားရှင်လည်း မျှားနေရမှ အငြိမ်ကိုမနေနိုင်သော နိုင့်နှုတ်ခမ်းတို့ ထိုညနေခင်း တစ်ခင်းလုံး ငြိမ်သက်နေခဲ့သည်။

အိမ်ပြန်ရောက်သည်နှင့် အိပ်ရာထဲ ခွေလဲပုံကျကာ မျက်စိအစုံကိုမှိတ်လျက် ကိုကို့ကိုသာ တရေးရေး မြင်ယောင်နေခဲ့သည်။ လက်တို့ကိုလည်း မလှုပ်ချင်၊ ခြေတို့ကိုလည်း မလှုပ်ချင်။ တတ်နိုင်လျှင် လေပင်ပြင်းပြင်းမတိုက်ခတ်စေချင်။ ကိုကို့အကြောင်း တွေးနေရခြင်း အရသာလေး လေတိုးပြီး လွင့်ပါးသွားမှာ ကြောက်သည်ဆိုလျှင် နိုင် ပိုလွန်းသည်ဟု လူတကာဆိုတော့မည်။

နိုင်က အရင်ချစ်မိတာ။ နိုင်က ပိုချစ်မိတာ။ ပိုချစ်တဲ့သူက ပိုနစ်မှာ ထုံးစံပါပဲ။ ကိုကို့ကို ဘဝတစ်လျှောက်လုံး ပိုင်ဆိုင်သွားရဖို့အတွက် ဘယ်အခြေအနေမျိုးတွင်ဖြစ်ဖြစ် နိုင် အနစ်နာခံနိုင်လိမ့်မည်ဆိုတာကို ထိုစဉ်ကတည်းက အူထဲ အသည်းထဲမှ ယုံကြည်ဆုံးဖြတ်ထားနှင့်ပြီးသား ဖြစ်ခဲ့ပါသည်။

♥ ✧ ♥

နိုင်နှင့် သားငယ် အိမ်ပြန်နောက်ကျနေသဖြင့် စိတ်ပူနေသော အိမ်သားတို့၏ မျက်နှာသည် နိုင်တို့ကား ခြံထဲဝင်လာသည်ကို မြင်မှပင် ကြည်လင်ကြရတော့သည်။ ပေါ်တီကိုအောက် ကားရပ်မိသည်ဆိုလျှင် သံတံခါးကို ဂျိုင်းခနဲတွန်းပြီး အဘွားဖြစ်သူကို တိုးတိုက်ထွက်လာတာက သမီးကြီး။

www.burmeseclassic.com



သမီးကြီးက နိုင့်ခါးကို အပြေးလာဖက်ရင်း ...

"ဘွားဘွားနဲ့ သမီး အရမ်းစိတ်ပူနေတာ မေမေ"

ဟု တိုးတိုးလေး အားငယ်စကားဆိုသည်။ အရွယ်ရောက် လူလား မြောက်စ, သမီးကြီး အရပ်သည် နိုင်နှင့် တစ်ပြေးတည်းညီနေပြီ။ သို့သော် အဖေအမေကို ချွဲကာနွဲ့ကာ ပွတ်သီးပွတ်သပ် လုပ်တတ်ခြင်းက အငယ်ဆုံးသားထက်ပင် ပိုဦးမည်။

"သားကြီးလည်း ပါပါတယ်"

ဧည့်ခန်းထောင့်မှ သားကြီး အသံထွက်လာသည်။ သားကြီးသည် အဖေတူ။ ကိုကို့လိုပဲ ခပ်တည်တည်နှင့် နှုတ်နည်းသူ။ ဘယ်လိုပင် နှုတ်နည်းအေးဆေးပါသော်လည်း အမေ အချိန်တန် ပြန်မလာသည့်အခါမှာတော့ လွန်စွာပင် ကြောင့်ကြစိုးရိမ်နေပေလိမ့်မည်။

ကျောင်းက ပြန်ရောက်ကြလျှင် အဖေနှင့်အမေကို တကြော်ကြော် ဟစ်အော်ရှာဖွေတတ်သော သမီးတို့ သားတို့၏ မျက်လုံးကြည်ကြည်လေးတွေသည် အားငယ်ကြောင့်ကြရိပ်တို့နှင့် အရာရာကို ဘာမှန်းမသိ ကြောက်ရွံ့ဝမ်းနည်းရိပ်တွေ စွန်းပေလာတာ လနှင့် ချီနေပြီ။

အမေတစ်ယောက်ကိုသာ သဲသဲမဲမဲ တွယ်ကပ်ပြီး သည်အမေပါ ထပ်မံပျောက်ဆုံးသွားဦးမှာ စိုးရွံ့လျက်ရှိတတ်ကြသည်။ အဖေဖြစ်သူ မျက်နှာကို သူတို့လေးတွေ မမြင်ရတာ ရက်





တွေကြာခဲ့ပြီ။ နားလည်တတ်စ သမီးကြီးသည် အဖေကို စိတ်ထဲမှ တမ်းတသော်လည်း ထိုအရိပ်အကဲကို အမေမမြင်အောင် ဖုံးဖုံးဖိဖိ ဝှက်တတ်သည်။

ဟန်ဆောင်မကောင်းသေးသော အရွယ်မို့ သမီးကြီး၏ အဖုံးအကာတို့က မလုံမခြုံနိုင်သောအခါ အလစ်အဟာကြားမှ ပူဆွေးကြေကွဲမှု ဝမ်းနည်းအားငယ်မှုတို့ကို နိုင် စိတ်မကောင်းစွာ မြင်ခွင့်ရနေလေသည်။

"သားတို့ ပဲခူးသွားတာ"

သားငယ်က လစ်ခနဲ ယောင်ယမ်းဖော်ကောင်လုပ်မိပြီးသောအခါ နိုင့်ကို မဝံ့မရဲ လှမ်းပြီးအကဲခတ်သည်။ နိုင်က တအံ့တသြ လှမ်းကြည့်သော ယောက္ခမကြီး၏ မျက်နှာကို တည့်တည့်ရင်ဆိုင်လိုက်ရင်း မျက်လုံးနှင့်ပင် အနူးအညွတ် တောင်းပန်မိလေသည်။

"ဟုတ်တယ် မေမေ၊ ကောင်မလေး မိဘတွေအိမ် နိုင် အခု ရောက်ခဲ့တယ်"

နိုင့်အတွက် စိတ်မကောင်းနိုင်ခြင်း၊ ကရုဏာသက်ခြင်းတို့နှင့် ယောက္ခမကြီးမျက်နှာက မှုန်မှိုင်းသွားလေသည်။

"အဖော်လေး ဘာလေး ခေါ်ပြီးမှ သွားတာမဟုတ်ဘူး သမီးရယ်၊ တစ်ယောက်တည်း အဲဒီအိမ်အထိ သွားရတယ်လို့၊ အဖော်လေး အားကိုးလေးပါတော့ အားရှိတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နိုင့်စိတ်ထဲက ကျိတ်ပြီး ခါးခါးသီးသီး ခေါင်းယမ်းမိလေသည်။ ဟင့်အင်း မေမေ၊ နိုင်သတ်မှတ်ထားတဲ့ နိုင့်အဖော်ဟာ မေမေ့သားပါ၊ မေမေ့သားကလွဲလို့ ဘယ်သူ့ကိုမှ နိုင်အားမကိုးဘူး။ သူကလွဲရင် ဘယ်သူပါပါ နိုင် အားရှိမှာမှ မဟုတ်ဘဲ။ သူကလည်း ပါနိုင်တဲ့ကိစ္စမှ မဟုတ်ဘဲ။ ဘယ်နှယောက်ပါပါ နိုင် တစ်ယောက်တည်းပါပဲ။

"ကဲ ကဲ ... ပြီးမှ စကားဆက်ပြောတာပေါ့၊ ထမင်းစားကြမယ်၊ သမီးတို့ သားအမိကို ထမင်းစား စောင့်နေကြတာ၊ အကြီးမနဲ့ သားကြီးကလည်း အမေမလာလို့ စောင့်ဦးမယ်တဲ့၊ ဘယ်လိုကျွေးကျွေး မရဘူး၊ မှောင်တောင်မှောင်ပြီ၊ အားလုံးလည်း ဆာနေကြရောပေါ့၊ ကဲ ... နိုင်လည်း အဝတ်သွားလဲ၊ သမီးကြီးက မောင်လေးကို အင်္ကျီလဲပေးလှခင် ... ထမင်းပြင်လိုက်တော့"

ကလေးတွေရှေ့မှာ နိုင့်ထံမှ ထိုကိစ္စ အကြောင်းအရာတွေ မေမေ မေးလိုဟန်မရှိပါ။ လူစုခွဲပစ်လိုက်ရင်း နိုင့်အခန်းဝအထိ လိုက်လာကာ ...

"ဟိုက စကားပြောတာ ပြေပြေလည်လည်ပဲလား"

တီးတိုးမေးသည်။

"ပြေလည်ပါတယ် မေမေ၊ အမေကြီးက မျက်ရည်ကျတယ် နိုင် သိမ်သိမ်မွေ့မွေ့ပဲ ပြောပါတယ် မေမေ၊ အစ်ကိုလုပ်တဲ့သူလေးကတော့ နည်းနည်းရှက် ဒေါသရှိမှာပေါ့၊ သူတို့ တာဝန်ကျေစေရမယ်လို့ ကတိပေးလိုက်ပါတယ်"





"တော်ပါသေးရဲ့ သမီးရယ်၊ ပဲခူးသွားတယ်ဆိုတာနဲ့ ရင်ထဲထိတ်ခနဲ ဖြစ်သွားတာပဲ၊ မေမေကတော့ ဒီကောင် ကို လှည့်တောင်မကြည့်ချင်ဘူး၊ စိတ်နာတယ်၊ မေမေကကာယကံရှင်ဆိုရင် မေမေ ခုလို လိုက်လုပ်နေတော့မှာ မဟုတ်ဘူး၊ ခုတော့ လူမိုက်ရဲ့အမေနေရာ ဖြစ်နေတော့ မြေးတွေ မျက်နှာကလေးငယ်နေကြရင် ရင်ထဲမှာမကောင်းဘူး၊ သမီးကိုလည်း သနားလှပြီ"

"သူ လူမိုက်မဟုတ်ပါဘူး မေမေ၊ သူ မတော်တဆ မှားတာပါ"

ယောက္ခမ ကိုယ်၌က နိုင့်အတွက် အခံရခက်သလို မျက်နှာဖြစ်နေသောအခါ နိုင့်အဖြစ်ကို နိုင် နာကျင်လှပါသည်။ သို့သော် နိုင် ကိုကို့ကို လက်ထပ်ခဲ့တာသည် တစ်နေ့မှာ ကွဲကွာရဖို့ မဟုတ်ဘူးလေ။ သေအထိ အတူနေဖို့။ ကိုကို ဒါကိုနားမလည်ဘူးလား။

သူ့သားကို ဒေါသစိတ်နှင့် နာကြည်းမျက်ရည်စို့နေသော မိခင်ကို နိုင် ထွေးပိုက်နှစ်သိမ့်မိရင်း ...

"တကယ်လို့ ကိုကို ပြန်လာရင် မေမေ စကားမပြောဘဲ ဒေါသမပြေဘဲ မနေပါနဲ့နော် မေမေ၊ ဟက်ဟက်ပက်ပက်ရှိပါနော် မေမေ၊ သူ မေမေ့ကိုကြောက်ပါတယ်၊ တော်ကြာ စိတ်ညစ်ပြီး မနေတတ် မထိုင်တတ်နဲ့ ဒီမှာပြန်မနေခဲ့မှာစိုးလို့ပါ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



ယောက္ခမ၏မျက်နှာသည် နိုင့်ကို အံ့သြစွာ ငေးငိုင်နေလေသည်။ ပြန်မလာတော့ သူကို "ပြန်လာရင်"ဆိုသည့် မျှော်လင့်ချက်နှင့် ကြိုတင်ပြင်ဆင်မှုတွေ၊ ကြိုတင်စိုးရိမ်မှုတွေ တစ်သီတစ်တန်း ရှိနေသည့် ချွေးမကို ဘာမှလဲ မနှစ်သိမ့်တတ်တော့ဘဲ ရှိလေသည်။

♥ ✧ ♥

အမေတစ်ခု သားတစ်ခု ဆိုသည်နှင့် ထိုအမေ ထိုသားကြားဝင်ရမည့် ချွေးမဘဝအတွက် ကြိုတင်စိုးရွံ့ စိတ်ပျက်နှင့်သူမျိုးသာ လောကမှာ များပေမည်။ ထိုအထဲ နိုင် မပါခဲ့။ တစ်ဦးနှင့်တစ်ဦး အချစ်လည်းကြီးကာ တစ်ဦးသည်းညည်း တစ်ဦးခံရဖန်များလျက် တကျက်ကျက်လည်း ရှိနေတတ်သော ကိုကိုတို့သားအမိသည် နိုင့်အတွက် ရယ်မောချစ်ခင်ဖွယ် အတွဲတစ်တွဲပါပဲ။

ကိုကိုနှင့်နိုင် ချစ်သူတွေဘဝ အတိအလင်း မရောက်မီ ဝန်းကျင်မှ အများသူငှာက ချစ်သူတွေဖြစ်ကြတော့မည်ဟုပဲ အနိုင်အမာ ရာနှုန်းပြည့် စိတ်ချသေချာနေကြချိန်တွင် ကိုကိုတို့အိမ် ဘုရားရုပ်ပွားတော်တစ်ဆူ ပင့်ဆောင်ပူဇော်ခွင့်ရသည့်အတွက် ကိုကိုက နိုင်တို့သူငယ်ချင်းတစ်စုကို ဘုရားဖူးဖို့ ဖိတ်ခေါ်သည်။





အဲဒီညနေခင်းမှာ ကိုကို့ကို နိုင် အချစ်ကြီး ချစ်မြတ်နိုးနေသည်ဆိုတာ ကိုကို့မေမေ ရိပ်မိနိုင်ခဲ့လေသည်။ နိုင့်ကို ကြည်ကြည်ဖြူဖြူ ပြုံးကြည့်နေသော ကိုကို့မေမေကြောင့် နိုင် အရှက်ကြီးရှက်စိတ်နှင့်ပင် ကြည်နူးတုန်ယင်နေခဲ့သည်။

ကိုကိုက အေးဆေးသည်နှင့်အမျှ တွေလည်းတွေဝေသည်။ ရင်းနှီးအောင်လည်း ဒုတိယအကြိမ် အတွေ့မှာ စကားပြောဖူးရုံ ပထမအကြိမ်ကို အခွင့်ကောင်းယူပြီး နိုင်က မိတ်ဆွေရင်းချာသဖွယ် နှုတ်ဆက်ခေါ်ပြောရင်းကပဲ လုပ်ယူခဲ့ပြီးပြီ။ ချစ်သူတွေဖြစ်လာကြဖို့ကတော့ ကိုကို့တာဝန်ပါကွယ်။

နိုင့်ကိုတွေ့ဖူးသူတိုင်းက နိုင်က သိပ်လှတာပဲဟု ချီးမွမ်းပြောဆိုတတ်ကြမြဲ။ အဲဒီလူတွေ အမွှန်းတင်သလောက် မဟုတ်လျှင်တောင်မှ လှသည်ဆိုတာကိုတော့ လူတိုင်း အသိအမှတ်ပြုရမှာပဲ မဟုတ်လား။ ထိုအလှကို ကိုကို နှစ်သက်စွဲမက်ပါသည်ဟု နိုင်ကပြောလျှင် ကိုကို ငြင်းနိုင်မည်လား။ ကိုကို့နှုတ်ခမ်းတွေကကို လှပါသည်ဟု ဖွင့်ဟဝန်ခံခဲ့ရတာပဲ မဟုတ်လား။

နိုင့် ပညာအရည်အချင်း၊ နိုင့်မိဘ ဆွေမျိုးအသိုင်းအဝိုင်း၏ ဂုဏ်ဒြပ်နှင့် သိက္ခာ စာရိတ္တဆိုတာတွေကလည်း သားရှင်များအနေနှင့် မျက်စိထဲ အံဝင်ခွင်ကျနိုင်စရာချည်းသာ။ ဦးနှောက်နှင့် ဆုံးဖြတ်မည်ဆိုလျှင်လည်း နိုင်ဟာ ရွေးချယ်လောက်ချင်စရာ မိန်းကလေးတစ်ယောက် ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကိုကို့နှုတ်နည်းနေမှုသည် နှလုံးသားက ရွေးချယ်လိုခြင်းမရှိသောကြောင့်ဟု ထင်စရာဖြစ်နေသည်။ သို့ပေမဲ့ နိုင့်ကို ကိုကို တကူးတက လာတွေ့တတ်တာ၊ နိုင်နှင့်ပတ်သက်ပြီး အသေးအဖွဲလေးတွေကအစ ဂရုတစိုက် မှတ်မှတ်သားသားရှိနေတာ၊ နိုင့်ကို ကြင်ကြင်နာနာ ဆက်ဆံတာ၊ တစ်ခါတစ်ရံ နိုင့်ကို အပြင်သို့ အလည်ခေါ်တတ်တာ၊ အဲဒါတွေကို ခြုံကြည့်လိုက်ပြန်လျှင် ကိုကို နိုင့်ကို စိတ်ဝင်စား စွဲလမ်းမှုရှိသည်ဟုလည်း ထင်ချင်ပြန်စရာ။

မရေရာသော ကိုကို့ကို စိတ်ရှည်လက်ရှည် စောင့်နေလျက် လောလောဆယ် အနားကပ် အခွင့်အရေးတောင်းသမျှ လူတွေကို ငြင်းထုတ်ခွာချနေသော နိုင့်အပြုအမူကို သူငယ်ချင်းတစ်တွေပင် မကြည်လင်ချင်စ, ပြုခဲ့သည်အထိ။ နိုင် တော်တော်ကြီး စောင့်နိုင်ခဲ့ပါသည်။ ဘုရားသွားဖူးသောညနေခင်းကတော့ နိုင် အကျေနပ်ဆုံး ညနေခင်းတစ်ခုပင်ဖြစ်သည်။

ကိုကို့မေမေက သမီးဟုသာ လျှပ်တစ်ပြက် ဆုံးဖြတ်ခေါ်ချလိုက်လျက် ဘာမှပြောနေစရာမလိုဘဲ နိုင့်ကိုသာ မိန်းကလေးတစ်သိုက်လုံးထဲမှာ ရွေးပြီးကွက်ပြီး ပိုမိုညှော်ဝတ်ကျေနေသောအခါ ကိုကိုကများ ဘာကြိုပြောထားပါလိမ့်ဟု နိုင် ရှက်သွေးဖြာခဲ့ရသည်။ သို့သော် ကိုကို အဲဒီတုန်းက မေမေ့ကို ဘာမှပြောမထားခဲ့ဘူးဆိုတာ နိုင် နောက်မှပဲ ပြန်သိခဲ့ရပါသည်။





"အန်တီက ကိုယ့်သားအကြောင်း ကိုယ်သိနေတော့ သူ့ကို သိပ်ချစ်နိုင်မယ့် မိန်းကလေးမျိုးနဲ့မှပဲ စိတ်ချနိုင်မှာ သမီးရဲ့"

နှစ်ယောက်ချင်းသာဆုံရာမှာ ကိုကို့မေမေက အဆက်အစပ်မရှိ ပြောချလိုက်သောအခါ နိုင် ရုတ်တရက်၌သဘောမပေါက်နိုင်ဘဲ ထိုစကားသည် နိုင့်အတွက် ကံကောင်းဖို့ဘက် နှယ်သလား၊ ကံဆိုးဖို့ဘက် နှယ်သလား လျှပ်တစ်ပြက်မဆုံးဖြတ်နိုင်ခဲ့။

"သမီးနဲ့ဆိုရင် အန်တီ စိတ်ချနိုင်လိမ့်မယ်လို့ ယုံတယ်"

ထိုစကားကို ဆက်သောအခါ နိုင် တဒင်္ဂမျှ ခန္ဓာကိုယ်တောင့်တင်း ငြိမ်သက်သွားရ၏။ ချက်ချင်းလိုလိုပင် မျက်နှာ၌ သွေးရောင်လျှမ်းတက်လာကာ ကိုကို့အမေ၏လက်ကို ရှက်ကိုးရှက်ကန်း ဆွဲယူဆုပ်ကိုင်ထားလိုက်မိလေသည်။

"သူနဲ့ သမီးနဲ့ မိတ်ဆွေသူငယ်ချင်းတွေပါပဲ အန်တီ"

အခြေအနေမှန်ကို ကိုကို့အမေသိအောင် ကသုတ်ကရက် ရှင်းပြမိသေးသည်။

"ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်လေ၊ သမီးကို အန်တီ စ,ပြီးမြင်လိုက်တဲ့ ချက်ချင်းမှာပဲ ဘယ်သူမှန်း ဘယ်ဝါမှန်း ဘယ်လိုမှန်း ဘာတစ်ခုမှ မသိဘဲနဲ့ သမီးမျက်နှာလေး မြင်လိုက်တာတစ်ခုတည်းနဲ့တင် သားအတွက် မိန်းကလေး ဖြစ်စေချင်မိတယ်၊ ဖြစ်လာတာ မဖြစ်လာတာကတော့ သမီးတို့နှစ်ယောက်ကိစ္စပါပဲ၊ အန်တီနဲ့ မဆိုင်ပါဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့အမေကလည်း ထိုသို့ပင် ဇွတ်တရွတ် စကားကို နိဂုံးချုပ်ပစ်လိုက်သည်။ နိုင့်မှာ ကျေကလည်းကျေနပ်၊ ဝမ်းသာနိုင်သော အခြေအနေကလည်း အပြည့်အဝမပေးသေးတော့ မျက်နှာငယ်ကလေးနှင့်ပင် ကိုကိုရှိရာနေရာသို့ ငေးမောကြည့်နေခဲ့ရသည်။ ပထမတော့ ကိုကိုကများ အမေကတစ်ဆင့် စကားဦးသမ်းစေသလား ထင်ခဲ့တာ အမှန်ပင်။ သို့သော် မဟုတ်ခဲ့ပါ။

များမကြာခင်အချိန် တစ်ချိန်ကျမှ ကိုကိုက နိုင့်ကို ချစ်ရေးဆိုသည်။ သူ့အမေက သဘောကျကြောင်း နှစ်သက်ကြောင်း အိမ်မှာ တဖွဖွပြောနေနေရင်းကမှ ကိုကို ဆုံးဖြတ်ချက် ကျနိုင်ခဲ့တာ။

"အစောကြီးကတည်းကတော့ နိုင့်ကို ကိုကို စိတ်ဝင်စားနေ ချစ်မိနေတာပါ၊ ဒါပေမဲ့ ဘာလို့မပြောဖြစ်သေးလဲ စဉ်းစားမရပါဘူး၊ နိုင်စိတ်ဆိုးမှာ စိုးတာမျိုးလည်း မဟုတ်ဘူး၊ နိုင် လက်မခံမှာ ကြောက်တာမျိုးလည်း မဟုတ်ဘူး၊ ချစ်လား မချစ်လား မသေချာတာလည်း မဟုတ်ဘူး၊ ဟိုဘက် ဒီဘက်က လှည့်ပတ်စဉ်းစားနေရတာလည်း မရှိဘူး၊ ဘာဖြစ်လို့ မပြောမိသေးမှန်းကို မသိဘူး၊ နိုင့်ကို အဲသလို အလုကြည့်ကလေး ခပ်လှမ်းလှမ်းက ကြည့်နေရတာလေးကိုတင် စိတ်ချမ်းသာနေပြီး မပြောဖြစ်တာ"

"ကိုကိုက အဲသလို အလုကြည့် ကြည့်နူးနေရုံလေးနဲ့ ရောင့်ရဲနိုင်တာလား"





နိုင်က မေးသောအခါ ...

"အဲသလို မဟုတ်ဘူး၊ အဲဒီလောက်လေးနဲ့ ရောင့်ရဲနေတာလည်း မဟုတ်ဘူး၊ လူတိုင်းကတော့ ကိုယ်နှစ်သက်တဲ့ အရာကို အပိုင်ရချင်တာချည်းပဲပေါ့"

အဖြေရှာမရသော မရေမရာတွေနှင့်ပင် နိုင့်မှာ အပျော်ကြီး ပျော်ခဲ့ရပါသည်။ နောက်ဆုံးတော့ နိုင် ထင်ခဲ့သလိုပါပဲ။ ကိုကို့ကို နိုင်ကသာ ပိုချစ်ရသည်ဆိုတာ အသေချာကြီးပါ။ ကိုကို နိုင့်ကို မချစ်တာ မဟုတ်ပါ။ ကိုကိုက အေးစက်တာ။ ဘာတွေမှန်းမသိ အေးစက်နေတာ။ နိုင်ကသာ တနင့်ကြီးချစ်မနေဘူးဆိုလျှင် စိတ်မရှည် သည်းမခံနိုင်ချင်စရာ။ သို့သော် နိုင်က ကိုကို့ကို အသည်းထဲ နင့်နေအောင်ကို ချစ်တာမို့ ကိုကို ဘယ်လိုပင်နေနေ အပြစ်မြင်ချင်စရာမရှိ။ ခွင့်မလွှတ်နိုင်တာမရှိ။

ချစ်ရလွန်းသောအခါ ကိုယ့်ဘက်က ပေးရသမျှ ဘယ်အရာမျိုးသည်မဆို အချစ်ထုထည်၏အောက်မှာ သေးဖွဲ့သိမ်နပ်လျက် မှုန်ပျောက်သွားတော့တာပါပဲ။ ကိုကိုက နိုင့်ကိုသိပ်မချစ်ပါဘူးဟု တွေးမိတတ်သော်လည်း နိုင်က အချစ်ပိုသူဖြစ်ခွင့်ရတာပေါ့ဟု လှည့်ပတ်ကျေနပ်အောင်တွေးလျက် ကြဖန်စိတ်ချမ်းသာနေတတ်ခဲ့သူပါ။

♥ ✧ ♥



www.burmeseclassic.com

www.burmeseclassic.com



"မေမေ နေမကောင်းဘူးဆိုတာ တကယ်လား"

"တကယ်ပါ ကိုကို"

တုန်တုန်ယင်ယင်ဖြေရင်း မလှမ်းမကမ်းက ဒရင်းမ်ဘက်ဒ်မှာ ခွေလျော့လျော့ မှီနေသည့် ယောက္ခမကို နိုင် လှည့်ကြည့်မိသည်။ ကိုကိုဟူသော အသုံးအနှုန်း နိုင့်နှုတ်ဖျားမှ ထွက်လာတော့ မေမေ့မျက်ဝန်းတွေက အရောင်တစ်မျိုး ပြောင်းလဲသွားကာ မျက်ခုံးတွေလည်း တွန့်ကွေးသွားရင်း "ဘာတဲ့လဲ"ဟု လှမ်းမေးသည်။

"မေမေ နေမကောင်းဘူးဆိုတာ တကယ်လား မေးတာပါ။

ဦးမြ ပြောတယ်ထင်တယ် မေမေ"

ဖုန်းခွက်ကို လက်နှင့်အုပ်ရင်း နိုင် ဖြေသည်။ ကိုကိုက တသီးတခြား နေပေမယ့် အလုပ်ကိစ္စနှင့် ကားသုံးဖို့အတွက်တော့ မနက်တိုင်း ကားနှင့်ဒရိုင်ဘာကို လွှတ်ရပါသည်။ ဒရိုင်ဘာက အိမ်မှာပဲ ညအိပ်သည့်ဒရိုင်ဘာမို့ အိမ်ကသတင်းစကားတွေတော့ ကိုကို သိနေနိုင်တာပါပဲ။ ဒါကြောင့်လည်း ပဲခူးသွားတုန်းက နိုင် ကိုယ့်ဘာသာ ကားတစ်စီးမောင်းယူသွားဖြစ်ခဲ့တာ။ ဦးမြ မသိစေချင်တာကလည်း ကိုကို့ထံ စကားပြန်ရောက်ပြီး ကိုကို နိုင့်ကို အမျက်ဒေါသထွက်မှာ စိုးရိမ်သော ရာခိုင်နှုန်းက အများကြီးပါ။

"ငါ နေမကောင်းတဲ့အတွက် လာကြည့်စရာမလိုဘူး ပြောလိုက်၊ ကိုယ့်ဘာသာ အိမ်ပြန်လာချင်လာ၊ မလာချင်နေ၊





ငါ နေမကောင်းတဲ့အတွက် သူ့မျက်နှာမြင်လိုက်ရလည်း ဘာမှရောဂါထူးမသက်သာဘူး ပြောလိုက်"

မေမေ့ နံဘေးရှိနေသော ကိုကို့အစ်မဝမ်းကွဲသည် ဒေါသကြီးလာသလို ဆတ်ခနဲ ထ,ရပ်လိုက်လျက် ...

"ငါ ပြောမယ် နိုင်နိုင်၊ နင် သူ့ကို ပျော့စိစိတွေ ပြောမနေနဲ့ ..

ကိုကို အိမ်ပြန်မလာသော သတင်းစ,ရကတည်းက သူကိုယ်တိုင် လိုက်သွားမည် တကဲကဲ ဒေါသအမျက် ချောင်းချောင်းထွက်နေသော ကိုကို့အစ်မဝမ်းကွဲသည် ကိုကို့ကို တော်တော်လည်း ပြောရဲဆိုရဲ ငယ်နိုင်ပါ။ အဲသည်ကတည်းက နိုင်က ဖွတ်တရွတ် မကြမ်းတမ်းဖို့ မျက်ရည်အလူးလူး တောင်းပန်ခဲ့ရသည်။ အဲသည် အစ်မသည် နိုင့်ဘက်ကအစ်မ မဟုတ်လင့်ကစား နိုင့်ကို အားမလိုအားမရ နိုင့်ဘက်က မခံနိုင်ဖြစ်နေသည်အထိ။ ထိုအစ်မနှင့် နိုင်သည် ဒီလောက်လည်း ချစ်ကြည်စည်းလုံးရင်းနှီး ပွေးကပ်လှသည် မဟုတ်ပါဘဲလျက် ဒီကိစ္စမှာတော့ နိုင့်ဘက်က ရပ်လျက် နိုင့်ဘက်က နာခဲ့သည်။

"နင် ဘာမှ သိက္ခာကျခံ ဒူးထောက်ပြီး ပြန်ဆွဲခေါ်နေစရာ မလိုဘူး၊ သူမှားတာကို သူကသာ တောင်းပန်ရမယ်၊ ဟိုဟာမနဲ့တွေ့ရင်လည်း နင် စကားတစ်လုံးမှ အတင်မခံနဲ့၊ မပြောရဲ မဆိုရဲ ပိတ်မနေနဲ့၊ ဟိုက ခပ်ဖွာဖွာ ခပ်ရဲရဲနဲ့ ငုံ့ခံမလာရစေနဲ့၊ လက်ဦးအောင် ပါးကိုတီးပစ်လိုက်ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



နိုင့်ကို သည့်လိုလည်း ဩဝါဒပေးလာသည်။ တခြားမိန်းကလေးတစ်ယောက်ကို ပါးရိုက်ဖို့ဆိုတာ ...။ ကိုကို့ကို နိုင့်လက်မှ ဦးလုသွားရက်သူ ဖြစ်သော်လည်း နိုင် သူမရဲ့ပါးကို ရိုက်ရဲဖို့ဆိုတာတော့ စိတ်ကူးကြည့်တာပင်လျှင် စိတ်ကူးထဲ၌ လက်ကမြောက်တက်မလာပါ။

"မပြောစမ်းပါနဲ့ ခင်ဦးရယ်၊ ညည်းနဲ့ပြောရင် ဖုန်းထဲမှာ ရန်ပွဲကြီးကျယ်ပြီး အခြေအနေတွေ ပိုဆိုးကုန်မှာ သေချာတယ်၊ သူ့ဘာသာ ပြောပါစေ"

မမခင်ဦး လက်ထဲ ဖုန်းကိုမပေးရဲ၊ မပေးချင်သော နိုင်မှာ မေမေ ဝင်ပြောမှပဲ အသက်ရှူချောင်သွားရသည်။ မမခင်ဦးက မေမေ့နံဘေးမှာ ဝုန်းခနဲ ပြန်ထိုင်ချလိုက်ချိန်တွင် ခန်းဆီးကလေးကို လှစ်ဟကာ ချောင်းကြည့်လိုက်သော သားကြီးမျက်နှာလေး အခန်းဝ၌ ပေါ်လာသည်။ ပြူးကျယ်ဝိုင်းစက်သော မျက်လုံးလေးသည် အဖေ ဖုန်းဆက်သည်ဟူသော သတင်းအပေါ် စိတ်ဝင်စားခြင်း ကြောက်ရွံ့ထိတ်လန့်ခြင်းတို့နှင့် အရည်ကြည်လဲ့နေသည်။

"ဖိုးသားကြီး ... သွားကစားလေ သား၊ သမီးကြီးရေ ... မောင်လေး လာခေါ်သွား"

မမခင်ဦး လှမ်းအော်သံအဆုံးတွင် ဘယ်တုန်းက အခန်းဝရောက်နေမှန်း မသိသော သမီးကြီးရဲ့ လက်တစ်ဖက်က သားကြီးအင်္ကျီစကို ဆတ်ခနဲ ဆွဲခေါ်သွားလေသည်။ သားကြီးက ရိုက်မောင်းပုတ်မောင်း ရုန်းကန်ရင်း တရွတ်ဆွဲပါသွား၏။





"နေမကောင်းတာက ဘာဖြစ်တာလဲ"

ရှုတာတနှင့် အေးဆေးသော ကိုကို့အသံသည် ငေးငိုင်နေသော နိုင့်ကို ပခုံးပုတ် နှိုးလိုက်သလို နိုင် ဆတ်ခနဲ တုန်သွားရသည်။

"ဝမ်းတွေသွားပြီး ပရက်ရှာကျသွားတာပါ၊ ဒက်ထရို့စ် ဆေးလိုင်းသွင်းပေးလိုက်လို့ အခု တော်တော်ကောင်းနေပါပြီ၊ မစိုးရိမ်ရပါဘူး ကိုကို"

"ငါ ပြောတာပါ ပြောလိုက်"

မေမေ လှမ်းအော်သောအခါ ပြောဖို့ နိုင် နှုတ်လေးနေဆဲ ...

"နိုင် ... ဟိုတစ်ယောက်ရဲ့ မိဘဆွေမျိုးတွေကို ဘာသွားပြောသေးလဲ၊ ဘာလုပ်သေးလဲ"

"ရှင် ... နိုင် ... နိုင်"

မျက်ရည်ရစ်ဝိုင်းကာ ဘယ်လိုဖြေမလဲဆိုတာ မစဉ်းစားတတ်ဘဲ တုန်တုန်ယင်ယင် ဖြစ်သွားရဆဲ မမခင်ဦးက တစ်ချက်ထရပ်လိုက်ပြန်ကာ ...

"ဘာတဲ့လဲ ... ဘာမေးတာလဲ"

"ဟို ... ဟို ... ဘာသွားပြောသေးသလဲ မေးတာပါ"

ဖုန်းခွက်ကိုအုပ်ကာ လှည့်ဖြေလိုက်သော နိုင့်စကား၌ နာမ်စားမပါ ဘာမပါ ရှင်းလင်းပြည့်စုံခြင်း မရှိသော်လည်း မမခင်ဦးက ဒက်ခနဲ သဘောပေါက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် ... ဘာသွားပြောပြော သူက ဘာလုပ်ချင်သလဲ၊ ငါ့ကိုပေး၊ ငါပြောမယ်ဆိုမှ ..."

"ခင်ဦး နေပါကွယ်၊ ကဲ ... နိုင်၊ ဖုန်း မေမေ့ကိုပေး"

နိုင် မေမေ့လက်သို့သာ ဖုန်းကို အားကိုးတကြီး လက်လွှဲထိုးအပ်လိုက်တော့သည်။ အောက်နှုတ်ခမ်းကိုကိုက်ကာ ကျဆဲဆဲ မျက်ရည်တွေကို အတော်ကြီး ချုပ်ထိန်းယူရသည်။ ကိုကို့အသံက ရန်လိုဒေါသထွက်ပုံ တစ်စက်မှမပြဘဲ ပကတိအတိုင်း အေးအေးဆေးဆေး ဖြစ်ပေမယ့် နိုင် ဝမ်းနည်းလှပါသည်။

ကိုကိုရယ်... နိုင် လိုချင်တာက ကိုကို့ထံက အချစ် တစ်ခုတည်းကိုသာပါ။ နာကြည်းဒေါသကိုရဖို့ နိုင် ကြောက်ရွံ့လှပါတယ်။ ကိုကို နိုင်တို့ထံ ပြန်ရောက်လာမယ်ဆိုရင် လောလောဆယ် ဘယ်လောက်ပဲ ဆိုးရွားတဲ့ အခြေအနေမျိုးကိုမဆို နိုင် ဖွတ်တိုးရင်ဆိုင်မှာပါ။

ရင်ထဲက တိုးတိုးကလေး ရေရွတ်နေမိကြောင်း ခြင်းတို့ နိုင့်ရင်ညွှန့်၌ ဆို့နေသည်။ ကိုကို့အကြောင်း နိုင်သိသည်။ ကိုကို ခုလိုဖြစ်နေတာဟာ နိုင့်ကိုမချစ်တော့လို့ မုန်းသွားလို့မဟုတ်ဘူးဟု မမခင်ဦးကို ပြောမိလျှင် မမခင်ဦးက ဟားတိုက်ရယ်မှာ ဝန်လေးလိမ့်မည်မဟုတ်။

သို့ပေမဲ့ အဲဒါဟာ အမှန်တရားပဲ၊ ကိုကိုက ဘယ်အရာအတွက်မဆို ဖင့်လေးတွေဝေသည်။ နဂိုစိတ်က အညာလွန်သည်။ အလကားနေရင်း ကရုဏာသက် အကြင်နာကြီးနေတတ်သည်။





ကိုကို ထွက်မသွားခင် အချိန်အထိ ဒီလောက် အိမ်ထောင်သက် နှစ်ပေါင်းများစွာထဲမှာ နိုင့်ကို ဘယ်နှကြိမ် ဆူပူကြိမ်းမောင်းဖူးခဲ့သလဲ။ ဘယ်နှခါ နိုင်တို့ ရန်ဖြစ်ဖူးသလဲ။ တစ်ကြိမ်တစ်ခါမှ ခိုက်ရန်ဒေါသမရှိခဲ့ကြပါ။ ဒါကြောင့်လည်း ဒီကိစ္စကို ပတ်ဝန်းကျင်မှ အံ့သြနေကြရတာဖြစ်သည်။

ကိုကို့ကို မြင်လိုက်ရချိန်မှစ၍ ကိုကိုဟာ နိုင့်ဖူးစာရှင်ပဲဟု ဒက်ခနဲ နိုင် သေချာသိနိုင်လိုက်သလို ဟိုမိန်းကလေးကို ကိုကို့အလုပ်ခွင်မှာ စတင်အလုပ်ဝင်ခါစ မြင်ဖူးလိုက်ရကတည်းက တစ်ခုခုအတွက် နိုင် ကြိုတင်ကြောက်လန့်ခဲ့ပြီးသား။ နိုင့်ရဲ့ မသိစိတ်က ဘာကို ဘယ်လိုကြိုသိသလဲ နိုင် မတွေးတတ်ပါ။ သို့သော် ထိုမိန်းကလေးရဲ့ ကိုကို့အပေါ် ဆက်ဆံပုံ ပြောဆိုပုံ အမူအရာ၊ အကြည့် အပြုံးတွေကို နိုင် ရင်တုန်ခဲ့သည်။

နိုင် သဝန်မတိုတတ်ခဲ့ပါ။ ကိုကို့ကိုလည်း သဝန်တိုရာကျမည် စိုးရိမ်လျက် စော်ကားရာကျမည် ကြောက်ရွံ့လျက် နိုင် ဘယ်လိုအရိပ်အခြေမှ စကားဆိုမပြဖြစ်ခဲ့။ တစ်စုံတစ်ရာ အဟန့်အတား မရှိခဲ့။ နိုင်က ကိုကို့သိက္ခာနှင့် ဟိုမိန်းကလေး သိက္ခာကို ထောက်ထားနေမိခဲ့သည်။ ဒါဟာ နိုင့်အမှားပဲ။ ထိုမိန်းကလေးသည်လည်း မိဘအရိပ်မှ ခွဲခွာကာ တစ်ရပ်တစ်ကျေးမှာ အဆောင်နေလျက် ကိုယ့်ဘဝကိုယ် ဝမ်းကျောင်းနေသူမို့ မိမိကိုယ်ကို ထိန်းသိမ်းနိုင်မှု အင်အားအထိုက်အလျောက်ရှိလို့သာပဲဟု နိုင် ယုံကြည်လေးစားမိခဲ့သည်။

www.burmeseclassic.com



အင်းလေ ... သူမဟာလည်း တမင်တကာကြီးတော့ သူတစ်ပါးမိသားစုကို ဖျက်ဆီးနှောင့်ယှက်လိုစိတ် ရှိမည်မဟုတ်ရှာ။ နှစ်ဦးစလုံးဟာ အနေနီးစပ်မှုအပေါ် သာယာခြင်းစိတ်ကို မထိန်းချုပ်နိုင်ကြတာ။ မိုက်မဲကြတာ မှန်ပေမယ့် ထိုသို့မိုက်မဲဖို့ ရှေးရှေးကတည်းက ရည်ရွယ်အသင့်ပြင်ထားကြတာတော့ ဘယ်ဟုတ်ကြပါမည်လဲ။ နီးစပ်ခြင်း၌ ကိုကိုက တွေတွေဝေဝေ ငြိမ်သက်မျောပါနေလိုက်သည်။ သူမက နောက်ဆုတ်ဖို့ထက် ရှေ့ကိုတိုးဖို့အတွက် ရဲတင်းသည်။

ကိုကိုဟာ တစ်ခါတစ်ရံမှာ ထိုမိန်းကလေးကို လူရှေ့သူရှေ့၌ပင် စိတ်မထိန်းနိုင်ဘဲ အော်ငေါက်ဆူပူတတ်သည်တဲ့။ အဲဒီအခါ သူမဟာ ကိုကို့ဇနီးသည် "နိုင်"ဆိုတဲ့ မိန်းမလို ကိုကို စိတ်ငြိမ်သွေးအေးသွားတဲ့ထိ အချိန်စောင့်ပြီး နားဝင်အောင် ချော့မော့ ဖြေရှင်းတတ်ရဲ့လား ... ကိုကိုပဲ အသိဆုံးဖြစ်ပေမည်။

ဦးမြရဲ့စကားအရတော့ ထိုမိန်းကလေးက ကိုကို့ကို ပက်ခနဲ နှုတ်လှန်ထိုးလိုက်တာကို သူ့ရှေ့တင် တစ်ကြိမ် မျက်မြင်ကြုံခဲ့သည်ဆိုသည်။

ဇနီးဖြစ်သူကို ... ဒီဇနီးဟာ တခြားမိန်းမတစ်ယောက် မဟုတ်ဘဲ ငါ့ကို မြတ်နိုးချစ်ခင်နိုင်လွန်းသည့် သီးသန့်မိန်းမတစ်ယောက်ပါလား ... ဟု ကိုကို ကြိုတင်နားလည် မထားမိခင်တော့ တခြားမိန်းကလေးတစ်ယောက်ဟာလည်း ကိုကို့အပေါ် နိုင့်လိုသာ





တလေးတစား ဆက်ဆံလိမ့်မည်ဟု ထင်နေမိနိုင်တာပေါ့။ သူမက တစ်မျိုးတစ်ဖုံ ဆက်ဆံအာခံလိုက်သောအခါ ကိုကို ပထမတော့ အံ့သြကောင်း အံ့သြသွားမည်။ အဲဒီရဲ့နောက်မှာတော့ အေးချမ်းခဲ့တဲ့ ကိုကိုဟာ ဒေါသကို မထိန်းနိုင်ဘဲ ထိုမိန်းကလေးကို ကြမ်းတမ်းစွာ ရိုက်ပစ်လိုက်မိသည်ဆို ...။

အဲသလို ရုန့်ရင်းကြမ်းတမ်းသော၊ တစ်ဦးကိုတစ်ဦး လေးစားသမှုကင်းမဲ့သော အိမ်ထောင်ဆက်ဆံရေးမျိုးကို ကိုကို နိုင်နှင့် အိမ်ထောင်သက်အတွင်း ကြုံဖူးခဲ့ပါသလား။ ဒီလိုကြမ်းတမ်းရိုင်းပျတဲ့ အိမ်ထောင်မျိုးတွေ လောကမှာ ရှိနိုင်သေးတာ ကိုကို သိခွင့်တောင် ရခဲ့ပါသလား။ ကိုကို့ကို နိုင် သိသည်။ ကိုကို ဒီလိုအဖြစ်အပျက်မျိုးတွေနဲ့ ဘယ်ကြာကြာ ပျော်နိုင်မှာလဲ။ ပေါင်းတရကောင်း ရနိုင်လိမ့်မည် ဖြစ်ပေမယ့် ထုံးစံအတိုင်း ကိုကို နောက်ဆုတ်ဖို့ ပြုပြင်ဖို့ တစ်စုံတစ်ရာ ပြတ်သားစွာဆုံးဖြတ်ဖို့ အချိန်ယူ ဖင့်နွှဲ့နေပြန်တော့သည်။

နိုင်လေ အရာရာကို မေ့နိုင်ပါသည်။ အားလုံးကို ပြည့်ဖုံးကားချနိုင်ပါသည်။ မိမိကိုယ်ကို အထင်ကြီးလွန်းသည် ဟုတ်ပေမယ့် ကိုကို့ကို ဘယ်လိုချော့မော့ နားသွင်းရသည်။ ဘယ်လိုနားချ ပူဆာရသည်။ လိုချင်ရာဆီရောက်အောင် ဘယ်လို သည်းပတ်ဦးတည်ရသည်ဆိုတာတွေ လောကမှာ နိုင့်ထက်သိသော မိန်းမ မရှိနိုင်ဟု ထင်မြင်ယုံကြည်သည်။ ကိုကို့မေမေကလွဲရင်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တခြား ဘယ်တစ်ယောက်နှင့်မှ ကိုကို့ဘ၀ မသာယာနိုင်။ ဘယ်သူမှ ကိုကို့သည်းညည်းကို မခံနိုင်။ အချိန်ကြာလာသည်နှင့်အမျှ တစ်နေ့တော့ ကိုကို သိလာမှာ သေချာသော်လည်း အဲဒီတစ်နေ့အထိ အချိန်ကိုစောင့်ကာ အရာရာ မှားယွင်းလွန်ကျွံ နောက်ကျကုန်တာမျိုး အဖြစ်မခံနိုင်ပေ။

ကလေးတွေရဲ့စိတ်နှလုံးကို ဒီထက်အားငယ် ဆုတ်ယုတ်လာအောင် နိုင် အခြေအနေ မပေးနိုင်ပါ။ နိုင် တစ်ဦးတည်းသာဆိုလျှင် အချိန်တွေ ဘယ်လိုကြာပါစေ နိုင်စောင့်ခဲ့သည် မဟုတ်လား ကိုကိုရယ်။

ဒါကြောင့်လည်း နိုင် မရဲတရဲနှင့် သူမရဲ့မိဘတွေဆီ စွန့်စားရောက်သွားခဲ့ရတာပါ။ အဲဒီမိန်းကလေးဟာ လွန်လွန်းလာလို့ပါ။ နိုင်ထံသို့ တိုက်ရိုက်ဖုန်းဆက်ကာ ကွာရှင်းပေးဖို့အတွက် လေသံမှန်နဲ့ ပြောထွက်ခဲ့ပါတယ် ကိုကိုရယ်။

နိုင် ကွာပေးလိုက်ပြီးတဲ့အခါ ကိုကိုတို့အိမ်ထောင် သာယာမည် မဟုတ်တာကို နိုင် ကြိုတင်သိသည်။ အဲဒီအခါကျမှဆိုရင် ကလေးတွေဟာ ...

"မေမေ ... သားကြီး အတင်းရုန်းထွက်သွားတာ"

ဝုန်းဒိုင်းကြဲ ပြေးဝင်လာသံ၊ တွန်းထိုးသံများနှင့် အတူ သမီးကြီးရဲ့ တိုင်တန်းသံက အခန်းဝမှ ထွက်ပေါ်လာသည်။ သမီးကြီးသည် အမေ စိတ်အနှောင့်အယှက်ဖြစ်မည် စိုးရိမ်ကာ





ခန်းဆီးဝမှလွန်၍ အထဲသို့ ဝင်မလိုက်လာရှာ။ သားကြီးကသာ အွားအေဖြစ်သူအနား နီရဲသောမျက်နှာနှင့် အပြေးရောက်သွား၏။

"ဖိုးသားကြီး"

မမခင်ဦးက ပခုံးကို သိုင်းဖက်ဆွဲယူသောအခါ ခေါင်းကြီး နှုတ်ရုန်းကန်လျက် ...

"သား စကားပြောမလို့"

အံကြိတ်လျက် အရွယ်နှင့်မမျှအောင် အောင့်အည်းကြိတ်ခံနေပုံ မျက်နှာနဖောင်းဖောင်းကလေးက ရဲတွတ်နေသည်။ ရှုံ့မဲ့လျက် ဖယ်လျက်က မျက်လုံးတွေထဲ မျက်ရည်ပြည့်လာကာ လက်သီးတင်းတင်းဆုပ်လျက် အံကိုဖိကြိတ်ထားသည်မှာ မချိတင်ကဲကလေးမို့ နိုင် မကြည့်ရက်နိုင်ပါ။ သားကြီး ထိုသို့ဖြစ်ချိန်၌ သမီးကြီးက ခေါင်းကလေးငုံ့လျက် ဆံပင်တစ်စကို ကိုက်ထားရင်း မျက်ရည်တစ်ပေါက်ပေါက် ကျလာသည်။

"ကဲပါ ... အန်တီရယ်၊ အန်တီ့မြေးကို ပေးပြောလိုက်ပါတော့"

မမခင်ဦးက တိုက်တိုက်တွန်းတွန်းဆိုကာ လွှတ်လိုက်သောအခါ သားကြီးသည် အဘွားဖြစ်သူအနား တရွေ့ရွေ့ကပ်သွား၏။ အဘွားပေးသော ဖုန်းခွက်ကို လက်နှင့်လှမ်းမယူ။ နှုတ်ခမ်းကိုသာ ဖုန်းခွက်နားကပ်လျက် ...

"ဖေဖေ့ကို ... မုန်းတယ်၊ ဖေဖေ့ကို မုန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းကြောကလေးထောင်အောင် အော်ဟစ်ပစ်လိုက်ရင်း ကမူးရှူးထိုး ပြန်လည်ပြေးထွက်သွားလေတော့သည်။ နိုင်သည် နှုတ်ခမ်းကိုသာ တင်းတင်းကိုက်မိလျက် အခြေအနေကို ကြေကွဲခြင်းကြောင့် ငိုရှိုက်မှု မရအောင် ရင်တွေ နာနေရလေသည်။

♥ ◇ ♥

ဖေဖေဝယ်ပေးလိုက်တဲ့ ချောကလက်ဟု နှစ်သိမ့်ပြီး နှင့် ကမ်းပေးလိုက်သော် သားငယ်က "ဟဲ ... ဟဲ"ဟု ရယ်မြူးလျက် ဖျက်ခနဲ ဆွဲယူလိုက်သော်လည်း သားကြီးက မျက်နှာကလေးပုပ်လျက် ခပ်တည်တည်သာ စိုက်ကြည့်နေလေသည်။

ခဏအကြာမှာ ဆတ်ခနဲ ဆွဲယူလှည့်ထွက်သွားသော်လည်း ထိုချောကလက်ပြားလေးကို သားကြီးမစား။

သူ့ခေါင်းအုံးအောက်တွင် ထည့်ထားမှန်းကို ညဘက်မအိပ်ခင် သူ ထုတ်ယူကိုင်ကြည့်နေတော့မှပဲ နိုင် သိခွင့်ရသည်။

"သားကြီး ... စားလေ၊ ဖေဖေက သားကြီးကြိုက်လို့ ဝယ်ပေးလိုက်တဲ့ဟာ ခေါင်းအုံးအောက်ထားတော့ အရည်တွေပျော်ပြီး ခေါင်းအုံးစွပ်တွေ အိပ်ရာခင်းတွေ ပေမှာပေါ့"





နိုင်က ချောမော့တိုက်တွန်းကာ ကိုယ်တိုင် စက္ကူပတ်ခွာပေးလိုက်သောအခါကျမှပဲ တိတ်ဆိတ်စွာ ယူစားတော့သည်။ စကားနည်းလှသော သားကြီးသည် ပါးစပ်ထဲမှ ချောကလက်မကုန်ခင် စောင်ကိုဆွဲယူ ခေါင်းမြီးခြုံပစ်လိုက်ရင်း "လာတော့မလာဘဲနဲ့"ဟု မကျေမနပ် ရေရွတ်သည်။

သားကြီးဟာ သူချစ်သော ဖေဖေ့ကို စိတ်ကောက်နေတာ။ သုံးယောက်ထဲမှာ သူက အဖေ့ကို အခင်တွယ်ဆုံး။ ဒါကြောင့် သူ မကျေနပ်ဆုံး ဖြစ်ပုံရလေသည်။

အသင့်အတင့် လှည့်ပတ်စဉ်းစားနိုင်ပြီဖြစ်သော သမီးကြီးသည် ညအိပ်ရာဝင်ခါနီး နိုင်က ဆံပင်ရှင်းဖြီးသင်ပေးနေတာကို ငေးငေးကလေး ငြိမ်သက်နေရင်း သူ့ရဲ့ညဝတ်အကျႌဖြူလွလွလေးကို အနားစ,ဆုပ်ကိုင် လိမ်ကျစ်ကာ ချင့်ချိန်နေဟန် ရှိပြီးမှ...

"မေမေ ... ဖေဖေက တကယ်ပဲ မုန့်ဝယ်ပေးလိုက်တာဟုတ်ရဲ့လား"

သမီးကြီး စကားကို နိုင်က မျက်နှာမပျက်အောင် ထိန်းရရပြီးလျက် ...

"တကယ်ပေါ့"ဟု သံပြတ်နှင့် ဖြေဖြစ်သည်။

"ဒါဖြင့် ကိုယ်တိုင်ဘာလို့ လာမပေးလဲ"

"လာမှာပေါ့ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တော့လဲ ..."

သမီးဆံပင်လေးတွေကို နိုင် ငုံ့နမ်းလိုက်သည်။ ဘယ်တော့လဲ ...။ အဲဒါကို မေမေလည်း သိချင်နေတာပါပဲ သမီးရယ် ... ဟု စိတ်ထဲက အဖြေပေးနေမိ၏။ ကိုကို့အလုပ်ကို နိုင် ရောက်ခဲ့သည်။ ဘယ်သူမှမသိအောင် ကိုယ့်ဘာသာ တိတ်တဆိတ် သွားခဲ့ပြီးမှ ရုံးခန်းရှေ့ရောက်တော့ နိုင် မဝင်ရဲ။ ဦးမြက နိုင့်ကိုတွေ့သွားကာ အထဲဝင်ထိုင်ဖို့ ပြောသော်လည်း နိုင် ရည်းစားနှင့် ပထမဆုံး ချိန်းတွေ့ရသလို အူအသည်းတုန်နေမိသည်။

နိုင့်ကို ခေါ်မရတော့ ကိုကို့ကို ဦးမြက ဝင်ပြောသည်။ တော်တော်နှင့် ကိုကို ထွက်မလာ။ အဲသလို ထွက်မလာတာကိုလည်း နိုင် သဘောပေါက်သည်။ ကိုကိုဟာ မဟုတ်တာလုပ်မိထားတဲ့အခါ အမှားအယွင်း တစ်ခုခု ရှိတဲ့အခါ ဘေးလူကိုရှက်နေတတ်သည်။ ရင်ဆိုင်ရလျှင် မျက်နှာခပ်လွဲလွဲနှင့် စကားဆိုတတ်သည်။ လနှင့်ချီ၍ မျက်နှာချင်းမဆိုင်ရတာ ကြာသော နိုင့်ကို ကိုကို အမ်းတမ်းတမ်းနှင့် ရှက်နေရှာဦးမှာ။

ဒါပေမဲ့ နိုင် ရင်ခုန်နေသလို ကိုကို ရင်ခုန်နေမှာပဲ။ နိုင် ဝင်မလာရဲသေးတာကိုလည်း ကိုကို ကရုဏာတော့ သက်မည်။ ဒါကြောင့်လည်း အခန်းဝထွက်လာတာ။ ကိုကို့တပည့် ဝန်ထမ်းနှစ်ဦး သုံးဦးက ခေါင်းငုံ့ပြီး အလုပ်ကို မတရားစိတ်နှစ်မြှုပ်ထား





သလို ဟန်ဆောင်နေကြချိန်တွင် ကိုကိုက နိုင့်ကိုဖျတ်ခနဲ မျက်တောင်ခတ်ကာ ကြည့်သည်ဆိုရုံကြည့်လျက် ...

"လာလေ"တဲ့။

ပြောအပြီး သူ့အခန်းထဲ ပြန်ဝင်သွားတော့သည်။ နိုင် ရုံးခန်းက လူတွေကို ရှက်မိသော်ငြား တည်ငြိမ်အောင် အတတ်နိုင်ဆုံး ကြိုးစားလျက် ကိုကို့အခန်းသို့ ဝင်လိုက်သွားမိ၏။

"တစ်အိမ်လုံး နေကောင်းလား"

ဖျစ်ညှစ်အားယူမေးလိုက်သော ကိုကို့မေးခွန်းက တိုးသဲ့သဲ့သာ။ ဟုတ်ကဲ့ဟု ဖြေရင်း ကိုကို့ကို အသေအချာကြည့်လျက် နိုင် သနားလည်းသနား၊ ရယ်လည်းရယ်ချင်။ တွန့်ကြေရာတစ်ချက်ထင်သောအကျႌ အစွန်းတစ်စက်ထင်သောအဝတ်ကို ကိုယ်ပေါ်မတင်ချင်သော ကိုကို့ခမျာ ရှပ်အကျႌကြေနှင့် တိုက်ပုံအတွန့်ကို ဆင်ယင်လျက် မသပ်မရပ်၊ ကပိုကရိုနိုင်လွန်းနေသော ဤလူဟာ ကိုကိုမို့သာ ကိုကိုဟု ယုံရတော့သည်။

စိတ်ညစ်ညျူးရှုပ်ထွေးနေဟန် ဆံပင်ပွရောင်းရောင်းနှင့်။ မတွေ့ရသောအချိန်တွေအတွက် အတိုးချ အလွမ်းဖြေစိုက်ကြည့်နေသော နိုင့်မျက်ဝန်းထဲ ကိုကို ပိန်သွယ်ကျသွားတာလည်း အမှန်ပဲ။ ခေါင်းငုံ့သလိုလို တစ်ဖက်ကိုကြည့်နေသလိုလို မျက်နှာလွှဲနေရာမှ တစ်ချက် ရယ်သွမ်းသွေးလိုက်ရင်း ...

"သားကြီးက တော်တော်ဒေါပွနေတယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... မဟုတ်ပါဘူး ကိုကို၊ သူ စိတ်ကောက်နေတာပါ"

"မေမေကတော့ တကယ် စိတ်ဆိုးနေတာ"

"ဟင့်အင်း ... မဟုတ်ပါဘူး ကိုကို၊ မေမေ စိတ်မကောင်းဖြစ်နေတာပါ"

ကိုကိုက ဖျတ်ခနဲ လှည့်ကြည့်ကာ နိုင် လှည့်ပတ်ဖြေနေတာပဲဟု စွပ်စွဲလိုက်သလို အပြုံးနှင့်မာန်သည်။

"ဒါဖြင့် နိုင်ကကော"

"နိုင် ... နိုင်က ကိုကို စားရသောက်ရ လျှော်ရဖွပ်ရ အဆင်ပြေပါ့မလားလို့၊ ကိုကို ဘယ်တော့ အိမ်ပြန်မလဲလို့ လာ ... လာမေးတာပါ"

နိုင့်မျက်စိရှေ့တွင် ကိုကို့မျက်နှာ ကွက်ခနဲပျက်ကာ ငယ်သွားသည်။ နိုင့်လက်ဖဝါးကို လှမ်းပြီးဆုပ်ကိုင်လိုက်လျက် တင်းတင်းဖျစ်ညှစ်လိုက်မိခြင်းကို သတိမမူသလို လုပ်လိုက်မိပြီး ထိုင်ရာမှထလျက် ပြတင်းတစ်ခုတွင် သွားရောက်ကျောပေးရပ်နေတော့၏။

"မမခင်ဦးကတော့ နိုင့်ကို နှစ်သိမ့်ပါတယ်၊ အချိန်တန်ရင် ပြန်လာမှာပေါ့တဲ့၊ နိုင် အချိန်ဘယ်တော့တန်မလဲလို့ ကိုကို့ကို လာမေးတာပါ"

"နိုင်"





တစ်ယောက်တည်း အထီးကျန်ခြောက်သွေ့နေသော ရက်ပေါင်းပင် နှစ်ပတ်မျှရှိခဲ့ပြီဖြစ်သော ကိုကိုသည် ခုလောက်ရှိ တစ်စုံတစ်ဦးကိုတော့ တမ်းတနေမိလောက်ရောပေါ့။ အဲဒီတစ်ဦးဟာ ဘယ်သူဖြစ်သင့်သလဲ ကိုကို သဘောပေါက်လောက်ပါပြီ။ ကိုကို နိုင့်ကို လွမ်းပါတယ်။ ကိုကို့စားပွဲပေါ်က မှန်ချပ်ကြီးအောက်မှာ ညာဘက်ထောင့် ထားနေကျ နိုင် တက္ကသိုလ်ကျောင်းသူဘဝက ရိုက်ထားသော ခပ်ရိုးရိုးတုံးတုံး ခေတ်မမီတော့သော ဓာတ်ပုံလေးဟာ ဘာအတွက်ကြောင့် မှန်အောက်၌မရှိဘဲ စားပွဲပေါ်မှာ ထောက်မှန်ကလေးနှင့် တင့်တင့်တယ်တယ် ရောက်နေသလဲ။ ကိုကိုကလွဲလျှင် ဘယ်သူက ခုလို ထုတ်ယူတင်ထားရဲမလဲ။

ကိုကိုသည် ကလေးတစ်ယောက်ပမာ အားငယ်ဝမ်းနည်းခြင်းကို နင်းကန် ထိန်းချုပ်ထားရပုံနှင့် မျက်ဝန်းတွေ ရီလဲ့ မျက်ခုံးလေးညို့လျက် ရှိသည်။

"ကိုကို လာခဲ့ပါ့မယ်၊ ကလေးတွေကိုလည်း ပြောထားနော်"

ဝမ်းသာမှုကြောင့် ချက်ချင်း ငိုချလိုက်မိမလိုရှိသော နိုင်သည် ရုတ်တရက် ဝုန်းခနဲ ထ,ရပ်လိုက်မိသည်။ ဟန်ဆောင်ကာ တခြား အာလာပသလ္လာပစကားမျိုး ထပ်မံပြောနေဖို့ သတိမရတော့။

"နိုင် ပြန်မယ်နော် ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမညိတ် ခေါင်းမခါ ငေးကြည့်ကာပဲ ကိုကို ကျန်ရစ်သည်။ လူဆိုတာ အမှားမကင်းပါဘူး ကိုကိုရယ်လို့ နိုင် ကပဲပြန်ပြီး ဖျောင်းဖျချော့မော့ရဦးမှာ။ ဘယ်လောက်ထိ မျက်နှာ ပူပူနှင့် ကိုကို ငြိမ်နေဦးမှာလဲ။ နိုင့်ကို အားနာနေဦးမည်ကတော့ သေချာသည်။

မခံစားရဘူးလားဟု ကိုကို တအံ့တဩ မေးလျှင် တော့ နိုင် ငိုမိမည်။ ခံစားရတာပေါ့ ကိုကိုရယ်။ နှလုံးသားကို ဆုပ်ခြေခံထားရသလို ခံစားရပါသည်။ သို့ပေမဲ့ အစကတည်းက တစ်သက်လုံး လက်တွဲသွားဖို့ နိုင်က ဆုံးဖြတ်ခဲ့သူပဲ။

သည်တစ်ချက်ကလေး နိုင့်ဘက်က ခွင့်မလွှတ်နိုင် သည်နှင့် သည်အိမ်ထောင်ရေးဟာ ယိုင်လဲပြိုကွဲသွားတော့မှာ။ ဒါကို နိုင် လက်သင့်ခံနိုင်သလား။

ကိုကို မှားတာ မှန်သည်။ မှားပေမယ့် ထိုအမှားဟာ မှားနေတဲ့အမှားမှန်း ကိုကို မသိတာလည်း မဟုတ်သည့်အမှား။ သိပ်မကြာလှခင်မှာပဲ' ကိုကို နောင်တရတော့မှာ ဆိုသည်ကို ကြို သိနေလျက် နိုင် မျက်ကွယ်ပြုရက်ပါမည်လား။

ဘယ်အရာဝတ္ထုတစ်ခုကိုမဆို ထိုအရာ၏ တန်ဖိုး အား အသေအချာ နားလည်သဘောပေါက်ချိန်မှာ လူတစ်ယောက် ဟာ အမြတ်နိုးနိုင်ဆုံးပါပဲ။ တန်ဖိုးသိတဲ့ အချိန်မှာ အဲဒီတန်ဖိုး ဟာ အမြင့်ဆုံး။ ဟုတ်တယ် မဟုတ်လား ကိုကို။ လိုအပ်ချိန်မှာ





ထက် ဘယ်လိုအချိန်မှာ ပိုမိုတန်ဖိုးသိနိုင်လိမ့်ဦးမတဲ့လဲ။ တန်ဖိုး ကို မသိခင် ဘယ်မှာတန်ဖိုးထားတတ်မှာလဲ။ တန်ဖိုးထားတတ် လာပြီဆိုတဲ့အခါ သူဟာ အလိုလိုနှမြောမက်မောတတ်လာမှာပါ။ မက်မောမှုတို့ နိုင်မာသိပ်သည်းခြင်းနှင့်အတူ ထိုသူဟာ အလို အလျောက် တာဝန်သိတတ်လာလိမ့်မည်။

♥ ✧ ♥

နိုင် ဖုန်းကို ဖျတ်ခနဲ ချလိုက်သည်။

စိုက်ကြည့်နေကြသော မျက်ဝန်းတွေကို တစ်ခုချင်း လိုက်လံရင်ဆိုင်ရင်း လက်ဖဝါးနှစ်ဖက်ကို မြူးထူးတုန်လှုပ်စွာ ဆုပ်နယ်နေမိသည်။

မေမေ၊ သမီးကြီး၊ သားကြီး၊ သားငယ် ... အားလုံး နိုင့်ကို အကဲခတ်လျက်သား။

“ဖေဖေ ... လာပြီတဲ့”

နိုင် သတင်းပေးသံအဆုံး ဘယ်သူမှ တုတ်တုတ် မလှုပ်သေး။

“ဟေ့ ... ဖေဖေ အခု ရုံးဆင်းပြီး အိမ်ကိုလာနေပြီတဲ့”

ဒုတိယတစ်ခွန်းကိုအကြားတွင် အားလုံး ရုတ်တရက် လှုပ်ရှားသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ... ဖေဖေ ပြန်လာနေပြီ"

သမီးကြီးက ဂါဝန်ကလေး ဝဲခနဲခါယမ်းလျက် "ဖေဖေ့အခန်း သမီး သွားရှင်းထားမယ်၊ လုခင်ရေ သမီးနဲ့လာကူပါ"ဟု ကူဖော်လောင်ဖက်ပါ တစ်ချီတည်းခေါ်ယူကာ အပေါ်ထပ်သို့ တဒုန်းဒုန်း ပြေးတက်သွားလေသည်။ သမီးကြီးခြေသံကြားမှ "တကယ် ..."ဟူသော သားကြီး၏ မယုံမရဲ အားရဝမ်းသာသံက ဝမ်းခေါင်းသံပါ ပါလာအောင် လှိုက်လှိုက်လှဲလှဲ ပေါ်ထွက်လာသည်။

"တကယ်ပေါ့"

နိုင့်အသံက သားကြီးထက်ပင် ကျယ်လောင်ရွှင်သွက်နေလျက် သားကြီးထံ မျက်စောင်းတစ်ချက်နှင့် ချစ်စနိုးရွယ်လိုက်မိသေးသည်။

"ဒါဖြင့် ဘွားဘွား သံပုရာရည် ဖေဖေ့ဖို့ ဖျော်ပေးလေ၊ သား ရေခဲတုံး ထုတ်ပေးမယ်၊ မေမေ အလှပြင်၊ သွား... သွား"

နိုင့် ခါးကို တွန်းထိုးကာ အတင်းလွှတ်နေသော သားကြီးအတွေးထဲမှာ သူ့မေမေလှနေဖို့လိုသည် ဆိုတဲ့ အသိမျိုးရှိတတ်နေပါရောလားဟု နိုင် ဝမ်းသာဝမ်းနည်း မျက်ရည်ဝဲလာရလေသည်။ သားငယ်သည် အဖေကို ဘာနှင့်ကြိုရမလဲ မသိသလိုငေးခဲ့ခန်း၌ ဟိုပြေးသည်ပြေး ခြေသံတဒုန်းဒုန်းနှင့် ပါးစပ်ကလည်း အသံမျိုးစုံ ဟစ်အော်လို့နေသည်။





နိုင်သည် ကိုကိုမလာခင် နည်းနည်းလည်း ပြေးလှားပြုပြင်လိုက်ချင်၊ သို့သော် ရှက်ကလည်း ရှက်တက်တက်နှင့်ယောက္ခမဖြစ်သူသို့ မျက်နှာမထားတတ်စွာ လှည့်ကြည့်အားကိုးမိလေသည်။ သားကြီးနောက်မှလိုက်ကာ ထမင်းစားခန်းသို့ မဝင်မီနိုင့်နံဘေးမှ အဖြတ်၌ တစ်ခဏရပ်လျက် တုန်တုန်ယင်ယင်ရှိနေသော နိုင့်ပခုံးကလေးကိုဖက်ပြီး နိုင့်နဖူးကို ညင်သာနွေးထွေးစွာမွှေးရှိုက်လိုက်သော ယောက္ခမ၏ မျက်ဝန်းတွင် မျက်ရည်ကြည်သီစို့လာသည်။

မေမေ့ကို အားမပေးနိုင်ဘဲ နိုင်က ဦးစွာငိုချလိုက်မိလေ၏။


♥ ✧ ♥

www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

အချစ်ဆိဝ



www.burmeseclassic.com

www.burmeseclassic.com

## အချစ်သိပ်

အချစ်ကြီးသလောက် အမျက်ကြီးလွန်းတဲ့ မိန်းကလေးတစ်ယောက်ရဲ့ စိတ္တဇဆန်သော စိတ်အလျဉ်ကို အခြေခံပါတယ်။ ချစ်သူရဲ့ သစ္စာတည်မှု မတည်မှုကို သစ္စာဆို ကျိန်စာတိုက်ရာက နှလုံးသားကွဲကြေပြီး ဘဝတစ်ခုလုံး အရုပ်ကြိုးပြတ် ဖြစ်ခဲ့ရတဲ့ မိန်းမတစ်ယောက်ရဲ့ အစွန်းရောက်ချစ်ခြင်းတစ်မျိုးကို ဖွဲ့ဖော်ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ အချစ်ကို စိတ္တဇဆန်ဆန် အမြင်တစ်မျိုးနဲ့ မြင်ကြည့်မိခြင်းလည်း ဖြစ်ပါတယ်။

၁၉၉၂ ခုနှစ် နိဝင်ဘာလနဲ့ ဒီဇင်ဘာလ နှစ်လဆက်ပြီး ပန်းဆေးသီမဂ္ဂဇင်းမှာ ဖော်ပြခဲ့ပါတယ်။

♥ ◇ ♥

www.burmeseclassic.com

www.burmeseclassic.com



နိုင်သည် ကြောင်ချစ်တတ်သူတစ်ယောက် မဟုတ်ပေ။ နိုင် မောင့်ကို ဘယ်လောက်အထိ ချစ်သလဲဆိုတာ မောင်အသေအချာ သိမသိ နိုင်မသိပါ။ နိုင့်ကိုယ်နိုင်တော့ အသိဆုံး။ နိုင်သည် မောင့်ကို မက်မောတကြီး လောဘကြီးကြီး အတ္တဆန်ဆန် အရူးဆန်ဆန် သတိလက်လွှတ် ချစ်လေသည်။

"ဘယ်သူနဲ့မှ မင်းကိုသဘောမတူဘူး။ သိရဲ့လား။ နည်းနည်းမှ သဘောထားမကြီးနိုင်ပါ"ဟု သီချင်းလေးတစ်ကြောင်းကို မဆိုတတ် ဆိုတတ် အသံကြောင်ကလေးနှင့် တိုးတိုးညည်းပြရင်း မောင့်လက်မောင်းကို ဖက်ပိုက်လျက် မောင့်ပခုံးထက်၌ မျက်နှာဝှက် ရှက်နေလျှင် မောင်က ရယ်မောသဘောကျနေတတ်ခဲ့သည်။

မောင်က သွားလေရာ မျက်နှာပွင့်တဲ့သူ။ မိန်းကလေး တော်တော်များများသည် မောင့်ကို ပထမဆုံးအကြိမ်အတွေ့၌ပင် စိတ်ဝင်စားတတ်ကြတာ ဘာဖြစ်လို့လဲဟု နိုင့်ဘကျူးတက အတွေးခေါင်နေဖို့ မလိုပေ။ နိုင် ကိုယ်တိုင်သည်



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို ပထမဆုံးတစ်ကြိမ် အတွေ့၌ပင် စတင်မြတ်နိုးခဲ့သူ တည်း။

မောင့်အချစ်ကိုရဖို့အတွက် နိုင်သည် မိန်းမတစ်ယောက်၏ သိက္ခာဂုဏ်ရွေ မပွန်းပဲ့ရုံကလေး၊ သတ်မှတ်စည်းဘောင်ကို မကျော်ရုံကလေး၊ စည်းခိုးလုနီးပါးသော ကြိုးစားမှုနှင့် အရယူခဲ့မိတာ ဝန်ခံရပါမည်။

ကိုယ့်စိတ်အလိုကို ကိုယ်ပြန်အံ့သြမိသည် အထိ အထိတ်တလန့် ချောက်ချားခဲ့မိသည်အထိ မောင့်ကို နိုင်က မျက်ကန်းတောတိုး ချစ်လေသည်။

မောင့်ကို ပွင့်လင်းရိုးစင်းစွာ ဝန်ခံသတိပေးထားသည်။

မောင့်ကို နိုင် သိပ်ချစ်တယ်။ ဘယ်လိုမှလဲ အဆုံးရှုံးမခံနိုင်ဘူးနော်၊ တတ်နိုင်သမျှ အားလုံးကိုတော့ နိုင် အလျှော့ပေးလိုက်မှာပဲ ...။

နိုင်ကိုယ်၌က မလုပ်ပေးနိုင်တော့ရင်လည်း နိုင်စိတ်ဆင်းရဲနေမှာ။ နိုင်အလိုလိုက် ခွင့်လွှတ်နိုင်တဲ့ ဘောင်အတွင်းမှာ မောင် နေပါနော် ...။

မောင့်ကို ကမ္ဘာပေါ်မှာ နိုင်အချစ်ဆုံး၊ အချစ်ဆုံးကို မုန်းရမယ်ဆိုရင် အဲဒီဒဏ် နိုင်မခံနိုင်ဘူး။ ရှုးရင်ရှုး၊ မရှုးရင်သေ။ ဒီနှစ်ခုထဲက အခြေအနေ တစ်ခုခုနဲ့ နိုင့်ကို ပစ်မထားခဲ့ပါနဲ့ မောင်ရယ်။





တစ်ကြိမ်တည်း မဟုတ်ဘဲ စကားလုံးကွဲလျှင်ကွဲမည်ဖြစ်သော အဓိပ္ပာယ်တူ စကားတစ်မျိုးတည်းကို နိုင် အထပ်ထပ် အခါခါ ပြောခဲ့ဖူးသည်။

နိုင် မောင့်ကိုချစ်တာ အားလုံးမဟုတ်တောင် တချို့တစ်ဝက်တော့ မောင်သိသည်။ သိလို့လည်း နိုင့်လက်ထဲ၌ မောင် အတော်ကြာကြာ လိမ္မာခဲ့တာ။

မောင် အချိုးပြောင်း ခြေငြိမ်နေတာကို မောင့်သူငယ်ချင်းတို့ပင် တအံ့တသြ ဖြစ်ခဲ့ကြသေးတာပဲ။

မောင်ဟာ မင်းသားတစ်ယောက်မဟုတ်၊ အဆိုတော်တစ်ယောက်မဟုတ်၊ စာရေးဆရာတစ်ယောက်လည်း မဟုတ်။ ဘယ်အနုပညာနယ်ပယ်ကမှ မဟုတ်။

သို့သော် အနုပညာနယ်ပယ်မှ နာမည်ကျော် အမျိုးသားများကဲ့သို့ မောင်က နာမည်ကြီးသည်။

တက္ကသိုလ်ကျောင်းသူလောကမှာ မောင့်နာမည်ကို မသိသူတစ်ယောက်ရှိခဲ့လျှင် ထိုကျောင်းသူသည် ကျောင်းပြီးသောအခါ မယ်သီလရင် ဝတ်မည့်သူမျိုး ဖြစ်လိမ့်မည်။ ဤစကားမှာ နိုင် အပိုပြောခြင်းမဟုတ်။ တက္ကသိုလ်ကျောင်းသူတွေတိုင်းတော့ မောင့်ကို ရိုးရိုးဖြစ်စေ၊ ဆန်းဆန်းဖြစ်စေ အနည်းဆုံး မောင့်နာမည်လေးကိုပဲဖြစ်စေ သိကြသည်ချည်းသာ။

နိုင် မောင့်ကို ချစ်မြတ်နိုးခြင်းသည် မောင်ကျော်ကြားမှုကြောင့်မဟုတ်။ မောင့်ပညာအရည်အချင်းကြောင့်မဟုတ်။ မောင့်စည်းစိမ်ချမ်းသာကြောင့်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဟာ မောင်ဖြစ်နေလို့သာ နိုင်ချစ်တာ။

မမျှော်လင့်ဘဲ မောင့်ချစ်သူဖြစ်ခဲ့ပြီးချိန်မှစ၍ နိုင့်တွင် တာဝန်တွေ သောကတွေ ဖိစီးလေးလံလာလေသည်။ နင့်ကို ဘယ်လောက်များ အနိုင်ယူထားသလဲ။ ဘယ်လောက်များ နင့်ကို နှိပ်စက်ထားသလဲဆိုတာ နင် တဖြည်းဖြည်း ပိန်ချုံးလာတာကိုက သက်သေပဲ ...။

ဟု သူငယ်ချင်းများက ဒေါသတကြီး ဆိုသည်။

မောင့်ကြောင့် နိုင် အိပ်ရေးတွေပျက်သည်။ မောင့်ကြောင့် နိုင် အစားစားလိုစိတ် ကင်းမဲ့သည်။ မောင့်ကြောင့် နိုင့်စိတ်သည် အနားမရ။ မောင့်ကြောင့် နိုင့်နှလုံးသားသည် အချိန်ပြည့် ပင်ပန်းနေသည်။

"နင် သေမယ်။ တစ်နေ့ ဒီစိတ်နဲ့သေမယ်"

ဟု သူငယ်ချင်းတို့က ကရုဏာဒေါသောနှင့် ငေါက်ငမ်းလျှင် နိုင်သည် လူတကာ စိုးရိမ်ပူပန်ရလောက်အောင် မောင့်ကို အချစ်ကြီး ချစ်နေမိတာအတွက် မိမိဘာသာ ဂုဏ်ယူကျေနပ်နေမိလေသည်။

မောင့်ကို နိုင် ကျေးဇူးလည်း တင်ပါသည်။ မောင်က နိုင့်အချစ်ကို အသိအမှတ်ပြုသည်။

ထို့အပြင် မောင်သည် ထားခဲ့ဖူးသမျှ ရည်းစားတို့တွင် နိုင့်ကို အတွယ်တာဆုံး။ အဲသလို မောင် တစ်ခွန်းမှမပြောဖူးခဲ့ပါ။





သို့သော် နိုင် အလိုလိုသိနိုင်လောက်အောင် မောင် နိုင့်ကို ဂရုစိုက်ပါသည်။

"နိုင်နဲ့သာ မတော်တဆ ကွဲသွားရင် တော်ရုံတန်ရုံ မိန်းကလေးတွေကို မောင် ရည်းစားထားဖြစ်မှာ မဟုတ်တော့ဘူး။ နိုင်နဲ့လည်း ကွဲဖို့ဆိုတာ သိပ်မဖြစ်နိုင်တော့ပါဘူး။ နိုင်က စိတ်ပျက်လောက်စရာ အပြစ်တစ်ခုမှ မရှိဘူး။ မောင့်ကိုလည်း ခွင့်လွှတ်နိုင်လွန်းတယ်။ မောင့်ကို အဲသလောက်ချစ်တာ မောင်ကြိုက်တယ် သိလား။ အဲဒါကြောင့် နိုင့်ကိုလည်း သိပ်ချစ်တယ်"

ဟု မောင် အသေအချာ ပြောခဲ့ဖူးသည်။ ထိုစကားကို နိုင့်မှာတော့ ကျေနပ်နေလျက် သူများတကာကို ကြွားကြွားဝါဝါ ပြန်ပြောမိသည်။ ကြားရသူအပေါင်းသည် နိုင်ကို စိတ်ပျက်စွာ သတ်ချင်လျက် မောင့်ကိုတော့ အလွန်တရာ မုန်းတီးကြလေသည်။ မောင့်ကိုမုန်းသူသည် နိုင့်ရန်သူ။ တစစနှင့် နိုင့်မှာ မိတ်ဆွေ သူငယ်ချင်းတို့နှင့် ခွာပြဲပြတ်စဲလျက် အပေါင်းအသင်းရှားသထက် ရှားပါးလာသည်။

တကယ်ပါကွယ်။ နိုင့်မှာ မောင်တစ်ယောက်တည်း။ နိုင့်မှာ မေမေမရှိ။ နိုင့်မေမေက နိုင့်ကို မွေးကင်းစ အရွယ်ကပင် သေကွဲ့ခွဲသွားခဲ့သည်။ နိုင့်ဖေဖေက နိုင်ငံရပ်ခြားမှ အမှုထမ်း။ နိုင်သည် အဒေါ်အပျိုကြီးနှစ်ယောက်နှင့် အစ်မအပျိုလေး လက်အောက်၌ ပျင်းရိခြောက်ကပ်စွာ စည်းကမ်းကြပ်တည်းစွာ နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



စည်းကမ်းကြပ်တည်းစွာ ဆိုသော်လည်း နိုင့်အုပ်ထိန်းသူ သုံးဦးသည် မောင်နှင့် နိုင်၏ချစ်သူအဖြစ်ကို အသိအမှတ်ပြုပေးထားသဖြင့် နိုင့်မှာ မောင့်ကိုတော့ ချစ်ခွင့်ရှိလေသည်။

နိုင်သည် အရွယ်ရောက်စက မိမိကို ချစ်ကြိုက်၍ တကောက်ကောက် လိုက်ဖူးသော ကောင်ကလေးအများထဲမှ တစ်ဦးစ နှစ်ဦးစကို ခဏတဖြုတ် စိတ်ကူးယဉ်ကာ စိတ်ကစားသလို ရင်ခုန်ဖူးသည်မှလွဲ၍ တစ်ကြိမ်မှ ရည်းစားမထားဖူးပေ။

နိုင့်ပထမဦးဆုံး ချစ်သူသည် မောင်။ နိုင် ထင်ထားတာထက် မောင်က နိုင့်ကို စုန်းကဝေလို ပြုစားထားနိုင်သည်။ မောင်နှင့် လမ်းအတူတွဲထွက်လျှင် လမ်းတစ်လျှောက်မှ မိန်းကလေးတွေ မောင့်ကို မျက်လုံးကလေးတစ်ချက် ဖွေကြည့်သလားဆိုတာကိုပင် နိုင့်မှာ သဝန်တိုတို စူးစမ်းရင်း ရင်တွေ မောနေတတ်သည်။

"နိုင် လမ်းလျှောက်ရင် တစ်ချိန်လုံး ခလုတ်တိုက်နေတာပဲ"ဟု မောင်က ရယ်မောဝေဖန်သည်။ ခလုတ်တိုက်မှာပေါ့၊ လမ်းကိုမှ မကြည့်ဘဲ။ လမ်းပေါ်က အရွယ်ရှိ မိန်းကလေးငယ်တွေကိုသာ လိုက်ကြည့်နေတာ။ နိုင် တစ်ဦးတည်း သွားသောလမ်း၊ သို့မဟုတ် မောင် မပါသောလမ်း၌ နိုင် တစ်ကြိမ်မှ ခလုတ်မတိုက်။

မောင့်ကို နိုင် ဘယ်လောက် စိုးရိမ်တကြီးချစ်သလဲ မောင့်မိသားစုပါ သိသွားသော အချိန်ကာလသည် မောင် ဆေးရုံ





တက်နေရသော ရက်ပိုင်း၌ဖြစ်သည်။ မောင် တိုက်ဖွိုက်ဖြစ်ကာ အဖျားကြီးလျက် ဆေးရုံသို့ ဆယ်ရက်ခန့် တက်ရသည်။ မောင် ဆေးရုံပေါ်မှ ဆင်းအပြီး နောက်နှစ်ရက်၌ နိုင် ဆေးရုံတက်ရလေတော့သည်။

နိုင်တို့များ သူ့အကောင်ကို ချစ်တဲ့ဘဝမှာ ကောင်ကလေး ဆေးရုံတက်ရတာတောင် သူက ဆင်းတူလိုက်တက်ချင်တာဟု နိုင့်အဒေါ်တို့နှင့် နိုင့်အစ်မက ခနဲ့စကားဆိုသည်။

နိုင်သည် အအိပ်ပျက် အစားပျက် နလုံးအားနည်း သွေးအားနည်းလျက် ဖြူဖပ်ဖျော့တော့ကာ မလှုပ်မရှားနိုင် ယဲ့ယဲ့ကလေးမျှရှိသော အဖြစ်နှင့် ဆေးရုံကို ရောက်ခဲ့ရလေသည်။ နိုင် ဆေးရုံတက်ရတာသိတော့ မောင့်မေမေနှင့် မောင့်အစ်ကိုပါ နိုင့်ကို လူနာသတင်း လာမေးသည်။

လူတောကလေး မောင်သည် နိုင့်ကြောင့် အတန်ငယ် လိမ္မာလာသတဲ့။ လူပွေကလေး မောင်သည် နိုင့်ကြောင့် အနည်းငယ် ခြေငြိမ်ခဲ့သတဲ့။ နိုင်သည် မောင့်မေမေနှင့် မောင့်အစ်ကို၏ ချီးမွမ်းစကားကြောင့် အားဆေးဆယ်ပုလင်း တစ်ပြိုင်နက် သွင်းရသလောက်နီးနီး ချက်ချင်း ထူထူထောင်ထောင် ဖြစ်လာလေသည်။

မောင့်မေမေ နိုင်ကို လာကြည့်တာဟာ နိုင့်ကို အသိအမှတ်ပြုခြင်းပဲ မဟုတ်လား။ မောင့်မေမေသည် မောင့်ကို တဂွမ်ဂွမ် ဖုန်းဆက်သော၊ မောင့်ထံ တချောင်းချောင်းလာသော

www.burmeseclassic.com



မိန်းကလေးတွေကို အော်ငေါက် ဆူဆဲထုတ်ပစ်တတ်သည်အထိ ကြမ်းသည်ဟု နိုင် ကြားဖူးထားသည်။

အဲဒါဟာ မောင့်မေမေ စရိုက်ကြမ်းလွန်းလို့ မဟုတ်ဘဲ ကောင်မလေးတွေဘက်က လွန်လွန်းအားကြီးလာလို့ ဖြစ်နိုင်တာပေါ့။ ထိုသို့ တွေးမိသောအခါ ထိုလွန်လွန်းအားကြီးသည့် မိန်းကလေးများကို နိုင် အမှန့်ပင် ကြိတ်ချေပစ်လိုက်ချင်သည်။ တော်ကြာ မောင်က စိတ်ယိုင်သွားရင် ဘယ်လိုလုပ်ပါ့မလဲ။ မောင့်စိတ် ယိုင်မသွားနိုင်ဘူးဟု နိုင် မသေချာပေ။ နိုင့်ကို တကယ်ချစ်သည်ဆိုလျှင် မောင့်စိတ်ဓာတ် ခိုင်မာမှာပေါ့။ သို့သော် မောင့်ကို နိုင်မယုံ။

နိုင်သည် မောင့်ချစ်သူ ဖြစ်သည့်နေ့မှစ၍ ဒီနေ့အထိ တစ်ရက်မှ မောင့်ကိုမယုံကြည်ခဲ့။ မယုံကြည်ခဲ့တာသည် မောင့်ကို စော်ကား မော်ကား အထင်သေးတာ မဟုတ်ပါ။ နိုင့်ကြောက်လို့သာပါ။ သိကြားမင်းဆင်းကာ မောင်ဟာ ယုံကြည်လောက်သူပါဟု အာမခံလျှင်တောင် နိုင် စိတ်ချလက်ချ ယုံမိမှာ မဟုတ်သေးပါ။ မောင့်အရိပ်အကဲကို နိုင် 'ထာဝစဉ် အရိပ်တကြည့်ကြည့်။ မောင့်ကို ဆုံးရှုံးရမှာ ကြောက်လို့ပါ။

မောင့်ကို အဲသလောက် ဆုံးရှုံးရမှာ ကြောက်သော နိုင်သည် ဆုံးရှုံးရမည့်သတင်းစကား ကြားသည့်နေ့က အရှင်လတ်လတ်မှ ငုတ်တုတ်သေသွားရသလိုပင်။ တစ်ညလုံးလုံး နိုင် ခုတင်၌ တောင့်တောင့်ကြီး ထိုင်ကာ မောင့်ဓာတ်ပုံတွေကို ထုတ်





ကြည့်နေမိသည်။ တခြားက တစ်ယောက်စကား တစ်ယောက်နား အတင်းအဖျင်းအဖြစ် နိုင်ကြားရတာမဟုတ်။ မောင့်အစ်ကိုထံမှ အတိအကျ သိရတာ။

"ဟိုကောင့်ကို နည်းနည်းကြည့်ပြောဦး ... ခုတလော ပျာကလပ် မိန်းကလေးတစ်ယောက်နဲ့ တတွဲတွဲနီးပါး ဖြစ်နေပြီ၊ ကောင်မလေးကလည်း တော်တော်ရဲတယ် ကြည့်လုပ်"ဟု မျက်နှာမှန်တင်းတင်းနှင့် ပြောသွားသော မောင့်ကိုကိုသည် လမ်းခုလတ်လူကြားသူကြား၌ပင် မရှောင်နိုင် မအောင့်နိုင်အောင် စိတ်မကျေမနပ် ဖြစ်နေပုံရသည်။ စကားတစ်ခွန်းကို အလွယ်တကူ ယုံကြည်ခဲ့သော နိုင်သည် မောင့်အစ်ကိုနှင့် လမ်းခွဲသည့်နေ့လယ် ဆယ့်တစ်နာရီအချိန်မှစ၍ မောင့်ကိုရှာသည်။ မောင်နှင့် နိုင်မတွေ့တာ နှစ်ရက်ရှိပြီ။

ထိုနှစ်ရက်အတွင်း ဖုန်းအဆက်အသွယ်တော့ ရှိနေတာပဲ။

စကားပြောမှုမပျက်သော မောင့်ကို နိုင် အံ့ဩပါသည်။ မောင့်ကိုကို စကားကို အပြည့်အဝ အတိအကျ မယုံကြည်သေးတာတောင် မောင့်ကိုကိုဟာ မဟုတ်တမ်းတရား ရမ်းသမ်းလိမ်ညာပြောတတ်မည့်သူမျိုး မဟုတ်တာကိုတော့ အကဲခတ် ရင်းနှီးပြီးသော နိုင်သည် ထိုနေ့ နေပူပြင်းပြင်းအောက်မှာ ချွေးသီးချွေးပေါက် ကျသည်အထိ မောင်ရှိတတ်သည့် မောင်ရှိနိုင်သည့်နေရာနေရာကို တစ်ယောက်တည်း လိုက်ရှာနေမိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကိုကိုဟာ ဂုဏ်သိက္ခာရှိသော လူတကာလေးစားသော တက္ကသိုလ်က ဆရာတစ်ယောက်။ သူ၏နေပုံထိုင်ပုံ ပြောပုံဆိုပုံက သူ့အကျင့်စာရိတ္တကို အနီးစပ်ဆုံး ညွှန်ပြနေသည်။ မောင့်ကိုကိုသည် မောင့်လို တေပေပေ ရွတ်နောက်နောက် ပေါ့သက်သက်သူတစ်ယောက် မဟုတ်။ တော်ရုံနှင့်လည်း စကားများများမပြော။ မတော်တဆ လမ်းမှာဆုံရုံကလေးနှင့် ဤသို့မအောင့်အည်းနိုင်လောက်အောင် လိုရင်းပြောချသွားတာသည် အခြေအနေက အတော်ကြီး လွန်ကဲနေလို့သာ ဖြစ်မှာပဲ ...။

နိုင့်မှာ ထီးမပါ။ အပြင်မှ နေပူသည် အထဲက နိုင့်ရင်ပူကိုမမီ။ နိုင့်နဖူးစပ်မှာ စို့သီးနေသော ချွေးဥချွေးပေါက်တို့သည် နိုင့်နှလုံးသားမှ တစိမ့်စိမ့် ယိုကျနေပြီဖြစ်သော မျက်ရည်ဥတို့၏ အပုံတစ်ရာပုံ တစ်ပုံစာခန့်မျှမရှိ၊ ခုတလော ... တတွဲတွဲနီးပါး ဖြစ်နေပြီဆိုတော့ ဘယ်တစ်လောကတည်းက ဇာတ်လမ်းက စ,နေတာလဲ။ နိုင် ညဲ့ဖျင်းသည်။ နိုင်သည် မောင့်ခြေလှမ်းတို့ကို မရိပ်မိ မတွေ့ရှိခဲ့ရုံမက ခုလည်းပဲ မောင့်ကိုတွေ့အောင် မရှာနိုင်ပြန်ပါဘူး။

မောင့်သူငယ်ချင်းရဲ့ မြို့ထဲက တေးသံသွင်းဆိုင် မောင် အပြောင်းအလဲ လှည့်ထိုင်တတ်လေ့ရှိသော လက်ဖက်ရည်ဆိုင် သုံးလေးဆိုင်၊ မောင့်အိမ် ...၊ အနော်ရထာလမ်းမတစ်လျှောက် မောင့်သူငယ်ချင်းတချို့၏အိမ် ...၊ မောင် ကားပြင်တတ်သော ဝပ်ရှော့နှင့် ဆံပင်ညှပ်ဆိုင်ပင်မကျန် ...။ ကျောင်းပိတ်ရက်မို့





ကျောင်းမှာ ရှာစရာမလို ...။ နိုင်သည် လမ်းလျှောက်တန်သည့်နေရာ၌ ခြေလျင်၊ ကားစီးတန်သည့်နေရာသို့ လေးဘီးကားနှင့် ... ညရှစ်နာရီခွဲသည်အထိ တကောက်ကောက်လိုက်ကာ မတွေ့,တွေ့အောင်ရှာသည်။ မောင် ဘယ်ရောက်နေခဲ့သလဲ။ ညရှစ်နာရီခွဲမှ အိမ်ပြန်ရောက်သော နိုင်သည် အဒေါ်တွေ ခေါင်းခေါက်သဖြင့် တစ်ခေါင်းလုံး ထူပူမှုးနောက်ကာ အစ်မနှင့် သုံးယောက်သား ဝိုင်းဝန်းဝေါက်ငမ်း စစ်ဆေးသမျှ နားတွေပါအူနေလျက်ကြားက ကိုးနာရီအတိမှာ ဖုန်းမြည်သံတစ်ချက် ကြားသည်နှင့် တယ်လီဖုန်းဆီ လွှားခနဲရောက်ကာ ချက်ချင်းကောက်ကိုင်လျက် "မောင်လား" ဟု ပူပန်စိတ်စောစွာ တစ်ခါတည်း မေးချလိုက်သည်။ တော်ပါသေးရဲ့။ အဲဒါဟာ မောင်။ "မောင် ဘယ်ကဆက်နေသလဲ"ဟု နိုင် မေးသောခါ မောင်က အိမ်ကလေဟု လုံးဝဣန္ဒြေမပျက်သော သံမှန်နှင့်ဖြေသည်။ တစ်ကိုယ်လုံးမှ အငွေ့အခိုးတွေ ထွက်မတတ် ပွထူလောင်မြိုက်နေသော နိုင်သည် ...

"မောင်နဲ့တွဲနေတာ ဘယ်သူလဲ ..."ဟု တဲ့တိုးမေးပစ်လိုက်သည်။ မောင်ဟာ ပထမပိုင်းမှာ ရယ်မောစကားလွှာချဖို့ ကြိုးစားသည်။ မောင် စကားများသွားတာက ဒီနေ့ တစ်နေကုန် မောင် ရှိနေပါသည်ဆိုသည့် မောင့်သူငယ်ချင်းဆိုင်ကို နိုင်ရောက်ခဲ့ပြီးပြီပဲ ...။ မိုးလင်းကမိုးချုပ် အဲဒီမှာတဲ့လား။ နေ့လယ်ချိန်ကြီး ရောက်သွားသော နိုင့်ကို မောင့်သူငယ်ချင်းက လုံး၀ မလာသေးဘူး ...။ ညနေလောက်တော့ မပြောတတ်ဘူးဟု ပြန်



www.burmeseclassic.com

www.burmeseclassic.com



အဖြေပေးခဲ့တာပဲ။ မောင် ညာနေပြီဆိုတာဟာ မောင်သည် နိုင် အသိမခံနိုင်သော တစ်နေရာကို ရောက်နေလို့သာ ...။

နိုင်သည် တစ်နေကုန် ပင်ပန်းအားငယ်ခဲ့သမျှ ဝုန်းခနဲ ဒေါသအိုး ကွဲတော့သည်။ တကယ်တော့ မောင်ဟာ လိမ္မာလာလို့ နိုင့်အပေါ် အချစ်စစ်လို့ နိုင့်လက်ထဲ ကြာရှည်ခဲ့တာ မှမဟုတ်တာ။

နိုင် ထိန်းနိုင် သိမ်းနိုင် ကာကွယ်နိုင်လွန်းလို့သာ သူများလက်ထဲ ပါမသွားတာ။ နိုင် မောင့်ကို မျက်ခြည်ပြတ်ခဲ့တာ နိုင် ဆေးရုံတက်ရသော နှစ်ပတ်တာကာလကလေးပဲ ရှိသည်။ အဲဒီအချိန်က စမှာပေါ့ ...။

နိုင်သည် ကိုယ့်ကိုယ်ကိုယ် အဲသလောက် ဒေါသကြီးမှန်း အရင်က တစ်ကြိမ်မှ မကြုံဖူးသဖြင့် မသိခဲ့ချေ။ အချစ်ကြီးသော မိန်းမတစ်ယောက်၏ အမျက်သည် ကြောက်မက်ဖွယ်ကောင်းလွန်းစွာ မောင့်အပေါ် ဖုံးအုပ်လွှမ်းခြုံမိပေပြီ။ မောင့်ကို ပေါက်ငမ်းသံမျိုး ချစ်စနိုးနှင့်ပင် တစ်ကြိမ်မှ မကျီစယ်ဖူးသော နိုင်သည် မောင်နှင့် ဖုန်းထဲမှာ အကြီးအကျယ် ပေါက်ကွဲစကားများကြလေသည်။ မောင်သည်လည်း နိုင့်ကို အလျှော့မပေး။ နိုင်ကလည်း မောင့်ကို အလျှော့မပေး။ နိုင့်အဒေါ် အစ်မတွေ — ဒီဖက်မှာ နိုင့်ကို ချုပ်ကိုင်ဖေးမ ဝိုင်းထိန်းကြရသည်အထိ နိုင်ခုန်ပေါက် ဝုန်းဒိုင်းကြဲနေသည်။ မောင်နှင့် စကားပြောနေရင်း နိုင် ပေါက်ခွဲထားတာ တစ်အိမ်လုံးလည်း ပွပွကြဲနေသည်။





"မင်းလို အချစ်စိတ်တစ်ခုတည်းနဲ့ မွန်ထူနေတဲ့ မိန်းမကို နားဝင်အောင် လှည့်ပတ်ပြောနေလဲ အပိုပဲ။ လိုရင်းကတော့ မင်းနဲ့ ငါနဲ့ ခုချိန်ကစပြီး ပြတ်တယ်"

မောင်သည် အနိုင်ပိုင်းစကားနှင့် ဖုန်းကို ဦးအောင်ချသွားသည်။ ဟုတ်တယ် မဟုတ်ဘူး အတိအကျ ရှင်းမသွား။ မောင် လူညာ လူကြောက်။ မွန်ထူနေတယ်ဆိုတဲ့ အချစ်စိတ်ဟာ မောင့်ကိုချစ်တဲ့ အချစ်စိတ်ပဲ မဟုတ်လား။ မောင့်ကို နိုင် အဲ့သလောက် ချစ်တာဟာ မောင့်အတွက် နာ်စရာလား။ နိုင်သည် မောင့်ကို ချစ်ခဲ့မိသမျှကို အထင်သေး အမြင်ကတ်ခြင်း အလုံးအရင်းနှင့် ဖိခြေဖျောက်ဖျက်ဖို့ ကြိုးစားသည်။

တယ်လီဖုန်းကို ခွမ်းခနဲ ပေါက်ချပြီး ဘုရားခန်းဆီ အပြေးဝင်သွားသော နိုင့်ကို နိုင့်အဒေါ် နိုင့်အစ်မတို့ အတင်းလိုက်ဆွဲကြသည်။ သူတို့မီချိန်၌ နိုင်သည် ဘုရားစင်မှ သောက်တော်ရေခွက်ကို ဆွဲယူကာ မြတ်စွာဘုရားထံစွန့်ရန် ခွင့်တောင်းသောက်ချလိုက်ပြီးပြီ ...။

"တပည့်တော်မဟာ တပည့်တော်မရဲ့ ချစ်သူအပေါ် သစ္စာရှိရှိ မြတ်မြတ်နိုးနိုးနဲ့ အနွံတာခံပြီး ချစ်ခဲ့ပါတယ်။ ဤမှန်သော သစ္စာစကားကြောင့် တပည့်တော်မ ဆုတောင်းပြည့်ပါစေ။ မောင့်မှာ အပြစ်ရှိ,မရှိ တပည့်တော်မ အသေအချာ မသိရသေးပါ။ မောင့်မှာ အပြစ်မရှိဘူးဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



မောင်နဲ့ တပည့်တော်မရဲ့ ချစ်ခရီး ရှေ့ဆက်သာယာဖြောင့်ဖြူးပါစေ။ မောင့်ကိုလည်း စွပ်စွဲမိသမျှ ဝန်ချတောင်းပန်ပါ့မယ်။ မောင့်မှာ အပြစ်ရှိခဲ့တယ် မောင် သစ္စာမဲ့ခဲ့တယ်ဆိုရင် တပည့်တော်မရဲ့သစ္စာစူးပြီး မောင် သေပါစေ”

“ဟဲ့ ...”

မျက်ရည်အသွယ်သွယ်ကျကာ ဦးချဆုတောင်းလိုက်သော နိုင့်ကို နိုင့်အဒေါ်က ပခုံးကို ကိုင်လှုပ်တွန်းထိုးရင်း ...

“နိုင် ... အဲဒါ ... ကျိန်စာတိုက်တာပဲ၊ အဲသလို မလုပ်ရဘူး နိုင်၊ သူနဲ့ကိုယ် အဆင်မပြေလို့ လမ်းခွဲလည်း အေးအေးချမ်းချမ်းပဲ လမ်းခွဲရမယ်။ ပြန်ဖျက်စမ်း။ မြတ်စွာဘုရားကို တောင်းပန်ပြီး ပြောမှားဆိုမှား ခွင့်လွှတ်ဖို့ပြောစမ်း နိုင်”ဟု အတင်းအကျပ်တိုက်တွန်းသည်။

မပြောဘူး ... မပြောဘူး။ လက်လွှတ်စပယ် သေခိုင်းတာမှ မဟုတ်တာ။ သစ္စာရှိရင် ရှင်ခွင့်ရလိမ့်မှာပေါ့။ သစ္စာမဲ့မှတော့ သေပေါ့။ နိုင်ကတော့ ကိုယ့်သစ္စာစကား ကိုယ်ယုံသဖြင့် နိုင့်သစ္စာဆိုမှု မှန်ကန်လိမ့်မည် စူးရောက်လိမ့်မည် ဆိုတာကိုလည်း ယုံသည်။ နိုင့်အဒေါ်တွေသည် နိုင် အဲသလောက် နာကြည်းမှု ပြင်းထန်နေတာကို အံ့ဩသည်နှင့်အမျှ အဲသည်အချိန်ကဖြစ်ပျက်နေသော နိုင့်မျက်နှာ နိုင့်အသွင်အပြင်ကိုလည်း ထိတ်လန့်ချောက်ချားနေကြသည်။





နိုင် မိမိကိုယ်မိမိ ရူးတော့မည်ဟု ထင်လာသည်။ ထိုအထင်ကိုလည်း တုန်လှုပ်ကြောက်ရွံ့သည်။ ဟိုပေါက် ဒီခွဲ ဝုန်းဒိုင်းကြဲ ကန်ကျောက်တွန်းလှဲနေမိသော လက်တွေ ခြေထောက်တွေကိုလည်း ရပ်မရ။ မျက်စိရှေ့တွေ့သမျှ ဖျက်ဆီးချင်သည်။ ဘာကိုမှ အကောင်းမမြင်ချင်။ မောင့်ကို အလွန်တရာချစ်စိတ်နှင့် ခါးခါးသီးသီး မုန်းတီးစိတ် ရင်ထဲအားပြိုင်ကာ နိုင်သေရချည်ရဲ့ ...။ အဒေါ်နှစ်ယောက် အစ်မတစ်ယောက်သည် နိုင့်အနားပင် မကပ်ရဲ။ တစ်သက်လုံးက ကြောက်ရွံ့ခဲ့ရသော သူတို့သုံးယောက်ကိုလည်း နိုင်မှာ ဂရုတစိုက် ကြောက်ရွံ့စိတ်မျိုး မရှိတော့ပေ ...။

နိုင် မောမှပဲ ငြိမ်သွားတော့သည်။ ခုတင်ပေါ်၌ ငုတ်တုတ်သေနေသလောက်နီးပါးသော ပုံစံနှင့် နိုင် တောင့်တောင့်ကြီး ငြိမ်နေသည်။ မောင့်စာတွေ ဓာတ်ပုံတွေ ထည့်ထားသော ဘူးကို မှောက်ချလိုက်သောအခါ မောင့်ဓာတ်ပုံတွေသည် နိုင့်နံဘေးပတ်လည်၌ လွင့်ကျဲနေလေသည်။

ထိုညက တစ်ညလုံး နိုင် မအိပ်။ နိုင်ပင်ပန်းလွန်းသောကြောင့်ရယ် မျက်လုံးအောင့်လွန်းသောကြောင့်ရယ်သာ မျက်ရည်မကျနိုင်တော့ဘဲရှိလျက် အော်တော့ အော်ငိုချင်နေသည်။

နိုင့် ဦးနှောက်ထဲမှာ မောင့်ကောင်းကွက်ကလေးတွေ တစ်လှည့်၊ မောင်မကောင်းတာတွေတစ်လှည့် အစီအစဉ်မကျ ပြန်လည်မြင်ယောင် မှတ်မိတာသနေလျက် နိုင် အချစ်ကြီးချစ်ရသော မောင့် အပြုအမူကလေးတွေကို စဉ်းစားမိခိုက်တွင် ကိုယ့်ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



သတိမပြုမိဘဲ နိုင့်နှုတ်ခမ်း၌ ချစ်စနိုးပြုံးလေး မသိမသာ ခိုတွဲနေတတ်ပြန်သည်။ နိုင် မောင့်သည်းညည်းခံခဲ့ရတာတွေ၊ နိုင်ကလည်း မမှားဘဲ နိုင်ကသာ ချော့မော့ခဲ့ရဖူးတာတွေ တွေးမိခိုက်တွင် နိုင် မျက်ရည်ဝိုင်းလေသည်။

သဘောထားမကြီးနိုင်လို့ပါ မောင်ရယ်။ နိုင် ဘယ်လိုမှ သဘောထားကြီးကြီး မွေးမယူတတ်လို့ပါ။ မောင့်ကို သူများလက်ထဲ ထည့်ပေးလိုက်ရမယ့်အစား၊ ဘယ်လိုမှ ပြိုင်ဘက်မဖြစ်နိုင်သော သေမင်းလက်ထဲသာ ထည့်လိုက်ချင်သေးတာပေါ့ မောင်ရယ် ...။

♥ ✧ ♥

"နိုင်ရယ် ... အဲသလို ရူးကြောင်ကြောင် အစွဲအလမ်းတွေ မထားစမ်းပါနဲ့ကွယ်"ဟု နူးညံ့တုန်ယင်နေသော နှစ်သိမ့်ချော့မော့စကားကို နိုင့်အစ်မက ပြောသည်။ မမသည် ခုချက်ချင်းပဲ ငိုချမိမလို မျက်စိပျက် မျက်နှာပျက်လျက်။ နိုင်ကတော့ မောင့်ကို ပွေ့ဖက်ထားရင်း မမကို မျက်စောင်းထိုးမိလေသည်။

ရူးကြောင်ကြောင် အစွဲအလမ်းတဲ့လား။ စိတ်ငြိမ်ဆေးတွေ အမျိုးမျိုး ပြောင်းလဲတွဲစပ်သောက်နေရတာကလွဲလျှင် နိုင် လူကောင်းတစ်ယောက်ပဲဆိုတာ နိုင့်ကိုယ်နိုင် သေချာသည်။ ဆေးတွေ သောက်နေရသေးတာဟာလည်း မမတို့က ဆရာဝန်ဆီ





တစ်ပတ်တစ်ခါ ခေါ်သွားနေလို့သာ ဆရာဝန်က ညွှန်ကြားသောက်ခိုင်းနေတာပေါ့။ ဆရာဝန်ဆီ မသွားတော့ဘူးဆိုလျှင် နိုင် ဒီဆေးတွေ ဆက်သောက်နေစရာ အကြောင်းမရှိ။

ဆရာဝန်ကပေးတော့ သူတို့က နိုင်သောက်ဖြစ်ဖို့ ကြပ်ကြပ်မတ်မတ်နှင့် နာရီအတိအကျမှာ မိနစ်မျှမစွန်းရအောင် ဂရုတစိုက် တိုက်နေကြသည်။ နိုင် မသောက်ချင်ပါဘူး။ သို့သော် သူတို့ ချော့မော့တိုက်နေကြတာကို နားငြီး သည်းမခံနိုင်လွန်းတာကြောင့် မြန်မြန်ပြီးရင် အေးတာပဲဟု နိုင်က သဘောပိုက်ကာ ပေးသမျှ မျိုချပစ်လိုက်သည်ပင်။

နိုင် ရူးချင်သလောက်နီးနီး ဆယ်ရက်မျှ ကြောင်တောင်တောင် ဖြစ်သွားခဲ့ရတာကိုတော့ ဝန်ခံပါသည်။ "မောင် သေပြီ"ဟု အတိအကျ သိရတော့ နိုင် ဘယ်လိုမှ မယုံပေ။ မယုံနိုင်တာ မယုံချင်တာ မယုံရဲတာ စုပေါင်းလျက် မယုံဘူးဟုသာ နှုတ်မှ ဖွဖွတွင်တွင် ရွတ်နေမိသည်။

နိုင်သည် ကိုယ့်သစ္စာကိုယ် ယုံကြည်သော်လည်း ဒီခေတ်ကြီးထဲမှာ သစ္စာဆိုလို့ ရသေးသည်ဆိုတာတော့ မယုံရဲသလိုလို။ ငယ်ငယ်က ကြားရ နားထောင်ရဖူးသော ဇာတ်တော်ကြီးတွေ ပုံပြင်တွေထဲမှာတော့ မိမိ၏အမှန်ကန်ဆုံးသော ဝန်ခံချက်သစ္စာနှင့် သစ္စာဆိုကြတာ နိုင် သိဖူးပါသည်။ သို့ပေမဲ့ မောင်သစ္စာမဲ့တာကို ဒေါသဖြစ်ဖြစ် နာနာကြည်းကြည်း ရေရွတ်လိုက်မိသော နိုင့် သစ္စာစကားတစ်ခွန်း ဤမျှ မြန်မြန်ဆန်ဆန် စူးရောက်

www.burmeseclassic.com



သက်ဝင်လေသောအခါ နိုင် ရူးမတတ် တုန်လှုပ်ချောက်ချားခဲ့ရသည်။

"မောင်သေပြီတဲ့၊ နိုင် မယုံပါဘူး မောင်ရယ်"ဟု တတွတ်တွတ် ရေရွတ်ကာ တခြားစကားလည်း မပြောတတ်တော့သလို အစားလည်းမစားဘဲ ငေးကြောင်ကြောင်ကြီး မျက်စိစိုက်လိုရာသို့ စိုက်ကြည့်နေမိလျက် ငိုလိုက် ရယ်မောလိုက် ရှိနေခဲ့သော ဆယ်ရက်ခန့်အတွင်းတုန်းက နိုင် ရူးနေခဲ့တာဆိုလျှင် နိုင်မငြင်းချင်တော့ပါ။

နိုင် သစ္စာဆိုအပြီး သုံးရက်အကြာ၌ မောင် ကားချင်းတိုက်မိရာ၌ ပွဲချင်းပြီး သေဆုံးခဲ့ပြီဆိုသော သတင်းစကားကို မောင့်ကိုကိုက အကြောင်းကြားခဲ့သည်။ ဘယ်လောက်ပဲ နာကြည်းစက်ဆုပ် မုန်းတီးခဲ့သည် ဆိုပါဦး မောင့်ကို တကယ်တမ်းတော့ နိုင် မသေစေချင်ခဲ့ပါဘူး မောင်ရယ်။ ဒါဟာလည်း သစ္စာစကားပါပဲ။

မောင် ဘာမှမဖြစ်ဘဲ နိုင်နှင့် ရေ့ဆက်ပျော်ရွှင်လက်တွဲသွားနိုင်ခြင်းဖြင့် မောင့်ဘက်က သစ္စာတရားကို နိုင် ယုံကြည်ကျေနပ်ရမည့် အဖြစ်ကိုသာ အခိုင်အမာ မျှော်လင့်ခဲ့တာပါ။ ခုတော့ နိုင့် သစ္စာဆို စကားတစ်ခွန်းသည် မောင့်ကို လူ့လောကကြီးထဲမှ အပြီးအပိုင် ထုတ်ပစ်လိုက်သည့် ကျိန်စာသဖွယ် ဖြစ်ခဲ့ရလေသည်။ အသုဘချရာသို့ နိုင် တောင်းဆိုလွန်းသဖြင့် နိုင့်အဒေါ်တို့က လိုက်ပို့ခဲ့ပါသည်။





နိုင် မယုံနိုင်ပါဘူး မောင်ရယ်။ မောင် မသေပါဘူးဟု မောင့်ခုတင်နံဘေးရပ်ကာ နိုင် ကြေကြေကွဲကွဲ ငြင်းဆန်နေမိလျက် မောင့်ကို စိတ်ထဲကလည်း လှိုက်လှိုက်လှဲလှဲ တောင်းပန်နေခဲ့မိပါသည်။ အဲဒီနေ့က မောင်သာ အသက်ပြန်ရှင်ခွင့် ရမည်ဆိုလျှင် ဟိုမိန်းကလေးနှင့် မောင် လက်ထပ်သွားချင် သွားပါစေ အသက်ပြန်ရှင်လာခြင်းကို နိုင် နှစ်နှစ်ကာကာ လိုလားတောင့်တမိတာ အမှန်ပင်။ ဟိုမိန်းကလေးသည် မောင့်အသုဘ၌ ပူပူဆွေးဆွေး လာငိုနေရှာသည်။ လှလိုက်တဲ့ မိန်းကလေး။ အဲသလောက်လှပနုမျစ်ပြီး ချစ်စဖွယ် မိန်းကလေးတစ်ယောက်က မောင့်ကိုတကောက်ကောက်တွယ်ကပ်ကာ မြှတ်နိုးနေမှတော့ မောင်လည်းဘယ်လို ရှောင်နိုင်ပါတော့မလဲ။ မောင့်မှာ အပြစ်ရှိတာ မှန်သော်လည်း ထိုအပြစ်ကို မောင် ကျူးလွန်ခဲ့မိခြင်းသည် ကျူးလွန်လောက်သော အခြေအနေပေး၊ ကျိုးကြောင်း ဆက်စပ်မှုလည်း ရှိခဲ့လို့သာ။

မောင့်ကို နိုင် သည်လောက် မချစ်ခဲ့မိရင် ဒီထက်ပိုခွင့်လွှတ်နိုင်မှာပဲဟု တွေးမိသောအခါ နိုင်သည် မောင့်ကိုချစ်မိသော ကိုယ့်ကိုယ်ကိုယ်ပင် ဒေါ်ခတ်ချင်လာသည်။ နိုင် သိပ်ချစ်လို့ နိုင့်သစ္စာစူးကာ မောင် သေရတာ။ နိုင် သိပ်မချစ်ခဲ့ရင်ကောင်းသား။ နိုင်သည် မောင့်အခေါင်းကို မီးသင်္ဂြိုဟ်စက်ထဲသွင်းချိန်၌ တစ်ကိုယ်လုံး တောင့်တင်းအေးစက်လျက် တက်သွားခဲ့သည်ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် မသေဘူး၊ နိုင် မယုံဘူး၊ မောင် မသေဘူး နော်"ဟု နိုင့်အဒေါ် နိုင့်အစ်မတို့ကို တတွတ်တွတ်နှင့် ဖွတ်အစမ္မ ထောက်ခံချက် တောင်းနေမိလျက် နိုင့်အဒေါ်တွေကလည်း ... "အေး ... ဟုတ်တယ်၊ မသေပါဘူးကွယ်"ဟု နိုင် စိတ်ပြေလျှင် ပြီးရော အလွယ်တကူ ထောက်ခံခေါင်းညိတ် နှစ်သိမ့်နေကြပေမယ့် မောင် သေပြီဆိုတာဟာ အမှန်တရားလို့ နိုင် သိနေတာဟာ နိုင် မရူးလို့သာပေါ့။ အိပ်လို့မပျော်ခြင်း တစ်ခုသာ ရောဂါရယ်လို့ နာမည်တပ်နိုင်စရာရှိသည်။ အစားအစာကိုလည်း နည်းပေမယ့် နိုင် မှန်မှန်တော့ စားပါသည်။ အိပ်မပျော်ခြင်းကြောင့် ခေါင်းတွေ မကြည်လင်ဘဲ ထိုင်းမှိုင်းမှုးဝေနေတာကလွဲလျှင် နိုင် နေကောင်းသည်။ နိုင့်မျက်နှာ အမူအရာ ညှိုးမှိုင်းနေခြင်းကြောင့် နိုင့်အဒေါ်တွေနှင့် အစ်မက ပူပန်စိုးရိမ်သည်။ ဒါဟာ ဒီလောက်ကြီး စိုးရိမ်လောက်စရာရယ်လည်း မဟုတ်ပါဘူး။

အဲသလို စိုးရိမ်တကြီး အနားကပ်နေကြတာကို နိုင်မကြိုက်။

နိုင့်အတွေး နိုင့်စိတ်ကူးတို့အတွက် အနှောင့်အယှက်ဖြစ်လွန်းသည်။

မောင့်ကို နောက်ထပ် မတွေ့ရတော့ဘူးဟု စိတ်ဒုံးဒုံးချ လက်ခံလိုက်သောနေ့မှစ၍ နိုင့်ဘဝသည် သေဆုံးသွားသကဲ့သို့ပင်။





မောင့်ကို တွေ့ချင်ရင် ဘယ်မှာလိုက်ရှာပြီး သွားကြည့်ရမှာလဲ မောင်ရယ်။ ထိုအခွင့်အရေးသည် ဘယ်လိုမှပြန်မရနိုင်တော့တဲ့ အခွင့်ရေး။ မောင့်မျက်နှာကို မြင်နေခွင့် ကြည့်နေခွင့် ရရုံကလေးသည်ပင် နိုင့်စိတ်ကို ကြည်နူးသာယာစေတတ်ခဲ့တာ စေ့စေ့တွေးလေ သိသာထင်ရှားလေပင်။

တစ်နေ့ တစ်နေ့ မောင့်ကို လွမ်းဆွတ်ခြင်းနှင့် ဘယ်လိုမှ မနေတတ်အောင်၊ နေမဖြောင့်အောင် နေမပျော်အောင် နိုင် ခံစားရသည်။

ထိုခံစားချက်က နိုင့်အသည်းနှလုံးကို တရိရိ ဖွဲ့ခြွေတိုက်စားသည်။ တစစ နိုင့်ခန္ဓာကိုယ်လေးသည် သွေးမရှိသူနှယ် ဖြူဆုတ်ဖျော့တော့ကာ အရိုးမရှိသူနှယ် ပုံအိပျော့ခွေနေလေသည်။ ပိန်လှီဖျော့တော့ကာ လူရုပ်ပင် ကောင်းကောင်းမပေါ်ချင်သော နိုင့်ထံသို့ တစ်ခုသောရက်တစ်ရက်၏ နံနက်စောစောကြီးတွင် "မောင်"ရောက်လာခဲ့သည်။

♥ ◇ ♥

အိပ်ပျော်ခဲသော နိုင် အိပ်ပျော်သည်ဆိုလျှင်လည်း တစ်ချက်တလေ မှေးခနဲလောက်သာ အိပ်ပျော်တတ်သော နိုင်သည် အဲသည်မနက်က နံနက်သုံးနာရီလောက်ရောက်မှ လူးရင်းလွန့်ရင်းက မှေးခနဲ အိပ်ပျော်သလိုလေး ဖြစ်ခဲ့သည်။ ခါတိုင်းဆို အိပ်



www.burmeseclassic.com

www.burmeseclassic.com



စက်ခဲလှသော နိုင် အိပ်ပျော်နေလျှင် အသံပလံတွေ အားလုံး တိတ်ဆိတ်ညင်သာနေအောင် ဖန်တီးပေးတတ်သော ဆင်ခြင်ပေး တတ်သော နိုင့်အဒေါ်များနှင့် နိုင့်အစ်မတို့၏အသံကို အိပ်ချင် မူးတူးကြားမှ ပွစိ ပွစိ ဆူညံ ဆူညံ ကြားလိုက်ရသောအခါ နိုင် အံ့သြသွားသည်။ တစ်ခုခု အရေးတကြီး ဖြစ်ပျက်နေတယ်ဆိုတာ လည်း ခန့်မှန်းနိုင်သည်။

နိုင့်ခုတင်နံဘေးမှ စားပွဲတင်နာရီသည် လေးနာရီခွဲ အချိန်ကို ညွှန်ပြနေသည်။ နိုင် ကိုယ်ပေါ်မှစောင်ကို ခွာကာ လူးလဲထပြီး အခန်းတံခါး ဖွင့်ထွက်လိုက်၏။ နိုင်နှင့်တစ်ခန်းတည်း အိပ်သော နိုင့်အစ်မခုတင်ကလည်း လွတ်နေသည်။ မှောင်နေသေး ဆဲမို့ အပြင်ဘက်မှာ ညှော့ခန်းမီး၊ ထမင်းစားခန်းမီးတွေ ထိန်ထိန် ကြီး ထွန်းထားလေသည်။ ဘာတွေဖြစ်တာလဲ။ ဘာတွေဖြစ်နေ ကြတာလဲ ...။

နိုင်သည် အလကားနေရင်း မကြည်မလင် စိတ်တို နေတတ်သော ခုနောက်ပိုင်း အကျင့်အတိုင်း မျက်နှာစူပုပ်ပြီး ခြေသံတဒုံးဒုံး ဆောင့်နင်းလျက် သူတို့ကို ရှာဖွေသည်။

ထမင်းစားခန်းနှင့် မီးဖိုခန်း ချိုးကွေ့ရာ ထောင့် ကလေးရှိ ကြောင်အိမ်နံဘေး ထင်းရှူးသေတ္တာပုံးတစ်ခု အနား ဝိုင်းအုံနေကြသည်။

နိုင့်ခြေသံကြောင့် မမက လှည့်ကြည့်ကာ နှုတ်ခမ်း နား လက်ညှိုးကပ်ရင်း "ရှူး"ခနဲဟန့်တားလေသည်။





"ဘာဖြစ်နေတာလဲဟင်"

ဟု မေးလည်းမေးရင်း နိုင်က ထိုင်နေသူတွေ နောက်မှကျော်ကာ ကဲကြည့်လိုက်သည်။ ထင်းရှူးပုံးထဲမှာ နိုင်တို့ အိမ်က ကြောင်မကြီး မိဖြူ။

"မိဖြူ ကလေးမွေးနေတာကို"ဟု နားလည်လိုက် လျက် အသည်းယားသလို ပခုံးတွန့်မိရင်း ...

"ဘယ်နကောင် မွေးလဲ"

ဟု စပ်စုလိုက်သည်။

"နှစ်ကောင် မွေးပြီးပြီ။ အခုတစ်ကောင်က တစ်ပိုင်းလေး လောက်ပဲထွက်ပြီး ဆက်မထွက်ဘူး။ သေများသွားမလား မသိဘူး။ သနားပါတယ်။ မိဖြူကလည်း အပျိုကြီးဆိုတော့ မမွေးတတ်ဘူးဟယ်။ ဒုက္ခပဲ။ ပထမနှစ်ကောင်လည်း အကြာကြီး မွေးယူရတာ ..."

နိုင့်အဒေါ် အပျိုကြီးတွေကိုကြည့်ကာ နိုင် ရယ်မော လိုက်မိသည်။ နိုင်တို့အိမ်မှာ ဘယ်တော့မှ ကြောင်ဆက်ပြတ်သည် ဟူ၍မရှိ။ အမြဲတမ်း သုံးလေးကောင်တော့ အနည်းဆုံးရှိသည်။ အရွယ်ရောက် အိမ်လည်တတ်လာတဲ့အခါ ပျောက်တဲ့ကောင်က ပျောက်သွားလိုက်၊ ရောဂါနှင့်သေတဲ့ကောင်က သေသွားလိုက်၊ အစ်မတွေက မွေးဖွားလိုက် သံသရာလည်နေကာ ခုလို အိမ်က ကြောင်မတစ်ကောင် မွေးဖွားချိန်မျိုးမှာ အဒေါ်နှစ်ယောက်နှင့် အစ်မ သည်းသည်းလှုပ်ကာ မီးနေစောင့်တတ်မြဲ။



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ပျောက်လျှင်၊ ကြောင်သေလျှင် တစ်ရက်နှင့်မပြီး နှစ်ရက်နှင့်မပြီး ငိုကြောဆက်နေတတ်ကြမြဲ။

နိုင်သည် ကြောင်ချစ်တတ်သူ တစ်ယောက် မဟုတ်သလို ဘယ်ကြောင်ကိုမှ စိတ်ဝင်တစား ဂရုတစိုက် တယုတယမရှိပေ။ ကြောင်တစ်ကောင်ကောင် ပျောက်လည်း နိုင် မသိ။ သေလည်း နိုင်မငို။ မွေးလည်း နိုင် စိတ်မဝင်စား။

နိုင့်ခုတင်ပေါ် ကြောင်တက်လျှင် နိုင် မကြိုက်။ မမက အခန်းထဲကြောင်ခေါ်သွင်းလာလျှင်လည်း နိုင်နှင့်တစ်ရန်။

နိုင် ခုချိန်ထိ ဘယ်ကြောင်ကိုမှ ထမင်းတစ်ကြိမ်မှ မကျွေးဖူး။ အိမ်မှာရှိနေသော သတ္တဝါတွေအဖြစ် အဒေါ်တွေမှည့်ခေါ်ထားသော အမည်တွေ သိမှတ်နေရုံမှ မပိုပေ။ အညိုကျားကျား ကြောင်နှစ်ကောင်ကိုဆိုလျှင် ခုချိန်ထိ နိုင်မကွဲပြားဘဲ နာမည်မှားခေါ်တုံး။ အသေအချာကြည့်သော် မတူဘဲ ကွဲပြားတာတွေ အများအပြား ရှိနေလျက် လွဲမှားစရာ မရှိပေမယ့် နိုင်ကဖြင့် အမည်တွေ တလွဲတချော် ဖြစ်နေတတ်ဆဲ။ ခုလည်းပဲ အိမ်မှာ သုံးကောင်ရှိနေ၍ဟာ ထပ်မွေးသော သုံးကောင်နှင့် စုစုပေါင်း ခြောက်ကောင်။ မိသားစုဦးရေထက်ပင် များနေပြီဟု နိုင် စိတ်အနှောင့်အယှက်ဖြစ်ကာ မြင်ကွင်းကို ခါးထောက်ပြီး ခပ်တင်းတင်း ကြည့်နေမိသည်။

တစ်ဝက်တစ်ပျက် ကြောင်လေးကလည်း ခုထိပဲ ဆက်မထွက်သေး။ မိဖြူသည် လိမ်လိုက်၊ တွန့်လိုက်၊ ညှစ်လိုက်





နှင့် မမွေးတတ် မွေးတတ် ကြိုးစားအားစိုက်နေရှာသည်။ မိဖြူတွန့်လိမ်နေသည့် ပုံအတိုင်း ထွက်တစ်ဝက် ဝင်တစ်ဝက်ပုံစံနှင့် ပါနေရရှာသော တစ်ဝက်တစ်ပျက် ကောင်ကလေးကို နိုင် ကြည့်ရင်း ကရုဏာသက် စိတ်ပျက်လာသည်။

ကြောင်တွေကို မချစ်ဘူး ဆိုသော်လည်း ဒီမြင်ကွင်းမျိုးမမြင်ဖူးသော နိုင်သည် ကြည့်ရတာ စိတ်မသက်သာ၊ စိတ်မချမ်းသာ။

ကိုယ်တိုင်တောင် ဗိုက်နာချင်သလိုလို မကြည့်ရက်ဖြစ်လာလျက် …

"ဖယ် ဖယ် … သေလည်းသေ ရှင်လည်းရှင်ပေါ့၊ မြန်မြန်အပြင်ရောက်မှ မိဖြူရော အကောင်လေးရော ဝဋ်ကျွတ်မှာ။ ပေး … ဟိုအဝတ်"

နိုင်သည် ကိုယ့်ဘာသာလည်း ကြိုတင်ကြံစည်ခြင်းရှိမထားဘဲ မမတို့ကို တိုးဖယ်ရှေ့တိုးထိုင်ချလိုက်မိကာ မိဖြူအောက်က ခုဖို့ ခံဖို့ အသင့်ထားသော အဝတ်စုတ်သန့်သန့်တစ်ခုကို ဖျတ်ခနဲ လက်မြန်မြန် ဆွဲယူလိုက်ရင်း တစ်ဝက်တစ်ပျက်ကောင်ကလေး၏ အပြင်တစ်ဝက်ကို အဝတ်နှင့် အုပ်ကိုင်ကာ မမျှော်လင့်ဘဲ ဆွဲထုတ်ယူလိုက်မိတော့သည်။ "အမယ်လေး … သေပါပြီ"ဟု နိုင့်အဒေါ်လေးက ရှေ့ရှုတ်ကာ ငိုမလို မကြည့်ရဲသလို ကတုန်ကယင် ဖြစ်သွားဆဲ၌ပင် ကြောင်ကလေးသည် အပြင်ဘက်သို့ လုံးလုံးလျားလျားရောက်လာသည်။ နိုင်သည်



www.burmeseclassic.com

www.burmeseclassic.com



အဝတ်စရော ကြောင်လေးပါရောပြီး သေတ္တာခင်း ဂုန်နီစပေါ်ချ လိုက်လျက် ကြောင်လေးကို တအံ့တဩ ကြည့်နေမိသေးသည်။

စိုရွှဲရွှဲ ချွဲကျိုကျို အသည်းယား ရွံရှာချင်စရာလေး။ အကောင်လေးနှင့်အတူ ဘာကြီးမှန်းမသိ တတွဲထဲပါလာတာကို မိဖြူက လျှာဖြင့်သပ်လျက်ရင်း ဖောက်ဖြဲကိုက်ဖြတ်ပစ်လိုက်သည်။ တစ်ကြိမ်မျှ မမြင်ဖူးသော နိုင်သည် တအံ့တဩ မျက်တောင်မခတ်ဘဲ ထိုကြောင်လေးကို စိုက်ကြည့်နေမိ၏။

ပထမသော် မိဖြူကိုက်ဖြတ်နေသော လှုပ်ရှားမှုကြောင့် ကြောင်လေးသည် အလှုးလှုး အလိမ့်လိမ့် ...။ သေမှာပါပဲဟု နိုင် ထင်နေဆဲ သင်းလေး၏ခြေလက်တို့ လှုပ်ရှားကာ ပါးစပ်က ပြဲခနဲ ပြဲခနဲ ဟ,ဟလာသည်။ အော်တာထင်ပါရဲ့။ အသံတော့မထွက်။ အဲဒီအကောင်ကလေးဟာ အဖြူရောင်ကလေး။ ဂလန့်ဂလား ပိန်ချုံ့ချုံ့ စိုရွှဲရွှဲနှင့် တစ်စက်မှ မေတ္တာသက်ဝင်စရာလည်းမကောင်း။ သို့သော် ထိုကြောင်ကလေးကို ကြည့်ရင်းကြည့်ရင်း ... နိုင်သည် ဘာကြောင့်မှန်းမသိ ကြက်သီးတဖြန်းဖြန်း ထလာလေသည်။

ကျောထဲက စိမ့်သလိုလို တစ်စုံတစ်ရာကို ကြောက်သလိုလို နိုင့်စိတ်သည် တစ်မျိုးကြီးဖြစ်သွားမိကာ နိုင် ထိုင်ရာမှ ဆတ်ခနဲ ထ,လိုက်သည်။ နောက်ဖေးကိုဝင်ကာ အနည်းငယ်ဆေးရေသွားသောလက်ကို ဆပ်ပြာနှင့်ဆေးရင်း နိုင် တဆတ်ဆတ်တုန်လာသည်။ လေအေးတွေ နိုင့်တစ်ကိုယ်လုံးကို ဖြန်းခနဲ တိုက်ခတ်





လိုက်သလို အေးစိမ့်ကာ နိုင် ကြောက်လန့်တကြား အော်ဟစ်လိုက မိသည်။ နိုင့်အော်သံကြောင့် အစ်မနှင့် အဒေါ်တစ်ယောက် ရောက်လာကာ နိုင့်ကို စိုးရိမ်တကြီးပွေ့ပိုက်ရင်း "နိုင် ... နိုင် ... ဘာဖြစ်တာလဲ"ဟု ပလုံးပထွေး မေးကြသည်။

"နိုင်ကြောက်တယ် ... နိုင်ကြောက်တယ်"

နိုင်သည် ဒီလောက်ပဲ ပြောနိုင်ကာ ဘာကိုကြောက်တာလဲ မပြောတတ်ပေ။ "တစ်ခါမှ လာမကြည့်ဖူးဘဲနဲ့ လာကြည့်ပြီး လက်ရဲဇက်ရဲတောင် ထုတ်လိုက်သေးတာကိုး၊ ပြီးမှ သူ့ဟာသူ လန့်နေတာ"ဟု နိုင့်အစ်မက မှတ်ချက်ချသည်။

မဟုတ်ဘူး။ နိုင့်စိတ်ထဲမှာ တစ်စုံတစ်ခုကို မတင်မကျကြီးဖြစ်လျက် ကြောင်သေးလေးကို မျက်စိထဲ ပြန်မြင်ယောင်မိသည်။

ပထမနှစ်ကောင်ကို သေတ္တာပုံးထဲ နိုင်တွေ့သော်လည်း အသေအချာပင် မကြည့်မိချေ။ နောက်ဆုံးအကောင်လေးသာ ...။

"အမယ်လေး"ဟု နိုင် အံကြိတ်အော်ညည်းလိုက်မိပြန်သည်။

နိုင်သည် ရုတ်တရက် မောင့်မျက်နှာကို မျက်စိထဲ ပြတ်ပြတ်သားသားကြီး မြင်ယောင်မိလာကာ ဆတ်ခနဲ တုန်သွားသည်။ မောင့်ကို လွမ်းဆွတ်သတိတရ မြင်နေကျဖြစ်သော်လည်း ဒီလိုပုံစံမျိုးမဟုတ် ...။ အခုမှာက မောင့်မျက်နှာသည် ကျဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်း အမွှေးအမျှင် အဖြူရောင်ကလေးတွေ ထိုးထွက်ရှည်လျား လာကာ နားရွက်လေးတွေ ထောင်တက်လာကာ ရုတ်တရက် ကြောင်တစ်ကောင် မျက်နှာမျိုး ဖြစ်သွားတာ ...။

"မောင် ..."

နိုင် ကျောစိမ့်စိမ့်နှင့် အလန့်တကြား ခေါ်လိုက်မိသည်။ မောင့် ဘယ်ဘက်ပါးပြင်မှာ ရေတ်ကောင်းစေ့ခန့် မှဲ့စက်ကလေးတစ်ခုရှိသည်။ အပြင်ဘက် ဖုထ,နေတာမျိုးမဟုတ်ဘဲ ပါးပေါ်ချပ်ချပ်ကပ်ကပ်ကလေး အစွန်းလေးတစ်ခု ထင်နေသလို ဖြစ်နေသည့် မှဲ့လေး။ ခုန ကြောင်ဖြူလေးဟာ အမြီးနားတဝိုက်မှာ အနက်ပြောက်လေးတစ်ခုမှ မြင်ရသည်။ ပါးပေါ်မှာကော ဘယ်ဘက်ပါးပေါ်မှာ ...။

နိုင်သည် သေတ္တာပုံးနား အပြေးအလွှား ပြန်ရောက်ကာ ခဏရပ်ကြည့်ပြီး နလုံးခုန်တအားမြန်လာတာကြောင့် ဆက်မကြည့်ရဲဘဲ အိပ်ခန်းထဲ ကမန်းကတန်း ဝင်လာခဲ့ရသည်။ ခုတင်ပေါ်တက်ကာ စောင်ခေါင်းမြီးခြုံလိုက်သော နိုင့်အပြုအမူကို အခေါ်တွေရော အစ်မပါ တအံ့တသြ စိတ်မသက်မသာကြည့်ကာ ဘာစကားမှ မဆိုနိုင်ဘဲ ရှိကြ၏။

နိုင့်အမြင်အာရုံ၌ မောင့်မျက်နှာသည် ပျောက်မသွားရိုးရိုးမျက်နှာမဟုတ်။ ကြောင်တစ်ကောင်လိုမျက်နှာ။ သို့သော် အဲဒါဟာ မောင်ဆိုတာ နိုင် မှတ်မိသေချာနေသည်။ နိုင် အဲဒီနေ့က ပြန်အိပ်လို့လည်းမရ။





မိုးလင်းပြန်တော့လည်း ကြောင်တွေကို သွားမကြည့်ဘဲ နိုင် အခန်းအောင်းနေသည်။ တစ်နေကုန်မက နောက်ရက်တွေပါ။ သုံးရက်တိတိ နိုင် အခန်းမှမထွက် ...။

အစားကိုလည်း အခန်းထဲ ပို့ပေးစေသည်။ ညဘက်တွေ မအိပ်ရဲလောက်အောင်ရှိသည်။ မှေးခနဲ အိပ်မပျော်လိုက်နှင့် အိပ်မက်ထဲ၌ မောင်သည် ကြောင်တစ်ကောင်အသွင်နှင့် ပေါ်လာသည်။

နိုင့်ကိုစိုက်ကြည့်နေသော ကြောင်၏မျက်လုံးများသည် မောင့်မျက်လုံးပင်တည်း။ နိုင့်ကို စကားပြောနေတာလား၊ တောင်းပန်နေတာလား၊ အသနားခံနေတာလား ဝေခွဲမရဘဲ နိုင့်ကို စိုက်စိုက်ကြည့်နေတတ်လေသည်။

သုံးရက်ရှိသောအခါ နိုင် မအောင့်နိုင်တော့။ ထိတ်လန့်ချောက်ချားခြင်းထက် အံ့သြထူးဆန်းသော ခံစားချက်တစ်ခုက နိုင့် နလုံးသားမှာ ပိုမိုအားကောင်းနေပြီ။ ကြောင်တစ်ကောင်၏ ကိုယ်ဝန်ဆောင်ရက်ကို နိုင် တွက်ဆကြည့်သည်။ ကြောင်ကလေးမွေးဖွားရက်။ ကြောင်တစ်ကောင်၏ ကိုယ်ဝန်ဆောင်ကာလ ကြာမြင့်မှု ...။ ပြီးတော့ ... ပြီးတော့ မောင် ကားတိုက်မှုဖြစ်သည့်ရက်။

သုံးရက်လွန်အပြီး တစ်မနက်ခင်း၌ နိုင်သည် အခန်းတံခါးကို ဝုန်းခနဲ ရုတ်တရက်ဖွင့်ကာ "ဒေါ်ဒေါ်လေး ..."ဟု အကျယ်ကြီး အော်ဟစ်ခေါ်လိုက်သည်။ ဒေါ်လေး အပြေးအလွှား ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နိုင် မွေးပေးတဲ့ ကြောင်လေး အထီးလား၊ အစ်မလား"

ဒေါ်လေးသည် တအံ့တသြဖြစ်နေပြီးမှ "အထီး"ဟု ခပ်တုံ့တုံ့ဖြေသည်။

"ကြည့်မယ် ...၊ နိုင် အခုကြည့်ချင်တယ်။ သူ့ဘယ်ဘက်ပါးမှာ အနက်စက်ကလေး တစ်စက်လောက်များ မပါဘူးလား ..."

ဒေါ်လေးသည် ရုတ်တရက် တုန်ခနဲဖြစ်ကာ မူးမိုက်လဲတော့မလိုပင် ဟန်ပျက်သွားလေသည်။ နိုင် ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် အခန်းပြင် ပြေးထွက်ကာ သေတ္တာကလေးဆီ သွားသည်။ မိဖြူ အပြင်ထွက် ထမင်းစားနေခိုက်မို့ သေတ္တာထဲမှာ ကြောင်ကလေးသုံးကောင်သား။

တစ်ကောင်တည်းသော အဖြူရောင်ကလေးကို နိုင် ဆတ်ခနဲ မ,ယူလိုက်သည်။ ကြောင်လေးသည် မျက်စိမပွင့်သေး။ အသံတော့ စူးရှစွာ ထွက်နိုင်လေပြီ။

ဟိုမနက်ကလို စိုရွှဲရွှဲ ရွံစရာမဟုတ်တော့ဘဲ ခြောက်သွေ့ရှည်လျားသော အမွေးဖြူတို့နှင့် အတန်ငယ်ကလေးလည်း အရွယ်စား ပိုကြီးလာပြီ။

နိုင်သည် ကြောင်လေး၏ ဘယ်ဘက်ပါးကို စူးစိုက်ပြီး မျက်စိကျျတ်ကျမတတ် ကြည့်နေမိ၏။ ကြည့်ရင်း ကြည့်ရင်းက နိုင့်ရင်ထဲ တနစ်နစ် ဆို့လှိုက်တက်လာကာ ပါးပေါ်သို့ မျက်ရည်ပေါက်တို့ တလိမ့်လိမ့်ကျလာရလေသည်။





"မောင်"

တိုးတိုးလေးခေါ်ရင်း ကြောင်ကလေးဘယ်ဘက်ပါးမှ အမည်းစက်သေးသေးလေးကို တရှိုက်မက်မက် နမ်းရှိုက်လိုက်မိလေသည်။ ပြီးတော့ ကြောင်လေးကို လက်နှစ်ဖက်နှင့် တယုတယ ဖွဖွလေးကိုင်ပြီး တစ်ကိုယ်လုံးကို နိုင့်ပါးပြင်မှာ ကပ်ထားမိသည်။

သူဟာ မောင်။ သေချာပါသည်။ နိုင်ချစ်တဲ့မောင်။ မောင် နိုင့်ကို သံယောဇဉ်မပြတ်လို့ နိုင့်အနီးအနားကို မဖြစ်,ဖြစ်သောနည်းနှင့် ဝင်စားရောက်ရှိလာခဲ့တာ။ ထိုနေ့မှစ၍ နိုင်သည် မောင့်ကို မျက်စိအောက်မှ တစ်ချက်ကလေးပင် အပျောက်မခံဘဲ တစ်နေ့ကုန် အချိန်ကို မောင့်အတွက်သာ အားလုံးသုံးစွဲကာ သူလေးကို အသည်းအမည်း အရူးအမူး အစွဲအလမ်းကြီးစွာ တွယ်တာလျက် အသည်းထဲနှင့်နေအောင် ချစ်မြတ်နိုးမဆုံး ဖြစ်ခဲ့မိလေတော့သည်။

♥ ✧ ♥

အဒေါ်တွေကရော အစ်မကပါ နိုင့်ကို စိတ္တဇဆန်ဆန် စွဲလမ်းမှုဟု ယူဆသတ်မှတ်ကာ စိုးရိမ်မကင်း ဖြစ်နေကြလေသည်။

နိုင်က သူကလေးကို "မောင်"ဟု အမည်မှည့်ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တယုတယ ထွေးထွေးပွေ့ပွေ့နှင့် မျက်စိအောက်က တစ်ချက်မှ အပျောက်မခံ။ နိုင့်ခုတင်ပေါ် ခေါ်သိပ်ကာ နံနက်စာ ညစာ နိုင်ကိုယ်တိုင် ဂရုတစိုက် ကျွေးသည်။ ငါးကို အရိုးထွင်ကာ ထမင်းနှင့် ငါးအသားလေးတွေ နယ်ဖတ်နေသော နိုင့် အပြုအမူသည် သူတို့အတွက်တော့ သိပ်ကို အထူးအဆန်း ဖြစ်နေသည်။

မောင်ကလည်း နိုင့်အနားမှာပဲ အမြဲတကပ်ကပ်ရှိလှသည်။

နိုင် ထမင်းစားနေလျှင် နိုင့်ပေါင်ပေါ် တက်လာပြီး နိုင့် ထမင်းပန်းကန်နား မျက်နှာတိုးကပ်ကာ စူးစူးစမ်းစမ်း ပြုတတ်သည်။

တခြားကြောင်တွေ အဲသလောက်အထိ မပြောနှင့် အနားကပ်ရုံ သူ့အပေါ်တက်ရုံဖြင့် အမွေးတွေပေးသည်။ ဘာညာ ရေရွတ်ကာ အကြမ်းပတမ်း မောင်းထုတ်တတ်သော နိုင်။ "မောင့်"ကို အရေးပေးပုံက လွန်လွန်းလှပေသည်။

ထမင်းပန်းကန်နားထိ နှုတ်သီး ရောက်လာတာကိုပင် တခစ်ခစ် ရယ်မောသဘောကျနေလျက် ...

"မောင်က ငါးဟင်းနဲ့စားပြီးရက်သားနဲ့ ကြက်သား စားချင်သေးလို့လား။ ဟုတ်လား။ ကဲ ... ရော့ ... ရော့ ... မောင့်ပါးစပ်ဟ"





စသဖြင့် နှုတ်ကလည်း တတွတ်တွတ် ချော့မြှူလိုက်သေးလျက် နိုင့်စားလက်စဇွန်းနှင့်ပင် မောင့်ပါးစပ်သို့ခွံ့သောအခါ အဒေါ်တွေ စိတ်ပျက်ကြတော့သည်။

တစ်သက်လုံးက ကြောင်ချစ်လာကြသော သူတို့ တစ်တွေ အဲသလောက်ထိတော့ တစ်ဇွန်းတည်း တူတူကျွေးသည် အထိ မပလူးပေ။ နိုင့်ဟာက လွန်လွန်းလာပြီဟုဆိုသည်။ အားလျှင် ကြောင်နှင့် စကားတတွတ်တွတ်ပြောလား ပြောရဲ့။ ကြောင်ကို သူ့စောင်ခြုံထဲထည့်ကာ တယုတယ သိပ်လားသိပ်ရဲ့။ သန်းရှာပေးတာမျိုးကတော့ စကားထဲ ထည့်ပြောနေလောက်စရာမဟုတ်တော့သော အပြုအမူမျိုးဖြစ်သည်။ သန်းတစ်ကောင်မကျန်အောင် ဘီးစိတ်နှင့် တိုက်ချရှာထားတာမို့ တခြားကြောင်တွေအနား "မောင်"သွားလျှင်လည်း နိုင်က မကြိုက်ပြန်ပေ။ သန်းကူးမယ် ဘာညာအော်ဟစ်ကာ တခြားကြောင်တွေကို မောင့်အနားမှ မောင်းနှင်ထုတ်တတ်သည်။

"မောင့်"အနား ဘယ်ကြောင်မှ ကပ်ခွင့်မရသလို "မောင့်"ကို အဒေါ်တွေရော အစ်မပါ ချီခွင့်မရ။

သူတစ်ယောက်ပဲ ပွေ့ကာ ပိုက်ကာနှင့် တစ်ချိန်လုံး ကြောင်နှင့် နိုင် ကိုယ်နှင့်မခွာသောအခါ နိုင်ရဲ့လွန်ကဲသော မြတ်နိုးမက်မောမှု တွယ်တာစွဲလမ်းမှုကို သူတို့ စိုးရိမ်မကောင်းရှိကြတာ အပြစ်မဆိုသာပေ။ သို့သော် နိုင်က ချစ်တာကိုး။ မောင့်ကိုယ်ပွားကလေးလိုပင် မဆိုရက်အောင် မောင်အစစ်ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ဝင်စား ရောက်ရှိလာတာဟု တစ်ယူသန် သည်းသည်းမည်းမည်း စွဲမှတ်ယုံကြည်မိသော နိုင်သည် ကြောင်တစ်ကောင်ကို လူတစ်ယောက်အလား သဘောထားပြုမူ ဆက်ဆံလျက် လူတစ်ယောက်ကို စွဲလမ်းပုံမျိုး စွဲလမ်းလေသည်။

အဲဒီအတွက် နိုင့်ကို အမိပွာယ်မဲ့တယ် ပြောမလား။

အရူး စွပ်စွဲမလား။

နိုင်ကဖြင့် မမှုပေ။ အဲဒါဟာ မောင်။ အဲသလို သေချာစွာ အတိအကျ ပြောရဲတာကိုရော စိတ္တဇလို့ ဆိုကြဦးမလား။

မမက ...

"ပါးပေါ်မှာအစက်ကလေးတစ်စက်ပါတာနဲ့ပဲ အဲသလောက် တစ်ယူသန်ကြီး မဆုံးဖြတ်သင့်ပါဘူး နိုင်ရယ်။ ခုချိန်ဆို သူလည်း ကောင်းရာမွန်ရာ ရောက်နေမှာပါ။ တိရစ္ဆာန် တစ်ကောင်ဘဝ ဝင်စားလာတယ်လို့ နိုင် ယူဆတာဟာ ကိုယ့်ချစ်သူကို ကိုယ့်ဘာသာ ချိုးနှိမ်ရာကျပါတယ်"

ဟု လေးအေးအေးလေးနှင့် နားချသေးသည်။

"နိုင် ချိုးနှိမ်တာ မဟုတ်ရပါဘူး။ မောင် အစစ်ဖြစ်နေတဲ့ဟာ ဘယ့်နယ်လုပ်မလဲ။ နိုင်လည်းပဲ မောင့်ကို တိရစ္ဆာန်ဘဝကို ဘယ်ရောက်စေချင်မလဲ။ ဒါပေမဲ့ တကယ်ကိုဖြစ်နေတာကျတော့ ဘယ်လိုလုပ်မလဲ"

နိုင်က ခေါင်းမာမာ ဖွတ်တင်းငြင်းသည်။





ပါးပေါ် မှဲ့စက်ကလေးလို ပါနေရုံတစ်ခုတည်း ဘယ်မှာကလို့လဲ။ သူလေးဟာ မောင်ဖြစ်ကြောင်း နိုင်လုံသော အကြောင်းတွေ ရှိကိုရှိနေတာပါ။

"မောင်"ဟု တစ်ခွန်းခေါ်ကာ မောင့်ဆံပင်လေးတွေကို နိုင် တစ်ချက်ဖွလိုက်လျှင် မောင်သည် ဘာလုပ်လက်စပဲရှိနေနေ ရပ်တန့်ကာ နိုင့်ကို မျက်လုံးကလေးစိုက်ပြီး ရွှန်းလဲ့လဲ့ကြည့်တတ်သည်။

နိုင် စကားမစမချင်း သူ ဘာပဲလုပ်နေနေ ဘယ်လောက်ကြာကြာ ဆက်မလုပ်ဘဲ နိုင့်ကိုသာ စူးစူးစိုက်စိုက်ကြည့်နေပေးတတ်သည်။ နိုင် ပြောစရာရှိတာ ပြောလိုက်ပြီးသောအခါ အရေးကြီးလျှင် ကြီးသည့်အလျောက် မကြီးလျှင် မကြီးသည့်အလျောက် သူ့မျက်ဝန်းကို သိမ်းသွားတာမျိုး စကားပြန်တာမျိုးရှိတတ်သည်။

ကြောင်ကလေးသည် သူအိပ်နေတုန်းပဲဖြစ်ဖြစ် နိုင်က "မောင်"ဟု သူ့ကိုခေါ်လိုက်လျှင် ခေါင်းထောင်ကာ နိုင့်ကိုမော့ပြီး စိုက်ကြည့်နေလေသည်။ အစား စားလက်စ ဆိုလျှင်ပင် ဆက်မစား။ နိုင် တစ်စုံတစ်ရာ မပြောသေးသရွေ့ နိုင့်ကို စိုက်ကြည့်နေတတ်သည်။ တခြားကြောင်တွေ အဲသလို သူတို့နာမည်ခေါ်ကြည့်ပါလား။ တစ်ချက်မော့ကြည့်မည် ဖြစ်သော်လည်း ချက်ချင်းပြန်ငုံ့ကာ သူတို့လုပ်လက်စ သူတို့ ဆက်လုပ်သွားကြတာမျိုး။ အိပ်နေပြီဆိုလျှင်လည်း ပြန်အိပ်သွားတာမျိုး။



www.burmeseclassic.com

www.burmeseclassic.com



"မောင်"ကတော့ သူ့နဖူးထိပ် အမွေးနုကလေးတွေကို သပ်ကာ "မောင်"ဟု ခေါ်လိုက်လျှင် နိုင့်ကို စိုက်လို့သာ ကြည့်နေတတ်တော့သည်။

ပြီးတော့ မောင့်မျက်လုံးများက စကားပြောသော မျက်လုံးများ။

သူလိုချင်ရာကိုလည်း မျက်လုံးကလေးနှင့် တောင်းတတ်သည်။ မျက်လုံးကလေးနှင့် ပူဆာနွဲ့ဆိုးတတ်သည်။ မျက်လုံးကလေးနှင့် စိတ်ကောက်တတ်သည်။ နိုင့်မှာ မျက်လုံးလေးကို အဖြေရှာကာ နားလည်ခဲ့ရမြဲ။

ခုလည်းပဲ ကြောင်ကလေး "မောင်"ဟာ မျက်လုံးကလေးနှင့် နိုင့်ကို စကားဆိုတတ်သည်။ သူလေးနှင့် အကြည့်ချင်းဆုံနေပြီးလျှင် သူပြောနေတာတွေကို နိုင် သိရသည်။ သူ နှုတ်က မပြောတတ်သမျှ မျက်လုံးလေးနှင့်သာ ပြောတတ်လျက် အဲဒါတွေကို လူတစ်ယောက် စကားပြောနေသလို နိုင် လုံးစေ့ပတ်စေ့ နားလည်သည် ဆိုပါက မည်သူမျှ ယုံကြည်နိုင်မည် မထင်ချေ။

နိုင့်မှာက တကယ့်ကို စစ်စစ်မှန်မှန် နားလည်နေတာပါ။ ဘယ်သူ့ကိုမှ ပြောပြလို့မရ။ အားလုံးဟာ နိုင့်ကို အရူးဟုသာ ရှိုးစွပ်ကြမည် ဖြစ်လေသည်။

ပြီးတော့ မောင်ဟာ သင်္ချာသမား။ နိုင်မို့ စာကြည့်စားပွဲ ထိုင်ပြီဆိုလျှင် ကြောင်ကလေး "မောင်"သည် စားပွဲပေါ်လာအိပ်နေတတ်မြဲမှ နိုင်သည် သင်္ချာစာအုပ်တစ်အုပ် ကိုင်လိုက်





မိလျှင် ခေါင်းလေးထောင်ကာ စာအုပ်နားအထိ တိုးရွှေ့ကာ ဂဏန်းစာလုံးတွေကို ကြည့်နေတတ်သည်။ နိုင် တခြားစာအုပ်အမျိုးမျိုးနှင့် စမ်းသပ်ကြည့်ခဲ့ပြီးပြီ။ သင်္ချာကိုသာ သူလေးတရင်းတနှီး စိတ်ဝင်တစား ရှိတတ်တာ။

မျက်လုံးကလေးတွေ ကလည်း အဲဒီပုစ္ဆာက ခက်ခက်၊ အဲဒီပုစ္ဆာက လွယ်လွယ်ကလေးဟု နားလည်သိမှတ်ပြီးသား ဖြစ်ပုံပြသည်။

အဲဒီအပြင် တစ်ကြိမ်မှာတော့ နိုင့်အမှားကိုပင် ဟန့်တားပြပေးခဲ့သေးသည်။ ယုံတမ်းပဲ ဆိုချင်ဆို၊ နိုင် တစ်ယူသန်တယ်ပဲ ပြောချင်ပြော ...။

အဲဒီ တစ်ရက်က သင်္ချာပုစ္ဆာတစ်ပုဒ်ကို တွက်ရင်း ကိုယ့်ဘာသာ မသိဘဲ နိုင် အမှားတစ်ခုကို တွက်ချမိသည်။ "မောင်"သည် စိုက်ကြည့်နေရာမှ နိုင် မှားယွင်းသော နေရာသို့ အရောက် ဘောလ်ပင် ကိုင်ထားသော နိုင့်လက်ကို သူ့လက်သည်းများနှင့် ဖွဖွကလေးလှမ်း၍ ကုတ်ခြစ်လေသည်။ အနည်းငယ်နာကျင်သွားသော နိုင်သည် လက်ကိုပွတ်သပ်ရင်း ...

"ဘာလဲ မောင်ရဲ့"

ဟု သူလေးကို လှည့်မေးသေးသည်။ နိုင် တွက်လက်စပုစ္ဆာကို စိုက်ကြည့်နေသော မောင့်အကြည့်ကို နိုင် ရုတ်တရက် နားမလည်ဘဲ ဆက်တွက်ဖို့ ကြိုးစားသည်။ နောက်တစ်ကြောင်းမှာ ညီမျှခြင်းတစ်ခု ချရေးမည်ပြင်သော် "မောင်"ကလက်သည်း



www.burmeseclassic.com

www.burmeseclassic.com



လေးနှင့် ဒုတိယတစ်ကြိမ် ထပ်ကုတ်ခြစ်ပြီး ဟန့်တားပြန်တော့သည်။ နိုင် ဇဝေဇဝါဖြစ်လျက် ...

"ဘာလဲ မောင်၊ နိုင်တွက်တာ မှားနေပြီလား"

ဟု မေးသောအခါ ခွေခနဲ လှဲချပစ်လိုက်သော မောင့်အမူအရာက ...

"အင်းပေါ့ ..."

ဟု ဆိုလိုချင်ပုံ။

နိုင်သည် တွက်လက်စ နေရာအထိ တစ်ဆင့်ချင်း အမှားရှာသည်။ "မောင်"လှမ်းပြီး အချက်ပေးသော နောက်ဆုံးလိုင်းမှာပဲ နိုင့်အမှားကို တွေ့တော့သည်။ နိုင် သက်သက်ရှမ်းတာ။ နိုင်သည် သဘောတကျ ရယ်မောမိလိုက်ရင်း "မောင့်"ကို ပွေ့ဖက်နမ်းရှိုက်လိုက်မိလေသည်။

ကဲ ... အဲဒီအမှားကို "မောင်"သိတာ ဘယ်သူဘယ်လိုပြောမလဲ။ နိုင် ပြင်ဆင်လိုက်သောအခါ မောင်က ငြိမ်ငြိမ်ကလေးဝပ်ပြီး အေးအေးဆေးဆေး ဆက်ကြည့်နေလေသည်။

အဲဒါချည်းပဲလည်းမကဘဲ အသန့်အပြန့် ကြိုက်တတ်တာ၊ နိုင့်ဆံပင်လေးတွေကို သွားနှင့်ကိုက်ဖြတ်ကျင့်ရှိတာ ...၊ မောင် ဝယ်ပေးထားသော ပါတိတ်ကလေးတွေကို မှတ်မှတ်မိမိရှိနေတာ ...။ တခြား ကြောင်တွေနှင့် လုံးဝခြားနားသော အမူအကျင့်တို့နှင့် တသီးတခြား ကွဲပြားနေသော "မောင်"ဟာ မောင်ပဲ မဟုတ်လို့ ဘယ်သူများလဲ ...။





"မောင်"ရဲ့စိမ်းဝါဝါရောင် ... ဖန်ဂေါ်လီလို မျက်လုံးကလေးတွေက ...

"နိုင်ရယ် ... နိုင့်ရဲ့အချစ်နဲ့ နိုင်ရဲ့သစ္စာတရားကို မောင်စော်ကားခဲ့မိတာ ခွင့်လွှတ်နော်"

အဲဒီစကားကလေးကို စိတ်ချင်းဆက်သွယ် နားလည်စေနိုင်သောနည်းနှင့် ပြောပြခဲ့သည်ဆိုတာ နိုင် တစ်ဦးတည်းသာ နှလုံးသားနှင့် ဖတ်ရှုနားလည်နိုင်ခဲ့တာကို နိုင် ရူးနေပြီ ဆိုချင်လည်း ဆိုကြစေတော့ကွယ် ...။

♥ ✧ ♥

"မိနိုင် ... နင့်ကြောင်က ငါတို့အိမ်က ဆွိတ်ကို လာရိုတ်နေတယ်နော် ...၊ လူကြီးစုံရာနဲ့ မိသားဖသားပီပီ တောင်းရမ်းယူရင်တော့ ငါတို့က မိန်းကလေးရှင်ပေမယ့် အိုက်တင်မခံပါဘူး ... ဟဲ ဟဲ"

နောက်ဖေးမှာထွက်ပြီး မောင် ထမင်းစားသော ပန်းကန်ကို ဆေးနေသော နိုင်သည် တစ်ဖက်ခြံစည်းရိုးမှ ကပ်လျက်ထွက်လာသော ကိုဖြိုးကြီး အသံကြောင့် ဆတ်ခနဲ ဖြစ်သွားရ၏။ မျက်နှာလည်း ပျက်သွားရကာ ရေဘုံပိုင်ရှေ့ ထိုင်နေရာမှ နိုင် ထရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဖေးစည်းရိုးချင်း ကပ်လျက်ဖြစ်သော ကိုဖြိုးကြီးတို့အိမ်မှာလည်း ကြောင်ကလေးတွေ များစွာရှိသည်။ ဆွိတီဆိုတာဟာ သူတို့အိမ်မှ ကြောင်မကလေး တစ်ကောင်ဖြစ်သည်။

"ဘာတွေလာပြောနေတာလဲ ...။ နိုင့်ကြောင်လေး အိမ်မှာရှိတယ်"

နိုင် ဘုမ္မတ်လိုက်သည်။ ကိုဖြိုးကြီးတို့နှင့် စကားပြောရာမှာတော့ ကြောင်ကလေးကို "မောင်"ဟု နိုင် မသုံးရဲဘဲ ရှက်နေမိလေသည်။

"ကြောင် အဖြူလေးလေ ...၊ နင့်ကြောင်ဆို ...၊ မမနိုင် ပြောတာပဲ"

"ဟုတ်တယ် ... နိုင့်ကြောင်"

"မနက်ကပဲ ဆွိတီကို လာရှုတ်နေတယ်၊ ခဏနေမှ ပြန်သွားတာ၊ ဘာလဲဟ ... နင့်မျက်နှာက၊ ငါတို့က အခဘက်ကပါ။ နင်က အထီးများ ဖြစ်နေလိုက်တာ"

ကိုဖြိုးကြီးသည် ပျော်ပျော်နေတတ်လျက် ဘယ်သူ့ကိုမဆို သူ့စိတ်ထဲရှိသလို စကားပြောတတ်မြဲ။ နိုင့်ကိုလည်း ငယ်ငယ်ကတည်းက တရင်းတနှီး ပြောဆိုနောက်ပြောင်နေကျပါ။ မနက်က "မောင်"တစ်ခဏ ပျောက်သွားတာကို သတိပြုမိခဲ့သော နိုင်သည် ကိုဖြိုးကြီးစကားကြောင့် "မောင့်"ကိုလည်း ဒေါသထွက်ကာ ကိုဖြိုးကြီးကိုပါ မဆီမဆိုင် ဒေါသဖြစ်လာမိလေသည်။





"ဘာလဲ ... နင့်ဘက်က နာသလား၊ ငါတို့ ဆွိတီက ယိုးဒယားကြောင်စပ်နော်"

"နိုင့်ကြောင်ကို ယိုးဒယားကြောင်မကလို့ ဘာစပ်စပ် နိုင် ဘယ်သူနဲ့မှ သဘောမတူဘူး သိလား။ သူကလည်း ဘယ်ကြောင်မကိုမှ မကြိုက်ဘူး သိလား။ မဟုတ်က ဟုတ်ကတွေ လာပြောမနေနဲ့။ ရှင်တို့အိမ်ကို လာတာလည်း မျက်စိလည်ပြီး ခဏရောက်လာတာနေမှာ။ အခု အိမ်မှာပဲ ရှိတယ်။ နောက်လည်း ရှင်တို့အိမ် မလာစေရဘူး သိလား စိတ်ချ"

နိုင်သည် ပြောရင်း ပြောရင်း ရှက်လည်းရှက် ဒေါသလည်းထွက် မောင့်ကိုလည်း စိတ်နာကာ ကိုဖြိုးကြီးရှေ့မှ ချာခနဲ လှည့်ထွက်ခဲ့သည်။ နောက်ပြောင်လိုက်ရသော ကိုဖြိုးကြီးကတော့ သဘောတကျနှင့် တဟဲဟဲ ရယ်မောကျန်ရစ်လျက်။ နိုင်သည် လက်နှစ်ဖက် မသုတ်အားဘဲ ရေစက်လက်နှင့်ပင် အိပ်ခန်းထဲ တန်းဝင်လာခဲ့သည်။

ခုမနက် တစ်ကြိမ်တည်းမက ခဏ ခဏ မောင် ပျောက်ပျောက်သွားတတ်သော ယခုတလော နိုင် စိတ်ပူပန်ဦးနှောက်ခြောက်ခဲ့ရသမျှ အခု အဖြေရပြီ ...။ မောင်ဟာ နောက်ဖေးခြံကို ကူးနေတာ။ နိုင်သည် ခေါင်းတစ်ခုလုံးထူပူကာ ကြီးလာသလားပင် ထင်မိသည်။ နှုတ်ခမ်းကို ဒေါသတကြီး ကိုက်ထား



www.burmeseclassic.com

www.burmeseclassic.com



မိကာ အခန်းတံခါးကို ဒုန်းခနဲ ပြန်ပိတ်ရင်း ခုတင်ပေါ်မှာ အပြစ်မရှိသလို မှင်သေသေ ဝပ်ခွေနေသော မောင့်ကို စူးရဲတင်းမာစွာ စိုက်ကြည့်လိုက်သည်။

မောင်က နိုင့်ကို မျက်လုံးဝိုင်းနှင့် ပြန်ကြည့်နေလေသည်။ နိုင်သည် တဆတ်ဆတ် တုန်သည်အထိ ဒေါသထွေကြီးနေမိကာ မောင့်နားရွက် နှစ်ဖက်ကို လိမ်ဖဲ့ပစ်လိုက်သည်။ နာကျင်သွားသော မောင့်ထံမှ ညည်းညူသံတစ်ချက် ထွက်ပေါ်လာသည်။

"ဘာဖြစ်လို့ နောက်ဖေးခြံကို သွားချင်ရတာလဲဟင်။ ဘာဖြစ်လို့ နိုင် မသိအောင် ခိုးခိုးသွားနေရတာလဲ။ နောက် ဘယ်တော့မှ မသွားရဘူး၊ ဘာကိစ္စနဲ့မှ မသွားရဘူး ကြားလား။ နိုင် ဒေါသထွက်အောင် လုပ်မယ်မကြံနဲ့နော် ...။ ဒီတစ်ကြိမ်ဆိုရင် နိုင် မောင့်ကို သိပ်မုန်းသွားမယ် သိရဲ့လား။ နောက်တစ်ကြိမ် လုံးဝမသွားနဲ့ ... ဒါပဲ"

မျက်ရည်တွေက ကျလုနီးနီး မျက်လုံးထဲ လျှံပြည့်နေကာ နိုင် မချိတင်ကဲ ဝေါက်ငမ်းလိုက်သည်။ ရင်ထဲတလှပ်လှပ်နှင့် နိုင် တအားလည်း ဝမ်းနည်းနေမိသည်။

မောင်ဟာလေ အကျင့်ကို မဖျောက်နိုင်တာ၊ လူ့ဘဝမှာတင် နိုင့်အသည်းကိုခွဲဖို့ ကြံတာမဟုတ်။ တိရစ္ဆာန်ဘဝ၌ပင်





နိုင့်အသည်းကိုခွဲဖို့ ခြေမွဖို့ ကြံစည်နေပြန်ပြီ။ လက်စသတ်တော့ အနောက်ခြံက ကြောင်မကို မောင် စိတ်ဝင်စားနေတာကိုး။ မောင့်ကို ဘယ်ဘဝ ဘယ်အဖြစ်ပဲ ဖြစ်နေနေ ... လူစင်စစ်တစ်ယောက်အလား စွဲလမ်းမေတ္တာထားနေသော နိုင်သည် အနောက်ခြံက ကြောင်မနှင့် ကိုယ့်ကိုယ်ကိုယ် ပြိုင်ဘက်နယ်လည်း သဘောထားလို့မရ။ မနာလို ဝန်တိုစိတ်ကိုလည်း ထိန်းမရ။ ဘယ်လိုစိတ်ကို ဖြေရမည် မကြံတတ်ဘဲ အသည်းတယားယားနှင့် ဒေါသတော့ အလျှံအကျွံ ထွက်နေမိလေသည်။

ထိုဒေါသကို ဖြေလို့ ဖျောက်လို့ကို မရဘဲ ပါးစပ်ကလည်း တတွတ်တွတ်နှင့် ,မရပ်မနား မြည်တွန်တောက်တီးနေမိကာ လက်ကလည်း မောင့်ကို တဖိုးဖိုးတဖတ်ဖတ်နှင့် စိတ်ရှိလက်ရှိ ရိုက်နှက်နေမိသည်။ "မောင့်"နှုတ်မှ ထွက်လာတတ်သော အသံကို ထာဝစဉ် "နိုင်"ဟုသာ သံရှည်ဆွဲပြီး ကြားရတတ်သော နိုင်သည် ခုလည်းပဲ "နိုင် ... နိုင်"နှင့် မောင်ဟန့်တားနေသယောင် သနားချင်စရာ ကြားနေရသော်လည်း မောင့်ကို မှတ်လောက်သားလောက် ရှိစေချင်လှသည်။

မောင့်မျက်လုံးကလေးတွေက "တော်ပါတော့ နိုင်ရယ်၊ မောင် နာလှပါပြီ"ဟု တိတ်တိတ်ဆိတ်ဆိတ် တိုးလျှိုးနေလျက်ကြားက နိုင် အရေးမလုပ်ဘဲ မောင့်ကို အချက်ပေါင်းများစွာ ရိုက်နှက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင် ... နိုင့်ကိုရက်စက်ဦးမှာ ...။ နိုင် ဒီတစ်ကြိမ် တကယ်ရှုံးအောင် မောင် လုပ်မှာ။ အခုတောင်မှ မောင့်ကြောင့် နိုင့်မှာ စိတ္တဇဝေဒနာသည်လိုလို ဘာလိုလို ဆက်ဆံတာကို ခံနေရတာမို့ နိုင် စိတ်နာလှပြီ။ နိုင်သည် စိတ်နာနာနှင့် ဘယ်လောက်များ ပြောဆိုရိုက်နှက်နေမိသည်မသိ။ နိုင့်အမ ပြေးဝင်လာကာ "ဟဲ့ ... ဘာဖြစ်နေတာလဲ နိုင်။ ဘယ်လိုတွေ ဖြစ်နေတာလဲ" ဘာညာရေရွတ်လျက် နိုင့်လက်တွေကို ချုပ်ဖက်လေသောအခါ နိုင်သည် မမရင်ခွင်ထဲ၌ မျက်နှာထိုးအပ်လိုက်မိလျက် "မောင်ပေါ့" ဟု အစချီကာ တိုင်တန်းမိလေတော့သည်။ နိုင့်မျက်နှာသည် ဘယ်လောက်အထိ ပျက်လျက် နိုင့်မျက်လုံးတွေ ဘယ်လောက်အထိ စူးရဲတင်းမာနေသလဲ နိုင်မသိပါ။ မမက ... အဒေါ်တွေကိုပါ လာပါဦးဟု စစ်ကူခေါ်လျက် နိုင့်ကို ဝိုင်းဝန်းနှိပ်ကြ နယ်ကြ ကိုင်လှုပ်ကြ တတွတ်တွတ်ခေါ်ကြ တော်တော်ပဲ ပျာယာခတ်အလုပ်ရှုပ်သွားကြလေသည်။ ဒေါသဖြစ်ရသည့်ကြားထဲ နိုင့်ကို အဲသလို စိုးရိမ်တကြီးရှိလှသော အပြုအမူ အမူအရာတို့က စိတ်အနှောင့်အယှက်ဖြစ်စရာ ကောင်းလှသည်။

ဖယ် ... ဖယ် ... ဟု သူတို့ကို ဒေါသတကြီး ဖယ်ထုတ်လျက် မောင့်ကိုတော့ မျက်ထောင့်နှင့် မကျေနိုင် မချမ်းနိုင် ကြည့်နေမိသည်။

မောင်သည် အပြစ်ကို သိသူအလား ခေါင်းငိုက်စိုက်ချလျက် မျက်နှာကို ဖွက်ထားကာ ငြိမ်နေလေသည်။





"နိုင် စိတ်ထိန်းပါဦး သမီးရယ်၊ အသိဉာဏ်လေးနဲ့ ခေါင်းအေးအေး စဉ်းစားပါဦးကွယ်။ ဒါ တိရစ္ဆာန်တစ်ကောင်ပါ သမီးရယ်။ ကြောင် တစ်ကောင်ပါ။ အစွဲအလမ်းဆိုတာ လိုတာထက်ပိုရင် ..."

"အို ... သူက မောင်ပဲ။ လူပဲဖြစ်ဖြစ် ကြောင်ပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ် မောင်က မောင်ပဲ။ ဒီတစ်ခါ သစ္စာမဲ့မယ်ကြံရင် အရင်တစ်ခါထက် ပိုဆိုးမယ်မှတ်။ နိုင် ခုလို ဒေါသထွက်မှာစိုးရင် ဒေါ်လေးတို့ရော မမပါ မောင့်ကို ဝိုင်းထိန်းပေး။ နောက်တစ်ခါ မောင် နောက်ဖေးခြံကိုကူးလို့ နိုင် ခုလို ထပ်ဖြစ်ရင် နိုင့်အဆိုး မဟုတ်ဘူး။ ဒါပဲ"

နိုင်သည် ရှက်ဒေါသနှင့် ခံပြင်းနာကြည်းခြင်းတို့ ပေါင်းစပ်ကာ လူစိတ်ပျောက်သလောက်နီးနီး လောကကြီးကို မုန်းတီးနေလေသည်။

အဒေါ်တွေနှင့် အစ်မကို အခန်းပြင်တွန်းထုတ်လိုက်ကာ မောင့်ကိုတော့ မျက်လွှာမေးစင်းပြီး သွေးအေးအေးနှင့် ကြည့်နေမိသည်။ မောင်ကတော့ အပြစ်ရှိသူပီပီ ခေါင်းမဖော်ပဲ ...။

♥ ◇ ♥

ဖန်ခွက်သည် နံရံကို ထိမှန်သော ခွမ်းခနဲအသံနှင့်အတူ အစိတ်စိတ်အမြွာမြွာကြေကာ ကြမ်းပေါ်သို့ ရေစက်ပါ အတူဖိတ်စဉ်ကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်ကြီးသည် စိတ်ပျက်တာရော ထိတ်လန့်တာပါ ရောမွှေထားသည့် မျက်နှာအပျက်ပျက် အယွင်းယွင်းကို အတတ်နိုင်ဆုံး ပြင်ဆင်ချိုမြစေလျက် ...

"သမီးလေး ... နိုင်ရယ်၊ ဆေးသောက်ရမယ်လေကွယ် ... နော်။ ရေအသစ်တစ်ခွက် ခပ်လာခဲ့မယ်နော်၊ နိုင်ရေ ရေတစ်ခွက် မြန်မြန်ခပ်ခဲ့ပါ။ ဖန်ခွက်နဲ့မခပ်နဲ့ သိလား"

အခန်းပြင်ကိုလည်း တစ်ဆက်တည်း လှမ်းအော်သည်။ "မခပ်ခဲ့နဲ့နော် မသောက်ဘူးလို့ ပြောနေတယ်"ဟု ဆက်တိုက် အော်လိုက်သော နိုင့်အသံကြောင့် အခန်းပြင် မလှမ်းမကမ်းမှာ တုန်တုန်ယင်ယင် ရပ်နေသော မမခိုင်နှင့် ဒေါ်ဒေါ်လေးမှာ ပြေးခပ်ရမလို မခပ်ရမလို ယောင်ချာချာ ရှိနေဆဲ နိုင်က ခုတင်ပေါ် ထိုင်နေရာမှ ဝုန်းခနဲထကာ အခန်းဝထွက်လျက် ဒေါသတကြီး အော်ဟစ်ပစ်လိုက်မိသည်။

"နိုင့်ကို အဲသလို အရူးဆေးတွေ တိုက်နေလို့ အပိုပဲဆိုတာ ဒေါ်ဒေါ်ကြီးတို့ ဒေါ်ဒေါ်လေးတို့ သဘောမပေါက်ဘူးလား။ အဲဒီဆေးတွေ ဘယ်လောက်သောက်သောက် နိုင် ဘယ်တော့မှ ဘာမှထူးခြားမလာဘူး။ နိုင် မရူးဘူး။ နိုင် မောင့်ကို ချစ်တာ"

"သမီးလေး ဆေးတွေမသောက်လို့ ခုရက်ပိုင်း ဒီလောက် ဒေါသတွေထွက် ဝုန်းဒိုင်းကြဲနေတာပေါ့ကွယ်။ အရူးဆေး





မဟုတ်ပါဘူးကွယ်။ စိတ်ငြိမ်ဆေးပါ။ အန္တရာယ်မရှိပါဘူးကွယ်။ ဆရာဝန်က သောက်ခိုင်းတဲ့ဥစ္စာ သောက်လိုက်ပါနော်"

"နိုင် ဒေါသတွေကြီးနေတာ ဆေးမသောက်လို့ဆိုရင် မှားသွားမှာပေါ့ ...။ နိုင့်ကြောင်ပျောက်လို့ဆိုတာ သိသားနဲ့။ ရှာပေး တွေ့အောင်ပြန်ရှာပေး"

နိုင်သည် ပြောပြောဆိုဆို ရင်ထဲ ဆို့နစ်လာကာ ကြေကြေကွဲကွဲ ငိုချလိုက်မိလေသည်။ မောင် ပျောက်နေတာလေးရက်ရှိပြီ။ ဟိုဘက်ခြံ ဒီဘက်ခြံတွေဆီ တကြော်ကြော်အသံပေးခေါ်ကာ ရှာဖွေမိသော နိုင်သည် အနောက်ခြံမှာတော့ မရှာဖြစ်ခဲ့ပါ။ အဲဒီခြံမှာ ရှာတွေ့လိုက်မှာ နိုင် စိုးရိမ်သည်။ တစစနှင့်လည်း အဲဒီခြံမှာပဲရှိမှာက ပိုကိုသေချာလို့လာနေပြီ။ အဲဒါကို အသိက လက်မခံလို့လည်းမရ။

ရင်လည်း ရင်မဆိုင်ရဲဘဲ နိုင်သည် စိတ်ထဲကသာ ခါးခါးသီးသီး နာကျင်ဆို့နစ်နေမိကာ အဲဒီခြံကို မောင် ရောက်မနေဘူးဆိုတာလည်း ဖြစ်စေချင်၊ ရောက်နေနိုင်သော မောင့်ကိုလည်း ပြန်လိုချင် ထိုစိတ်နှစ်ခွနှင့် နိုင် တကယ်ပဲ ရူးရတော့မည်ထင်သည်။ မောင် စ,ပျောက်သွားသောညကစ၍ အိပ်မပျော်တော့ပါ။ နိုင် ဘာကိုမှလဲ မျိုချစားသောက်လို့ မရတော့ပါ။ ခေါင်းထဲမှာ ဦးနှောက်တွေ ထုပူကြပ်ခဲနေသလို ခံစားချက်နှင့် ဘာအသိ



www.burmeseclassic.com

www.burmeseclassic.com



မှလဲမရှိ။ ဘာဆင်ခြင်ဉာဏ်မှလဲ မရှိတော့။ ဘာကိုစဉ်းစား စဉ်းစား ပိန်းပိတ်အောင်မှောင်သော ဟင်းလင်းပြင်ကြီးထဲ၌ နိုင် လိုချင်တာကို ရှာဖွေမတွေ့နိုင်စွမ်းတော့သလို ကယောင်ချောက်ချား နှင့် နိုင် ပင်ပန်းလှပါပြီ။

"ရှာပေးမှာပေါ့ နိုင်ရယ်။ မမနိုင် ခြံထဲကနေ လှမ်းရှာရုံ မကဘဲ အိမ်တွေအထိသွားမေးပြီး ရှာပေးပါ့မယ်။ ဒါပေမဲ့ နိုင် ဆေးတော့သောက်ရမယ်။ နေမကောင်းမှာ စိုးရိမ်လို့ပါ ညီမလေးရယ်။ မမတို့ စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့နော်။ သူ တခြားအဝေးကြီး ရောက်မသွားသေးဘူးဆိုရင်တော့ မတွေ့ ,တွေ့အောင် မမ ရှာပေးပါ့မယ်လို့ ကတိပေးပါတယ်။ နိုင်လည်း ဆေးသောက်မယ်လို့ ကတိပေးပါ"

နိုင် ရှိုက်ရင်း ရှိုက်ရင်းက ခဏငိုင်တွေနေမိလျက် ခေါင်းကို ဆတ်ခနဲ ညိတ်ချလိုက်သည်။

"နိုင် ဆေးသောက်ပါ့မယ်၊ တွေ့အောင်သာ ရှာပေးပါ မမရယ်၊ နိုင် ... နိုင် အနောက်ဘက်က ကိုဖြိုးတို့ခြံမှာ မရှာရသေးဘူး။ ဒါပေမဲ့ အဲဒီမှာ ရှိချင်မှရှိမှာပါ"

ငေးငေးကလေး ပြောနေသော နိုင့်မျက်လုံးကြောင် ကြောင်ကလေးသည် ဘာဆို ဘာကိုမှ ဂရုတစိုက် မမြင်တော့။ မောင့်ကိုပဲ တရေးရေးမြင်နေသည်။ ဆေးနှင့် ရေလာပေးတော့ လည်း နိုင်သည် ရှိုက်ရင်းကပဲ ရေကိုသတိထားသောက်သည်။





မောင် ဘယ်သွားတာလဲ၊ ဘယ်ရောက်နေတာလဲ မောင်ရယ်။ နိုင့် မျက်လုံးသည် စိုက်မိစိုက်ရာ၊ နိုင့်အတွေးသည် ရောက်မိရောက်ရာ ဖြစ်နေလျက် နိုင့်နားတွေကတော့ မမ၏အသံ ကို ကြားနေရသည်။ ကြားနေရသည် ဆိုတာ့ထက် နိုင်မသိစိတ် က မရဲတရဲ နားစွင့်နေတာ။ နိုင့်အခန်းသည် ခြံအနောက်နှင့် တစ်ကွေ့ကလေး ခြားတာ။ မမခိုင်နှင့် ကိုဖြိုး အပြန်အလှန်မေး နေဖြေနေကြတာကို ကြားနေလျက်။ ထိုစကားတွေသည် နိုင့်နား ထဲ အက်ဆစ်ရည်နှင့် လောင်းချနေသလို နိုင့်နားစည်သို့ စပ်ရှ ပူပြင်းစွာ လာရောက်တိုးတိုက်ရင်း နိုင့်နားတို့ ချက်ချင်းလက်ငင်း ပင်းကာ ကန်းကာ ပျက်စီးတော့မလို ဖြစ်လာသည်။

ဘယ်လိုခြောက်လှန့် မောင်းထုတ်လဲ မပြန်ဘဲ လိုက်ဖမ်းတော့လည်း အတင်းပြေးလွှား ခုန်တက် ပုန်းကွယ်နေ သတဲ့။ ပိုင်ရှင်က ချော့မော့ကာ တစ်ခုခုနှင့် မျှားခေါ်လျှင်တော့ ရလျှင် ရနိုင်ကောင်းရဲ့တဲ့။ ဆွဲတိကိုပဲ အသည်းအသန် ...

နိုင်သည် နားနှစ်ဖက်လုံးကို ခေါင်းအုံးနှင့်ဖိညှပ်ကာ ပိတ်ပစ်ရင်း ခုတင်ပေါ်မှောက်လျက် နာနာကြည်းကြည်း ငိုကြွေး လိုက်မိလေသည်။ ဒီတစ်ကြိမ် ငိုရခြင်းမှာ မုန်းတီးစက်ဆုပ်သော ခံစားချက် တော်တော်များများ ပြည့်လျှံနေသည်။ ဒီလိုငိုနေလို့ ပြီးမလား။ ငိုနေရုံနဲ့ သင်းက ပြန်လာမှာလား။ မလာတော့တာ သေချာလျှင် ငိုနေရသော နိုင့်အရှုံးသည် ရှိရင်းစွဲအရှုံးပေါ် ဆင့် လျက် အခံရခက်စရာ ကောင်းလွန်းနေပြီ။

www.burmeseclassic.com



ရုတ်တရက် ခေါင်းအုံးကို ကြမ်းပေါ်ပေါက်ချပစ်ကာ နိုင်မျက်ရည်သုတ်ပြီး ထ,ထွက်လာခဲ့၏။ စူးရှကာ နာကျင်နေသော ညစ်မှိုင်းမှိုင်း နှလုံးသားက နိုင့်မျက်နှာနှင့် နှုတ်ခမ်းတို့၌ နူးညံ့ခြင်း အပြုံးတုတစ်ခုကို ဖန်တီးတပ်ဆင် ပေးလိုက်လေသည်။

ပိရိသော မျက်နှာဖုံးနှင့် နိုင် နောက်ဖေးခြံစည်းရိုးနား ကပ်လိုက်သည်။ နိုင့်မျက်နှာသည် သွေးရောင်လျှမ်းနေလျက်။ မျက်လုံးတွေက တဖျပ်ဖျပ် တောက်ပြောင်နေမည် ထင်သည်။ နိုင့်ရင်၌ အမုန်းရှိသည်လေ။

နိုင်သည် တိုးတိတ်သော အသံချိုတစ်ခုကို လုပ်ကြံယူလိုက်လျက် ...

"မောင်ရေ ... မောင်ရေ ... မီ မီ မီ မီ" ယုယုယယ အသံပေးလိုက်လေသည်။

♥ ✧ ♥

အားလုံး အိမ်မောကျလောက်ပြီဆိုတာ သေချာမှ ခြေကိုဖွနင်းကာ အခန်းတံခါးကို အသံမမြည်အောင် ဖွင့်လိုက်သည်။ လက်ထဲ၌ နေ့လယ်ကတည်းက သိမ်းဝှက်ထားသော အရာတစ်ခုပါသည်။ တဒိတ်ဒိတ် မြည်ဟည်းနေသော ရင်ခုန်သံသည် ည၌အမှောင်ထဲ၌ ပိုမို သိသာနေသလိုပင်။





မီးတွေမှိတ်ထားသော်လည်း ထမင်းစားခန်းပြတင်းမှ လ,တစ်ခြမ်းကွေး၏ အလင်းက မှုန်ဖျဖျဝင်နေသည်။ ထိုမှုန်ဖျဖျကလေးမရှိဘဲ လုံးဝပိန်းပိတ်မှောင်နေလည်း ထမင်းစားခန်းအကွေ့မှ ကြောင်အိမ်နေရာကိုတော့ ခြေထောက်တို့က ကျင့်သားရပြီးသားပင်။ ကြောင်အိမ်ခြေထောက်တစ်ဖက်၌ နိုင်လွန်ကြိုးစတစ်စ ချည်နှောင်ကာ ထိုနိုင်လွန်ကြိုး၏ တစ်ဖက်ဖျားသည် ကွင်းငယ်တစ်ခုအဖြစ် မောင့်လည်ပင်း၌ ရှိနေသည်။ ညနေစောင်းတုန်းက ချော့မော့ယုယ ဖြားယောင်းသွေးဆောင်ကာ မျှားခေါ်လာပြီးကတည်းက ပြန်ထွက်မသွားနိုင်အောင် ကြိုးနှင့်ချည်နှောင်ထားလိုက်ခြင်းဖြစ်သည်။

သင်းက ကြိုးချည်ခံရပြီးကတည်းက ခါတိုင်းလိုယဉ်ပါးသော မျက်နှာပေးပျောက်လျက် ဒေါသထွက်သလို မာန်ဖီစောင်းမြောင်းနေသည်။ လူကိုကြည့်သော မျက်လုံးတွေကိုက ရန်လိုသောအကြည့်။ "သူက ပိုမုန်းနိုင်သလား၊ ကိုယ်က ပိုမုန်းနိုင်သလား ညကျမှ"ဟု စိတ်က တေးမှတ်ထားပြီးသား။ ကိုယ့်နာကြည်းချက်သည် ကိုယ့်ဒဏ်ရာ ဘယ်မျှနက်မနက်ပေါ်၌ မူတည်သက်သေခံပေမည်။

ခြေသံသည် ချွတ်ခနဲမျှလောက်ပင် မမြည်။ ဖွတိတ်ညင်သာလှ၏။ သို့သော် သင်း ကြားသည်။ မှောင်ထဲ စိမ်းဝါဝါ မျက်လုံးတွေက ဖျတ်လက် တောက်ပကာ လူလာရာဆီ လှမ်းကြည့်နေသည်။ နာကြည်းချက်နှင့် အဆိပ်သင့်နေသော နိုင့်ဦးနှောက်



www.burmeseclassic.com

www.burmeseclassic.com



တို့က ဘာကိုမှ ရှည်ရှည်ဝေးဝေး နင့်နင့်နဲနဲ စဉ်းစားမနေနိုင်တော့ပေ။ မထိမဲ့မြင်သော အပြုံးသည် အေးစက်လျက်။ ပြုံးကြောင်ကြောင် မျက်ဝန်းများသည် ရှေ့ကကြောင်တစ်ကောင်အား သူစိမ်းပြင်ပြင်လိုသာ ကြည့်နိုင်တော့သည်။

ဘာပြီး ဘာ့လုပ်ရမည် တင်ကြိုတွက်ချက် အကွက်လည်း ချမနေဖြစ်တော့။ လက်ထဲပါသော နေ့လယ်က ဝှက်ယူထားသည့် ကြက်သွန်လှီးဓားဦးချွန်ကို ဆတ်ခနဲမြှောက်ကာ မြင်ကွင်းထဲကကြောင်၏ နှလုံးသားဆီ တည့်တည့်ထိုးစိုက်ချလိုက်မိချိန်တွင် ကြောင်ငယ်ထံမှ တစ်စုံတစ်ရာ အသံထွက်လာသလား မထွက်လာဘူးလား နားက မဝေခွဲနိုင်တော့ပေ။

ပူနွေးစေးထန်းသော သွေးတို့၏ အထိအတွေ့ကို အထိတ်တလန့် လက်ခံလိုက်ရလျက်။ ကွဲကွဲအက်အက် ထိတ်လန့်အော်ဟစ်လိုက်မိသော နိုင့်အသံသည်သာ ညလယ်၌ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

လမင်းမိုမို

www.burmeseclassic.com